www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မျှားဝေ

## မာယာညွတ်ကွင်း



(အချစ်လုံးချင်းဝတ္ထု၊

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅ ဧပြီလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၁၄၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ရ၉၅ ၈၃

ကြယ်စင်မှူးဝေ
မာယာညွှတ်ကွင်း / ကြယ်စင်မှူးဝေ - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ - စာ ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) မာယာညွှတ်ကွင်း

# ကြယ်စင်မှူးဝေ

# မာယာညွှတ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဖေါက်ပြာနေရဲပါနဲ့။

ခွဲစိတ်အထူးကုဆရာဝန်ကြီး။

အသက်က သုံးဆယ်။ လူပုံကတော့ဖြောင့်ဖြောင့်။ အသားညို ပေမယ့် စိုပြည်ပြီး မျက်ခုံး မျက်လုံးတွေ ကောက်ပျ၊ ပညာရှင် ရုပ်ကလေး ထွက်နေလေရာ။

ဘယ်လောက်ပဲပြောပြော၊ ဖိုးကိုင်းကြိုက်သည့် နှင်းဆီ နိုင် ဖြစ်တော့တာမဆန်း။

မိဘကလည်း တော့တန်းဝင်သူဌေးတော့ မဖြစ်ပေမယ့် ဝင်းလျားလိုနေရာမျိုးမှာ မြေနှင့်ဝင်းနှင့် နှစ်ထပ်တိုက်တစ်လုံး ထားခဲ့နိုင်သည်။ နောက် အမွေပစ္စည်းလေး တာလေးနှင့်၊



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်အပ်ငွေနှင့်။

တစ်ခုပဲပြောစရာရှိသည်။ ဖျို့တိုင်းကြိုက်သည့်နှင်းဆီနိုင် လေးမှာ မဖွယ်မရာ နောက်ခံအမှိုက်ပုံကြီး ရှိနေခြင်းပါပင်။

အဲဒါကတော့ ဒေါ်ခင်ထားလွင်ဆိုသည့် အသက် သုံး ဆယ်ကျော်အရွယ် မိထွေးငယ်ငယ်ချောချောနှင့် နေထူးလွင် ဆိုသည့် ဖအေတူ မအေကွဲ ညီငယ်ငယ်လေးရှိနေခြင်း။

လေသင့်ရာမွှေးနေသည့် ဒေါက်တာနေရဲမာန်၏ ဘိုင်အို ဂရပ်ဖီမှာ နံ့သာခွက်ထဲ မစင်တစ်ရွေးသားကျနေသလို အဖြစ်ဆိုး နေရတာကတော့ ဒေါ်ခင်ထားလွင်နှင့် နေထူးလွင်တို့ သားအမိ ရှိနေရသည့်အဖြစ်ပါပင်။ မိထွေးကလည်း အနေမတတ်၊ အထိုင် မတတ်။ ဝတ်လိုက် စားလိုက်ပုံကလည်း အရွယ်နှင့်မလိုက်။

နေရဲမာန်စိတ်ပျက်နေရပေမယ့် ဖခင်ကြီး မသေဆုံးခင် တဖွဖွမှာကြား တာဝန်ပေးထားခဲ့သည့် အမှိုက်ထုပ်တွေမို့ သူ ပစ်ပစ်ခါခါ မလုပ်ချင်ပါ။ ဝဋ်ကြွေးလို့ပဲ သဘောထားပြီး ကြည့်ရှု စောင့်ရှောက်နေရမှာ နိုင်ငံခြားပြန် အထူးကုဆရာဝန်ပေါက်စရဲ့ သမိုင်းပေးတာဝန်။

တစ်ခါတစ်ခါတော့လည်း ဖေဖေ့နယ် ယူစရာရှားလို့ ကိုယ့်သမီးအရွယ်ကိုမှ ယူရသလားပေါ့။

သူ နိုင်ငံခြားမှ ပြန်လာပြီးမှ ဖေဖေသေဆုံးခဲ့တာပါ။





ဖေဖေ မသေဆုံးမီ နောက်ဆုံးတင်ငင်နှင့် မှာကြားခဲ့တာ။

"သား ...ခင်ထားနဲ့ဖေဖေ့သား အငယ်လေးကို ပစ်ပစ်ခါခါ မလုပ်ပါနဲ့နော်၊ သားငယ်လေးကိုလည်း သားလို လူတစ်လုံး၊ သူတစ်လုံးဖြစ်တဲ့အထိ ပြုစုစောင့်ရှောက်ပေးပါ"

"ဖေဖေ့အမွေတွေ သူတို့သားအမိ ပေးလိုက်ရင် ပြီး ရောဗျာ၊ သူတို့လည်း လူတွေပဲ ကိုယ့်လမ်းကိုယ်"

"သား ..ဖေဖေအသေမဖြောင့်အောင်မလုပ်ပါနဲ့၊ ခင်ထားက မိုက်တယ်၊ အမွေတွေပေးခဲ့ရင် နောက်ယောကျ်ား ချက်ချင်းကောက်ယူပြီး သုံးဖြုန်းကြမှာ၊ သူ့ကို အကာနဲ့အသတ် နဲ့ ပိုက်ဆံပေးမှရမှာ၊ ဘာမှ သိနားလည်တဲ့မိန်းကလေး မဟုတ်ဘူး။ ကြားထဲက ဖေဖေ့သားငယ်လေးပဲ ဒုက္ခရောက်မှာ၊ သားက အမွေထိန်းသဘောမျိုးနဲ့ သူတို့သားအမိကို စောင့်ရှောက် ပေးပါ"

ရောဂါကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့် စိတ်ထောင်း ကိုယ်ကြေဖြစ်နေရှာသည့် ဖခင်ကြီး စိတ်ချမ်းသာပါစေတော့ရယ် လို့ နေရဲမာန် သည်းခံနေပေးလိုက်ရခြင်းအား သူ့ဘဝအတွက် နောင်ကြိုးတွေဖြစ်လာခဲ့ရတာ။

ဖေဖေရှိတုန်းက ဒီလောက်မဟုတ်ခဲ့သည့် ဒေါ်ခင်ထား လွင်ရဲ့ဝတ်စားဆင်ယင်ပုံတွေ၊ နေပုံထိုင်ပုံတွေဟာ တဖြည်းဖြည်း

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထောင့်မကျိုးလာလိုက်တာ သူမျက်ဝန်းထဲ ငါးမင်ရိုင်း အခုတောင် လိုက်ဝင်နေသလို။

ကိုယ့်ညီလေးကိုတော့ နေရဲမာန် စေတနာရှိပါသည်။ (၈) နှစ်သားအရွယ် နေလှူးလွှင်လေးတော့ သူ့အပေါ် အခစ်ကို တစ်ယောက်ထက်ပိုပြီး ချစ်ခင်သားကိုးလှတော်။

သည့်ပတော့လည်း ဖေဖေ့မျက်နှာ ညီငယ်လေးမျက်နှာတွေ ထောက်ထားပြီး နေရဲမာန် ခြေချုပ်ပါနေခဲ့ရသည့်အဖြစ်။



## အခန်း (၂)

သူတာဝန်က တာဝန်ကျဆေးရုံကြီးအပြင် ဘေးခန်းတွေကိုပါ ပတ်ပြီး ထိုင်ရသေးသည်။ ကားတစ်စီးနှင့်ပေါ့။ နောက် ဆရာဝန်ကြီးတွေ၊ ဆရာမတွေ စုပေါင်းပြီး နယ်လှည့်ဆေးကုခြင်းတွေပါ လုပ်ကြသည်။

ယခုခေတ်ကြီးထဲမှာ လောလောဆယ် ပြည်သူကို အကျိုးပြုနေကြတာ သူတို့လို ဆရာဝန်တွေပါပဲ။ နိုင်ငံတော်က ကမ္ဘာနှင့်ချိတ်ဆက်ပြီး ဆေးဝါးကိရိယာတွေ စီစဉ်ပေးသလို သူတို့လို ဆရာဝန်ကြီးတွေ၊ သူနာပြုတွေကလည်း အလှူရှင်တွေနှင့် စုပေါင်းပြီး နယ်လှည့်ဆေးကုပေးကြပါသည်။

ပုဂ္ဂလိကဆေးခန်းကြီးတွေမှာ ဆေးကုပေးသလိုပဲ သူ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတွေမှာလည်း စိတ်ပါလက်ပါ ဆေးကုသပေးကြပါသည်။ နောက် နယ်လှည့်ပြီး ဗိုဝိတ်ဒါနလည်း လုပ်ပေးကြတာပါပဲ။

ကိုယ့်အလုပ်ဟာ ဝါသနာ၊ စေတနာတွေကို အရင်းတည်ထားတာမို့ ရွှင်လန်းချမ်းမြေ့ တက်ကြွစွာဖြင့် သူ လှုပ်ရှားနေခဲ့သမျှ အိမ်ပြန်ရောက်ကာနှင့် အမောဆို့ရသည်။

သည်နေ့လည်း နယ်လှည့်ဆေးကုပြီးပြန်အလာ ဆရာဝန်မနှစ်ယောက်နှင့် သူနာပြု (၂) ယောက်ပါ သူ့ကားပေါ်မှာ ပါလာခဲ့သည်။ အိမ်မှာ ဘရိတ်ဖတ်(စ်)ကျွေးမွေးပြီးမှ ပြန်လွှတ်မလို့ပါ။ လမ်းလည်း ကြုံနေခဲ့သည်လေ။

သူ့ကား ခြံထဲဝင်လိုက်သည်နှင့် အိမ်ထဲမှပြေးထွက်လာကြတာ ဒေါ်ခင်ထားလွင်နှင့် သားလေးနေထူးလွင်။ ပုံစံက အိမ်ဦးနတ်ပြန်လာလို့ ပြေးကြိုသည့်ပုံ။ ခေါ်ပုံကိုက ဖေဖေခေါ်တဲ့အတိုင်း မောင်မောင်တဲ့။

"ဟော မောင်မောင်ပြန်လာပြီ။ ဒီတစ်ခေါက်သွားတာ (၃) ရက်တောင်ကြာတယ်နော်။ မ–မှာ စိတ်ပူလိုက်ရတာ။ ဖုန်းဆက်တော့လည်း ဖုန်းမကိုင်။ ဘာဖြစ်လို့ ဖုန်းပိတ်ထားရတာလဲ မောင်မောင်ရယ်။ မမှာ အရှူးမီးဝိုင်းကိုဖြစ်လို့။ သားလေးကလည်း တဖွဖွမေးနေလိုက်တာ၊ အရမ်းသနားဖို့ကောင်းတယ် သိလား။ နောက် ဒီလိုမလုပ်နဲ့နော် မောင်မောင်"





သူ မျက်မှောင်ကျုံ့ပြီးကြည့်သော်လည်း ဒီမိန်းမပုံစံကနားမလည်သလို။ ဒါတမင်လုပ်နေတာလားပင်။ သူ့နောက်မှ ပါလာသည့် ဆရာဝန်မ (၂) ယောက်နှင့် သူနာပြု (၂) ယောက်မှာလည်း အံ့အားကြီးတွေသင့်လို့။

သူတို့သိတာ သူတို့ဆရာဟာ လူပျိုကြီးလို့ပါ။ ယခုတော့ သားနှင့် မယားနှင့် ပါလားလို့ပါ။

နေရဲမာန် အားလုံးကို အိမ်ထဲသို့ ခေါ်လိုက်ပါသည်။

"အထဲကိုကြွကြပါခင်ဗျာ၊ ကဲ ဒေါ်ခင်ထားလွင် ... ညှော်သည်ပျော်အတွက် ဘရိတ်ဖတ်(စ်) စီစဉ်ပေးပါ၊ ခင်ဗျားလည်း သင့်တော်တဲ့အဝတ်အစားတစ်စုံစုံ လဲလိုက်ပါဦး"

ဒေါ်ခင်ထားလွင်ဝတ်ထားတာ (၁၈) နှစ်သမီးတွေ ဝတ်သည့် ဂါဝန်မျိုးနှင့်။ ဂါဝန်က ပါးပါးအိအိလေး၊ ပေါင်လယ်သာသာ။

နေရဲမာန် မျက်နှာတွေနီရဲနေတာ ဒေါသတွေထွက်ရလွန်းလို့ပါ။ ဒီလို မဖွယ်မရာပုံနှင့်ဆို သူ့ဂုဏ်သိက္ခာတွေ အချောင်သွားတော့မှာပဲ။

ဒေါ်ခင်ထားလွင် မီးဖိုဘက်ဝင်သွားတော့မှ နေရဲမာန် စိတ်ပျက် လက်ပျက်နှင့် အားလုံးကိုရှင်းပြလိုက်ရသည်။

"ပြောရရင်တော့ ကိုယ့်ပေါင်ကိုလှန်ထောင်းရသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကော့မှာပဲ၊ အဲဒါ ကျွန်တော့်မိတ္တူးလေ"

"ရှင်"

အားလုံးပင် အာမေဋိတ်တွေ သံပြိုင်ထွက်သွားကြသည် အထိ။

"ဟုတ်တယ် ... ဖေဖေဘ ကျွန်တော့်ခေါင်းပေါ် သူ့ မိန်းမနဲ့သူ့သားဆိုတဲ့ ဝန်ထုပ်ဝန်ပိုးတွေ ပစ်တင်ချသွားခဲ့တယ်၊ ဖေဖေက ဆုံးပါးသွားပြီဆိုတော့ သူတို့ကို ကြည့်ရှုစောင့်ရှောက် နေရတယ် ဆိုပါတော့ဗျာ"

"ဒါပေမဲ့ ... ဆရာရယ်"

သူနာပြုဆရာမလေး နော်ဂျေစီက ပွင့်လင်းစွာ ဝေဖန်ဖို့ ပြင်လျှင် ဆရာဝန်မလေး မကေသီနွယ်က တံတောင်နှင့် လှမ်း တွက်လိုက်တာ နေရဲမာန်မြင်လိုက်ရသည်။ သူမချိုပြုံး ပြုံးမိရ သည်။

"ဂျေစီပြောချင်တာ ဆရာသိပါတယ်၊ သူက အခုနေ အခိုင် ပက်စက်တယ်၊ ပုံစံမကျဘူး၊ ဆရာ နစ်နာသွားလိမ့်မယ်၊ ဒီလိုမဟုတ်လား"

"ဒါတင်မကဘူးဆရာ၊ သူ့ပုံစံက ဆရာ့ကို ဒုက္ခပေး မယ့်ပုံကြီး၊ ဆရာ သူ့ညွှတ်ကွင်းမှာ မိသွားလိမ့်မယ်၊ မစီလည်း သိက္ခာတွေကျလှပြီ"





"ဟုတ်တယ်၊ သူ့ပုံစံက သူများတွေ ယုန်ထင် ကြောင် ထင်ဖြစ်အောင် အမြဲလုပ်တယ်၊ ဝတ်ပုံ စားပုံကလည်း ဖေဖေ ရှိတုန်းကလို မဟုတ်ဘူး၊ အရမ်းပက်စက်တယ်"

"ဆရာရယ် ... သူ့ဘိုကို အစေးကနေ ထောက်ပံ့ပါ လား၊ အတူတူနေရင် ဆရာတော့သွားမှာပဲ၊ ဆရာ့ကိုယ်စား ရင်လေးလိုက်တာ"

"ဆရာလည်း ညီလေးမျက်နှာထောက်၊ ဖေဖေ့မျက်နှာ ထောက်ပြီး နေနေရတာ၊ ဘာလုပ်ရပါမလဲလို့ ကွေးပြီး ခေါင်းကို နောက်နေတာပဲ"

သည်စဉ် ဒေါ်ခင်ထားလွင် အပြင်သို့ပြန်ထွက်လာပြီး ပြုံးချိုသောမျက်နှာနှင့် တကယ့်အိမ်ရှင်မလေသံဖြင့် –

"မောင်မောင်ရေ အခ ၆သင့်ဖြစ်ပါပြီ၊ ကဲ ... လာကြ ဘာကြ၊ ညှော်သည်တွေ အားမနာနဲ့နော်၊ လိုတာရှိလည်း ပြော ကြပါ၊ သားလေး လာ ... ဦးဖေကို သွားမရှုပ်နဲ့နော်"

ထမင်းစားခန်းထဲမှာထိုင်နေသည့် ကလေးကို အပြင် ညှော်ခန်းထဲသို့ ခေါ်သွားပုံလည်းကြည့်ဦး၊ ဦးဖေတဲ့၊ ဦးဦးဖေဖေ ပေါ့၊ တောက် ... ဒီမိန်းမလုပ်ပုံဟာ ကြာလေဆိုးလေ၊ လူထူ လာ အန္တထလေဆိုတာ ဒါမျိုး။

နေရဲမာန် မနည်းဟန်ဆောင်ပြီး ညှော်သည်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံကျွေးမွေးနေရသည်။ သူတို့စိတ်ထဲ ဘယ်လိုရှိမည်ဆိုတာ တွေးပင်မတွေးရဲ။ သူ့ကိုသနားသူရှိသလို သံသယရှိသူလည်း ပါမှာကေန်။ သူ ဘယ်လိုနေခဲ့လို့ ဒီပုံဖြစ်နေရသလဲဆိုပြီးတော့လေ။

ဒီမိန်းမလုပ်ပုံကြောင့် သူ့မှာ ဖုန်းနံပါတ် ခဏခဏ ပြောင်းရတာလည်း တစ်ဒုက္ခ။ သူသိလျှင် ကိုယ့်ထံ သားပြော၊ လင်ပြောတွေနှင့် ယုန်ထင် ကြောင်ထင် ထင်အောင်ပြောမှာ မုချ။

သူကျွေးမွေးပြုစုပြီးတော့ ဆရာဝန်မများနှင့် သူနာပြုတို့ကို ပြန်ပို့ပေးလိုက်သည်။

အိမ်ကအထွက်မှာ မယ်မင်းကြီးမ သားအမိကို မတွေ့ရလို့ တော်ပါသေးရဲ့။

ဒီညတော့ ဒီမိတွေးမနှင့် စာရင်း ရှင်းကိုရှင်းရဦးမည်။

☼ ☼ ☼



## အခန်း (၃)

ဖေဖေက သားနှစ်ယောက်ကို အမွေခွဲဝေပေးခဲ့ပေမယ့် နေရဲမာန်ကို အမွေထိန်းအဖြစ် ဦးစီးစေခဲ့သည်။ ဒေါ်ခင်ထားလွှင်အတွက်က လက်ဝတ်လက်စားနှင့် ကျောက်မြောင်းဘက်မှ တိုက်တစ်လုံး။

ခင်ထားလွှင်က သူ့တိုက်ကို ငှားထားသည်။ တကယ်လည်း ဖေဖေစီစဉ်ခဲ့တာ။ သူကပဲ ထိုသားအမိကို စောင့်ရှောက်ပေးဖို့။ သူ့မှာ စာချုပ်မိနေရပြီ။ မလွှဲသာ မလွန်သာ။

သို့သော် ခင်ထားလွှင်လုပ်ပုံကြောင့် ဒီညတော့ ပြောကိုပြောရဦးမည်။ အိမ်မှာ အိမ်သားအဖြစ် သူတို့ (၃) ယောက်သာရှိပေမယ့် အိမ်အကူ ဒေါ်သီတို့ရှိသည်။ ဒေါ်သီနှင့်မဝေဝေ။



www.burmeseclassic.com

www.burmeseclassic.com



နေရဲမာန် ဆေးခန်းတွေမှပြန်လာချိန်ဟာ ည (၁၀)နာရီ ကျော်နေပြီမို့ ဒီညလည်း ပြောရမှာမဟုတ်တော့။ ခင်ထားလွင် အိပ်နေလောက်ပေပြီ။

ဒီလိုနှင့် ဖေဖေ့မိန်းမဟာ လုပ်ချင်တာလုပ်ပြီး ပြောချင်ဘာပြော၊ ဝယ်ချင်ရာဝတ် နေခွင့်ရနေတော့မည်။ သူက အလွန် အလုပ်များသည် မဟုတ်ပါလား။ မနက် (၆) နာရီမှစပြီး ည (၁၀) နာရီ၊ (၁၁) နာရီအထိ အလုပ်တွေလျှောက်သွားနေရသူ။ ဒေါ်ခင်ထားလွင်ကလည်း သွားလာ လည်ပတ်၊ သုံးဖြုန်းနေရသည်မို့ ဆုံကိုမဆုံဖြစ်။ အဲ ဆုံမိလျှင်လည်း ဒီနေ့ကိစ္စလို တကယ့်ကို မကြားဝံ့ မနာသာ။

ဒါ ရည်ရွယ်ချက်ရှိရှိနှင့်ကို ကျူးလွန်နေတာ။ လူရှေ့ကျမှ သူက ကြောင်လက်သည်းကို ထုတ်ပြပြီး လူကွယ်လျှင်တော့ တကယ့် မခုတ်တတ်သည့်ကြောင်။

နေရဲမာန် ကားဟွန်းတီးလိုက်တော့ ဒေါ်သီ တံခါးလာ ဖွင့်ပေးခဲ့သည်။ သူ ကားမောင်းဝင်လိုက်ပြီး တိုက်ရှေ့ဆင်ဝင်မှာ ကားရပ်လိုက်၏။ ကားပေါ်မှဆင်းလျှင်ဆင်းခြင်းပင်။

"ဒေါ်သီ . . . ဟိုမိန်းမ အိပ်ပြီလား"

"မအိပ်သေးဘူးထင်တယ် ဆရာ၊ ဒေါ်သီ သွားခေါ်ပေး ရမလား"





"ခေါ်ပေးစမ်းပါဦးဗျာ . . . ဒီနေ့ ဒီမိန်းမရဲ့အချိုးကို ဒေါ်သီ မြင်တယ်မဟုတ်လား။ ကျွန်တော် ဘယ်လောက်အရှက်ကွဲရတယ် မှတ်သလဲ၊ သူက ဒီလိုပဲ မဖွယ်မရာတွေ ဝတ်နေတာပဲလား"

"သူလည်း ငယ်သေးတာပဲ ဆရာရယ်"

"ဒါပေမဲ့ . . . သူက မုဆိုးမလေဗျာ၊ ကျွန်တော့်ရဲ့မိထွေးလေဗျာ၊ ခံ့ခံ့ညားညားတော့ ဝတ်ဦး စားဦးမှပေါ့၊ ပြောပေါက်ဆိုပေါက်တွေလည်း ကြည့်ဦး၊ မသိရင် လင်မယားတွေကျလို့တောက် . . . သူနဲ့ကျွန်တော်နဲ့ပဲ ညားနေသလိုလို၊ ကဲ သွားခေါ်ချည်ဗျာ၊ ပြီးရင် ဒေါ်သီလည်း ကျွန်တော်တို့အနားကို လာထိုင်ဦး"

ဒေါ်သီ သက်ပြင်းချလိုက်ပုံက ဘေးကျပ်နံကျပ်ဖြစ်နေသည့်ပုံ။

ကေန္တ ဟိုမိန်းမ ကျပ်ထားပြီထင်သည်။

"ဒေါ်သီ . . . အကြံပေးချင်တာကတော့ ဆရာ သင့်တော်တဲ့ မိန်းကလေးတစ်ယောက်ကိုသာ အမြန်ဆုံးလက်ထပ်သိုက်ပါတော့ကွယ်၊ ဒါမှ ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသလို အားလုံး အဆင်ပြေသွားမှာ"

"ဒေါ်သီပြောသလို မလွယ်လို့ပေါ့ဗျာ၊ မိန်းမယူတာများ



www.burmeseclassic.com

www.burmeseclassic.com



လွယ်တာမှတ်လို့၊ အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုးတဲ့''

''တော်ကြာ မကြားချင်တာတွေ ကြားနေရမှာ၊ မမြင်ချင်တာတွေ မြင်နေရမှာစိုးလို့ပါကွယ်၊ ဒါဆိုလည်း ဆရာ့အမျိုးထဲက အသက်ကြီးကြီး လူကြီးတစ်ယောက်ယောက်ကို ခေါ်ထားပါလား''

''လာနေနိုင်မယ့်သူ ဘယ်သူမှမရှိလို့ပေါ့ဗျာ၊ ကဲပါ ... သူ့သာ သွားခေါ်ခဲ့ပါ''

နေရဲမာန် ဧည့်ခန်းထဲမှာထိုင်လိုက်ပြီး တီဗွီလှမ်းဖွင့်လိုက်သည်။ တီဗွီမှာလာနေတာ အမေရိကန်ဇာတ်ကြမ်းကား။

''ဟား ... တောက် ... ဘာမှကိုအဆင်မပြေဘူး''

တီဗွီကိုလှမ်းပိတ်လိုက်ပြီး သူ ခြေပစ်လက်ပစ် လဲလျောင်းနေတုန်း အနားမှာကပ်ရပ်လိုက်သည့် အရိပ်တစ်ခုကြောင့် လန့်ပြီး ထထိုင်မိ၏။

ဘုရား ကယ်တော်မူပါ။

ညဝတ်အင်္ကျီပါးပါးလေးအောက်မှာ မိမွေးတိုင်း ဖမွေးတိုင်းပုံစံနှင့် ဒေါ်ခင်ထားလွင်။

အသက်ချင်းလည်း သူနှင့်ကိုယ်ဟာ မတိမ်းမယိမ်း။ ပုံစံက လုံးကြီးပေါက်လှ။ အသားစိုင်တွေ အတုံးလိုက် အတစ်





လိုက်နှင့် သားစားကျူးသည့် ဘီလူးမအား နေရဲမာန် အော်ထုတ်ပစ်လိုက်သည်။

''ခင်ဗျားမှာ အရှက်လုံးဝမရှိတော့ဘူးလား၊ သွား ... အဝတ်လဲပြီးမှထွက်ခဲ့''

''ဩော် မောင်မောင်ရယ် ... ညအိပ်နေပြီပဲ ညအိပ်ဝတ်စုံနဲ့ ရှိတော့မှာပေါ့၊ ကဲပါ ... ပြောစရာရှိတာသာ ပြောပါ၊ မမက ကလေးအမေပဲ၊ ဟင်း ဟင်း ... မောင်မောင့်ညီက ခုထိ နို့စို့တုန်းဆိုတော့''

''တော်ဗျာ ... တော် သွား ... ခင်ဗျား အဝတ်သွားလဲချည်၊ ကျုပ် ခင်ဗျားကိုပြောစရာရှိတယ်၊ တကယ်ဗျာ ... ယိုသူမရှက် မြင်သူရှက်၊ အပြင်ထွက်လာတာများ အဝတ်လဲရမှာမသိဘူးလား၊ ဒီအိမ်မှာ ခင်ဗျားက ကျုပ်မိထွေးနော်၊ ကျုပ်ရိုသေချင်အောင်၊ လေးစားချင်အောင် နေပါ၊ ဒါပဲ''

''မရိုသေလည်းရပါတယ် မောင်ရယ်''

''ဘာ ... ကျုပ်ကို ဘယ်လိုခေါ်လိုက်တယ်၊ ခင်ဗျားကျုပ်ကို မြူဆွယ်နေတာလား၊ ဖေဖေမှာခဲ့တဲ့စကားရှိပေမယ့် ကျုပ် ခင်ဗျားတို့ကို အရမ်းစိတ်ပျက်နေပြီ သိလား''

''ဒါဆို ဘယ်လိုခေါ်ရမှာလဲ''

''ကျုပ်မှာနာမည်ရှိတာပဲ နာမည်ခေါ်ပေါ့၊ မောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တွေ ခေါ်စရာမလိုဘူး။ ခင်ဗျားကို ကျုပ်သတိပေးချင်တာ ဒီအိမ်မှာ ခင်ဗျား မဖွယ်မရာမနေချင်ပါနဲ့၊ ကျုပ်မိတ်ဆွေတွေလာတဲ့အခါ ခင်ဗျားပုံစံက ဘာအချိုးလဲ၊ ကျုပ်ရဲ့သမားဂုဏ်သိက္ခာတွေကို ရိုက်ချိုးနေတဲ့ပုံစံ''

''ဩော် ကိုနေရယ် ...မ,ကတော့ ကိုယ့်ကျေးဇူးရှင်လေးရယ်လို့ လေးစားသမှုနဲ့ ပျာယာခတ်အောင် ဂရုစိုက်တာပါ၊ ရှင်းရှင်းပြောရရင် ဖားတာပေါ့ကွယ်၊ ကိုယ်တွေက ကိုနေ့လုပ်စာကို စားနေရတာ မဟုတ်လား''

''မလိုဘူး ... နောက်ကို ခင်ဗျား အနေအထိုင် ဆင်ခြင်ပါ၊ အဝတ်အစားကို ခံ့ခံ့ညားညားဝတ်ပါ၊ အပြောအဆိုလည်း ကလေးကလားစကားတွေ မပြောပါနဲ့''

''ကောင်းပါပြီတဲ့ရှင် ... ဒါပဲမဟုတ်လား။ မ, သွားတော့မယ်''

ညဝတ်အင်္ကျီပါးပါးအောက်မှ ကိုယ်လုံးကို လှုပ်ခါရင်း သူမ သွားမည်ပြင်နေပုံကိုက မဖွယ်မရာ။ တမင် ခင်းကျင်းပြနေတာ။ နေရဲမာန် စိတ်ပျက်လွန်းလို့ မျက်နှာလွှဲနေရတာကို သူမက ဘယ်လိုထင်သည်မသိ။ သူ့ရှေ့သို့ တမင်လာရပ်ရင်း –

''နောက်ကို ဒီလိုမဖြစ်စေရပါဘူး မောင်ရယ်၊ အဲ ... ကိုနေရယ်၊ ဒါပေမဲ့ မ,က ငယ်ငယ်လေးရှိသေးတာ၊ ကိုနေ့အဖေ





နဲ့တုန်းကလို အဘွားကြီးအဝတ်တွေ မဝတ်ချင်တာခက်တယ်''

''ခင်ဗျား အပြင်တွေ ဘာတွေထွက်ရင် ကြိုက်သလိုဝတ်ပေါ့၊ အိမ်ထဲမှာတော့ လူမြင်မကောင်းအောင် မဝတ်ပါနဲ့''

''ဟုတ်ပြီလေ ... ဒါပဲမဟုတ်လား။ ရမယ်, ရမယ်''

ခင်ထားလွင် တစ်ကိုယ်လုံး ပြုတ်ကျလုအောင် ခါရမ်းပြီး ထွက်ခွာသွားလျှင် နေရဲမာန် ဒေါသတကြီး လှမ်းအော်လိုက်၏။

''ခင်ဗျား အချိုးတွေပြင်ရင်,ပြင်၊ မပြင်ရင် ကျုပ် ဒီအိမ်မှာ မနေဘူး။ တခြားမှာနေပြီး ခင်ဗျားတို့သားအမိကို ငွေပို့မယ်၊ ဒါပဲ''

''အောင်မယ်လေး ... ဒီလိုတော့မလုပ်လိုက်ပါနဲ့ရှင်၊ ပြင်စေချင်ရင် ပြင်ပါ့မယ်၊ စိတ်ချ''

ခင်ထားလွင် အမူပိုပိုနှင့် ထွက်ခွာသွားလျှင် နေရဲမာန်ခေါင်းကိုသာ ဖြည်းညင်းစွာ ခါရမ်းနေမိရသည်။

တကယ်ပါပဲ ... ရှုးချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခင်ထားလွင်။ တောကနေ မြို့မှာလာပြီး အလုပ်လုပ်ရင်း သူဌေးကြီးဦးနေအောင်ကို မရ ရအောင် ချူနိုင် မြူနိုင်ခဲ့သူ။

သူမရဲ့ရုပ်က ထွားထွားမြင့်မြင့်၊ ငွားငွားစွင့်စွင့်။ ရုပ်က အချောစားကြီးမဟုတ်ပေမယ့် ကုလားဆင်၊ ရခိုင်ဆင်။ အသားက ဖွေးဖွေး၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ရှယ်။

လူငယ်ကြိုက် မဟုတ်ပေမယ့် လူကြီးကြိုက်ပေါ့။ ရှေးရှေးတုန်းက မယ်ဗမာတွေရဲ့ ပုံစံမျိုး။ ဒီကိုယ်လုံး၊ ဒီအလှ၊ ဒီမာယာတွေနှင့်ပင် ဦးနေအောင်ကို ဖမ်းစားနိုင်ခဲ့ပေမယ့် သူမရဲ့ ကံဇာတာက သက်ဆုံးတိုင် မကောင်းခဲ့။

အင်းလေ ... အစကတည်းက အသက်ခေါက်ချိုးကြီး





သူကို ယူခဲ့တာပဲ။ သူက ကိုယ့်အရင်သေမှာမဆန်း။ သို့သော် သူက ကိုယ့်အရိပ်အခြေကိုကြည့်ပြီး အမွေပိုင်ပိုင်နိုင်နိုင် မခွဲခဲ့တာ ဆိုးသည်။ တိုက်လေးတစ်လုံးနှင့် လက်ဝတ်လက်စားလောက်သာ ပေးခဲ့ပြီး ကျန်တာ သူ့သားအကြီးရဲ့ လက်ဝခံ။

မသေမချင်း နေရဲမာန်ပြုသမျှ နုရမည့်ပုံ။ ကိုယ့်သားအတွက် အမွေလျာထားခဲ့သော်လည်း နေရဲမာန်ပဲ ဦးစီးစေရမတဲ့။ ဘယ်လောက်များ ခံပြင်းစရာကောင်းလိုက်သလဲ။ သို့သော် ခင်ထားလွင် ခံပြင်းမနေတော့ပါ။

ကိုယ်ကလည်း မာယာဒေဝီပဲ။ ဖအေတောင် ကြွေအောင် ခြွေနိုင်ခဲ့တာပဲ။ သားကိုဆက်ပြီး ခြွေရုံပေါ့။ သွားလေသူကြီးကိုတောင် ကျေးဇူးတွေလှမ်းတင်မိပါရဲ့။ ရေကန်အသင့် ကြာအသင့် ဖန်တီးပေးခဲ့လို့လေ။

နေရဲမာန်ဟာ သူမကို မျက်နှာသာမပေးပေမယ့် သားလေး နေထူးလွင်ကိုတော့ ချစ်ပါသည်။သူ့ညီလေးပဲလေ။

အင်း မနေ့ကတော့ ကိုယ့်လုပ်ကွက်တွေမှားသွားတယ်။ ပြန်ပြီး ဘရိတ်အုပ်ဦးမှ။ တော်ကြာ မြွေပါလည်းဆုံး၊ သားလည်းဆုံးဖြစ်နေမှ ဒုက္ခ။

သူမ ကိုယ့်မာယာတွေကို လိမ္မာပါးနပ်စွာနှင့်ပြန်ပြီးသိမ်းဆည်း၊ ထုပ်ပိုးထားရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးရှည်ရှည်နှင့် လွှတ်ထားဦးမှ။

ခင်ထားလွင် စိတ်ကူးထဲမှာ ဆင်ကြံ ကြံနေရင်း ခြံထဲမှ ကားထွက်သွားသံ ကြားရသဖြင့် ကိုယ့်အိပ်ခန်းပြတင်းမှ အပြေး ကြည့်လိုက်မိသည်။

"အို ...မောင်မောင်ရယ်"

နံနက်ဦးမှာ ယောကျ်ားပီသချောမွေ့သည့် လူယဉ်ကျေး ပညာရှင်လေး၏ အသရေက သူမရင်ကို အေးမြစေသလို ပူ လည်း ပူလောင်စေသည်။

သူမက နေရဲမာန်ကို ပူလောင်သောတဏှာရမ္မက်နှင့် လည်း ချစ်မိသည်မဟုတ်ပါလား။ သူမ နေရဲမာန်ကို ပြင်းပြစွာ ချစ်မိသည်မို့ ကိုယ်မရလိုက်မှာ တွေးမိလျှင် နေဆယ်စင်းထက် ပူသည်။

ကိုယ့်မိတွေးမို့ ပေါ်ပေါ်ထင်ထင် မယူချင်လည်း သူမ နေရဲမာန်ကို ဘယ်လိုပုံစံမျိုးနှင့်ဖြစ်ဖြစ် ပိုင်ဆိုင်ချင်သည်။ အတူ နေချင်သည်။ လစ်ဗင်းတူဂဲလ်သားပေ့ါ။

သို့သော် ...သူက ကိုယ့်ကို ခါးခါးသီးနေတာ ခက် သည်။ အင်းလေ ယောကျ်ားတွေဆိုတာ ဒီလိုပါပဲ။ မသင့်တော်လို့ မျိုသိပ်နေပေမယ့် သူလည်း ကျားတစ်ကောင်ပဲ။ ကျားမှန်ရင် သက်သတ်လွတ် စားရိုးရှိသလား။ တစ်နေ့နေ့မှာတော့ တွေ့ကို





တွေ့ဦးမှာပါ။

သူမ စိတ်ကူးနှင့်အကွက်တွေ ရွှေ့နေတုန်း သားနိုးလာ သဖြင့် သားရဲ့ ဝေယျာဝစ္စတွေလုပ်ပေးဖို့ ခင်ထားလွင်၊ ဒေါ်သီ ကို အော်ခေါ်လိုက်သည်။

"ဒေါ်သီ လာပါဦး ...ဒီမှာ သားနိုးပြီ၊ ကလေး ကျူရှင်မီအောင် လုပ်ပေးလိုက်"

ဒေါ်သီ မကြာခင် အခန်းဝမှပေါ်လာပြီး ပြူးပြူးပျာပျာ နှင့်။

"မမလေး ...မဝေဝေ မရှိတော့ဘူး။ သူ့အဝတ်အိတ် လည်း မရှိတော့ဘူး"

"ဟင် ...ဘာလဲ၊ ဘာဖြစ်တာလဲ၊ ထွက်သွားတာ လား"

"ဟုတ်မယ်ထင်တယ်၊ ကျွန်မကို ဘာမှမပြောခဲ့ဘူး၊ ဒီကောင်မလေးဟာလေ ကြိုပြောတာမဟုတ်ဘူး၊ အိမ်မှာ တစ် ယောက်တည်း ဘယ်အလုပ် လည်တော့မလဲ"

"ဒေါ်သီ မသိဘူးဆိုတာ ဟုတ်မလား၊ အတူတူ အိပ်ကြ တာ မဟုတ်ဘူးလား။ ပစ္စည်းတွေ ဘာတွေရော ပျောက်သေး လား"

"မပျောက်ပါဘူး၊ ဒေါ်သီ ညက အိပ်မပျော်လို့ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးသောက်အိပ်မိတာ''

''ကဲ ကဲ ... ဒါဆိုလည်း သားကိစ္စ ကျွန်မပဲ လုပ်လိုက်မယ်၊ ဒေါ်သီ မီးဖိုထဲပဲ နိုင်အောင်လုပ်''

''လူရှာရင်လည်း မြန်မြန်ရှာပါ မမလေးရယ်၊ ဒေါ်သီက ဒူးမကောင်းတော့ သန့်ရှင်းရေးတွေ၊ ဘုရားခန်းကိစ္စတွေ၊ ဈေးသွားတာတွေ လုပ်နိုင်မှာမဟုတ်ဘူး''

''ဟုတ်ပါပြီ ... ကျွန်မ အမြန်ဆုံးရှာပေးပါ့မယ်၊ ကဲ ... ဒီတစ်ရက် နှစ်ရက်တော့ ဖြစ်သလို စခန်းသွားကြတာပေါ့''

ခင်ထားလွင် အပျင်းထူမနေတော့ဘဲ သားရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးဖို့ အမြန်ဆုံးပြင်ဆင်ရပါတော့သည်။

✹ ✹ ✹





## အခန်း (၅)

တစ်ပတ်လောက်ကြာသည်အထိ လူရှာမရသေးတော့ ခင်ထားလွင် ကိုယ့်ရပ်၊ ကိုယ့်ရွာသို့ လူရှာဖို့ပြန်ခဲ့ရသည်။ စိတ်ချရသည့် လူရဖို့ ကိုယ့်ရွာမှာပဲ ရှာရတော့မည်။

အကောင်းစားကားကြီးကိုစီးပြီး တောက်တောက်ပပနှင့် ပြန်လာသည့် ခင်ထားလွင်ကို တစ်ရွာလုံးက ဝိုင်းပြီး ရင်သပ်ရှုမော ဖြစ်နေကြ၏။

သူမရဲ့ရွာက ကြံခင်းမြို့နယ်ထဲက ရွာလေးတစ်ရွာ။ ရွာသစ်ကုန်းရွာဟာ ရွာကြီးပါ။ တွဲဖက်အထက်တန်းကျောင်းရှိပြီး ဈေးလည်း ရှိသည်။ သူမရဲ့မိဘများအိမ်မှာ ထိုင်လျှင်ထိုင်ချင်ပင် ခင်ထားလွင် လိုရင်းကိစ္စကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သမီးအိမ်က ကောင်မလေးတစ်ယောက် ထွက်သွားလို့ စိတ်ချရတဲ့တစ်ယောက်လောက် လိုချင်တယ်၊ သူစိမ်းထက် ဆွေနီးမျိုးစပ်ထဲကဆိုရင် ပိုကောင်းမယ်၊ သိတယ်မလား၊ သူဌေးအိမ်ဆိုတာ တွေ့ကရာလူ ခေါ်လို့ရတာမဟုတ်ဘူး၊ တစ်လ (၅) သောင်း စရိတ်ငြိမ်းပေးမယ်"

ခင်ထားလွင်၏ ဒရိုင်ဘာ ဦးညိုဝင်းကတော့ ကားကို ရေဆေးနေပေပြီ။ ခင်ထားလွင်၏မိဘနှစ်ပါးမှာ သမီးကန်တော့သည့် ငွေ (၅) သိန်းထုပ်ကို လက်နှင့်ဆုပ်ကိုင်ကြရင်း သမီးဖြစ်သူကို နားမလည်နိုင်စွာ မော့ကြည့်နေကြသည်။

ခင်ထားလွင်ဟာ မိဘဆွေမျိုးတို့အပေါ် သိပ်ပြီး သိတတ်သူတော့မဟုတ်။ သူမဘာသာ တိမ်ညွန့်စားပြီး အာကာဟပ်နေသည့် မိန်းမမျိုးပါ။ သို့သော် မိဘတွေကတော့ ကိုယ့်သမီး ကောင်းစားလျှင် ကျေနပ်နေမြဲ။

"သမီးရယ် ... တို့ရွာမှာ အဲဒီလို အိမ်ဖော်လုပ်မယ့်သူ ဘယ်မှာရှိမလဲ၊ တောအလုပ်တွေ ရှိနေတာပဲလေ၊ မှိုနုတ်၊ အင်ဥကောက်၊ မျှစ်ချိုး၊ ဟင်းဆွတ်ခူးနဲ့ အလုပ်တွေပေါ်နေတဲ့ဥစ္စာ၊ ဘယ်သူက သူများအိမ် အောက်ကျခံပြီး လိုက်ချင်မှာတဲ့လဲ"

"အို အမေကလည်း ... ကားအကောင်းစားကြီး စီးပြီး အစားကောင်းစား၊ အဝတ်ကောင်းကောင်းဝတ်နေရမှာများ၊ ကဲ





... ရှာပေးစမ်းပါ၊ အမေ့အမျိုးထဲက မိမဲ့ ဖမဲ့လေးများ မရှိဘူးလား"

ခင်ထားလွင် ဖွတ်ပင် မအေကို လူရှာခိုင်းနေတော့ ဒေါ်မိုးလွင် သူ့အမျိုးထဲမှာ နွမ်းနွမ်းပါးပါးလေးများကို စဉ်းစားကြည့်ရသည်။

"အင်း ... ရွာဖျားက အပုံ့သမီးလေးတော့ လုပ်မလားမသိဘူး၊ သူက ရန်ကုန်ရူး ရူးနေတာ၊ ရန်ကုန်ကို အရမ်းရောက်ချင်နေတာ၊ သူ့အစ်မတွေ ရန်ကုန်အထည်ချုပ်သွားပြီး လုပ်နေတတည်းက သူလည်း လိုက်ချင်နေတာ"

"ဒါဆိုလည်း သွားကြည့်ရအောင် အမေ၊ သမီးက အားတာမဟုတ်ဘူးနော်၊ သားကလည်း ကျောင်းပျက်လို့မဖြစ်ဘူး၊ ကျူရှင်တွေ၊ ဂိုက်တွေကလည်း ရှိသေးတယ်"

"ကဲ ဒါဆိုလည်း သွားကြစို့၊ မြေး လာ အဘွားဆီလာ"

ဒေါ်မိုးလွင် အိမ်ရှေ့မှာ ကလေးတွေနှင့် ဆော့ကစားနေသည့် မြေးကို လှမ်းခေါ်ပေမယ့် ကလေးက လှည့်မကြည့်ချေ။ မြေကြီးပေါ်မှာ အားပါးတရ ပြေးလွှားဆော့ကစားနေလေတော့သည်။

"ကဲပါ အမေရယ် ... လာ မနက်ဖြန်ပြန်မှဖြစ်မှာ၊ ဒီနေ့ လူရအောင်ရှာကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးလွင်ပါ ကားအကောင်းစားကြီးကိုစီးပြီး ရွာဖျားရှိ သူညီမဝမ်းကွဲ အပုအိမ်သို့ သွားကြ၏။ အပုအိမ်က သစ်သား တစ်ထပ်အိမ် သပ်သပ်ရပ်ရပ်လေးပါ။

''အမေ သူ့သမီးကို ထည့်ပါ့မလား။ သူတို့က တအား ကြီးမှ မဆင်းရဲတာ''

''အပုကို ငါက ငယ်နိုင်ပါ၊ ပြီး . . . သူက မုဆိုးမလေ၊ သူပြီးရင် ပြီးတယ်၊ သူ့သမီးကလည်း ရန်ကုန်ရှူ၊ ငါ ရအောင် ပြောကြည့်ပါ့မယ်''

သားအမိနှစ်ယောက် အိမ်ထဲသို့ ဝင်လိုက်ကြတော့ သပ်ရပ်လှပသည့် အိမ်အပြင်အဆင်ကို တွေ့လိုက်ကြရသည်။ ဘုရားခန်း၊ ဧည့်ခန်းနှင့် မီးဖိုအထိ အခန်းအားလုံးပင် သပ်သပ်ရပ်ရပ်၊ အိမ်လေးကလည်း ကျွန်းအိမ်ပီပီ ပြောင်လက်တောက်ပလို့။

''အပုရေ အပု . . . ငါ့သမီးလာတယ်ဟေ့၊ အိမ်ရှေ့မှာ ရပ်ထားတဲ့ ကားကြီးလည်း ကြည့်ပါဦး၊ ဖိတ်ဖိတ်ကိုတောက်လို့၊ ငါ့သမီး ဘယ်လောက်ကြီးပွားလာလဲဆိုတာ ထွက်ကြည့်ကြပါဦး ဟ''

အော်ကျယ် ဟစ်ကျယ်နှင့် ဒေါ်မိုးလွင် တစ်ခန်းဝင် တစ်ခန်းထွက် အပုကို လိုက်ရှာရာ ခြံနောက်ဘက်မှ ဟင်းရွက် တစ်ခြင်းနှင့် ဒေါ်အပု တက်လာတာတွေ့ရသည်။





''ဟော . . . မမလွင် ရောက်နေတာကိုး၊ ဟယ် ခင်ထားရယ် . . . လှလိုက်တာ၊ နင် တော်တော်လှလာတာပဲ''

''အိမ်ရှေ့ကကားကိုလည်းကြည့်ဦး . . . သူက သူ့ဌေးနဲ့ ရခဲ့တာလေ''

''နို့ . . . သူဌေးက သေသွားပြီဆို၊ ရွာမှာပြန်နေပါလား ခင်ထားရယ်၊ နင့်ကို အသေကြိုက်ခဲ့တဲ့ အောင်မျိုးကိုတောင် မနေ့က ရွာပြန်လာသေးတယ်၊ သူလည်း ရန်ကုန်မှာပဲနေတာတဲ့''

''မတွေ့ပါဘူး အဒေါ်ရယ်၊ ရန်ကုန်ဆိုတာ အကျယ်ကြီးလေ၊ ဘယ်တွေ့မလဲ''

ဧည့်ခန်းမှာထိုင်ကြတော့ ဒေါ်အပု လက်ဖက်တစ်ပွဲနှင့် ရေနွေးကြမ်းအိုး ချပေး၏။ မျက်လုံးတွေကတော့ ခင်ထားလွင်ထံမှ မခွာ။ ပုထုဇဉ်ပီပီ အားကျသည့်အကြည့်၊ သွားရေကျသည့် အကြည့်တွေနှင့်။

ခင်ထားလွင်ကလည်း ဒေါ်အပု၏ အတွင်းစိတ်ကို သိပြီးသား။ သည်တော့ မစားရဝခမန်း ပြောဖို့ ကြံစည်ရသည်။ ဒေါ်မိုးလွင်ကလည်း အပုကို တရားဟောဖို့ အစပျိုးလိုက်၏။

''နင့်သမီး ဘယ်သွားလဲ အပု၊ မမြင်ပါလား''

''သူ့အဘွား နေမကောင်းလို့ ရွာဖျားမှာသွားပြီး ပြုစု



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတယ်''

''နှင့်သားတွေရော''

''လယ်ထဲမှာပေါ့၊ အငယ်ကောင်ကတော့ မုဒ့်လိုက်သွားတယ်၊ မုဒ့်မှာ ရော်ဘာခြံစောင့်ရင်း ရော်ဘာလည်း ခြစ်တယ်လေ၊ ဟိုတစ်လကတောင် သူ့ညီမအတွက် ဆွဲကြိုးလေးလုပ်ပေးလိုက်သေးတယ်''

''သူ့ညီမကို တော်တော်ချစ်သားပဲနော်''

''ချစ်တယ် ချစ်တယ်၊ ဒီနှစ် သူတို့ညီမအောင်တော့ ပညာရေးကောလိပ် ဆက်ထားဖို့ ကြိုးစားနေကြတာ''

ဒေါ်မိုးလွင်နှင့် ခင်ထားလွင်တို့ သားအမိ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ဒီလိုပုံမျိုးကို ရန်ကုန်ခေါ်လို့ရပ့်မလား။

သည်စဉ် အိမ်ပေါ်သို့ ချစ်စရာမိန်းမပျိုလေးတစ်ယောက်တက်လာသဖြင့် ခင်ထားလွင် လှမ်းကြည့်လိုက်သည်။ တောပန်းလေးတစ်ပွင့်ပါလား။ ရွက်ပုန်းသီးလေး။

အသားအရည်ရော၊ အရုပ်အမောင်းပါ ပြောစရာမရှိ။ တကယ့် သဘာဝအလှစစ်နှင့် ကောင်မလေး။

''ဒါ ...အပု ...ညည်းသမီးလား''

''မဟုတ်ဘူး၊ သမီးသူငယ်ချင်း၊ မိယွန်း အလည်လာ





တာလား၊ ညည်းသူငယ်ချင်း သူ့အဘွားအိမ်ရောက်နေတယ်၊ ကိစ္စရှိလို့လားသမီး''

ကောင်မလေးက ခင်ထားလွင်ကို မရဲတရဲ အကဲခတ်ရင်း ဒေါ်အပုအနားမှာ ကျုံ့ကျုံ့လေး ဝင်ထိုင်သည်။

''မဟုတ်ဘူး အရီး၊ ကိစ္စမရှိပါဘူး၊ ပညာရေးကောလိပ် လျှောက်ထားတာ ကျပြီလားလို့ ဝင်မေးတာပါ၊ မေးလို့သာ မေးရပါတယ်လေ၊ ပါလည်း ကျွန်မ တက်နိုင်မှာမဟုတ်ပါဘူး''

ကောင်မလေးစကားကြောင့် ခင်ထားလွင် စိတ်ဝင်စားသွားသည်။ သူမပုံကြည့်ရတာလည်း နွမ်းနွမ်းပါးပါး။

''ဘာဖြစ်လို့လဲ ...ညီမမိဘတွေက ဆင်းရဲလို့လား''

သူ့အမေးကို မိယွန်းကမဖြေဘဲ ဒေါ်အပုက ဝင်ဖြေသည်။

''ဆင်းရဲလို့မဟုတ်ဘူး၊ ဒါပေမဲ့ သူ့အမေက ယောက်ျားကို ကြောက်ရတယ်လေ၊ သူ့ပထွေးက သူ့ကိုခိုင်းပဲစားချင်တာ၊ မြေတောင်မြှောက်ပေးချင်တာ မဟုတ်ဘူး''

ဒေါ်မိုးလွင် အကွက်ဝင်တုန်း ဖိပြောဖို့ တာစူရသည်။

''ဟုတ်တယ် သမီးရေ၊ မိယွန်းအဖြစ်က ဘယ်တော့မှ လူ့ရုပ်ပေါက်မှာမဟုတ်ဘူး၊ သူ့ပထွေးရဲ့သမီးနှစ်ယောက်အိမ်မှာ လှည့်ပြီး ကျွန်ခံနေရတာလေ၊ ဆယ်တန်းလေးအောင်ရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်း''

''အို . . . ဒါဆို သူတို့ဆီမှာ အလကားကျွန်ခံနေမယ့် အစား မမနဲ့ ရန်ကုန်လိုက်ခဲ့ပါလား ညီမရယ်၊ စရိတ်ငြိမ်း တစ်လကို (၅) သောင်းပေးမယ်၊ တိုက်ကြီးထဲနေပြီး ကား အကောင်းစားကြီး စီးရမှာ၊ ခုလို နေပူထဲ ကိုင်းကောက်၊ လယ် ကောက် လုပ်မနေနဲ့တော့၊ အသားလည်း ပိုဖြူလာမှာ၊ မမက အဝတ်အစားတွေလည်း ဆင်မှာ''

ခင်ထားလွင်၏စကားကို ဒေါ်မိုးလွင်ကလည်း ဝင်ပြီး အားဖြည့်၏။

''ဟုတ်တယ် မိယွန်းရဲ့၊ မြို့မှာ အိမ်အကူလုပ်တယ် ဆိုတာ တို့တောလို အိုးမည်းတွေပေတာမဟုတ်ဘူး၊ ဂက်(စ်)နဲ့ ချက်ရတာ၊ အိမ်တိုက်လည်း ဖုန်စုပ်စက်နဲ့၊ အဝတ်လျှော်လည်း စက်နဲ့၊ ဘာမှ ပင်ပန်းတာမဟုတ်ဘူး။ သူတို့က သူဌေးတွေမို့ တွေ့ကရာလူမခေါ်ချင်လို့၊ ကိုယ့်လူကိုယ်ပြန်ရှာတာ၊ စိတ်ကူး မလွဲနဲ့ မိယွန်း။ လိုက်သာသွား''

''အမေက ထည့်မှာမဟုတ်ဘူး အရီးရဲ့''

''တော်အေ . . . ညည်းအမေလုပ်ပုံက သူနောက် ယောက်ျားယူတာ ကိုယ့်သမီး သူများအလကားခိုင်းစားဖို့ ဖြစ် နေပြီ၊ ကျွန်ဝယ်ရာ အဆစ်ပါဆိုတာ ညည်းအမေပဲ၊ ဘာမှတွေး





မနေနဲ့၊ ငါ့သမီး မနက်ဖြန်ပြန်မှာ၊ ညည်းလိုက်ဖို့သာပြင်တော့၊ ဒါမှမဟုတ် ညည်းအမေ သွားခေါ်လာခဲ့၊ ငါပြောမယ်''

မိယွန်း တွေခနဲစဉ်းစားရသည်။ အမေ နောက်အိမ် ထောင်ပြုသည့် (၃) နှစ်လောက်အတွင်း သူမဘဝက မသက်သာ။ ဝထွေးရဲ့ သားကြီး၊ သမီးကြီးတွေရဲ့အိမ်မှာ အမြဲ အလုပ်ကူရ သည့်အဖြစ်။ လယ်ထဲ ကိုင်းထဲက မတက်ရသည့်ဘဝ။ အမေ စိတ်မချမ်းသာပေမယ့် ဘာမှမတတ်နိုင်သည့်ဘဝ။

''ကျွန်မဘာသာ အမေ့ကိုပြောပါ့မယ်''

''ရအောင်လည်း ပြော၊ ဒီလိုအခွင့်အရေးမျိုးကို လက် လွှတ်ခံလို့ မဖြစ်ဘူး။ သူများတွေဆို နိုင်ငံခြားတောင် သွားပြီး အိမ်အကူလုပ်ရတာ၊ ညည်းမမက ညည်းကို လှအောင်ဆင်မှာ၊ ရွှေငွေက အစပေါ့''

ဒေါ်မိုးလွင်၏ မစားရဝခန်းစကားတွေကြောင့် ယွန်းစံမို စိတ်ပါသွားတာမဟုတ်ပေမယ့် သူမဘဝက ဒီမှာကျတော့ရော လှသော မလွန်သာဘဝမို့ အမေ့ကိုပြောပြီး ရန်ကုန်လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ယွန်းစံမို။

ရန်ကုန်ရောက်သည့် တစ်ပတ်အတွင်း ဒေါ်ခင်ထားလွှင်၏အိမ်မှာ သူမ အခြေကျခဲ့ပါပြီ။ ဘာပဲပြောပြော ပထွေးအိမ်မှာထက်တော့ အများကြီးအဆင်ပြေပါသည်။

တိုက်တွေ၊ ကားတွေဟာ ကိုယ့်ပစ္စည်းမဟုတ်လို့ မမက်မောပေမယ့် ငြိမ်းချမ်းသည့်ဘဝကို သူမ ခံစားရသည်။ နှစ်လိုမိသည်။

ရွာမှာတုန်းကလို နေပူစပ်ခါးမှာ အလုပ်မလုပ်ရတော့ဘဲ အိမ်ထဲမှာ အလုပ်လုပ်ရတာ ပင်ပန်းသည်ဟုမထင်။ သူတို့ပြောသလို စက်တွေနှင့်လုပ်ရတာပဲ။ နောက် ကလေး၏ဝေယျာဝစ္စ





တွေကို လုပ်ပေးရသေးသည်။

ပထွေးအိမ်မှာနေရသလို သူမကို ဆူမည့်၊ ပူမည့်သူ ရှိ၊ ဒေါ်ခင်ထားလွှင်ကလည်း အပြင်ထွက်နေတာ များသဖြင့် အိမ်မှာ ဒေါ်သီနှင့်သူမ နှစ်ယောက်တည်း။ လုပ်စရာအလုပ်တွေကို အေးချမ်းစွာလုပ်ခွင့်ရပါသည်။ ဒေါ်သီကလည်း သဘောကောင်းသူပီပီ သူမကို ချစ်ခင်ပုံရပါသည်။

ယွန်းစံမို အံ့ဩနေတာ ဒီအိမ်ရှင် ဆရာဝန်ကြီးပါပဲ။ သူတစ်ယောက်တည်း ကမ္ဘာပေါ်မှာရှိသမျှအလုပ်တွေကို ကန်ထရိုက်ဆွဲယူထားသလား အောက်မေ့ရသည်။ ယခုထိ သူမနှင့် တစ်ခါမှ မျက်နှာချင်းမဆိုင်ရသေးပါ။

မနက် (၆) နာရီလောက်မှစတင်ပြီး ထွက်သွားသည့်သူဟာ ည (၁၀) နာရီလောက်မှ ပြန်ရောက်လာတတ်သည်။ ဆရာဝန်ဆိုတာ ဒီလိုပဲလား။ ဒါမှမဟုတ် အိမ်မကပ်ချင်လို့လား သိ။

သူမက မနက် (၅) နာရီလောက်ကတည်းက အိပ်ရာထပြီး အလုပ်လုပ်သူမို့ ဒေါက်တာနေရဲမာန်ကို မြင်နေ၊ သိနေပေမယ့် သူကတော့ သိပုံမရပါ။

ဒေါ်ခင်ထားလွှင်ကလည်း ဘာသဘောနှင့်မသိ။

ယွန်းစံမိုကို –



www.burmeseclassic.com

www.burmeseclassic.com



''မိယွန်း ...နင့်ကို သူ မမြင်စေနဲ့၊ ပုန်းနေ''

''ဘာဖြစ်လို့လဲ မမ၊ ယွန်းရှိတာ ဆရာမကြိုက်လို့လား''

''မဟုတ်ပါဘူး၊ နင့်ပုံစံက တောပုံမပျောက်သေးလို့၊ လှလှပပဖြစ်လာမှ မြင်စေချင်တာ''

''ဟာ ...မမကလည်း ယွန်း ဒီပုံက ဒီပုံပေါ့၊ အလုပ်သမားပဲ လှစရာလိုလို့လား''

''နင် မသိပါဘူး၊ ဘာပဲဖြစ်ဖြစ် တစ်လလောက်တော့ မမြင်အောင် နေလိုက်ဦး''

ဒေါ်ခင်ထားလွင်၏စကားအတိုင်း နားမလည်ပေမယ့် ယွန်းစံမီ ဆရာနှင့် မျက်နှာချင်းမဆိုင်။ သူပုန်းဆို ပုန်းနေရုံပေါ့။ အထူးတလည်လည်း ပုန်းနေစရာမလိုပါ။ ဆရာက မိုးလင်းမိုးချုပ် အစာရှာထွက်နေသည့် ငှက်ကြီးလေ။ အထွက် အဝင်ပေါ့။ တစ်ချက်လောက် ရှောင်နေရုံပါပဲ။

နောက်ပြီး ဆရာက အိမ်မှာလည်း စားသောက်ခဲလှပါသည်။ သူ ဘယ်မှာ ဘယ်လိုတွေစားနေသည်မသိပေမယ့် အိမ်စရိတ်တော့ မှန်မှန်ပေးနေတာတွေ့ရသည်။

ယွန်းစံမီ ဒီအိမ်ရောက်တာ တစ်လလောက်ရှိသည့်အခါမှာတော့ ဒေါ်ခင်ထားလွင်က သူမကို သဘောကျနေပေပြီး ယွန်းကလည်း အစစအရာရာ ပုံစံကျသွားပြီလေ။ တောထဲမှာ





နေသည့် ဝေပြုဝတီကို ထီးဟန် နန်းဟန်ပေါက်အောင် သင်သရို နှစ်လောက် မဟုတ်သေးပေမယ့် ... ယွန်းစံမီ အချိုးကျလာခဲ့ရ ဟာတော့ အမှန်။ ဒေါ်ခင် ထားလွင်ဟာ သူမကို အိမ်အကူတစ်ယောက်လို ပစ်စလက်ခတ် မထားပါ။ အဝတ်အစား၊ အနေအထိုင်အားလုံး အဆင်ပြေအောင် စီစဉ်ပေးခဲ့သည်။

သူဌေးသမီးတစ်ယောက်လို မဟုတ်ပေမယ့် တောမှာနေရသလို အစုတ်စုတ်၊ အနုတ်နုတ် မဟုတ်တော့။ ချက်တာ၊ ပြုတ်တာ၊ လုပ်တာ ကိုင်တာကအစ အားလုံး သေသပ်သွားပေပြီ။ သူမဟာ သင်တန်းဆင်းတစ်ယောက်လို အရာရာ ပုံပန်းကျနေခဲ့ပေပြီ။

သည်နေ့တော့ ထူးထူးခြားခြား ဒေါ်ခင်ထားလွင် ဘယ်မှထွက်ဘဲ အိမ်မှာရှိနေပြီး မနက် (၈) နာရီလောက်ကျမှ –

''မိယွန်းရေ ...ဈေးသွားရအောင်၊ ဒီနေ့ ဝယ်စရာရှိတာ ဝယ်ရင်း ညည်းကိုလည်း အဝတ်အစား ထပ်ချုပ်ပေးမလို့''

''ဟာ ...နေပါစေ မမရယ်၊ ယွန်းမှာ အဝတ်တွေ ၄–၅ စုံတောင်ရှိနေပြီ၊ တော်ပါပြီရှင်''

''ဟဲ့ မိယွန်းရဲ့ ...နင် တော်တော် လောဘနည်းပါလား၊ ငါ့မှာဆို အဝတ်တွေ ဗီရိုကြီးတစ်လုံးပဲ၊ ဒါတောင် အမြဲ ထပ်ဝယ်နေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



''သြော် . . . မမက သူဌေးကိုး၊ ယွန်းက အလုပ်သမားပဲ၊ ၄-၅ စုံရှိရင် တော်ပါပြီ''

''မရဘူး၊ ညည်းကို လှလှပပလေးလုပ်ပေးရဦးမယ်၊ ညည်းကို ငါ့ညီမလို့ ပြောထားတာနော်၊ အလုပ်သမား မဟုတ်ဘူး၊ ဒါကြောင့် ငါ့စကားနဲ့ညီအောင် ဆင်ပေးနေတာ၊ လိုက်ခဲ့''

နောက်ဆုံး ဒေါ်ခင်ထားလွင်၏သဘောအတိုင်း ယွန်းစံမှီ ဈေးသို့လိုက်သွားရသည်။

''နင့်ဆံပင်ကလှပြီးသားမို့ ဆံပင်ကိုမပြင်တော့ဘူး။ အဝတ်အစားလောက်ပဲ လိုတယ်၊ မိတ်ကပ်တွေနဲ့ ဘာတွေလိမ်းတတ်အောင်လည်း သင်ပေးရဦးမယ်''

''ယွန်း . . . သနပ်ခါးပဲကြိုက်ပါတယ် မမရယ်''

''သူ့နေရာနဲ့သူပေါ့အေ၊ မိန်းကလေးဆိုတာ လှလေတန်ဖိုးရှိလေပဲ''

''ဒါက ရှေးခေတ်ကပါ၊ ခုလို ပညာခေတ်ကျတော့ ပညာတတ်မှ အလှကထင်ပေါ်တာပါ''

''အောင်မယ်လေး . . . ညည်းလိုဆို ပညာမတတ်တဲ့ လူတွေ ယောက်ျားမရတော့ဘူးပေါ့၊ ငါဆိုလည်း ဘွဲ့တွေ ဘာတွေ မရခဲ့ပါဘူး၊ ဆယ်တန်းလောက်ပဲ အောင်တာပါ၊ ဘာဖြစ်လို့ သူဌေးနဲ့ ရလဲ''





ယွန်းစံမှီ ဘာမှမပြောရဲလို့ မပြောလိုက်ပေမယ့် စိတ်ထဲမှာတော့ -

''ဒါကတော့ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးဆိုတာလို သူဌေးမုဆိုးဖိုကြီးနဲ့ ရတာကိုး''

ဒေါ်သီကတော့ သူမကို တိုးတိုးတိတ်တိတ် ဒေါ်ခင်ထားလွင်အကြောင်းတွေ ညဘက်မှာ ပြောပြဖူးပါသည်။

''ငါက ပါးစပ်ဖွာတာတော့မဟုတ်ဘူး၊ ဒါပေမဲ့ ဒေါ်ခင်ထားလွင် ဒီလောက်သဘောမကောင်းပါဘူးအေ၊ ဘာအကြံအစည်တွေ ရှိတယ်တော့မသိဘူး၊ သတိထားတာ အကောင်းဆုံးပဲ''

''သူက အစက ဆရာ့ကိုမုန်းနေတာ၊ မာယာတွေ၊ အောက်လုံးတွေနဲ့ သိမ်းပိုက်မလို့၊ ဒါပေမဲ့ . . . ဆရာက အိမ်မှာ အနေနည်းတော့ အိမ်မကပ်တော့ ဗျူဟာပြောင်းမလို့ထင်တယ်''

''ဘာဗျူဟာလဲ ဒေါ်သီရဲ့''

''သြော် . . . လင်ပါသားနဲ့ မိထွေးဆိုတာ ဘယ်လိုမှ သူ ဖြားယောင်းလို့ရမှာမဟုတ်ဘူးလေ၊ ဆရာက သမားဂုဏ်၊ ကိုယ်ကျင့်သိက္ခာတွေ ရှိသေးတယ်မဟုတ်လား၊ ဘယ်လိုမှ ဖြစ်လာမှာ မဟုတ်မှန်း သေချာသွားပြီမို့ ဗျူဟာပြောင်းမှာပေါ့''

''ဟာ . . . ဒေါ်သီပြောတာ ယွန်း နားမလည်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာကလည်း သူ့အနားမှာ ဆရာဝန်မတွေ၊ နာ့(စ်)တွေ ဝိုင်းဝိုင်းလည်နေတဲ့ ဥစ္စာ၊ တစ်ယောက်ယောက်လောက် ကောက်ယူလိုက်ရင် ပြီးရော၊ ဒါဆို ဘာပြဿနာမှ မရှိတော့ဘူး''

''အေးလေ . . . ဒါပေမဲ့ ဆရာကလည်း အလုပ်တွေပိပြီး အချစ်ရေးတွေ၊ အိမ်ထောင်ရေးတွေ မစဉ်းစားဖြစ်တာလား မသိဘူး''

ယွန်းစံမှီ ဒေါ်သီပြောခဲ့တာတွေ ကြားယောင်ရင်း ဒေါ်ခင်ထားလွင် ဆင်သမျှ၊ ပြင်သမျှ လက်ခံနေရပါသည်။ သို့သော် သူမဟာ အညှာစားမိန်းကလေးတစ်ယောက် မဟုတ်တာမို့ သူ့သဘောချည်းလည်း မလိုက်ပါ။

ဥပမာ–ဆံပင်ဆိုလည်း ကိုယ့်ဆံပင်ကို အဖြတ်မခံ။ သူမရဲ့ဆံပင်ဟာ တင်ပါးထိရှိနေပြီး ပိုးသားမျှင်လိုဆံနွယ်။ ပေါင်းတင်ထားသလို အိအိဖတ်ဖတ်။

အမေပြောဖူးသလို လောကမှာ အသံရယ်၊ ဆံ (ဆံပင်) ရယ်၊ ကံရယ်ဟာ ပြိုင်လို့မရဘူး ဆိုသလိုပါပဲ။ ယွန်းရဲ့ဆံပင်ဟာ သိပ်ပြီးလှပပါသည်။ ဆံပင်တွေ တနွဲ့နွဲ့အိဖတ်ပြီး ယိမ်းနေတာ တကယ့်ကိုကဗျာ။

ပြီး သူမဟာ မြန်မာအမျိုးသမီးတစ်ယောက်မို့ ဆံပင်ကို အမြတ်တနိုးနှင့်တန်ဖိုးထား ထိန်းသိမ်းရမှန်း လက်ခံယုံကြည်





ပါသည်။ နောက် တောသူမမို့ တောဆန်သည်ပဲပြောပြော၊ ပေါ်ပေါ်လျော်လျော်တွေ မဝတ်ချင်ပါ။ မင်းသမီးတွေ၊ မော်ဒယ်လ်တွေ ဖော်တာကတော့ သူတို့၏အလုပ်သဘောအရပေါ့။ ဒါကို အပြင်လူတွေကလိုက်ပြီး တုပနေစရာမလို။

ပြီး ဘောင်းဘီတိုထား။ အရှည်တောင် ယွန်းမဝတ်။ အောက်ရှူးဘောင်းဘီတို့၊ စတော်ကင်တို့ဆိုတာ ပေါင်,ပေါင်အတိုင်း၊ ခြေသလုံးကို ခြေသလုံးအတိုင်း ဖော်ပြနေတာပဲ မဟုတ်လား။

ယွန်း လက်ခံတာ မြန်မာဝတ်စုံ။ လုံချည်နှင့် ရယ်ဒီမိတ်အင်္ကျီလှလှ လုံလုံလေးတွေ။ ပြီးတော့ ချည်ထည်ဝမ်းဆက်လေးတွေလောက်သာ။

ဒေါ်ခင်ထားလွင်ကတော့ ယွန်းကို ပက်ပက်စက်စက် နှံချဖူ့ပါရဲ့။

''နင်ဟာလေ ဘိုးတော်ဘုရားလက်ထက်က လူသေလို့ ဝင်စားနေတာ၊ ငါတောင် နင့်လောက် မတုံးဘူး။ အင်တာနက်ခေတ်ထဲ လူလာဖြစ်ပြီး လူက ကုန်းဘောင်ခေတ်ပြန်သွားနေတယ်''

''ကောင်းပါတယ်လေ၊ နင့်ပုံက လူကြီးကြိုက်ပေါ့၊ လူငယ်တွေတော့ မကြိုက်လောက်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဈေးဝယ်အပြီး အိမ်ပြန်ရောက်သည်နှင့် ဒေါ်သီ ပြူးပြူးပြာပြာ ပြေးလာခဲ့သည်။

"မမလေးရေ ... ရွာကညီမ ဆုံးလို့တဲ့၊ အစ်ကိုလာခေါ်တယ်၊ ကျွန်မ ရွာခဏပြန်လိုက်သွားရမယ်၊ မမလေးတို့ကို စောင့်နေတာ"

"ဟာ ... ခက်တာပဲ၊ ဒေါ်သီမရှိရင် အိမ်မှာ ဘယ်အဆင်ပြေမလဲ၊ ညီမ သေတာပဲ ငွေပေးလိုက်ပေါ့၊ ရော့ ... ဘယ်လောက်ပေးလိုက်မလဲ"

ဒေါ်ခင်ထားလွင်၏စကားတွေက နှလုံးသားမဲ့လွန်းသဖြင့် ယွန်းပင် အံ့အားကြီးသင့်လျက်။

အင်းလေ ... သူကတော့ မိဘ၊ ညီအစ်ကိုမောင်နှမကို ဘယ်လိုမှ တွယ်တာသူမှမဟုတ်တာ။ ဒေါ်သီ့ခမျာ မျက်နှာအပျက်ပျက်နှင့်။

"မဖြစ်လို့ပါ မမလေးရယ်၊ ကျွန်မတို့မှာ ဒီညီအစ်မ (၂) ယောက်ပဲကျန်တာပါ၊ သူ့ကလေးတွေရဲ့ ရှေ့ရေးလည်း ကျွန်မ စီစဉ်ပေးရဦးမယ်"

"ဒါထက် အစ်ကိုလာခေါ်တာဆို၊ သူ ဘယ်မှာလဲ၊ သူကရော ဘာမှ လုပ်မပေးဘူးလား"

ဒေါ်သီ့ခမျာ မျက်ရည်တွေကျလာရင်း –





"အစ်ကိုက ဝမ်းကွဲပါ၊ ညီအစ်မအရင်းက (၂) ယောက်တည်းရယ်၊ ကျွန်မ အလုပ်လုပ်နေတာ ညီမမိသားစု အဆင်ပြေစေချင်လို့ပါ၊ မမလေးဆီမှာအပ်ထားတဲ့ (၅) လစာလေးယူသွားပြီး သူတို့လိုအပ်တာလေးတွေ လုပ်ပေးပြီးရင် ကျွန်မ အမြန်ဆုံးပြန်လာခဲ့ပါ့မယ်၊ အစ်ကို လမ်းထိပ်မှာ စောင့်နေပါတယ်"

ဒေါ်ခင်ထားလွင် မလွှတ်ချင်တာ ဒေါ်သီက အားကိုးရလို့ပါ။ သို့သော် ဒါက နာရေးမဟုတ်ပါလား။ ယွန်းကို စစ်ကူတောင်းသလို ကြည့်နေကြတာက ဒေါ်သီရော ဒေါ်ခင်ထားလွင်ရောပါ။ ယွန်း ဘဝတူချင်းကိုပဲ စာနာပေးလိုက်သည်။

"ဒါက နာရေးပါမမရယ်၊ ယွန်း အားလုံးလုပ်ပေးပါ့မယ်၊ ဒေါ်သီကလည်း ကိစ္စပြီးတာနဲ့ မြန်မြန်ပြန်လာခဲ့ပါနော်"

"ပြန်လာခဲ့ပါမယ် ယွန်းရယ်၊ ငါ အမြန်ဆုံးပြန်လာခဲ့ပါ့မယ်"

ဒေါ်ခင်ထားလွင် ယွန်းစံမှီကို မျက်စောင်းထိုးပြီး ဒေါ်သီ့အတွက် ငွေထုတ်ပေးလိုက်ရ၏။

"ဒါက ဒေါ်သီ့ရဲ့ (၅) လစာ၊ ဒါက ကျွန်မ ကူညီလိုက်တာ၊ ကိစ္စပြီးတာနဲ့ အမြန်ဆုံး ပြန်လာနော်၊ မိယွန်းတစ်ယောက်တည်းနဲ့ အလုပ်က လိပ်ပတ်လည်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ မမလေးရယ်၊ စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီ ပြင်ဆင်ထားသည့်အထုပ်အပိုးလေးများနှင့် ထွက်ခွာသွားလျှင် ဒေါ်ခင်ထားလွင် ယွန်းစံမှီကို တရားခံ တစ်ယောက်လို ကြည့်လိုက်ပြီး –

“ငါက သူများ ဆွဲထားမလားလို့၊ ခုတော့ သွားပြီ၊ အလုပ်တွေ နင်တစ်ယောက်တည်းနိုင်မလား”

“ယွန်းဆွဲလည်း ဒေါ်သီသွားမှာပါ မမရယ်၊ ယွန်း အတတ်နိုင်ဆုံး အလုပ်တွေလုပ်ပေးပါ့မယ်”

“ပြီးရော၊ ကဲ . . . သွားချက်ပေတော့၊ အဲ . . . နေရဲ မာန်ရဲ့ကိစ္စတွေပါ နင့်ခေါင်းပေါ်ရောက်လာပြီနော်၊ သူက ငါ့ ဆိုရင် ချေးထုပ်မှတ်နေတာ”

“ဆရာ့ကို ဘာတွေလုပ်ပေးရမလဲ မမ၊ သူက မိုးလင်း မိုးချုပ် အပြင်ထွက်နေတဲ့ဟာ”

“အေးလေ . . . ဒါပေမဲ့ ပြန်လာရင် တံခါးစောင့်ဖွင့်ပေး ရတယ်၊ နောက် သူ့အခန်းရှင်းတာ၊ သူ့အဝတ်အစားတွေ လျှော် ဖွပ်၊ မီးပူတိုက်၊ သူ တစ်ခုခုစားမယ်ဆိုလည်း လုပ်ပေးရတယ်၊ ခါတိုင်းက ဒေါ်သီ လုပ်ပေးတာ၊ ခု နင် လုပ်ရတော့မှာပေါ့”

“ဟုတ် . . . ဟုတ်ကဲ့ပါ၊ ယွန်း လုပ်ပေးပါ့မယ်”

ယွန်းစံမှီ ခေါင်းညိတ်ရုံမှတစ်ပါး။

✹ ✹ ✹



## အခန်း (၇)

ဒေါ်ခင်ထားလွင်ကတော့ ထုံးစံအတိုင်း အပြင်ပြန်ထွက် သွားပေပြီ။ အိမ်မှာ ယွန်းတစ်ယောက်တည်း။ ခါတိုင်း ဒေါ်သီနှင့် နှစ်ယောက်။ ကလေးကလည်း အရွယ်နဲ့မလိုက်၊ ကျူရှင်တွေ၊ ဂိုက်တွေ ပြေးရသည်။

ယွန်းစံမှီတစ်ယောက်တည်း ချက်ပြုတ်ပြီးလျှင် အိမ် သန့်ရှင်းရေးလုပ်ဖို့၊ အဝတ်တွေလျှော်ဖို့၊ မီးပူတိုက်ဖို့ အလုပ်တွေ တန်းစီလျက်။

လူကတော့ ကျင့်သားရနေပါပြီ။ သူမဟာ အလုပ်လုပ် သည့် ရိုဘော့စက်ရုပ်ပေါ့။

“တီ တီ”



www.burmeseclassic.com

www.burmeseclassic.com



သည့်စဉ် တိုက်ရှေ့မှ ကားဟွန်းသံကြားလိုက်ရသဖြင့် ယွန်း မျက်လုံးပြူးသွားရသည်။

ဆရာ။ သူ့ကို တစ်ခါမှ နဖူးတွေ့ ဒူးတွေ့ ရင်မဆိုင်ဖူးသဖြင့် ယွန်း ကြောက်လန့်နေမိသည်။ သူမ ချောင်းကြည့်လိုက်တိုင်း မျက်နှာရှုပုပ်နေသည့် ဆရာ။ ကိုယ်ကလည်း သူမုန်းသည့် မိထွေး ဒေါ်ခင်ထားလွင်၏ ဘက်တော်သား မဟုတ်ပါလား။

ကုလားမနိုင် ရခိုင်မဲနေလျှင် ဒုက္ခ။

မည်သို့ပင်ဖြစ်စေ အိမ်မှာ ကိုယ်ပဲ လူရှိတော့တာမို့ သူမ ပြေးထွက်သွားရသည်။ ဆရာ့မှာ ခြံသော့အပိုရှိတာမို့ ဖွင့်ဝင်လာတာ ဖြစ်မည်။

ယွန်း တံခါးဖွင့်ပေးလိုက်တော့ ဒေါက်တာနေရဲမာန် မျက်မှောင်ကျုံ့ပြီးကြည့်၏။

"ဒေါ်သီရော"

"ဒေါ်သီ သူ့ညီမဆုံးလို့ ရွာပြန်သွားပါတယ်"

"ဘာ"

သူ့ အော်လိုက်ပုံကြောင့် ယွန်း တုန်သွား၏။ ဒေါက်တာ့ ပုံစံက ဒေါသအပြည့်။

"နင်ကရော ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်မလည်း အလုပ်သမားပါ"





"ဘယ်တုန်းက ရောက်နေတာလဲ"

"တစ်လကျော်ပါပြီ"

"ငါ့အိမ်မှာလူရောက်တာတောင် ငါမသိရပါလား၊ နင်တို့ ဘာတွေကြံစည်ကြမလို့လဲ"

"ရှင်"

နေရဲမာန် ယွန်းကို မျက်မှောင်ကုတ်ကြည့်ရင်း ဒေါသတွေ ထွက်နေ၏။ သူပြောလည်း ပြောချင်စရာ၊ ကောင်မလေးပုံစံက သာမန်ရုပ်ထက် ထူးထူးကဲကဲ။

နေရဲမာန် ဧည့်ခန်းမှာ ထိုင်ချလိုက်ပြီး သူမကို တရားခံတစ်ယောက်လို ဆက်လက်စစ်ဆေး၏။

သူ ခေါင်းနည်းနည်းနောက်လို့ အိမ်ကို ခေတ္တပြန်လာတာပါ။ အိမ်ထမင်း အိမ်ဟင်းမစားရတာကြာပြီ။ ဒေါ်သီ့လက်ရာကို သူကြိုက်သည်။

"နင်က ဒေါ်ခင်ထားလွင်နဲ့ ဘာတော်သလဲ၊ သူ့ရွာကလား"

"ဟုတ် ... ဟုတ်ပါတယ်"

"ဘာ ... သူပြောနေတဲ့ သူ့ညီမဆိုတာပေါ့"

နေရဲမာန် ပြူးပြူးပြဲပြဲနှင့် အော်လိုက်ပြန်လျှင် ယွန်း နေစရာမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်, မဟုတ်ပါဘူးရှင်၊ ညီမ မဟုတ်ပါဘူး၊ သူ့ရွာကပါ၊ သူနိုင်းဖို့ ခေါ်လာတာပါ"

"ယုံအောင်လည်း ပြော။ နှင့်ရုပ်က အလုပ်သမားပုံမထွက်ဘူး"

ယွန်း ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိသည်။ သူမ ဝတ်ထားတာ အကောင်းစားတွေ မဟုတ်ပေမယ့် အဆင်ပြေနေတာတော့ အမှန်။

အဝါရောင်ဝတ်စုံလေးနှင့် ဆံပင်ရှည်လေးတွန့်နွဲ့နွဲ့။ ကောင်မလေးဟာ ဖွံ့ဖွံ့ထွားထွား။ မယ်စကြာဝဠာပြိုင်ပွဲဝင်မည့် သူလို အရပ်မောင်းရော ကိုယ်လုံးကိုယ်ပေါက်ပါ ဆိုစရာမရှိသည့်ကြားထဲ မျက်နှာလေးကလည်း ခပ်လှလှ။

ဒီကောင်မလေးကိုကြည့်ရင်း နေရဲမာန် ဒေါသတွေ အလိပ်လိုက် ထွက်နေရတာ ဒေါ်ခင်ထားလွင်၏စကားတွေကြောင့်ပါ။

"ကိုနေ ... မမရဲ့ညီမ ခေါ်လာတယ်နော်၊ ကြိုပြီးခွင့်ပန်ထားတာ၊ ဟင်း ဟင်း ... ကိုနေ့မိတ်ဆွေတွေခေါ်လာရင်လည်း နိုင်းလို့ရတာပေါ့၊ အဲ ... သူတို့တွေ တစ်မျိုးမထင်အောင်လည်း ကြိုပြောထားဦး။ ကောင်မလေးက ခပ်လှလှရယ်"

"ကြိုက်ချင်လည်း ရတယ်နော်၊ ကိုနေနဲ့မမ အမျိုးထပ်





...ရတာပေါ့ ... ဟင်း ဟင်း ဟင်း"

ဒီမိန်းမရဲ့အပြောတွေကြောင့် သူ ကောင်မလေးကို ...သတွေထွက်နေရတာ။ ဘာသဘောလဲ။ ဒီမိန်းမဟာ မာန်ရဲ ...လို၊ ဒေဝဒတ်လို သူ့ကို မြှူဆွယ်ဖြားယောင်းနိုင်းမလို့လား။

"တောက်"

"ရှင်"

ယွန်းမှာ ကိုယ့်ကိုကြည့်ပြီး လူသတ်တော့မည့်ရုပ် ဖြစ်...သည့် ဒေါက်တာကြီးကို ကြည့်ပင်မကြည့်ရဲတော့၊ သည်...တော့ သူမ မီးဖိုဖက်သို့ လှစ်ခနဲပြန်ပြေးခဲ့တာ။

သည်တော့လည်း ခြေလှမ်းကျဲကြီးနှင့် ထမင်းစားခန်းထဲ ...လာ၏။ ယွန်း နေစရာပင်မရှိတော့။

"ဟေ့ ဒီမှာ ... ငါ့ကို ကြောက်ချင်ယောင်ဆောင်ပြ...ပါနဲ့၊ ငါကသာ နင်တို့ညီအစ်မကို မွေးလို့ရှိတာ၊ ကဲ ... ငါ့ကို ...င်းပွဲပြင်ပေး"

"ဟုတ် ... ဟုတ်ကဲ့ပါ"

ယွန်း အမြန်ဆုံး ထမင်းပွဲပြင်ပေးနေရတာ အယောင်...င်အမှားမှား။ ဒေါက်တာကြီးက စားပွဲမှာ မျက်မှောင်ကြီး...း ထိုင်ကြည့်နေပုံက အပြစ်ရှာနေသည့် ခြသေ့်ကြီးငယ်သို့။ ...တော့ နှာစေးနေသည့် ယုန်သူငယ်။



www.burmeseclassic.com

www.burmeseclassic.com



နေရဲမာန် ကောင်မလေးကိုကြည့်နေတာ သံသယ မျက်လုံးများနှင့်။ ဒီမိန်းမဟာ ဘာသဘောနဲ့ ကောင်မလေ ချောချောငယ်ငယ်လေးကို အိမ်ထဲသွင်းထားတာလဲ။ အဖြေက အရှင်းကြီး။

သူသိကွာ၊ သူကိုယ်ကျင့်တရားတွေကို ဖျက်ဆီးဖို့ပေ ဟင်း ဟင်း . . . ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြသေးတာပေ

သူ ထိုးကျွေးထားတဲ့သားကောင် ဘယ်လောက်စွမ်းမလ ကြည့်ရသေးတာပေါ့။

မှော်ကဝေမရှေ့ နင့်ရဲ့ မှော်ကဝေရုပ်ကို ငါက သိပြ သား။ မင်းသမီးခေါင်းဆောင်းပြမနေနဲ့။ နင် ဘီလူးမဆိုတာ ငါသိပြီးသား။

နေရဲမာန် ဒေါ်ခင်ထားလွင်ကို မုန်းသဖြင့် သူလူဆိုတ ကိုပါ အကောင်းမမြင်နိုင်တော့။ ကိုယ့်ရှေ့မှာ တုန်လှုပ်ခြော ခြားနေသည့် မိန်းမငယ်လေးကိုပင် အကောင်းမမြင်။

အလကား မှယာမာယာတွေ။ နလပိန်းတုန်း အိုက်တ တွေနဲ့။

ထမင်းပွဲပြင်ပေးပြီး ကောင်မလေး လုစ်ခနဲ သူ့အနာ ပျောက်သွားပေပြီ၊ ကြွက်တစ်ကောင် မြေတွင်းထဲ ဝင်ပြေးသ ပါပဲ။





ကောင်းတယ်။ ငါ အေးအေးထမင်းစားရတာပေါ့။ သူ့ ဝမှာ အိမ်မကပ်ချင်တာနှင့် အလုပ်များတာရောတွေးပြီး အိမ် ပြန်ချင်တာ ကြာပါပြီ။

အိမ်မှာ မိထွေးရဲ့မဖွယ်မရာ အပြောတွေ၊ မဖွယ်မရာပုံ တွေကို သူ စိတ်ကုန်လွန်းလို့ပါ။ သူ ဖေဖေနှင့်ညီလေးရဲ့မျက်နှာ တွေကြောင့်သာ သည်းခံနေရတာ။

ခု ဒီမိန်းမ ဗျူဟာတစ်မျိုးဆင်လာပြန်ပြီ။ ဒေါ်သီပြန် သွားတာတောင် ရိုးသားရဲ့လား။ ဒီလို ဒီလိုတွေ ဖန်တီးချင်လို့ သား။

ထမင်းကတော့ စားလို့ကောင်းတာအမှန်။ ဟင်းက လည်း သူ့အကြိုက် ဟင်းတွေ။ ပုစွန်ထုပ် ဂျုံပွတ်ပြီးကြော်ထား တာနှင့် မြင်းခွာရွက်သုပ်။ ဒန့်သလွန်ရွက်ဟင်းခါး။ ဆီပြန်ဟင်း တွေပင် သူ မနှိုက်ဖြစ်တော့။

ဒေါ်သီ့လက်ရာထက်ပင် ကောင်းနေ၏။ အင်း . . . ငါလည်း သူ့ကို အာရုံ (၅) ပါးနှင့် ဖြားယောင်းတာပေါ့။

သူ့အတွက် အချိုပွဲအဖြစ် သစ်သီးတွေ။ ပန်းသစ်တော် သီးစိတ်လေးတွေနှင့် လိမ္မော်သီးမွှာတွေ။ ခံတွင်းရှင်းပြီးသွားပေ မယ့် ခေါင်းကတော့နောက်မြဲ။

အိပ်ရေးပျက်တာများလို့ ဖြစ်မည်။ ခွဲခန်း နှစ်ည



www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက် ဝင်ခဲ့ရတာ။

ထမင်းစား၊ အချိုပွဲစားပြီး သူ ညှော်ခန်းထဲမှာပင် ခေ
အိပ်ပျော်သွားခဲ့သည်။

သူ အရမ်းအိပ်ချင်နေတုန်း ကောင်မလေး သူ့ရင်ခွင်ထဲ
သို့ ကြောင်တစ်ကောင်လို အတင်းတိုးဝင်လာခဲ့ရာ –

"သွား ... စေတန်မ၊ နတ်ဆိုးမ ... သွား"

အဲလိုအော်ပစ်ဖို့တောင် သူ့မှာ အင်အားမရှိ။ သူ အရ
ကြီးလို ငြိမ်ခံနေရတာ အဆိုးဆုံး။ သူ့ခြေလက်တွေ လှုပ်မ

ကောင်မလေးက မြွေတစ်ကောင်လိုလည်း သူ့ကို ရ
ပတ်တွယ်တက်နေသေးရဲ့။ နောက် ခွေးတစ်ကောင်လို သူ
မျက်နှာကို လျှာနဲ့လျက်နေလေလျှင် သူ သည်းမခံနိုင်တော့
ကြာရင် ဝါးများ စားမလားမသိ။

"သွား ... နင် ထွက်သွား အား"

ကောင်မလေး သူ့ကို လှောင်ပြောင်ပြနေတာ မ
လေးစားနိုင်လှချည့်။ ကြည့်စမ်း ... ဝတ်စားထားပုံကလည်
ယိုသူမရှက် မြင်သူရှက်။ ဂါဝန်ပါးပါးလေးနှင့် မီးမွှေးတိုင်း ဖွေ
တိုင်း နီးပါ။

ကြည့်နေရင်း ကြည့်နေရင်းပင် ကောင်မလေးရုပ်
ဒေါ်ခင်ထားလွင် ဖြစ်သွားလျှင် သူ ရွံရှာစက်ဆုပ်လိုက်တာ





အတိုင်းအဆမရှိ။ သူ့ရှေ့မှ ထွက်ပြေးရတာ အသက်ခံရတော့မည့်
အတိုင်း။

"အား ... ရှေ့မှာ ချောက် ချောက်"

သူပြေးနေတာ အရှိန်တုံ့မရတော့။ အရှိန်လွန်ပြီး ချောက်
ထဲကျသွားတော့ သူ လေထဲမှာ ဝဲပျံနေရတာ အသူရကာယ်
ချောက်ကြီးကလည်း အတိုင်းအဆမဲ့။

"အား ... အား"

သူ နာကျင်ကြောက်ရွံ့စွာ အော်နေမိစဉ် –

"ဆရာ ဆရာ ဆရာ"

သူ့ကိုနှိုးနေသည့်အသံကြောင့် သူ လန့်ပြီး ချောက်ထဲ
ကျသည့်အရှိန်ရပ်တန့်အောင် ဆွဲဖက်ထားလိုက်ရာ –

"အာ ... ဆရာ ဆရာ"

သူ ကောင်းကောင်းနိုးသွားလျှင် ကောင်မလေးက သူ့
လက်ထဲ ရင်ခွင်ထဲမှာ တွန်းကာထားလျက်။

"ဟင် ... နင် နင်"

သူ မြွေတစ်ကောင်ကို ခါချသလို တွန်းဖယ်ပစ်လိုက်ပုံက
ရွံရှာစွာ။ ယွန်း ကြမ်းပြင်သို့ လွင့်ထွက်သွားရာမှ ကျုံးထပြီး
သူ့မျက်စိရှေ့မှ ပြေးထွက်လာခဲ့မိသည်။

သူ လန့်ပြီး နာကျင်စွာ၊ ကြောက်လန့်စွာအော်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ဘိပ်မက်ဆိုးတွေ မက်နေပြီဆိုတာ ယွန်း စေတနာပိုမိစွာ နိုးမိ
တာပါ။ ခုတော့ မြွေကို ရှုံသလို သူမကို ရှုံရှာစွာ တွန်းဖယ်ပစ်ခဲ့ေ

ဆွဲဖက်ထားတာထက်စာရင် တွန်းဖယ်ပစ်တာကိုပဲ
ယွန်း အလိုရှိပါသည်။ နောက်ဆို ဆင်ခြင်ရမည်။ သူ့ဘာသာ
အိပ်ပျော်ရင်း ဘီလူးစီးခံရသလို ဖြစ်နေလို့ ယွန်း သွားနိုးမိတာ

တော်ပါပြီ၊ နောက် မနိုးတော့ဘူး။ သူက မမကိုမှန်း
သည့်အရှိန်နှင့် ယွန်းကိုပါ အခြောက်တိုက် မုန်းနေသူ။

အခန်းလွတ်တစ်ခုထဲမှာ ယွန်း အဝတ်တွေ မီးပူတိုက်နေ
တုန်း သူအော်ပြောဏ်။

"ဟေ့ . . . တံခါးလာပိတ်ဦး၊ ညနေကျရင် ငါ့အတွက်
အဝတ် (၂) စုံထည့်ထားလိုက်၊ နယ်ထွက်ဆေးကုရမယ်"

သူ့ကားပြန်ထွက်သံကြားမှ ယွန်း အပြင်ထွက် တံခါး
ပိတ်လိုက်သည်။ သူ့အတွက် အိတ်ပြင်ပေးရမည်။ ဒေါ်သီနှင့်အတူ
ကူထည့်ပေးဖူးသည်မို့ ယွန်း လုပ်ပေးတတ်ပါသည်။

သူ့အတွက် အိတ်ပြင်ပေးရင်း ယွန်းမျက်ရည်တွေ စီးကျ
နေမိတာ ကိုယ့်အဖြစ်ကို ဝမ်းနည်းလို့ပါ။ သူမအဖြစ်က ဆိုးကြ
ဘူးလို မလှုပ်သာ။

✿ ✿ ✿



# အခန်း (၈)

"တီ တီ"

"ဟော"

ဒေါက်ဝသာ ခရီးထွက်သွားတာ (၃) ရက်ရှိပြီမို့ သူပြန်လာ
ပြီလို့ သိလိုက်ခြင်းနှင့်အတူ ယွန်း ရင်ထဲမှာတုန်လှုပ်မိသည်။
ဒီနေ့လည်း အိမ်မှာ လူမရှိ။ အင်းလေ မမက အိမ်မှမကပ်ကာ။
ညှိသည်တွေပါလာတတ်သည်မို့ ယွန်း မီးဖိုထဲမှ ချောင်းကြည့်
လိုက်တော့ တကယ့်ကို ညှိသည်တွေ တစ်အုံတစ်မ။

၄-၅ ယောက်မက။ ကိုယ့်ကို လူရှေ့ သူရှေ့ အော်ထုတ်
နေလျှင် ဒုက္ခ။ ကျားပါးစပ်ထဲသာ ခေါင်းထိုးဝင်မိချင်ပါရဲ့။

"တီ တီ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဟွန်းနှိပ်လျှင်တော့ ယွန်း အပြင်သို့ ပြေးထွက်ခဲ့ရပါပြီ။ ရိုက်ခါမှရိုက်၊ သတ်ခါမှသတ်ရော။ ယွန်းက သူတို့အိမ်က အနိုင်အစေ။

တံခါးဖွင့်သည့်လက်တွေက တုန်နေလျှင် အားလုံးရဲ့ အကြည့်တွေက သူမထံမှာ။ သူ့မိတ်ဆွေတွေက ဒီတစ်ခါ အမျိုးသားတွေ။

''ဟား ... ကိုယ့်လူက အိမ်မှာရွက်ပုန်းသီးနဲ့ပါလား''

''အလုပ်သမားပါဗျာ၊ ဟေ့ ... ငါတို့အတွက် အအေးနဲ့ မုန့်ယူခဲ့''

''ဟာ ... ဒီလိုအလုပ်သမားမျိုး ရထားတယ်ဟုတ်လား၊ ဒါ ... ခင်ဗျား ဆင်ပြင်ထားတာလား။ ဟေ့လူ ... ယုံအောင်လည်း ပြော''

''ဟုတ်ပါတယ်ဆိုမှဗျာ၊ အိမ်က မိထွေးတော်ရဲ့ညီမ်နိုင်းဖို့ခေါ်ထားတာ၊ တော်ကြတော့ဗျာ ... ဟိုကကြားလို့ ဘဝင်မြင့်နေမယ်''

သူတားဆီးလိုက်သဖြင့် ဆရာဝန်အဖွဲ့ ငြိမ်သွားပေမယ့် ရုပ်တွေက ပြုံးစိစိ။ မျက်လုံးတွေက ကောင်မလေးထွက်လာမည့် မီးဖိုခန်းဆီ။

သူ့မိတ်ဆွေတွေထဲမှာ လူပျိုတစ်ယောက်ပဲပါသည်။





တျန်တာ အိမ်ထောင်သည်တွေ။ သို့သော် အိမ်ထောင်သည်တွေပိုပို မျက်စိက စူးလှချည့်။ ကောင်မလေးကို မျက်မှန်ထဲမှ မျက်လုံးတွေနှင့် အကဲခတ်လို့။ ကေန္တ ဘာများထင်နေသည်မသိ။

တောက်၊ သူ့မှာ အလကားနေရင်း သိက္ခာတွေကျနေရပြီ။ မချောကလည်း ဒီနေ့မှ ပန်းနုရောင်ဝတ်စုံလေးနှင့်။ အလကား မာယာတွေနဲ့ မှုံးနေတာ။ မြန်မာဝတ်စုံမို့ ကိုယ်လုံးအလှက တိတိပပ။

အဆီပိုမရှိသည့်ကိုယ်လုံးဟာ ပြည့်ဖြိုးဝင်းစက်လှပေရဲ့။ သနပ်ခါးပျက်နေသည့် မျက်နှာကအစ ဝင်းဝင်းပပ။

မျက်လုံးကပဲ ထူးထူးခြားခြားလှနေသလား၊ မျက်တောင်ခက်ခက် နက်နက်က ပေါ်လွင်တာလား၊ မျက်နှာကျလှလှနှင့် နှတ်ခန်းကလည်း ဆွဲဆောင်မှုအပြည့်။

ဒါကြောင့်လည်း ဒေါ်ခင်ထားလွင်က သူ့ကို ဖြားယောင်းဖို့ ခေါ်ထားတာဖြစ်မည်။

သူ့ကို မလှုပ်နိုင်အောင် အပိုင်ကိုင်ထားဖို့ စိမံကိန်း။ ထောင်ချောက်ကြီး။

သူ့မိတ်ဆွေတွေက တစ်ယောက်တစ်ပေါက်နှင့် ကောင်မလေးရဲ့အလှကို ခံစားနေပေမယ့် သူကတော့ မဲ့ရွဲ့လျက်။

''ခုထိ ထွက်မလာသေးဘူး၊ အလှပြင်နေတာဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



တောက်''

သူ ဒေါ်ပွနေမှ ယွန်း ယောကျ်ားထုကြီး၏ရှေ့မှောက်သို့ လေယာဥ်မယ်တစ်ယောက်လို အစားအသောက်တွေ ဗန်းနှင့် သယ်လာရသည်။

ရင်ထဲမှကြောက်စိတ်ကို ခဲတင်းချင်ယောင်ဆောင်ပြီး မျက်နှာလေးမော့ထားခဲ့ရပေမယ့် ယွန်း တုန်လှုပ်နေရပါသည်။ သူမဟာ တကယ်ဆိုတော့ (၁၈) နှစ်သမီး တောသူအရိုင်းမလေးပါ။

ဒေါ်ခင်ထားလွင် တစ်လလောက် ပုံသွင်း၍ လူကြားထဲခေါ်သွားပေးပေမယ့် သစ်သီးနုလေးဟာ ဟုန်းခနဲ ကြီးရင့်မလာခဲ့ပါ။

ယွန်းထွက်လာတော့ ညနေခန်းထဲမှ ပုရိသတွေအားလုံးရဲ့ ပုံစံက ရှိုးလျှောက်နေသည့်မော်ဒယ်လ်ကို အကဲဖြတ်မည့် ဒိုင်တွေပမာ။ တကယ်လည်း အကဲဖြတ်နေကြတာပဲလေ။

ဒီလောက်ချော၊ ဒီလောက်လှသည့်ကောင်မငယ်ငယ်လေးနှင့် နေရဲမာန်ဟာ ဘာလဲ၊ ဘယ်လဲဆိုသည့်အကြည့်တွေ။

သည်တော့ နေရဲမာန်၏ဒေါသတွေက ကုလားမနိုင်ရနိုင်မဲ့။ ယွန်းစံမှီရဲ့အပေါ်မှာသာ။

''တောက် . . . ကြာလိုက်တာ၊ ထားခဲ့။ သွား . . . ငါတို့





အတွက် ထမင်းပွဲပြင်''

''ဟုတ် . . . ဟုတ်ကဲ့ပါရှင့်''

အအေးနှင့်မုန့်တွေကို စားပွဲပေါ် ထိုးတင်ခဲ့ပြီး ယွန်း လှစ်ခနဲ မီးဖိုဘက် ပြန်ဝင်ပြေးတော့ လှပစွာခါရမ်းကျန်ခဲ့သည့် နောက်ဘက်အလှက ပြက်ပြက်ထင်ထင်။

နေရဲမာန်ဟာ ကောင်မလေးကို နိုင်စားလှချည်လား။ ဘာကြောင့်လဲ၊ အလုပ်သမားနှင့်အလုပ်ရှင်ဆိုလည်း ဒီလောက်ကတော့ လွန်ပေပြီ။ ဘာတွေ ဘယ်လောက်တောင် ပိုင်နေတာလဲ။

ပုံစံကြည့်ရတာ တကယ့်ကို ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုး။

အားလုံးရဲ့ ယုန်ဘင်၊ ကြောင်ထင်အကြည့်တွေကို ခံစားရလေ နေရဲမာန် ဒေါသတွေ မျိုချနေရလေ။ နေနှင့်ဦး သင်းကော့။

အလကားမာယာတွေ။

လူအများရှေ့မှာ မခုတ်တတ်တဲ့ကြောင်၊ မဟောင်တတ်တဲ့ခွေးပုံစံနဲ့။

မာယာကဝေမ၊ ဆယ့်နှစ်ကြိုးမ၊ နုလပိန်းတုံး အမူအရာတွေနဲ့ ဖမ်းစားနေတာ။



www.burmeseclassic.com

www.burmeseclassic.com



သည့်စဥ် ကောင်မလေး ညှော်ခန်းဝမှာ ပေါ်လာပြီး–

''ထမင်းသုံးဆောင်လို့ရပါပြီရှင့်''

ပြောပြီး လှစ်ခနဲ ပျောက်သွားပြန်၏။ သူတို့ဝင်လာကြတော့ ထမင်းစားခန်းမှာ သူမကိုမတွေ့ရတော့။

သို့သော် စားပွဲပေါ်မှာ အားလုံးအစုံအလင်။ ထမင်းတွေ၊ ဟင်းတွေ အကုန်ပြင်ထားပေးပြီး အချိုပွဲကအစ အသင့်။ အလုပ်လုပ်တာ မြန်ပြီးသပ်ရပ်ပေမယ့် နေရဲမာန် အကောင်းမမြင်။

''တောက် . . . လိုတာလုပ်ပေးရအောင် အနားမှာ ရှိမပေးဘဲ ဘယ်ရောက်သွားပြန်ပြီလဲ မသိဘူး''

''ကျွန်တော်တို့ကို ရှက်လို့နေမှာပေါ့ဗျာ''

''ရှက်ရအောင် သူက အလုပ်သမားပဲဗျ။ နွဲ့နေလို့ရမလား''

''အလုပ်သမားလည်း လူပဲဗျာ၊ ရှက်တတ်မှာပေါ့၊ သူခမျာ အပျိုအရွယ်လေး၊ ပြီး . . . တစ်ယောက်တည်း''

''သူ့ကို ဘယ်သူက ဘာလုပ်မှာလဲ၊ အားလုံး ဆရာဝန်တွေ၊ လူကြီးလူကောင်းတွေ''

''ကဲပါဗျာ . . . အားလုံးပြည့်စုံပါတယ်၊ စားကြပါစို့''

''ကျွန်တော်က ခင်ဗျားတို့ကို အားနာလို့ပါ၊ ကဲ . . . ဘူပေးစနစ်ပေါ့ဗျာ၊ စားကြပါ''





အားလုံးပင် ထမင်းထည့်၊ ဟင်းထည့်ဖြင့် ပျော်ပျော်ပါးပါး စားသောက်ကြရင်း ဟင်းလက်ရာကို ချီးကျူးကြပြန်သည်။

''ခင်ဗျားက ကိုယ်ပိုင်စားဖိုမှူးရထားတာပဲ၊ ဒါကြောင့်ကိုယ့်လူ အိမ်မြဲနေတာ''

''ဟုတ်တယ် . . . ဟုတ်တယ်၊ ခင်ဗျားကသိုလ်ကတော့ ဒူးကိုထူးတာ၊ ခင်ဗျားမိတ္တေးကို ကျေးဇူးတင်ရမယ်၊ ဒါမျိုးလေး ရှာပေးထားလို့''

တစ်ယောက်တစ်ပေါက် စကားလုံးတွေကို မချိသွားဖြိုအောင်ရင်း နေရဲမာန်၏ဒေါသတွေက ယွန်းစံမှီအပေါ်မှာသာ။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နေရဲမာန် ဆေးခန်းမှပြန်လာတော့ ည (၁၀) နာရီ
သည်နေ့ ခွဲစိပ်စရာလူနာမရှိ။

ဆောင်းရာသီမို့ ချမ်းနေပေမယ့် သူ့အကျင့်က တစ်နေ့
တစ်ခါမှ ရေမချိုးရလို့မဖြစ်၊ မနက်ဆို (၇) နာရီလောက်ထွက်သွား
ရသည်မို့ ရေမချိုးချ၊ သည်တော့ ညဘက်ပဲချိုးရသည်။

ရေပူ ရေအေးစပ်ချိုးတာပဲ ခပ်နွေးနွေးစပ်ပြီး ချိုးယ
လိုက်ရင်း။ သူ ဒီနေ့ ဒေါ်ခင်ထားလွင်နှင့်စကားပြောဖို့ စိတ်ကူ
ရသည်။

ဒီမိန်းမ ဘာတွေလျှောက်လုပ်နေတာလဲ။ သူ့အကြ
အစည်တွေကို ကိုယ်ရိပ်မိကြောင်း ပြရမည်။ ငြိမ်ခံနေလို့မဖြစ်





သူ ရေချိုးပြီး အဝတ်လဲခါ အခန်းထဲမှထွက်ခဲ့တော့ ညခန်းထောင့်မှာ ကောင်မလေးကို မီးပူတိုက်နေတာ မြင်ရသည်။ ဒေါ်ခင်ထားလွင်ကိုမူ မတွေ့ရ။ ကလေးသိပ်နေသလား၊ ဒါမှမဟုတ် သူ့အခန်းထဲမှာပဲ တီဗွီကြည့်နေသလားမသိ။

နေရဲမာန် အလကားနေရင်း ဒေါသတွေထွက်နေမိတာ ဘာကြောင့်မသိ။

"ဟေ့ နင့်ဆရာရော"

"ရှင်"

"နင့်အစ်မလေ အိပ်ပြီလား"

"ဟုတ်ကဲ့၊ မမ ကလေးသိပ်ရင်း အိပ်သွားပြီလား မသိဘူး"

"ဒါဆို ... ငါ ထမင်းစားဖို့ ဘယ်သူပြင်ပေးမလဲ"

"ကျွန်မ ပြင်ပေးပါ့မယ်ရှင့်"

ပြောပြီး ကောင်မလေး မီးပူပလပ်ဖြုတ်ခါ မီးဖိုဘက်သို့ လှစ်ခနဲဝင်သွားလျှင် ရမ်းခါသွားသည့်နောက်ပိုင်းအလှကို သူ ကြည့်ချင်မြင်လျက်သား။ တော့က် မာရ်နတ်မ။

နေရဲမာန် နောက်မှလိုက်ဝင်သွားတော့ ကောင်မလေး ထမင်းပွဲပြင်နေပေပြီ။ သူ စားပွဲမှာဝင်ထိုင်ရင်း စောင့်ကြည့်နေစဉ် ထမင်းပွဲပြင်ပြီး သွား၏။ နောက် သူ့ကို ထမင်းခူးထည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်း ဟင်းများအားလုံး ပူပူနွေးနွေး၊ ဘယ်အချိန်နွေးထားသည် မသိ။ စားလို့တော့အဆင်ပြေပါသည်။ ကောင်မလေးက သူ့အနား မှာ စောင့်မနေပါ။ လှစ်ခနဲဆိုပြီး မီးပူတိုက်သည့်နေရာဆီ ပြန် ပြေးသွားတော့ သူ အော်ငေါက်ပစ်လိုက်သည်။

"ဟေ့ ... နင့်အလုပ်က အရေးကြီးသလား၊ ငါက အရေးကြီးသလား"

သည်တော့လည်း ကောင်မလေး သူ့အနားသို့ တွန့် ဆုတ် တွန့်ဆုတ်နှင့် ပြန်ရောက်လာသည်ပါပဲ။

"ဒေါ်သီကလည်း ဘယ်တော့မှပြန်လာမယ်မသိဘူး။ ငါက ငါထမင်းစားရင် အနားမှာလူရှိမှ"

သူ့ရန်စကားတွေကိုနားထောင်ရင်း ယွန်း သူ့နှင့်မလှမ်း မကမ်းမှာ ရပ်ပေးနေရသည်။ ခေါင်းငုံ့လျက်ပေါ့။ ဒေါက်တာကြီး ကို ယွန်းကြောက်ပါသည်။ တော (၃) တောင်ကို အုပ်စိုးသည့် ကေသရာဇာခြင်္သေ့ကြီးကို ယုန်သူငယ်က ကြောက်သလိုမျိုး။

"ဘာမှအဓိပ္ပာယ်မရှိဘူး။ မွေးကတည်းက ပညာတွေ ကို လောဘတကြီးသင်၊ ပညာတတ်ကြီးဖြစ်လာတော့ လူသား တွေရဲ့အကျိုးကိုကူညီ၊ ငါ့ဘဝကျတော့ အထီးကျန် အရုပ်ဆိုးပြီး ခြောက်သွေ့လိုက်တာမှ ဆာဟာရကန္တာရကတောင် အဘခေါ် ရမယ်"





ယွန်းစံမို ဒေါက်တာ့ကိုမရဲတရဲ ခိုးကြည့်အကဲခတ်မိတာ ဒါ မူးလာသလား၊ ဒါမှမဟုတ် သရဲပူးနေသလားလို့ပါ။ ဒေါက်တာ့ရဲ့ဒေါသတွေဟာ ပခြုပ်ထဲမှာ ပိတ်လှောင်ခံနေရသည့် မြွေဟောက်တစ်ကောင်လို။

ပခြုပ်ဖွင့်လိုက်သည်နှင့် ပေါက်ချလိုက်ဖို့အသင့်။

"ဘာလဲ နင်က ငါ့ကို သောက်လာတယ်ထင်လို့လား။ အတက် ... ဒီနေ့ ငါ့မိတ်ဆွေတစ်ယောက် နိုင်ငံခြားသွားလို့ ညနေညည်းဂုဏ်ပြုလာခဲ့ရတာ၊ ရေချိုးလိုက်လို့ လန်းသွားပါပြီ၊ အဲ ... ငါစားပြီးပြီ သိမ်းလိုက်တော့"

သူ့စကားအတိုင်း ယွန်း ထမင်းပွဲသိမ်းခါ မီးပူတိုက်သည့် နေရာသို့ ပြန်လာရ၏။ ဒေါက်တာလည်း ညှော်ခန်းမှာပင် တီဗွီ ကြည့်နေသည်။ သူ့ပုံစံက ဆိုဖာရှည်ပေါ်မှာ လဲလျောင်းလို့၊ အနားယူနေသည့်ပုံစံ။

ခဏကြာလျှင် သူ ယွန်းကို –

"ဟေ့ မိယွန်း ... နင့်အစ်မကို သွားနှိုးစမ်း၊ ငါ ပြောစရာရှိလို့"

"ရှင် ... ကျွန်မ ကျွန်မ မနိုးရဲပါဘူးရှင်"

"သွားနှိုး ရအောင်နှိုး၊ ငါ သူ့ကို ပြောစရာရှိတယ်"

သူ ဘယ်လိုခိုင်းခိုင်း ယွန်းစံမို ထိုင်ရာမှမထဘဲ ပေကပ်



www.burmeseclassic.com

www.burmeseclassic.com



နေလျှင် နေရဲမာန် ဒေါသတွေ ပေါက်ကွဲရသည်။

"ဟော့ . . . သွားလေ၊ ငါ့ကို အာခံတာလား"

"ဆ ဆရာ့ဘာသာသွားနိုးပါရှင်၊ ကျွန်မ မနိုးရဲလို့ပါ"

"တောက် . . . အေး သွားမယ်၊ နိုးမယ်"

နေရဲမာန် ဒေါသဖြစ်ဖြစ်နှင့် ဒေါ်ခင်ထားလွင်၏အခန်းသို့သွားလျှင် အခန်းတံခါးကို လော့ချထားတာတွေ့လိုက်ရလျှင် ပိုပြီး ဒေါသတွေထွက်ရသည်။

"ဟော့ မိယွန်း . . . ဒေါ်ခင်ထားလွင် ဘယ်သွားတာလဲ သော့ခတ်သွားပါလား"

"ကျွန် ကျွန်မကို ပြောမသွားပါဘူးရှင်"

"တောက် . . . ငါ့ကို ဘာဖြစ်လို့ မပြောသလဲ၊ ဒါဆို ဒီအိမ်မှာ နင်နဲ့ငါ နှစ်ယောက်တည်းပေါ့၊ ဟုတ်လား . . . ဟား ဟား ဟား၊ နင်တို့အကြံ ဒါအကုန်ပဲလား"

"ရှင်"

နှစ်ယောက်တည်းပေမယ့် ယွန်းစံမို မကြောက်ခဲ့ပါ။ ဒေါက်တာဟာ လူကြီးလူကောင်းတစ်ယောက်။ သူတော်ကောင်းတစ်ယောက်ပေပဲ။ တကာယ့်ခွဲစိပ်အထူးကုကြီး၊ သမားတော်ကြီး။

သူမက သူ့ရဲ့တူမအရွယ်၊ ညီမအရွယ်။

သို့သော် မမက သူအပြင်သွားတာ မပြောရဘူးဆိုလို့





ယွန်း ညာမိတာပါ။ အခြား ဘာရည်ရွယ်ချက်မှမရှိပါ။

ဒေါက်တာ့ကို ယခုမှ ယွန်းစံမိုကြောက်ရတော့မလို။ အစက ရိုးရိုးကြောက်တာ။ ယခုမှ တခုံးတွေးပြီး ကြောက်ရတော့မလို။ သူ နည်းနည်းများ မူးနေသလား။

ယွန်း မျက်လုံးပြူးပြီး ကြည့်နေမိတော့ နေရဲမာန် မဲ့ပြုံးနှင့် ဖာတ်လမ်းတွေဆင်နေသည်။

"နင်နဲ့ငါ့ကို နှစ်ယောက်တည်းထားခဲ့ပြီး မဟုတ်တရုတ်တွေဖြစ်အောင်လုပ်၊ နောက် အကျပ်ကိုင်ပြီး ငါ့ပစ္စည်းတွေကို ဆက်ဝါးကြီးအုပ်မှာပေါ့ ဟုတ်လား၊ လျော်ကြေး စားမှာပေါ့၊ ဟုတ်လား"

"မဟုတ် . . . မဟုတ်ပါဘူးရှင်၊ ဆရာ အထင်လွဲနေတာပါ"

ယွန်း ကြောက်ကြောက်နှင့် ထုချေလွှာတင်ပေမယ့် သူ့ဘာ လက်ညှိုးတထောင်ထောင်နှင့် သူ့လိုရာဆွဲပြောနေသည်မှာ–

"ဘာလို့မဟုတ်ရမှာလဲ၊ ငါ့မိတ္တေးအကြောင်း ငါသိတယ်၊ ဘာမှ အဆင့်အတန်းရှိတဲ့မိန်းမ မဟုတ်ဘူး၊ အစက သူ့ကိုယ်တိုင် ဖြားယောင်းတာ၊ ငါ ဘယ်လိုမှ စိတ်မပါဘူးဆိုတာ ဆရာတော့မှ နင့်ကို ခေါ်ချလာခဲ့တာ"

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ရိုးရိုးသားသားအလုပ်မို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့တာပါ''

''မယုံဘူး။ နင်တို့နှစ်ယောက် ငါ့ကိုလုပ်ကြံဖို့ ရောက်လာကြတာ၊ ကဲ ...ဘာပြောင်းချင်သေးလဲ ပြော၊ နင့်အစ်မ မရှိတုန်း ငါ နင့်ကို ရဲလက်အပ်မယ်၊ မပြေးနဲ့''

''ရှင်''

ဒေါက်တာ့စကားကြောင့် ယွန်း အကြောက်လွန်လာ သည့်အခါ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး သူမနေရာမှာပင် ခွေခနဲ သတိလစ်လဲကျသွားခဲ့ရပါသည်။

''ဟာ ...ဟေ့ ဟေ့ ဒုက္ခပဲ၊ တောက် ...သေနေရ ငါ့ကို အမှုပတ်ဦးမယ်၊ မိယွန်း မိယွန်း မူယာမာယာတွေ များမနေနဲ့၊ ထ ...ထစမ်း''

သူဟာ ဆရာဝန်တစ်ယောက်မို့ ကောင်မလေးအနား ရောက်သွားလျှင် ချွေးစေးတွေနှင့် အေးစက်စို့ရွှဲနေသည့် ယွန်း ကိုကြည့်ပြီး သူမ အကြောက်လွန်သွားလို့ဆိုတာ နားလည်လိုက် ၏။

ငါ့ဒေါသတွေ ပြန်မျိုသိပ်ထားဦးမှ။

သူ ကောင်မလေးကို လှုပ်နှိုးပေးမယ့် ပျော့ခွေနေသ ပွေ့ချီပြီး ဆိုဖာရှည်ပေါ်တင်ရသည်။ နောက် သတိရအော ပြုစုလုပ်ကိုင်ပေးရ၏။ ကိုယ့်စေတနာ ကိုယ်အကျိုးပေးနေတ





အတန်ကြာမှ သူမ သတိရလာပြီး သူ့ကိုမြင်လျှင် ဆတ်ခနဲ ကြုံးထခဲ့သည်။ နောက် လက်အုပ်ချီရင်း မျက်ရည်တွေ ဖိုးပိုးပေါက်ပေါက် ကျလာ၏။

''ဆ ဆရာရယ် ...ကျွန်မကို ရဲမတိုင်ပါနဲ့နော်၊ ကျွန်မ ရွာမှာ ပတွေးနဲ့ သူ့သမီးတွေကို ကျွန်လိုလုပ်ကိုင်ပေးနေရလို့ ဒီကိုလိုက်လာခဲ့တာပါ၊ ဘာရည်ရွယ်ချက်မှ မရှိပါဘူးရှင်''

''နင်မရှိပေမယ့် နင့်အစ်မှာ အကြံအစည်ရှိရမယ်၊ နေစမ်းပါဦး နင့်ရုပ်နဲ့ ရွာမှာကြိုက်မယ့်သူမရှိဘူးလား။ အားကိုးရမယ့်တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက် ပြီးရော''

''ကျွန်မတို့ရွာမှာ အမူးသမား၊ ထန်းရည်သမားကြီးပဲ၊ ကျွန်မ ဘယ်သူ့ကိုမှ မယူချင်ဘူး။ အိမ်ထောင်ပြုတယ်ဆိုတာ ဘဝရဲ့ထွက်ပေါက်မှ မဟုတ်တာ''

''အောင်မာ ...နင့်လိုအတန်းအစားက ဘာတွေများ ဖြစ်လာဦးမှာမို့လဲ''

ယွန်း ဘာမှပြန်ပြီးမပြောတော့ဘဲ ဒေါက်တာနေရဲမာန်၏ မျက်စိရှေ့မှောက်မှ ရိုကျိုးစွာထွက်လာခဲ့ပါသည်။

ကိုယ့်အခန်းထဲဝင်၊ တံခါးချက်ချပိတ်ရင်း မျက်ရည်တွေနှင့် အိပ်ရာဝင်ခဲ့ရသည့် ညတစ်ညပါ။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မနက် (၆) နာရီလောက်မှ ဒေါ်ခင်ထားလွင်တို့သားအမိ ကားနှင့်ပြန်ရောက်လာကြပြီး မီးဖိုထဲမှာ အလုပ်လုပ်နေပြီ ဖြစ်သည့် ယွန်းထံ ချွတ်နင်းဝင်ရောက်လာ၏။

"မိယွန်း ... ညက ငါအပြင်မှာအိပ်တာ ကိုနေ သိသွားလား"

"သိသွားတယ်"

"ဟာ ... ဘာဖြစ်လို့ ပြောလိုက်တာလဲ၊ ငါ့မိတ်ဆွေရဲ့ သမီး မင်္ဂလာဆောင်မှာမို့ လိုအပ်တာစီစဉ်ပေးဖို့ အိပ်ရတာ ငါ့ကို တစ်မျိုးထင်တော့မှာပဲ၊ နင်ဟာလေ ဘာမှ အသုံးမကျ ဘူး"





"ဆရာက အတင်းနှိုးခိုင်းတော့ မမမှ အခန်းထဲမရှိ တာ၊ သူ့ဘာသာသွားကြည့်ပြီး တံခါးပိတ်ထားတာကိုသိသွား တာ၊ မမလည်း သူ့ကိုကြောက်တာ မဟုတ်ဘဲနဲ့၊ ဘာဖြစ်လို့ ကျွန်မကို တရားခံရှာနေကြတာလဲ"

"ကြောက်တော့ မကြောက်ပါဘူး။ ဒါပေမဲ့ ငါက သူ့ မိထွေးမဟုတ်လား။ သူတစ်မျိုးထင်မှာလည်း စိုးရသေးတာပေါ့"

"အဲဒါဆိုလည်း မမရယ် ... ဆရာလေးစားလောက် အောင်နေပြပေါ့"

"တော် တော် ... နင် ငါ့ကို ဘာမှ ဝေဖန်နေစရာမလို ဘူး။ ဒီပစ္စည်းတွေဟာ သူချည်းပိုင်တာ မဟုတ်ဘူး။ တို့သားအမိ တွေလည်း ပိုင်တယ်"

ဒေါ်ခင်ထားလွင် ယွန်းစံမှိုကို ဆူပူငေါက်ငမ်းနေတုန်း ထမင်းစားခန်းသို့ ဝင်လာတာ နေရဲမာန်။

"သိတယ်လေ ... ကျုပ်ချည်းပိုင်တာမဟုတ်မှန်း သိ တယ်၊ ဒါပေမဲ့ ဖေဖေ့အစီအစဉ်အရ ကျုပ်က အဓမ္မထိန်းပေး နေရတာ"

"မလိုပါဘူး ... ငါ ကလေးမဟုတ်ဘူး"

"ကလေးမဟုတ်လို့ပေါ့၊ ခင်ဗျားလိုမိန်းမစားမျိုးက အခု အမွေခွဲပေးကြည့်ပါလား။ အခု နောက်လင်ယူပြီး ရှိသမျှပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်သွားမယ့်မိန်းမ''

''စောစောစီးစီး ရန်မဖြစ်ချင်ဘူး ကိုနေ၊ ရန်ဖြစ်တယ်ဆိုတာ လင်မယားတွေရဲ့အလုပ်''

''ခင်ဗျားကို ဒါဖြင့် ကျုပ်က ဘယ်တော့မှ အကောင်းအဆိုး မဝေဖန်ရတော့ဘူးလား၊ ခင်ဗျား မဟုတ်တာလုပ်နေလည်း ကြည့်နေရတော့မှာလား''

''ငါ ဘာတွေလုပ်နေလို့လဲ''

''အခုပဲကြည့်လေ၊ ပေါက်လွှတ်ပဲစား အတတ်တွေ ခင်ဗျား တတ်နေပြီ၊ ညက ဘယ်အိမ်မှာ စုရပ်လုပ်ပြီး ဖဲရိုက်နေတယ်ဆိုတာ ကျုပ်ပြောရဦးမှာလား၊ ခင်ဗျားဘာသာ ဘယ်လိုပဲနေနေ ကလေးကို ထားခဲ့ပါ၊ ကလေးကို မဖျက်ဆီးပါနဲ့''

ယွန်းစံမှို သူတို့နှစ်ယောက်စကားများနေတာကို ငေး ကြည့်ပြီး ကြောက်နေစဉ် နေရဲမာန် သူမကို ပိတ်ဟောက်လိုက်သည်။

''ဟိုကောင်မလေး ...ငါ့အတွက် အမြန်ဆုံးယူခဲ့''

''ဟုတ် ...ဟုတ်ကဲ့ပါရှင့်''

ယွန်း သူ့အတွက် အမြန်ဆုံးပြင်ဆင်ပြီး သူ့ရှေ့သို့ ချပေးလိုက်ရသည်။ ရန်ပွဲကတော့ ဆက်တုန်း။ ဒေါ်ခင်ထားလွင် တစ်ယောက် ဒေါသတွေထွက်နေပေမယ့် ပြန်ပြောစရာစကားမရှိ





လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

သွားလေသူ ခင်ပွန်းသည်ဦးနေအောင်ကိုလည်း စိတ်ထဲမှ မေတ္တာပို့၏။ အမွေကို တိုက်ရိုက်ခွဲမပေးခဲ့ဘဲ မြင်သာမြင်၊ ကြောင်ရ ပုံစံလုပ်ပစ်ခဲ့တယ်။ သူ့သား သူအပ်ခဲ့တယ်။

''တောက်''

နေရဲမာန်ကလည်း စားရင်း သောက်ရင်းနှင့် ဆက်လက်ပြီး ဆူမာန်နေသည်။

''ခင်ဗျားဟာ ကျုပ်မိထွေး၊ ဒီတော့ ဝတ်တာ, စားတာ နေတာ၊ ထိုင်တာ ခံ့ခံ့ညားညားနေပါ၊ ကိုယ့်သားအတွက်လည်း မိခင်ကောင်းတစ်ယောက်လို ပြုမူပြောဆိုနေထိုင်ပါ''

''ငါက အဘွားကြီးတစ်ယောက်လို ဝတ်ရ၊ နေရမှာလား ကိုနေ''

ယွန်း ရင်တထိတ်ထိတ်နှင့် ဒေါ်ခင်ထားလွင်ကို ကြည့်နေရသည်။ သူ ဝတ်ထားတာ ပါးပါးလေး။ ဒေါ်ခင်ထားလွင်ဟာ အသားလှ ကိုယ်လုံးလှသူမို့ သူမရဲ့အသွင်သဏ္ဍာန်က ယောကျ်ားတွေကို မြှူဆွယ်နေသည့်နှယ်။ ယွန်း ရဲရဲပင်မကြည့်ရဲ။

နေရဲမာန် ဒေါသတွေ အလိပ်လိုက်ကို အတင်းမျိုချနေရသည့်အဖြစ်။ ဒီမိန်းမဟာ သူ့ကို အငိုက်ဖမ်းချင်သည့် မိန်းမ။ ယမမင်းမ။ ဟိုကောင်မလေးကတော့ သူ့ရဲ့ ငရဲသားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



''တောက်''

သူ ဒေါသဖြစ်ဖြစ်နှင့် တောက်ခေါက်လိုက်တော့ ဒေါ်ခင်ထားလွင်ကလည်း မဖြုံ။ မဲ့ပြုံးနှင့်။

''မင်း မကျေနပ်ရင် ငါတို့သားအမိကို အမွေခွဲပေးလိုက်၊ မင်းလည်း အကုသိုလ် မများတော့ဘူးပေါ့''

''ခင်ဗျားက ဒီအကွက်ကို နင်းထားတာလား၊ လုံးဝ မရစေရဘူး မှတ်ထား''

''ဒါဆို . . . ငါတို့သားအမိက တစ်သက်လုံး မင်းလက်အောက်မှာပဲ နေရ သေရတော့မှာလား''

''ခင်ဗျားတို့ ဘာတွေ ချို့ငဲ့နေရလို့လဲ၊ တစ်လတစ်လ အိမ်အသုံးစရိတ်လည်း အလျှံပယ်၊ ခင်ဗျားတို့ သုံးဖို့လည်း တစ်လ (၅) သိန်းပေးထားတယ်၊ ခင်ဗျား ဖဲရိုက်ပစ်လိုက်တော့ မလောက်ဘူးပေါ့''

''မင်းပေးတဲ့ (၅) သိန်းက ဘယ်လောက်သုံးရမှာလဲ၊ လူဆိုတာ သူ့အဆင့်အတန်းနဲ့အညီ သုံးရ, စွဲရတာပဲ''

''ဒါဆို ခင်ဗျားကို တစ်လ (၁၀) သိန်းပေးရင် ရပြီလား''

''သူထားခဲ့တဲ့တိုက်ခန်းလခတွေ၊ ဘဏ်တိုးတွေ တစ်လကို သိန်းဘယ်လောက်ရနေတယ်ဆိုတာ ငါသိတယ်နော်''





''ကျုပ်က အဲဒီငွေတွေကို သုံးဖြုန်းပစ်နေတာမှ မဟုတ်ဘဲ၊ ခင်ဗျားကိုလည်း စည်းနဲ့ ကမ်းနဲ့ သုံးစွဲစေချင်တာ၊ အသုံးနဲ့ အဖြုန်းကို နားလည်စေချင်တာ''

''မလိုဘူး . . . ငါ ကလေး မဟုတ်ဘူး၊ ပေးသင့်ပေးထိုက်တာ ခွဲပေးတော့၊ ခွဲမပေးရင် တရားရုံးတိုင်မယ်''

''ဟား ဟား ဟား ကေန္တ ခင်ဗျားရဲ့အပေါင်းအသင်း အဝတ်တွေ၊ မာရ်နတ်တွေက မြှောက်ပေးလိုက်ကြပြီထင်တယ်၊ ခင်ဗျားဟာ တော်တော်မိုက်မဲတဲ့မိန်းမပဲ၊ တစ်နေ့ကို ရွှေဥတစ်လုံး ဥနေတဲ့ကြားက ငန်းကိုသတ်ပြီး ရွှေရှာချင်နေတာပဲ၊ ကျုပ်က လည်း အပြတ်ပြောလိုက်မယ်၊ ကျုပ်အဖေရဲ့ပစ္စည်းဥစ္စာကို ခင်ဗျားထင်သလို သုံးဖြုန်းခွင့် ဘယ်လိုမှမပြုနိုင်ဘူး၊ ဒါပဲ''

နေရဲမာန် ထမင်းစားခန်းထဲမှ ထွက်သွားပြီး ဆေးခန်းသို့ ကားနှင့်ထွက်သွားလျှင် ဒေါ်ခင်ထားလွင် ဆွေ့ဆွေ့ခုန်ကျန်ခဲ့သည်။

ပါးစပ်မှ အယုံတ္တ၊ အနတ္တတွေ မြည်တွန်တောက်တီးရင်း သူ့အခန်းထဲသို့ ဝင်ထွက်လာမှ ယွန်းစံမှီ သက်ပြင်းချရပါတော့သည်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နေရဲမာန်။

ဆေးခန်းတစ်ခုပြီးတစ်ခု ကားနှင့်ကူး၊ ခွဲစိပ်စရာရှိလျှင် ခွဲစိပ်ရသည့်ဘဝကို သူငြီးငွေ့လှပါပြီ။ သူ့အဖြစ်က ပြေးစက်ပေါ် တက်နေမိသည့် အင်ပြေးသမားတစ်ယောက်နှယ်။ စက်မရပ်မချင်း ပြေးနေရမည့်အဖြစ်။

လူနာတွေအပေါ် စေတနာပါပါနှင့် လုပ်ကိုင်ဆောင်ရွက် ပေးနေမိပေမယ့် ကိုယ်ပိုင်မိသားစုမရှိသည့်အဖြစ်ကြောင့် တစ် တစ်ခါ ဘဝဟာ အဓိပ္ပာယ်မဲ့နေရသည်။

သူနှင့် အသက်တူ မိတ်ဆွေ၊ သူငယ်ချင်းတွေရဲ့ဘဝ တစ်ခါတစ်ခါ အားကျမိပါ၏။ သားနှင့်မယားနှင့် စိုပြည်





သတ်ဆတ် သည့်ဘဝဟာ ချစ်မက်စဖွယ်။

သူမှာတော့ အိမ်မပြန်လိုက်နှင့် ပြန်တာနှင့် မျက်စိ စပါးမွေးစုးစရာက အသင့်။ မိထွေးတော် စိဥ္စမာလာအပြင် သူ့ရဲ့ အက်တော်သား မာရ်နတ်၏သမီးပျိုနှင့်။

သူညီလေးကိုလည်း တစ်လတစ်ခါတောင် မြင်ရတယ် မို့ သူနှင့် မျက်နှာချင်းဆိုင်ခဲ့ပါဘိ။ သည့်တော့ ညီကလည်း သူ့ကိုမချစ်၊ ခပ်စိမ်းစိမ်းပါပင်။

သည်ကြားထဲက သူဟာ စပါးကြီးမြွေ အညို့ခံရသလို အဝဲလည်လည်နှင့် အိမ်ကိုပြန် ပြန်နေမိတာ ဘာကြောင့်မသိ။

ခါတိုင်းက အိမ်မှာ ထမင်းစားခဲလှပေမယ့် သူ ယခု အိမ်ထမင်း၊ အိမ်ဟင်းကို မက်မောတွယ်တာနေမိသည်။ ဒါဟာ ည်း ရသတဏှာလား၊ အစားရမ္မက်လား။

ဟိုကောင်မလေးကို သူအမြင်ကပ်ပေမယ့် ဟင်းချက် အပ်အဟပ်တည့်တာတော့ ဝန်ခံမိသည်။ ဟိုတယ်စာတွေ၊ ရှတ်စာတွေ မချက်တတ်ပေမယ့် သူချက်တတ်သလိုလေး ကျွေးနေတာကိုပင် သူမှာ ခံတွင်းလိုက်နေမိတာ ဘာကြောင့် သိ။

သည်နေ့လည်း ဆေးခန်းတစ်ခုနှင့်တစ်ခုအကူး ကြားထဲ (၁) နာရီလောက် အားလပ်ချိန်ယူပြီး သူ အိမ်သို့ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ဧနုလယ်စာစားဖို့ပါ။

ဒီလိုအချိန်မျိုးမှာ မိထွေးတော်လည်း အိမ်မှာမရှိတတ်သည့်အတွက် သူ စိတ်အနှောင့်အယှက် မဖြစ်ဖို့သေချာသည်။

သူ့မှာ ခြံသော့၊ အိမ်သော့တွေ အပိုရှိနေတာ။ သူဝင်ထွက်လျှင် အိမ်သားတွေ ဖွင့်မပေးရအောင်ပါ။

ယခုလည်း ခြံသော့ကိုဖွင့်၊ အိမ်တံခါးကို ဖွင့်ပြီး သူ ဝင်လိုက်တော့ တစ်အိမ်လုံး တိတ်ဆိတ်နေသဖြင့် သူ အသံပေးလိုက်သည်။

''မိယွန်း . . . မိယွန်း၊ တောက် . . . အချိန်မရှိပါဘူးဆိုမှ၊ ဘယ်ချောင်သွားပြီး အိပ်ပျော်နေတယ် မသိဘူး''

သူ ထမင်းစားခန်းထဲသို့ ဝင်ဖို့ လျှောက်လာတော့မှ ယွန်းစံမို အခန်းတစ်ခုထဲမှ ပြေးထွက်လာခဲ့သည်။ သူမပုံစံက ဆံပင်ချင်မှုးတူး။ အိပ်ရာမှထလာသည့်ပုံ၊ ကပိုကရို။

''ငပျင်းမ . . . အိပ်နေတာလား''

''ဟုတ် . . . ဟုတ်ကဲ့ပါရှင့်၊ အိမ်မှာ ဘယ်သူမှလည်း မရှိ၊ အလုပ်တွေလည်း ပင်ပန်းလို့ပါ''

''အောင်မာ . . . နင်က ဘာတွေလုပ်နေရလို့လဲ၊ ငါ့ဆေးခန်းတွေ၊ ဆေးရုံတွေ ၄–၅ ခု လျှောက်ပြေးပြီး ကုနေရရင် ဘယ်လိုနေမလဲ''





''ဆရာလည်း ပင်ပန်းပါတယ်၊ ကျွန်မလည်း အိမ်အလုပ်တွေ တစ်ယောက်တည်း ကြိုးလုပ်နေရတာပါ၊ ဆရာကြိုက်ရင် မပြောတော့ပါဘူး။ ကျွန်မ ထမင်းပွဲပြင်ပေးပါ့မယ်''

''အေး . . . မပြောနဲ့၊ ထမင်းပွဲ အမြန်ဆုံးပြင်''

နေရဲမာန် ထမင်းစားပွဲမှာ ထိုင်စောင့်နေလျှင် ယွန်းစံမို အမြန်ဆုံး ပြင်ဆင်ပေးပါသည်။ သူဟာ ယောကျ်ားတစ်ယောက်မို့ အိမ်မှုကိစ္စတွေကို မသိပါ။ ယွန်းစံမို ဘယ်လောက် ပင်ပန်းနေတယ်ဆိုတာ သူ မတွေးတတ်။

အိမ်အကူ (၃) ယောက်လောက်ထားမှ ရမည့်အိမ်မှာ အခါခင်ထားလွှင် ကပ်စေးနှဲပြီး ယွန်းစံမိုတစ်ယောက်တည်း ဖိနှိပ်နေတာ နေရဲမာန်မသိပါ။

အချိန်အနည်းငယ်အတွင်းမှာပင် ထမင်းပွဲပြင်ပြီးသွားလျှင် နေရဲမာန် ထမင်း စတင်စားသည်။ သူ့အကြိုက် ဟင်းတွေချည်းပါပဲ။

ကြက်သားကြော်၊ ပုစွန်ထုပ်မီးဖုတ်သုပ်နှင့် မြင်းခွာရွက်ဟင်းခါး။ နောက် ငါးခူကြော်၊ ငန်ပြာရည်ကြော်နှင့် တို့စရာမျိုးစုံ။ မြင်တာနှင့်ပင် စားချင်စဖွယ်။ သံပုရာသီးစိတ်လေးတွေလည်း ပြင်ဆင်ပေးရဲ့။

သူ ထမင်းနှင့်ဟင်းတွေကို အားပါးတရ စားနေတုန်း–



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဟင် ... ဘာဖြစ်တာလဲ"

လက်ညှိုးကိုဝှက်ပြီး ကောင်မလေး ဘေစင်သို့ပြေးတော့ သူ သိချင်စိတ်ဖြင့် နောက်မှ လိုက်သွားခဲ့သည်။ ယွန်းစံမှီရဲ့လက်မှာ သွေးတွေ။

"တောက် ... လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းပဲ၊ ပန်းသီးအခွံနွှာတာ လက်ထိစရာလား။ ဘယ်ရည်းစားအကြောင်း တွေးနေလို့လဲ"

သူ လက်ညှိုးကိုဆွဲယူပြီး ဆူပူမာန်မဲတော့ ကောင်မလေး သူ့လက်ကို ပြန်ဆွဲပြီး မျက်ရည်တွေစီးကျနေသည်။

"ရပါတယ် ဆရာ၊ ဘာမှမဖြစ်လောက်ပါဘူး။ တောမှာ တံဖဲ့ရှိရင် ဒီထက်ဆိုးပါတယ်"

"အောင်မာ ... ဓားရှတာ ပေါ့လို့ဘယ်ရမလဲ၊ လာ ဆေးထည့်ရအောင်"

"ဆရာ ထမင်းစားပျက်သွားပြီ၊ စားပါ။ ကျွန်မ ကိုယ့်ဘာသာ လုပ်တတ်ပါတယ်"

"ပြီးရော"

ကိုယ်က ဒီလောက်ပြောနေသည့်ကြားမှ ရုန်းနေသည့် မိန်းကလေးကို သူ ကျောခိုင်းပြီး ထမင်းဆက်စားလိုက်သည်။





သို့သော် စောစောကလို အရသာမရှိတော့။

သူ ထမင်းစားပြီး ထွက်ခဲ့သည့်အထိ ယွန်းစံမှီကို မတွေ့ရ။ နေရဲမာန် ထုံးစံအတိုင်း အိမ်တံခါးသော့ခတ်၊ ခြံတံခါးသော့ခတ်ပြီး ပြန်ထွက်ခဲ့သည်။ အိမ်ထဲမှာ သူမ ငိုနေမလား။

အိုလေ အဲဒါ ယမမင်းရဲ့ ဘက်တော်သား။ သနားမနေနဲ့။

ကိုယ့်တရားနှင့်ကိုယ် သူ ခေါင်းခါပစ်ခဲ့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သူ ဆေးခန်းမှပြန်လာတော့ ည (၁၀) နာရီ။ ခါတိုင်း
ထက် စောသည်။ ဒီနေ့ ခွဲစိတ်လူနာမရှိ။

နေရဲမာန် ကားကို ခြံရှေ့ရပ်ပြီး ခြံတံခါးဖွင့်ရသည်
နောက် ကားကို မောင်းသွင်း၊ ခြံတံခါးပြန်ပိတ်၏။ ကား
တိုက်ရှေ့သို့ရပ်ရင်း ဒေါ်ခင်ထားလွင်၏ကား ပြန်မရောက်သေး
တာ သတိပြုမိသည်။

''တောက် ဒီမိန်းမ ... သိပ်လွန်နေပြီ၊ အိမ်ပြန်မလာ
ဘယ်တွေသွားနေတာလဲ၊ ငါ ဘယ်လိုစိစဉ်သင့်သလဲ၊ သူ
မိန်းမမျိုးကို ယိမ်းကျောင်းပေးနေလို့ အလကားပဲ၊ တော
... သင်းကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ သူလည်း နေ





ဘို့နေ၊ ငါ့ကိုလည်း ဟိုကောင်မလေးနဲ့ ငြိအောင် ကြံစည်နေ
... ဖြစ်ရမယ်''

သူ ဒေါသတွေနှင့်ပင် အိမ်တံခါးကို သော့ဖွင့်ပြီး ဝင်
လိုက်သည်။ ည (၁၀) နာရီပေမယ့် ရေချိုးရမှာပါပဲ။ တစ်နေ့လုံး
ပြေးသွားနေရတာ။

သူ ကိုယ့်အခန်းထဲဝင်ပြီး အဝတ်အစားလဲသည်။
ပြီးနောက် ရေချိုးခန်းဝင်၊ ရေပူရေအေးစပ်ခါ ခပ်နွေးနွေးချိုးရသည်။

ပေါ့ပေါ့ပါးပါးပင် ဘောင်းဘီဒူးကျစတိုင်ပင်တစ်ထည်
နှင့် ဆိုရှပ်လက်ရှည် တစ်ထည်ဝတ်ပြီး သူ ထမင်းစားခန်းသို့
သွားခဲ့သည်။

''အံမယ်''

လူမမြင်ရပေမယ့် စားပွဲပေါ်မှာ အုပ်ဆောင်းအုပ်ထား
သည့် ထမင်း၊ ဟင်းများက ပူပူနွေးနွေး။ ဒါ ယခုမှ ပြင်ဆင်ထား
သည်။

သူ မဲ့ပြုံးတစ်ချက်နှင့် နှုတ်ခမ်းကို တွန့်လိုက်ပြီး ထမင်း
စားလိုက်သည်။ စားပွဲပေါ်မှာ အချိုပွဲပါအသင့်။

သူစားပြီး အုပ်ဆောင်းပြန်အုပ်ထားလိုက်သည်။

နောက် သူ နာရီကြည့်လိုက်တော့ ည (၁၁) နာရီ။
ထမင်းစားတာ (၁) နာရီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ ညည်ခန်းထဲမှာပင် တီဗွီခေတ္တဖွင့်ကြည့်ရင်း မေ့ေ
အိပ်ပျော်သွားခဲ့သည်။

✺

နေရဲမာန် အိပ်ပျော်သွားတော့ ပုန်းနေသည့် ဒေါ်ခ
ထားလွင် ထွက်လာခဲ့သည်။ ယွန်းစံမိုကတော့ နောက်မှ ခပ်ရှ
နှင့် စိုးရိမ်ကြောက်လန့်နေပါသည်။

"ကဲ …ညိပ်ပြီး ကြီးကျယ်တဲ့ မောင်မင်းကြီးသ
ဘာတတ်နိုင်သေးလဲ၊ လူတွေကို မတူသလို မတန်သလိုနဲ့ ေ
တွေလို သဘောထားတဲ့လူ"

"မ …မမ ဆရာ့ကို ဘာလုပ်မလို့လဲဟင်"

"နင်က သူ့ကို သတ်ပစ်မယ်ထင်လို့လား။ ငါ ဒီလော
မရူးဘူး။ ဦးနှောက်မပျက်သေးဘူး။ ဒီလောက်ကြီးကျယ်တဲ့လူ
ကို ပါးပါးလေး ပညာပေးချင်တာပါ"

"ဘာတွေလျှောက်လုပ်မလို့လဲ မမရယ်၊ ဆရာ့
သနားပါတယ်။ တ(ဂယ်သူတော်ကောင်းကြီးကို မဖွယ်မရာေ
မလုပ်ပါနဲ့ မမရယ်"





ယွန်းစံမို မျက်ရည်တွေကျရင်း လက်အုပ်ချီတော့
ာက်ညိုးမှာ ပလာစတာကပ်လျက်နှင့်။ ဒေါ်ခင်ထားလွင် ဒေါ
သပုန်ထပေပြီ။

သားလေး နေထူးလွင်ကတော့ သူ့အခန်းထဲမှာ အိပ်
ောကျလို့။

"ဟဲ့ ကောင်မ …နင့်ပထွေးကို သနားမနေနဲ့၊ ငါ
ာလုပ်မလဲဆိုတာပဲ ကြည့်နေ"

ဒေါ်ခင်ထားလွင် သူမရဲ့ကိုယ်မှ အဝတ်အစားများကို
ွတ်ပစ်နေလျှင် ယွန်းစံမို မျက်စိတွေပြာသွားရသည်။

"မမ မမ မလုပ်ပါနဲ့ မမရယ်၊ ကျွန်မ ရှိကြီးခိုးပါတယ်
ည် ဆရာ့ကို ဘဝပျက်အောင် မလုပ်ပါနဲ့နော်၊ ဒီလိုသာဆို
သူ အရှမ်းရှက်ပြီး သူ့ကိုယ်သူ သတ်သေမှာ"

"သေလည်း အေးတာပေါ့ဟဲ့၊ ဒါမှ ငါတို့သားအမိ
ငွေ့ည်းဥစ္စာတွေ အကုန်ရပြီး မြန်မြန်သူဌေးဖြစ်မှာ"

"မလုပ်ပါနဲ့ မမရယ်၊ ယွန်း ရှိခိုးတောင်းပန်ပါတယ်နော်၊
ဆရာ့ကို သနားပါ မမရယ်၊ ဆရာ အရှမ်းခံစားရမှာ"

"ဟာ …ဒီကောင်မ ဖြန်း"

ယွန်းစံမိုကို လက်ပြန်ရိုက်ချလိုက်တော့ သူမ နေရဲမာန်
ဘေးသို့ ထွေးခနဲပြိုကျသွားခဲ့ပြီ။ သူမရဲ့ခေါင်းက စားပွဲစွန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်မိခါ ခံစားချက်တွေ ပြင်းထန်နေတာနှင့်ရောပြီး ယွန်းစံမို သတိလစ်သွားရ၏။

အိပ်ဆေးမိပြီး ဆိုဖာရှည်ပေါ်မှာ အိပ်ပျော်နေသည့် နေရဲမာန်နှင့် သူ့အပေါ်မှာ တွေးတွေးယှက်ယှက်လဲကျနေသည့် ယွန်းစံမိုကိုကြည့်ပြီး ဒေါ်ခင်ထားလွင် စိတ်ကူးတစ်မျိုး ပြောင်းသွားရသည်။

"ဟုတ်ပြီ . . . ဒီပုံကို ဓာတ်ပုံရိုက်ထားပြီး နေရဲမာန်ကို အကျပ်ကိုင်ရမယ်၊ ငွေညှစ်ရမယ်၊ ဒီကိစ္စကို သူ ဘယ်နည်းနဲ့မှ လူသိခံချင်မှာမဟုတ်ဘူး။ ဒီတော့ . . . ဒီကိစ္စကို အကျပ်ကိုင်ပြီးငါ သူ့ဆီက အမွေခွဲရမယ်၊ ငွေညှစ်ရမယ်"

အဝတ်အစားတွေ ပြန်ဝတ်ပြီး ဒေါ်ခင်ထားလွင် နေရဲမာန်နှင့် ယွန်းစံမိုတို့ပုံကို ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်နေပါလေသည်။

✹

နေရဲမာန်ရဲ့အကျင့်ဟာ အမြဲလိုလို အိပ်မက်မက်တတ်သည်။





ငယ်စဉ်ကတည်းက အိပ်မက်မှာမွေ့လျော်သူ။ ပြင်ပကမ္ဘာမှာ အဆင်မပြေလေသမျှ အိပ်မက်ထဲမှာ သူ ပေါက်ကွဲခွင့်ရသည်။ မွေ့လျော်ခွင့်ရသည်။

ပြင်ပကမ္ဘာဟာ သူ့အတွက် နှစ်လိုကြည်မွေ့ဖွယ် မဖြစ်သော်လည်း အိပ်မက်ကမ္ဘာကတော့ သူ့ကို စိတ်ချမ်းမြေ့စရာတွေ စိတ်တွက်ပေါက်တွေ အမြဲပေးတတ်သည်။

ယခုလည်း သူ အိပ်မက်တွေ မက်နေခဲ့ပြန်သည်။ ဒါဟာ နတ်သမီးအိပ်မက်လား။

လူပျို့လူရွယ်မို့ ဒီလိုအိပ်မက်မျိုးတွေ တစ်ခါတလေ မက်ဖူးတတ်ပေမယ့် ယခု အိပ်မက်ကတော့ ပီပြင်လွန်းသည်။

သူ့နတ်သမီးဟာ ဘယ်သူမှန်းမသိပေမယ့် မွှေးပျံ့အိစက်သည့် အထိအတွေ့နှင့် စွဲလမ်းယစ်မူးရသည့် ရမ္မက်ကတော့ ဘယ့်အဖြစ်အပျက်တစ်ခုနှယ်။

သူကလည်း အိပ်မက်ထဲမှာတော့ သူ့ရဲကောင်း ကြယ်ငါးပွင့်အဆင့်ဟိုတယ်ထက်သာသည့် နတ်နန်းဗိမာန်ကြီးထဲမှာ နတ်သမီးလေးနှင့် ပျော်ပါးနေလိုက်ရတာ။ အဲဒီအချစ်ညကို သူ ကမ္ဘာတည်သရွေ့တောင် ဆွဲဆန့်ထားချင်မိပါရဲ့။

တကယ်ပါပဲ၊ အချစ်နှင့်ယစ်မူးရသည့်၊ ရမ္မက်နှင့်ကြည်နူးရသည့် အဲဒီအိပ်မက်ကို အမှတ်တရအဖြစ် ရွှေချသိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ချင်ပါရဲ့လေ။

✵

ယွန်းစံမို။

အိပ်ဆေးမိပြီး အိပ်ပျော်နေသည့်ကျားတစ်ကောင်ဟာ အိပ်ပျော်နေရင်းတောင်မှ သားကောင်ကို ဝါးစားတတ်သလား။ တကယ့်ကိုးတောင်ပြည့်ကျားကြီးတစ်ကောင်။

ဆရာ့ကို သူမဟာ တကယ့်ဘုရားလောက်နီးနီး ကြည်ညိုလေးစားမိသူမို့ ကျားလို့လည်းမနှိုင်းရက်ပါ။

တကယ်လည်း သူအိပ်ပျော်နေတာပဲလေ။ အိပ်ဆေးမိနေတာပဲလေ။ မသိစိတ်တွေနှင့် သူ နိုးကြားတက်ကြွနေရတော့ ယွန်းစံမို့ရဲ့ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရတော့မည်။

သူမ နိုးလာတော့ ဆရာနှင့်သူမဟာ ညှော်ခန်းကော်ဇောပေါ်မှာ မြွေနှစ်ကောင်လို တွေးလုံးရစ်ပတ်လျက်။

အဝတ်အစားတွေ ဖရိုဖရဲနှင့် သူမအဖြစ်ကြောင့် ယွန်းစံမို အသူရကာယ်ချောက်ထဲသို့ ပစ်ချခံရသည့် ရာဇဝတ်သားတစ်ယောက်လို ထိတ်လန့်မှုက နှိုင်းပြစရာမရှိ။





သူမဟာ ဘယ်သူ့ရဲ့သားကောင်လဲ။

ဒေါ်ခင်ထားလွင်ရဲ့သားကောင်လား။ ဆရာ့ရဲ့ သားကောင်လား။

ဆရာ့ကိုတော့ ဒီလိုအဖြစ်ဆိုးထဲမှာတောင် သူမ အပြစ်မတင်၊ အပြစ်မမြင်ရက်။ သူ့ခမျာ လုပ်ကြံခံရတာပဲလေ။

ဆရာ့ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်သိက္ခာနှင့်ဆိုယှဉ် ဒီအဖြစ်ဆိုးဟာ သူ့ဘဝကိုသေတာထက်တောင် အရှက်ရစေမှာ ဆိုးစေမှာ။

အမြိတ်မြင်း ဖွင့်ထားတတ်သည့် ညှော်ခန်းဝရန်တာမီးတွေမှောင်နေတာ မီးပျက်တာလား။ လောလောဆယ် မီးပျက်နေတာတိုင် ယွန်းစံမို ကျေးဇူးတင်နေမိပါသည်။

တစ်ကိုယ်လုံး ငရဲအိုးထဲ ဇောက်ထိုးပစ်ချခံရသလို တုန်လှုပ်ခြောက်ခြားနေရသည့် ခံစားချက်ထဲမှာ ကြေကွဲမှုကလည်း တအိအိ ရင်ကို နင်းခြေလျက်။

မှောင်ထဲမှာ ခရီးသွားနေသည့်ခရီးသွားယောက်ျား တစ်ယောက်။ မစင်ပုံကို နင်းမိသလို ဆရာ ဒီအဖြစ်ကို ရှုံ့ရှာမှာမလွဲ။

ကိုယ့်ဘဝထက် ဆရာ့အတွက် သူမတွေးပေးနေမိတာကရော ဘာကြောင့်လဲ။

လူ့သားဟာ ကမ္ဘာမီးလောင်ရင် သားကောင်ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ချွန်းတတ်သတဲ့။

မိမိကိုယ်ကိုသာ အချစ်ဆုံးပါတဲ့။ မိယွန်း သစ္စာဆိုရဲပါတယ် ဆရာ။

ဘယ်ဘဝ၊ ဘယ်အခြေကိုပဲရောက်ရောက် မိယွန်း ဆရာ့ကို ချမနင်းရက်ပါဘူး။

ဆရာ့ဘက်ကပဲ အသေကာကွယ်ပေးသွားမှာပါ။

လောလောဆယ်တော့ ယွန်းစံမို မသိစိတ်တွေနှင့်ပင် နီးကြားတက်ကြွနေသည့် ဆရာ့လက်ထဲမှာ ကစားစရာအရုပ်ကလေးတစ်ရုပ်သဖွယ်။

မျက်ရည်တွေနှင့် ပြိုကျကြေကွဲနေသည့် အပျိုစင်မလေးတစ်ယောက်ရဲ့ဘဝဟာ ရှေ့လျှောက် ဘယ်လိုတွေဖြစ်ဦးမှာလဲ။

ရုန်းထွက်လို့မရသည့် ဆရာ့ရင်ခွင်ထဲမှာ သူမ တစ်ယောက်တည်း ကမ္ဘာပျက်နေရပါကြောင်း ယွန်းစံမို မြေဝသုန်ကို သက်သေတည်နေမိပါသည်။

✹ ✹ ✹





## အခန်း (၁၃)

နေရဲမာန် အိပ်ရာမှနိုးတော့ ယီးတီးယောင်တောင် ဖြစ်နေမိသည်။ ဘယ်လိုဖြစ်လို့ ငါ ညှော်ခန်းထဲက ကော်ဇောပေါ် ရောက်နေရတာလဲ။

"ဟင်"

ဒါဆို ညက သူ တီဗွီကြည့်ရင်း အိပ်ပျော်သွားခဲ့တာပေါ့။

"ဟာ"

ဒါဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ သူ့ဘဝဟာ ကျားရဲတွင်းထဲ ရောက်နေတဲ့ ကျားမတွေကြားထဲရောက်နေရတဲ့ အဖြစ်မို့ သူ ဘာတွေဖြစ်ခဲ့သလဲ။

ဘယ်လိုလုပ်ကြံမှုတွေ ခံခဲ့ရသလဲဟု တွေးမိလျှင်



www.burmeseclassic.com

www.burmeseclassic.com



နေရဲမာန် ကော်ဖောပေါ်မှ ခုန်ထမိတော့မတတ်။

ဘုရား ဘုရား . . . ညက ငါ ဘာတွေဖြစ်ခဲ့ရသလဲ။ သူ့အိပ်မက်ကလည်း ပီပြင်လွန်းလှသဖြင့် နေရဲမာန် ခေါင်းထဲ မိုက်ခနဲ၊

ဒေါ်ခင်ထားလွင်များ ငါ့ကို လုပ်ကြံသလား။ ဒါမှမဟုတ် သူ့ရဲ့ ယမမင်းမလေးနဲ့လား။

ကော်ဖောပေါ်မှ ဆတ်ခနဲထပြီးသည်နှင့် သူ ကိုယ့်အခန်းထဲသို့ ပြေးဝင်မိသည်။

ဒေါ်ခင်ထားလွင်နှင့် မျက်နှာချင်းမဆိုင်လို့ သူ အောက်ထပ်မှာနေခဲ့တာဖြစ်သည်။

သည်နေ့ မိုးလင်းသွားပေပြီ။ (၇) နာရီပင်ထိုးတော့မည်။ ခေါင်းတွေလည်း နောက်ကျိနေ၏။ သူ ညက ဘာတွေဖြစ်ခဲ့ပါလိမ့်။

သည်စဉ် ဆေးခန်းများမှ ဖုန်းဆက်သဖြင့် နေရဲမာန် ထိုင်စဉ်းစားမနေအားတော့ဘဲ ရေအပြေးချိုး၊ အဝတ်အစား အမြန်လဲကာ ကားနှင့် အပြေးထွက်ခဲ့ရပါသည်။

❋





ခေါင်းထဲမှာ အတွေးတွေနှင့် ရှုပ်ထွေးနေသည်မို့ နေရဲမာန် ည (၉) နာရီလောက်မှာ အိမ်သို့ ပြန်လာခဲ့သည်။ သူ့ရင်ထဲမှာ တထိတ်ထိတ်။ ချိန်ကိုက်ဗုံးပိုက်ထားရသူလို ဘယ်တော့ ပေါက်ကွဲမလဲဟု ဖောချွေးပြန်နေရသည့်အဖြစ်။

နေရဲမာန် ခြံတံခါးဖွင့်ပြီး ကားကို မောင်းသွင်းလိုက်စဉ် အိမ်တံခါးပွင့်လာပြီး သူ့ကို ဆီးကြိုနေသည့် ဒေါ်ခင်ထားလွင်ကို မြင်လိုက်ရလျှင် သူ့တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို တုန်တက်သွားမိ၏။

မာရ်နတ်မ၊ ဒေဝဒတ်မ၊ ဘာတွေရှုပ်ထွေးထားခဲ့သလဲ။ သူ့ရုပ်က ထိမထင်အပြုံး၊ ကလိမ်ကကျစ်အပြုံးနှင့်။

ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း နေရဲမာန်မျက်နှာထား တည်တင်းနှင့် အိမ်ထဲသို့ဝင်ခဲ့ရင်း –

"ထမင်းစားမယ်ဟေ့၊ ထမင်းပွဲအဆင်သင့်ပြင်ထား၊ ငါ ရေချိုးပြီးတာနဲ့ စားမယ်"

သူ ယွန်းစံမှီကို လှမ်းအော်လိုက်သည်။ ဒေါ်ခင်ထားလွင်ကတော့ မဲ့ပြုံးနှင့် သူ့ကို အေးစက်စက်ကြည့်နေလေ၏။

"တောက်"

လည်ပင်းညှစ်သတ်ချင်စိတ်ကို လျှော့ချရင်း နေရဲမာန်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းထဲဝင်ပြီး ရေချိုး၊ အဝတ်အစားလဲရသည်။

သူပြန်ထွက်လာတော့လည်း ဒေါ်ခင်ထားလွင်က ဧည့်ခန်းထဲမှာ သူ့ကို စောင့်ကြည့်နေတာမြင်ရမြဲ။

သူ တော်တော်ပင် စိတ်အနှောင့်အယှက် ဖြစ်လာရ၏။ သို့သော် စိတ်ကို ချုပ်ထိန်းပြီး သူ ထမင်းစားခန်းသို့သာဝင်သည်။

နောက် စားပွဲပေါ်မှာ အသင့်ပြင်ထားသည့် ထမင်းဟင်းများကို စိတ်မပါ လက်မပါစားလိုက်ရသည်။

ဟိုကောင်မလေး ဘယ်ရောက်နေပါလိမ့်။ တော အိမ်မှာမှရှိရဲ့လား။ ဒေါ်ခင်ထားလွင်များ ပထုတ်ထားသလား။ နေရဲမာန်ရင်ထဲ ကျောထဲစိမ့်တက်လာမိ၏။ ဒီမိန်းမဆိုးဟာ ဘာ မလုပ်ရဲတာမရှိ။ သူ့ကို ဘာမဖွယ်မရာတွေများ လုပ်ကြံထား လိမ့်။

ရင်ထဲမှာ ခါးသီးလာမှုကြောင့် ထမင်းဆက်မစား တော့ဘဲ သူ ထမင်းစားခန်းမှ ထွက်လာတော့ ဒေါ်ခင်ထား က ထိုင်ရာမထ လှမ်းပြီး တားဆီးလိုက်သည်။

"ကိုနေ့ကို ဆွေးနွေးစရာ၊ ပြောစရာရှိလို့ ခဏထိုင်ပါ"

"ဘာလဲ"

"ထိုင်ဦးလေ ... ပြောမှာပေါ့၊ မပြောခင် ဒါလေး





ရင်ကြည့်လိုက်"

သူမက ဓာတ်ပုံ (၁၀) ပုံခန့် စားပွဲပေါ်သို့ ပစ်ချပေးလိုက် ချင်း သူ ခေါင်းနပန်းကြီးသွား၏။ ညက ငါ အိပ်ပျော်နေတုန်း ဘယ်လိုတွေ လုပ်ကြံလိုက်သလဲ။

သူ ကောက်ကြည့်လိုက်သည့်အခါ သူထင်သည့်အတိုင်း ချင်းယှွန်းစံမို့ရဲ့ပုံတွေ။ သူက ဆိုဖာရှည်ပေါ်မှာ အိပ်ပျော်နေပြီး စံမို့က သူ့အပေါ်မှာ ဖက်လို့။ ဆိုဖာအောက်မှ ဒူးထောက်ပြီး သူ့ကို ဖက်ထားသည့်ပုံ။

သူ လှောင်ရယ် ရယ်လိုက်သည်။

"ဒါ ... ခင်ဗျားတို့ ပူးပေါင်းပြီး လုပ်ကြံထားကြတာပဲ၊ ညက ကျုပ်ကို အိပ်ဆေးခတ်ထားကြတယ်မဟုတ်လား။ ဒါကြောင့် ... ကျုပ် ဆိုဖာပေါ်မှာ အိပ်ပျော်သွားတာ၊ ခင်ဗျား တော်တော်ပက်စက်တာပဲ၊ သားရေပေါ်အိပ် သားရေနားစား ဆိုတာ ခင်ဗျားလိုလူပဲ"

သူ ပက်ပက်စက်စက် ပြောလိုက်တော့ ဒေါ်ခင်ထားလွင် ကသိမ့်ကကျစ်ပြုံးလိုက်သည်။

"ကဲ ကဲ ... အဲဒီပုံတွေက လုပ်ကြံထားတာဆိုရင် ကော ညက မီးမပျက်ခင် မင်းသားရဲ့စွမ်းဆောင်ချက်တွေကို ဗီဒီယို မှတ်တမ်းတင်ထားပါသေးတဲ့ရှင်၊ နည်းနည်းလောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပါဦးနော်''

ဒေါ်ခင်ထားလွင် အသင့်ပြင်ဆင်ထားသည့် ခွေကို လှမ်းဖွင့်ပြလိုက်လျှင် နေရဲမာန် ဦးခေါင်းတစ်ခုလုံး မိုက်ခနဲဖြစ်ပြီး လူတစ်ကိုယ်လုံး ဗလောင်ဆူသွားရသည်။ သူတစ်ကိုယ်လုံး မီး လောင်ခံလိုက်ရသလို တရှိန်ရှိန်လောင်ဟပ်လျက်။

''တောက် ...ဒါ ခင်ဗျား ခင်ဗျားတို့ ကျုပ်ကို ခေ ခတ်ပြီး လုပ်ကြံကြတာ၊ ခင်ဗျားတို့ မိုက်ရိုင်းတာ၊ ကျုပ်ကို ဒီလိုအမိဖမ်းလို့ ဘယ်တော့မှမရဘူး''

သူ သွေးရူးသွေးတမ်းဖြစ်နေပုံက တဒင်္ဂရူးသွပ်သွား သည့်နှယ်။ စောစောက မှေးခနဲ အိပ်ပျော်သွားသည့် ယွန်းစံ မှာလည်း ဆူဆူညံညံ အသံများကြောင့် လန့်နိုးလာခဲ့ပြီး ညော်ခန် ကန့်လန့်ကာနောက်တွင် သူ့ကို ချောင်းကြည့် နားထောင်နေ သည်။

နေရဲမာန်ပုံစံက အရူးမီးပိုင်း။

ဟုတ်တာပေါ့၊ သူ့လို ပညာတတ် ခွဲစိပ်ပါရဂူဆရာ ကြီးက ဆယ်တန်းလောက်အောင်တဲ့ တောသူမ အရိုင်းအစိုင်း ဘယ်ယှူချင်မှာလဲ။ ယွန်းစံမှီကလည်း ယခုမှ အခွေကို လှမ်း လိုက်ရသဖြင့် ခေါင်းထဲမှာ မိုက်ခနဲ။

ဆရာရော သူမပါ ဒေါ်ခင်ထားလွင်ရဲ့ ညှတ်ကွင်း





ခံကြရတဲ့ သားကောင်တွေ။ လုပ်ကြံခံကြရတဲ့သူတွေ။ ဒီ သနာကို ဘယ်လိုရှင်းမလဲ။ ဆရာကတော့ သူမကိုပါ အထင် မြင်ကောင်းကောင်းကြီး လွဲနေပေပြီ။

ယွန်းစံမှီ မျက်ရည်တွေစီးကျနေမိတာ။ ဘယ်အရပ်က ရည်ပျော်စီးဆင်းလာမှန်းပင် မတွေးတတ်တော့။ သူမရဲ့ နှလုံး တစ်ခုလုံး၊ ခန္ဓာကိုယ်တစ်ခုလုံးများ အရည်ပျော် စီးဆင်းနေ သလားပင် မသိ။

တောမှာမွေး၊ တောမှာကြီးသည့် ရိုးစင်းသောတောသူမ ရဲ့အဖြစ်က ဒေါ်ခင်ထားလွင်ဆိုသည့် မုဆိုးတစ်ပိုင်း မိန်းမ ကြီးရဲ့ ပုဆိန်ရိုး။ ဒေါ်ခင်ထားလွင်ဆိုသည့် တံငါသည်မကြီးရဲ့ များချိတ်က ငါးစာ။

ငါးကြီးကြီးတွေကို ဖမ်းဖို့အတွက် ငါးသေးသေးလေးတွေ အရှင်လတ်လတ် ငါးမျှားချိတ်နှင့် ကျောဖောက်ပြီး ရေထဲ ပစ်ချထားသည့်အခါ –

ငါးသေးသေးလေးက သူ့ဘဝလွတ်မြောက်ရေးအတွက် ကုန် ကူးခတ်။ ငါးကြီးကြီးကတော့ သူ့ရဲ့အစာဆိုပြီး ငါး သေးလေးကို ဖမ်းဟပ်သည့်အခါ ငါးကြီးရော ငါးသေးပါ ကောင်လုံး သေပွဲဝင်ကြရသည့်အဖြစ်။

ယခုလည်း ဒေါ်ခင်ထားလွင်ဟာ ဆရာ့ကို အကျပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက် ဒုက္ခပေးဖို့အတွက် ယွန်းစံမှီဆိုသည့် တောသူအရိုင်း
လေးကို အသုံးချခဲ့ပြီ။

ပိုဆိုးတာက ဆရာဟာ သူမကိုပါ ဒေါ်ခင်ထားလွင်ရဲ့
အပေါင်းအပါ ကြိုရာပါအဖြစ် စွပ်စွဲ အထင်လွဲမှားနေခြင်းပါ

ယွန်းစံမှီ နေရာမှာပင် မျက်ရည်တွေ တသွင်သွင်စီးကျ
လူက ကျောက်ရုပ်လို တင်းတောင့်နေမိပြီး နေရာမှမရွေ့နိုင်
နားကတော့ အပြင်မှစစ်ပွဲကို ကြားနေရဆဲ။

''ခင်ဗျားလောက် ယုတ်မာတဲ့မိန်းမ၊ ခင်ဗျားလော
ပက်စက်တဲ့မိန်းမကို ကျုပ် ဒီတစ်သက်မဟုတ်ဘူး နောင်ဘ
ဆက်တိုင်းဆက်ပိုင်း မမြင်ရ၊ မကြုံရပါစေနဲ့လို့ ဆုတောင်
တယ်၊ ဒီဘဝမှာ ကြုံရတာတောင် ကံဆိုးလွန်းလို့ပဲ''

''ကြုံတုန်း ဝအောင်ကြည့်ထားလေ၊ ခုမှရှက်ရမ်း ရ
မနေပါနဲ့ ကိုနေရဲ၊ အိပ်ဆေးမိလို့ အိပ်ပျော်နေတယ်ဆိုရင်လည်
ငြိမ်ငြိမ်နေပါလား၊ ဘာဖြစ်လို့''

''ဒါ ... ခင်ဗျား ကျုပ်ကိုလုပ်ကြံတာ၊ ခင်ဗျား ဘ
အကြံအစည်နဲ့ ကျုပ်ကို ဒီကိုလုပ်ရတာလဲ၊ ခင်ဗျားဗျာ''

''ငါလည်း ဒီလိုဖြစ်လာမယ်လို့ မထင်ဘူးလေ၊ အဝ
တော့ ဓာတ်ပုံရိုက်ရုံခလောက်ပါ၊ ဒါပေမဲ့ ... မင်းက နိုးကြ
တက်ကြွလာပြီး ရှေ့ဆက်လာတော့''





''တော်ဗျာ ... တော်၊ ခင်ဗျား ဘာဖြစ်ချင်လို့လဲ၊
ဘာလုပ်ချင်လို့လဲ ပြော၊ ခင်ဗျားမှာ မိုက်ရိုင်းတဲ့အကြံအစည်
တစ်ခု ရှိတယ်ဆိုတာ ကျုပ်သိတယ်''

''သိတယ်ဆိုရင်လည်း အပြောရ သက်သာတာပေါ့လေ၊
ဒါတလည်း မင်းကို အလွန်အကျူး အကျပ်မကိုင်ပါဘူး၊ ရှည်
ညည်းလျှောက်သာ ပျားလည်းစွဲသာဆိုသလို မင်းအတွက် တစ်
ချက်ချန်ပေးထားဦးမှာပါ''

''အပိုတွေပြောမနေနဲ့၊ ပြော ... ခင်ဗျား ဘာဖြစ်ချင်
တာလဲ''

ညည်ခန်းထဲမှာ တစ်ယောက်ကိုတစ်ယောက် မီးထွက်
တောက် နာကျင်မုန်းတီးသည့်အကြည့်တွေနှင့် ဆွေးနွေးပြောဆို
ကြပုံက ရန်သူစစ်တပ်နှစ်ဦး စစ်ပြေငြိမ်းဖို့ စာချုပ်ချုပ်နေကြ
သည့်နှယ်။ သူမကတော့ ရန်သူရဲ့ သံ့ပန်းတစ်ဦးလား၊ ဓားစာခံ
တစ်ဦးလား။

''ငါတောင်းဆိုမှာတွေက တရားပါတယ်၊ အချက်နှစ်
ချက် တောင်းဆိုမှာပေမယ့် မင်းက တစ်ချက်ပဲ လိုက်လျောရမှာ

''ပြော ... ခင်ဗျားရဲ့အကြံစုတ်၊ အကြံပုပ်တွေ''
''တစ်အချက် ငါတို့သားအမိကို ထိုက်သင့်သလို အမွေ



www.burmeseclassic.com

www.burmeseclassic.com



ခွဲပေးရမယ်၊ ငါတို့ဘာသာ သီးသန့်နေချင်တယ်၊ နှစ်အချက်က တော့ ငါတို့တောင်းဆိုတဲ့ တစ်အချက်ကို မလိုက်လျောနိုင်ရ မင်း ငါ့ညီမကို လက်ထပ်ရမယ်''

''ဟား ဟား ဟား ဟား''

နေရဲမာန် ဆိုဖာပေါ်မှ ထရပ်ရင်း ခါးထောက်က အားပါးတရ ရယ်မောနေလျှင် ဒေါ်ခင်ထားလွင်ရော၊ အပြင် ချောင်းပြီး နားထောင်နေရသည့် ယွန်းစံမိုပါ ကြောင်သွားရသည်

နေရဲမာန်ရဲ့စိတ်ကို မသိပေမယ့် ယွန်းစံမို ဒေါ်ခင်ထား လွင်၏သဘောထားကို သိရှိလိုက်ပါသည်။

ဒီမိန်းမကြီးဟာ သူတစ်စင်ထောင်နိုင်ရေး၊ သူ အ ခွဲယူနိုင်ရေးအတွက် သူမကို အသုံးချခဲ့တာပါလား။ တော်တော် ယုတ်မာ ကောက်ကျစ်သည့်မိန်းမကြီး။

ဆရာဟာ သူမလို အစုတ်ပလုတ်တစ်ယောက်ကို ဘ လက်ထပ်မလဲ။ မလွှဲမသွေ ပေးကိုပေးရမည့် ဒေါ်ခင်ထားလွင် အမွေကိုပဲ ခွဲပေးတော့မပေါ့။

သူမကို လမ်းဘေးကျနေသည့် ပန်းတစ်ပွင့်ကို နင်းခြေ သလောက်ပဲ သဘောထားလိမ့်မည်။ တကယ်လည်း ဆ အိပ်ပျော်နေတာပဲလေ။ သူက ဘာမှသိတာမဟုတ်။ ဒါဆို သူ ကရော။





သူမ ကိုယ့်ဘဝကိုယ်တွေးမိသွားတော့ ရင်ထဲမှာနင့်ခနဲ။

ကျားကြောက်လို့ ရှင်ကြီးကိုးဆိုသလို ရွာမှာ ပထွေးရဲ့ ဓါးသားစုအောက်မှာ မသက်သာလို့ မြို့လိုက်လာမိတာ။

ယခုတော့ မအူမလည်နှင့် ဘဝပျက်ရပြီလား။ သူမ ဘာဆက်လုပ်ရမလဲ။

စောစောကထိ ငယ်ရွယ်နုနယ်သည့်နှလုံးသားသည် ဗုန်းခနဲ ကြီးရင့် ရင့်ကျက်လာခဲ့ပြီ။

ကံကြမ္မာကို ယိုးမယ်မဖွဲ့ချင်တော့ပါ။ အတိတ်တွေ၊ အနာဂတ်တွေကိုလည်း ဖယ်ထား။ လောလောဆယ် ပစ္စုပ္ပန်ကိုပဲ သူမ အကောင်းဆုံးရွေးချယ် လျှောက်လှမ်းရပါမည်။

အပြင်မှ ပဋိပက္ခတွေကတော့ ဆက်လက် ပေါက်ကွဲနေ လေဆဲ။

''ခင်ဗျားကြီး ... ဘာကိုလိုချင်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ရတယ်လေ ... အဲဒီကောင်မလေးဟာ တကယ် ခင်ဗျားညီမ မဟုတ်ဘူးဆိုတာ ကျုပ် အခုသိသွားပြီ၊ ခင်ဗျားညီမအရင်းသား ဖြစ်ကြည့်ပါလား၊ ခင်ဗျား ကျုပ်ကို ခုလို ရွေးချယ်ခွင့်နဲ့ တောင်းဆိုမှာမဟုတ်ဘူး''

''ငါ့ညီမတော့ ညီမပါ၊ အရင်းမဟုတ်လို့ ဝမ်းကွဲမို့လို့ရယ် မဟုတ်ပါဘူး။ သေသွားပြီဖြစ်တဲ့ အစ်ကိုကြီးရဲ့မျက်နှာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်လို့ပါ''

''ကျေးဇူးတင်ပါသတဲ့ဗျာ၊ လောကမှာ သတ္တဝါဆိုတာက ငယ်ရင်ကယ်ဆယ်လို့မရဘူးတဲ့၊ ခင်ဗျားတို့ကို ကျုပ်က စေတနာနဲ့ ကာကွယ်စောင့်ရှောက်ပေးနေပေမယ့် လက်မှမခံချင်ဘဲကိုး၊ ကျုပ် မနက်ဖြန်ဘဲ ရှေ့နေ ရှေ့ရပ်တွေ၊ တရားသူကြီးတွေရဲ့ ရှေ့မှောက်မှာ ခင်ဗျားတို့သားအမိအတွက် ရှိသမျှအမွေကို တစ်ဝက်ခွဲပေးမယ်၊ ဒီအိမ်နဲ့ခြံကတော့ ကျုပ်အမေရဲ့ပစ္စည်း၊ ကျုပ်နာမည်နဲ့ရှိပြီးသားမို့ ခွဲတဲ့အထဲမှာမပါဘူး''

''ငါသိပါတယ်၊ ငါကလည်း ချေးများမနေပါဘူးလေ၊ ငါ ရသင့်ရထိုက်တာသာ ခွဲပေးလိုက်ပေတော့''

''ဒါဆို ခင်ဗျားညီမရဲ့ကိစ္စက အလိုလိုပြီးသွားပြီပေါ့ဟုတ်လား၊ ကျုပ်ကို ဘာမှလာပြီး အကျပ်မကိုင်တော့ဘူးပေါ့''

''ပြီးသွားပြီ၊ ငါ့စကားအတိုင်းပဲ တစ်ခုလိုက်လျောရင်ပြီးပါတယ်၊ ငါ့ညီမကိစ္စ ငါ့ဘာသာရှင်းလိုက်မယ်''

''ဘာပဲဖြစ်လာလာ ကျုပ်နဲ့မဆိုင်ဘူးနော်''

''စိတ်ချ . . . ကလေးရလာရင်တောင် ငါပဲ မွေးမှာပါ၊ ဒါမှမဟုတ် ဖျက်ချပစ်လိုက်ရမလား''

''ကျုပ်ကို လာမမေးနဲ့လေ၊ ဒါ ကျုပ်အလိုတူလို့ လော်မာလို့ ဖြစ်ခဲ့ရတဲ့ကိစ္စတွေ မဟုတ်ဘူး၊ ခင်ဗျားဖာသာ ခင်ဗျား





င်အောင် ကပေါ့''

''ကောင်းပြီ . . . မင်းနဲ့ ဘာမှ မပတ်သက်စေရဘူး၊ က်ဖြန်သာ ငါတို့အတွက် အမွေလွှဲပေး''

''စိတ်ချ၊ ခင်ဗျားဘာသာ ရတဲ့အမွေပုံကို တစ်ရက်ည်းနဲ့ကုန်ကုန်၊ တစ်လတည်းနဲ့ကုန်ကုန် ကျုပ်မပူတော့ဘူး၊ က်ဖြန် ကျုပ်အမွေခွဲပေးမယ်၊ အဲဒီအချိန်ကစပြီး ခင်ဗျားတို့နဲ့ ျပ် ဘာမှမသက်ဆိုင်တော့ဘူး၊ မပတ်သက်တော့ဘူး၊ ဘာမှ''

ရင့်သီးအေးစက်သည့်စကားလုံးတွေက အဆိပ်လူးမြားအလား သူမရဲ့ရင်ကို တစ်ချောင်းချင်း စိုက်ဝင်နေကြသည်မို့ န်းစံမို နားကိုပိတ်ခါ ကိုယ့်အခန်းလေးထဲသို့ ပြေးဝင်ပုန်းာင်းလိုက်မိသည်။

အတန်ကြာလျှင် ဒေါ်ခင်ထားလှင် တံခါးလာခေါက်ပြီး ပေမယ့် ယွန်းစံမို ဖွင့်မပေးလိုက်တော့ပါ။

ကျွန်မဘဝနဲ့ကျွန်မ ရှိပါစေတော့ရှင်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တစ်ညလုံး အတွေးတွေနှင့် ထွေးလုံးရစ်ပတ်နေသည် ကြောင့် နေရဲမာန် အိပ်မပျော်။ ခေတ်ပုံနှင့် ဗီဒီယိုခွေကို ယူထားလိုက်ပေမယ့် ဒေါ်ခင်ထားလွင်ကို သူ စိတ်မချ။ ထို့ကြော စာချုပ်မှာ လက်မှတ်ထိုးထားရသေးသည်။

ဒီနေ့ ဒေါ်ခင်ထားလွင်တို့သားအမိကို သူ အမွေခွဲ လိုက်မယ်။ ခေါင်းထဲမှာ ရှင်းသွားရမှာပေမယ့် ဘာကြောင့် မသွားရတာလဲ။ အမြဲတမ်း သူ့ကို ကြောက်ရွံ့ထိတ်လန့်နေသ ယွန်းစံမှီဆိုသည့်ကောင်မလေးကို သူ မြင်ယောင်နေမိတာက

ကာယကံရှင်ဖြစ်သည့် သူမနှင့်ရော ဆွေးနွေး သလား။ အို ရှုပ်ပါတယ်။ တော်ကြာ ... အနုတ်စုတ်၊ ဂုတ်





ပေါက်လွှတ်ပဲစားတစ်ကောင်ကို ငါ လက်ထပ်နေရဦးမယ်။ ကိုယ့် တရား ကိုယ်စီရင်ရင်း သူ အိပ်ရာထဲမှာပင် သူငယ်ချင်းရှေ့နေ တစ်ယောက်၏အကူအညီနှင့် အိမ်မှာ အမွေလွှဲပေးဖို့ စီစဉ်နေ တုန်း။

"ကိုနေ ကိုနေ ... ဒုန်း ဒုန်း တံခါးဖွင့်ပါဦး"

သူ့အခန်းတံခါးကို လာထုရင်း ပြူးပြူးပြာပြာအသံ ကြောင့် နေရဲမာန် တံခါးဖွင့်ပေးလိုက်ရသည်။

"ဘာလဲ ... ဘာဖြစ်လာတာလဲ"

"ယွန်းစံမှီ မရှိတော့ဘူး။ ကိုနေ့အခန်းထဲမှာလားလို့"

"ဘာ ... ခင်ဗျားစကားပြောတာ ကြည့်ပြော၊ ကျုပ်က မိန်းမလိုက်စားနေတဲ့၊ မိန်းမခရေစီ မဟုတ်ဘူး၊ မနေ့ကကိစ္စ တောင် ခင်ဗျားတို့အကွက်ဆင်လို့ ဖြစ်ခဲ့ရတာ၊ ခင်ဗျားညီမ ပျောက်နေတာ ကိုယ့်ဘာသာရှာပေါ့ဗျ။ ကျုပ်ကိုဘာလာပြီး စွပ်စွဲ နေရတာလဲ"

"အေးပါ ... အေးပါ၊ ငါက မင်းတို့ချင်း ညားပြီးသွား တာပြီမို့ ရင်းနှီးသွားပြီလားလို့ပါ"

"တောက် ... လာ‌ပြေးတယ် ဒုန်း"

တံခါးကိုပြန်ပိတ်ပြီး သူ ရေချိုး အဝတ်အစားလဲနေခိုက် အခန်းတံခါးကို ဒေါ်ခင်ထားလွင် လာထုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ ကိုနေ လုပ်ပါဦး ... ဒီတစ်ခါတော့ ကောင်မလေး တကယ်ထွက်သွားပြီ"

"ဘာလဲဗျာ"

သူတို့ကိစ္စကို စိတ်မဝင်စားပေမယ့် စိတ်ရှုတ်ထွေးစွာနှင့်ပင် သူ တံခါးဖွင့်လိုက်ရသည်။ ဒေါ်ခင်ထားလွင်အသွင်က ပြူးပြူးပြာပြာ။ လက်ထဲမှာလည်း စာတစ်စောင်။ သူ့ကို စာလှမ်းပေးပြီး သူမပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုပြောဆိုနေလိုက်တာ အရှူးနှယ်။

"ဒုက္ခပဲ ... ကောင်မလေး ဘယ်ထွက်သွားတယ် မသိဘူး။ ရွာပြန်သွားတာလား။ ရွာပြန်သွားတာဆိုရင် တော်ဦးမယ်၊ တခြားထွက်သွားတာဆိုရင် ဒီအရွယ်က ဒုက္ခကို လက်ယပ်ခေါ်နေတဲ့ အရွယ်၊ ညကလည်း သူ့ကို နှစ်သိမ့်ပေးမလို့ သူ့အခန်းသွားနိုးပေမယ့် တံခါးဖွင့်မပေးဘူး၊ ငါ့ကို အမှုပတ်ရင် ဒုက္ခ၊ ရွာက သူ့မိဘတွေလာမေးရင် ငါ ဘယ်လိုလုပ်ရပါ့မလဲ"

"ကိုယ့်ဘာသာ သွားစဉ်းစားဗျာ၊ ကျုပ်ကို အာရုံနောက်အောင် လာမလုပ်နဲ့၊ ခင်ဗျားကတဲ့ဖာတ် ခင်ဗျားပဲ နိုင်အောင်ဖြတ်ပေါ့၊ သွား (၈) နာရီမှာ ရှေ့နေတွေ၊ တရားသူကြီးတွေ လာတော့မယ်၊ လောလောဆယ် အဲဒီကိစ္စပဲ ခေါင်းထဲထည့်ထား၊ အကျွေးအမွေးလေး ဘာလေး စိစဉ်"





သူအော်ထုတ်လိုက်တော့မှ ဒေါ်ခင်ထားလွင် ထွက်သွားပြီး သူ့ရှေ့မှ ပျောက်ကွယ်သွားသည်။

နေရဲမာန် စိတ်မပါပေမယ့် စာလေးကို ဖြန့်ကြည့်လိုက်သည်။ မျက်ရည်တွေနှင့် စိုလူးနေသည့်စာလေးက သနားစဖွယ်။

"ဆရာ

မရည်ရွယ်ခဲ့ပါဘူး ဆရာ။

ကျွန်မ တကယ့်ကို တောရွာဇနပုဒ်က တောသူမ ရိုးရိုးအအ တစ်ယောက်ပါ။

အ,လွန်းလို့လည်း ဒေါ်ခင်ထားလွင်ခင်းတဲ့ဖာတ်မှာ ဘုမသိ,ဘမသိ ကိုယ့်ကိုယ်ကိုယ် သားကောင်မှန်းတောင် မသိရတဲ့ ဘဝ၊ မသိရတဲ့အဖြစ်။

ဆရာ့ကို ကျွန်မ အပြစ်မမြင်မိပါဘူး။

ဒေါ်ခင်ထားလွင် ဖန်တီးတဲ့ ယဇ်ပလ္လင်မှာ သားကောင်အဖြစ် လည်ချောင်းသွေးနဲ့ နှလုံးသွေးနဲ့ စတေးခံခဲ့ရပေမယ့် အားလုံးကို ခွင့်လွှတ်ပေးခဲ့ပါတယ်။

သူဖန်တီးတဲ့ယဇ်မီးမှာ ကျွန်မလည်း သားကောင်ပါပဲလို့ ရှင်းပြခဲ့ပါတယ်ရှင်။

ယွန်းစံမှီ

ကောင်မလေးရဲ့စာကြောင့် အားလုံးသောအဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒေါ်ခင်ထားလွင်သာလျှင် တာဝန်ရှိကြောင်း သူနားလည် လိုက်ရပေမယ့် သူဟာ ပုထုဇဉ်လူသားတစ်ဦးပီပီ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ရမည်။

အားလုံးရှင်းလင်းသွားပြီဖြစ်သည့် ဇာတ်ထုပ်တစ်ခုကို သူပြန်လည်ပြီး အသက်မသွင်းလိုတော့။ ယွန်းစံမှီအတွက် စိတ် မကောင်းဖြစ်မိပေမယ့် လူဆိုတာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးတာပဲ လေဟု သူဖြေသိမ့်ရမည်။

သူ့အဖြစ်ဟာ အဆိုးလား၊ အကောင်းလား။ သူ့ဘဝမှာ အမှိုက်ထုပ်တွေသဖွယ် အမြဲရှုပ်ထွေး နောက်ကျိနေရသည့် မိထွေးသားအမိလည်း ရှင်းသွားပြီ။

မတော်တဆ ငြိခဲ့ ထိခဲ့ရသည့် ယွန်းစံမှီဆိုသည့် မိန်း ကလေးဟာလည်း သူ့ဘဝနှင့်သူ လွင့်ထွက်သွားပေပြီ။

ရင်ထဲမှာ ကမာကောင်ရဲ့အဖြစ်လို ခဲလုံးဝင်ပြီး နိုးလို့ ခုလုဖြစ်နေရတာမျိုး ခံစားနေရသည့်အဖြစ်။

ကမာကောင်ရဲ့ခဲလုံးက တစ်ချိန်မှာ ပုလဲဖြစ်လာမှာပေ မယ့် သူ့ရဲ့ နိုးလို့ခုလုကတော့ ဘယ်သောအခါမှ လိပ်ပြာသန့်လာ နိုင်မှာလဲ။

အိုလေ ... ဒါ ငါဖန်တီးတဲ့ ပြဿနာမဟုတ်ဘူး ဒေါ်ခင်ထားလွင် ဖန်တီးခဲ့တာ။ အပြစ်ရှိရင် သူပဲ ခံလိမ့်မယ်

# အခန်း (၁၃)

ယွန်းစံမှီ။

တစ်ညလုံးစဉ်းစားပြီးထွက်လာသည့်အဖြေကတော့ သူမ အိမ်မှာမနေလိုတော့ပါ။ ကျွဲနှစ်ကောင်ခတ်သည့်ကြားမှာ မြေစာ ပင်သည်း ဖြစ်ခဲ့ရပြီ။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းမကြီးရဲ့ ယဇ်မီးမှာ လည်း လောင်ကျွမ်းခဲ့ရပြီ။

သူမရဲ့ဘဝဟာ ဒေါ်ခင်ထားလွင်နှင့်အတူ နေလို့ကတော့ အကျိုးရှိမှာမဟုတ်။ သူမရဲ့အကျိုးစီးပွားအတွက် မိမိကို အသုံးချ နေဦးမှာမလွဲ။

ထို့အတူ သူမအတွက် ဆရာလည်း လုံးဝနောက်ဆံ မတင်းစေရ။ အကောင်းဆုံးကတော့ သူမ ရွာပြန်မည်။ ရွာမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ဖြစ်သလို တည်ဆောက်တော့မည်။ ဘာပဲဖြစ်ဖြစ် အမေ့ရဲ့ရင်ခွင်မှာ တည်ငြိမ်အေးချမ်းမှုကို ရမှာမလွဲ။

ရွာကယူလာသည့်လွယ်အိတ်လေးထဲမှာ ရွာကပါလာသည့် ဝတ်စုံလေး (၃) စုံကိုပဲထည့်ပြီး ယွန်းစံမှီ ဒေါ်ခင်ထားလွင်ဆင်ထားသည့် ရွှေတို ရွှေစများအားလုံးကို ခေါင်းအုံးပေါ်မှာ ချွတ်တင်ထားခဲ့သည်။

ရွာပြန်ဖို့ကားဂိတ်သို့ သူမ မနက် (၅) နာရီမှာထွက်ခဲ့သည်။ အလင်းရောင်တွေ ဖျို့အာလာသည့် နံနက်ခင်းမှာ သူမတို့နေရသည့်ရပ်ကွက်ဟာ လိုင်းကားတွေ မဖြတ်သန်းကြတာမို့ ယွန်းစံမှီ ကားဂိတ်ကိုတွေ့လိုတွေ့ငြား လမ်းဘေးကပ်ခါ လျှောက်လာမိသည်။

သူမကလည်း လမ်းတွေ၊ ဘာတွေ သိပ်သိတာမဟုတ်။ မြို့ထဲသို့ (၂) ခေါက်၊ (၃) ခေါက် ထွက်ဖူးတာကလည်း ဒေါ်ခင်ထားလွင်၏ ကိုယ်ပိုင်ကားနှင့်။

အင်းယားလမ်းသွယ်မှထွက်ပြီး လမ်းမကြီးပေါ်သို့ သူမ တက်မလို ဟန်ပြင်တုန်း အရှိန်နှင့်မောင်းလာသည့် ကားတစ်စီး က ဝင်တိုက်သွားလေရော။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာလေသလားလို့ပင် ယွန်းစံမှီ ယူဆလိုက်ပါသည်။





လူက ပူထူနေသဖြင့် ကြိုးထနေသော်လည်းမရ။ သူ့ကို တိုက်သည့်ကား တော်တော်လှမ်းလှမ်းမှရပ်ပြီး နောက်ကြောင်းပြန်ဆုတ်လာတာလည်း သူမ မမြင်။ နံနက်စောစောစီးစီး လူရှင်းအားရှင်းနေတာမို့ ထွက်ပြေးလည်း သူမ ပြဿနာရှာမှာမဟုတ်။

လောကကြီးရေ ... ဖြစ်ချင်တာသာဖြစ်ပေတော့။ ဖြစ်ချင်တိုင်းသာဖြစ်နေပေတော့။

သူမ လွယ်အိတ်ကလေး ဝေးဝေးသို့ လွင့်ကျသွားလေသလား။ လိုက်ကောက်မလို့ နေရာမှ ကြိုးထနေလည်း လူက ထလို့ ကြွလို့မရ။

သူမအနားသို့ မိန်းမချောလေးတစ်ယောက် ရောက်လာပြီး ပြုံးပြုံးပြာပြာနှင့်။

"ဘာဖြစ်သွားလဲ ညီမ ... ထနိုင်ရဲ့လား၊ ဘွားဘွားသွားတက်မလို့ အမြန်မောင်းလိုက်မိတာ၊ ထ ထ ... မမဆေးခန်းပို့ပေးမယ်နော်၊ တော်ကြာ လူတွေဝိုင်းလာရင် ပြဿနာတက်နေမယ်၊ ဟိုလေ မမက ပြဿနာမရှုပ်စေချင်တာပါ၊ ညီမ ကိစ္စတွေ အကုန်လုံး တာဝန်ယူဖြေရှင်းပေးမယ်နော်"

"ရ ... ရပါတယ် မမ၊ ကျွန်မ ရွာပြန်မှာပါ၊ ကားဂိတ်သွားမှာ"

"မမ လိုက်ပို့ပါ့မယ်၊ ကဲ ညီမ ... ထကြည့်ပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



ထလို့ရရဲ့လား''

ကားက သူမကို ပွတ်တိုက်သွားခဲ့သေးရာ သူမ ဘယ်နေရာထိသွားသည်မသိပေမယ့် လူက ထလို့မရတော့။ ဟန်ဆောင်နေတယ်ထင်မှာစိုးလို့ သူမ လေးဖက်ထောက်ပြီး ကျိုးထလည်း မရ။ မျက်ရည်တွေသာ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ပေါင်ရင်းထဲမှာနာပြီး ခြေထောက်လည်း စုတ်သွားသလို လူကလည်း ဘယ်နေရာတွေမှ နာမှန်းမသိ။ အနာဆုံးကတော့ ရင်ဘတ်ထဲဆီမှ။ ကားတိုက်လို့မဟုတ်လောက်ပေမယ့် နာကျင်မှုတွေနှင့် နင့်သီးလာသည့်အခါ။ သူမ သတိလစ်ချင်ချင်။ ဖောင်ချွေးတွေပြန်လာစဉ် ကားထဲမှ လူတစ်ယောက်ပါ ထွက်ချလာပြီး သူမကို ကားပေါ်သို့ ပွေ့ချီတင်သွားခဲ့တာ ယွန်းစံမို မတားလိုက်နိုင်ပါ။



## အခန်း (၁၄)

ယခုတော့ ယွန်းစံမိုအဖြစ်က ခြေထောက်တစ်ချောင်းလုံး ကျောက်ပတ်တီးကိုင်ထားရသည့်အဖြစ်။ ဆေးခန်းမှာ ကျောက်ပတ်တီးကိုင်ပေးပြီး လူက မမချောဝတီရဲ့အိမ်မှာ သောင်တင်နေ ရသည့်အဖြစ်။ ရှာနှင့်တော့ ယွန်းစံမို အဆက်အသွယ်လုပ်ပါ ပြီး အမေနှင့်ဖုန်းပြောပေမယ့် သူမလိပ်စာကို ပေးမထား။ လိုကြာ ဒေါ်ခင်ထားလွှင် လိုက်နှောက်မှာစိုးလို့ပါ။

''ကျွန်မ အရမ်းအားနာတာပဲ မမရယ်၊ ကားနဲ့တိုက်မိ တာနဲ့ အခွင့်အရေးတွေ ယူနေတယ်လို့ထင်နေမှာလည်း စိုးပါတယ်''

ချောဝတီမှာ ဆရာဝန်မပေါက်စလေးပါ။ ယခုမှ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



စဝင်သူ။ အစိုးရအလုပ်မရသေးသဖြင့် ဆေးခန်းကြီးတစ်ခုမှာ အလုပ်ဝင်လုပ်နေသူ။ သဘောမနောကောင်းသူဖြစ်ရသည့်ကြား ထဲ သူ့ကားနှင့်တိုက်မိသူက သူ့ထက်ပိုပြီး သဘောကောင် အားနာနေလျှင် သူ့ဘို့ ပိုပြီး စေတနာရှိရပါသည်။ သူတို့ဆိုတ အိမ်မှာရှိသည့် ဘွားဘွားဒေါ်ယုဝတီနှင့် သူမပေါ့။ မြေးအဘွားန ယောက်ရယ်၊ အိပ်အကူဒေါ်ဆောင်းဦးရယ်။

''အားနာစရာမဟုတ်တာ ယွန်းရယ်၊ မမက ခုမှ တောင်သဘောကျနေသေးတယ်၊ ခုဆို ဘွားဘွားအတွက် မ နောက်ဆံမတင်းရတော့ဘူး၊ ဘွားဘွားအနားမှာ ယွန်းရှိနေတ လေ၊ ဘွားဘွားခမျာ စကားပြောဖော်မရှိ ဘာမရှိနဲ့ တစ်ယော တည်းနေရတာကြာပြီလေ''

သူမရဲ့ အနားမှာရှိနေသည့် အဘွားကလည်း ပျာ သလဲ ထောက်ခံသည်။

''ဟုတ်တယ် . . . ဟုတ်တယ်၊ အစက အဘွားတ ယောက်တည်း အထီးကျန်နေရတာ၊ မဆောင်းကလည်း အလုပ်နဲ့သူ၊ မြေးကလည်း သူ့ဆေးရုံသူသွားနဲ့ အခုကျ အဘွ မှာ စကားပြောဖော် တိုးတိုးဖော်ရသွားပြီ၊ အဘွားက ဆ တောင်းကောင်းယို့သာ၊ သမီးကို အကြာကြီး ကျောက်ပတ် မဖြည်ဘဲ ထားချင်တာ''





''ဟာ အဘွားကလည်း ယွန်း လူပိုကြီးတော့ မဖြစ်ချင် ဘူး၊ ရောက်လေရာနေရာမှာ အသုံးဝင်တဲ့လူပဲ ဖြစ်ချင်ပါ တယ်''

''အေးပါ . . . နေကောင်းသွားရင်သာ အဘွားနဲ့နေပေး၊ အဘွားမြေးက ရေရာတာမဟုတ်ဘူး၊ သူ့မိဘတွေနောက်ပဲ လိုက်မလား၊ ယောက်ျားပဲ ယူမလား၊ မသိပါဘူးအေ၊ အဘွားမှာ ချင်တာမမနဲ့ နေရတာပါ''

ချောဝတီမှာ ရယ်ကျဲကျဲနှင့်။ ဖေဖေနှင့်မေမေကလည်း နှုန်မှ လှမ်းခေါ်နေသလို ချစ်သူ ကိုကလည်း စင်ကာပူမှ လှမ်းခေါ်သည်။ ချောဝတီမှာ ကျောင်းပြီးခါစမို့ အနားယူရင်း အဘွားအနားမှာ နေပေးနေပေမယ့် သူမ တစ်ဖက်ဖက်သို့ ပါ သွားရတော့မှာ အသေအချာ။

ယခု ကံကောင်းလို့ သဘောကောင်း၊ မနောကောင်း သေးတစ်ယောက်ကို ကားနှင့်တိုက်မိပြီး အိမ်ခေါ်လာခွင့်ရတာ။

ယွန်းစံမိုဟာ ခြေထောက်ကျောက်ပတ်တီးကိုင်ထားရ သည့်ကြားထဲ လက်နှစ်ဖက်နှင့် လုပ်လို့ရတာ အကုန်လုပ်ပေး သည်။ အအားမနေတတ်ရှာ။

စကားကျတော့လည်း ပီယဝါစာ ချစ်စဖွယ်သောစကား ဆိုတတ်ပါဘိ။ မြို့သူအချို့လို အပေါ်ယံစကားတွေမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှ စေတနာအတိုင်း ဖြူစင်သောစကားလုံးလေး ဆိုဟာ ချောဝတီတို့မြေးအဘွားဟာ ပညာရှိမို့ သိပါသည်။

ရေစက်ဆုံလို့ ကြုံလာရသည့် ယွန်းစံမှီလေးကို သူ မြေးအဘွားကတော့ သံယောဇဉ်တွယ်မိလိုက်သည်သာ။

✹

ကျောက်ပတ်တီးဖြည်ပြီးသည့်ခါမှာတော့ ယွန်းစံမှီ ချောဝတီတို့ မြေးအဘွားအတွက် မရှိမဖြစ်ဆိုသလို အရေးပါ ပေပြီ။ ဒေါ်ဆောင်းဦးက လူကြီး၊ အသက် (၆၀) ကျော် ဝဝမို့ အလုပ်အကိုင် ခပ်နှေးနှေး။ သည်တော့ ယွန်းစံမှီ အင်္ဂါမှာအခရာ။

သူမကို အိမ်အကူတစ်ယောက်လို သဘောမထား ကိုယ့်သွေးရင်း သားရင်းလို သဘောထားကြလေသည်။

ခုရှုတ်မှနောင်ရှင်း ယွန်းစံမှီကလည်း သူမရဲ့အဖြစ် တွေကို အစမှအဆုံးထိ မမချောဝတီနှင့် အဘွားကိုရှင်းပြ သည်။ မမချောဝတီက ရင်ဘတ်စည်တီးနှင့် –

"အောင်မယ်လေး ယွန်းရယ်၊ နင် အစကတည်း ပြောသွားရမှာ၊ အစကတည်းကဆို အခုရေးပေါ်သနွှေတာ





တတ် တိုက်လို့ရတယ်၊ ခုကျ ကျောက်ပတ်တီးဖြေပြီးမှပြောတော့ တစ်လခွဲကျော်သွားပြီလေ၊ နေစမ်းပါဦး ... ပြီးခဲ့တဲ့လက ဓမ္မတာ ရော လာရဲ့လား"

"အင်"

ယွန်းစံမှီ ပြန်ပြီးစဉ်းစားကြည့်လိုက်သည်။ ကျောက်ပတ် တီးစည်းထားတာနှင့် စိတ်ရှုပ်ပြီး ကိုယ့်ကိုယ်ကို အမေ့မေ့ အလျော့လျော့။

"မလာဘူး မမ၊ ဒါပေမဲ့လေ ယွန်းက တစ်ခါတလေ ရာသီထိန်တတ်ပါတယ်"

"အောင်မယ်လေး ... အောင်မယ်လေး၊ ခါတိုင်းက ကိစ္စမရှိဘူး၊ အခုက ကိစ္စရှိတယ်လေ မမရဲ့၊ ဟင်း ... ညီမမှာ သာ တစ်ခုခု အဖတ်တင် ကျန်ခဲ့ကြည့်ပါလား၊ မမကိုယ်တိုင် အဲဒီ့ဆရာဝန်ကို သွားပြီး တရားစွဲပစ်လိုက်မယ်၊ မှတ်ထား"

ချောဝတီ ဒေါ်နှင့်မောနှင့် ပြောနေပုံလေးဟာ ယွန်း အတွက် ကရုဏာသက်လွန်းလို့ပါ။ ဒေါက်တာနေရဲမာန်ဆိုတာ သူမ ကြားဖူးပါသည်။ သဘောကောင်းပေမယ့် မျက်နှာကြော တင်းသည့် ဆရာဝန်တဲ့၊ တော်လည်း တော်ပါသည်။

"ဟင်း ... ယွန်းသာ ခုလို ခွေမဲ့မျိုးမဲ့ ရိုးရိုးအအလေး ဟုတ်ဘဲ ဂုဏ်သရေရှိ မိန်းကလေးတစ်ယောက် ဖြစ်ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား၊ သင်း ... ဒီလို ပစ်စလက်ခတ်လုပ်လို့ရမလား။ မီးပွ
သွားမှာပေါ့''

''မမရယ် ဒါ ဆရာ့အပြစ်မဟုတ်ပါဘူး။ ဒေါ်ခင်ထ
လွင်ရဲ့အပြစ်ပါ။ သူက ယွန်းကို ချုကျွေးထားဟာလေ၊ အဲဒီ
က ဆရာကလည်း ဆေးရှိန်နဲ့အိပ်ပျော်နေတယ်၊ ယွန်းကလည်
သူရိုက်လိုက်လို့ စားပွဲစွန်းနဲ့ဆောင့်မိပြီး သတိမေ့သွားခဲ့တော့''

''အို ... အိပ်ပျော်တဲ့လူကလည်း သူများသားသမီး
စော်ကားဟတ်သလား၊ မသိဘူးဆိုတာ ဟုတ်ကိုမဟုတ်ဘူး''

''ဆရာက အိပ်မက်မက်ရင်း မသိစိတ်နဲ့ နိုးတတ်သူ
မမ၊ ဒီလိုပဲ သူ ငယ်ငယ်ကတည်းက အိပ်မက်မက်ရင်း လမ်း
လျှောက်တာတို့၊ ရေထသောက်တာတို့ဟာ ဖြစ်တတ်တယ်တဲ့''

''အို ... မမတော့ မယုံပါဘူး၊ ဒီကိစ္စကြီးက လွယ်
မှ မဟုတ်တာ၊ အိပ်မက်နဲ့ရောချလို့ ဘယ်ဖြစ်မလဲ၊ နေစမ်းပါ
ယွန်းကရော ဒေါက်တာ့အတွက်ဆို အသေအလဲ ကာကွယ်
နေတာ ဘာသဘောလဲ၊ ယွန်းကို ဆင်းရဲလို့ဆိုပြီး မတူမတ
သဘောထားနေတာဆိုရင်လည်း မမတို့ညီမကို အဆင့်မြင့်
မယ်၊ ယွန်းကို မမတို့ လုပ်ငန်းတစ်ခုခု ထူထောင်ပေးမ
ယွန်းအရည်အချင်းနဲ့ ဆက်ပြီး ကြီးပွားအောင် ကြိုးစား။ ညီမ
ရုပ်ရည်ရှိတယ်၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်တယ်၊ အရော





အဝယ်တစ်ခုခုလုပ်ရင် ကြီးပွားနိုင်တယ်၊ ဒီဒေါက်တာ ညီမကို
ဆက်ကိုထပ်စေရမယ်''

ချောဝတီ၊ ယွန်းရဲ့အခန်းထဲမှာ စိမ်ချက်တွေ ဆွဲနေတာ
ည (၁၀) နာရီလောက်ရှိနေပြီ။ ယွန်းကတော့ ဆရာ့ဘက်မှ
ကာကွယ်မြဲ။

''မမရယ် ... အိမ်ထောင်ရေးဆိုတာ မလွယ်ပါဘူး၊
ဆရာ မနှစ်သက်ဘဲနဲ့ ယွန်း ဘာမှ တာဝန်မပေးချင်ပါဘူး''

''အောင်မယ် ... သဘောမကောင်းရမယ့်နေရာမှာ
သဘောကောင်းနေတယ်၊ မနက်ဖြန် ဆီးစစ်ကြည့်လို့ အဖြေပေါ်ရင်
မနဲ့ဒီဒေါက်တာနဲ့ တွေ့ပြီသာမှတ်၊ ယောက်ျားဖြစ်ပြီး တာဝန်
ရှောင်ချင်လို့ ဘယ်ရမလဲ၊ ဒါထက် နေစမ်းပါဦး ... အဲဒီညတုန်း
က ညီမကရော တစ်ညလုံး သတိလစ်နေပြီး သူလုပ်သမျှ ဘာမှ
မသိလိုက်ဘူးတဲ့လား''

ချောဝတီမှာ သူ့ကိုယ်သူ ဟရားခွင်မှ တရားသူကြီး
တစ်ယောက်လို တစ်တစ်ခွခွတွေ စစ်မေးနေလျှင် ယွန်းမှာ ရှက်
သွေးတို့နှင့် ရဲရဲနီလို့။

''အာ ... မမကလည်း ယွန်းနိုးတော့ ဆရာနဲ့ယွန်း
ဘော်ဇောကြီးပေါ်မှာ မွေ့နှစ်ကောင်လို ဖြစ်နေပြီ''

ထစ်ထစ်အအနှင့် ယွန်းစံမီ ပြောနေလျှင် ချောဝတီ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ သိချင်စိတ်ဖြင့် အရောင်တွေတောက်လို့။ ယွန်း
မမချောဝတီကို မျက်စောင်းထိုးရင်း ရှူးမှူ ရှူးမှူ။

''အဲဒီမမကို ဘာတွေမေးနေမှန်းမသိဘူး။ အဘွား
တိုင်ပြောမယ်၊ အပျိုလေးတန်မဲ့''

''ဟဲ့ ငါက အပျိုလေးပေမယ့် ဆရာဝန်ဟဲ့၊ မွှေးခင်း
ချက်တွေလည်း သင်ရတယ်၊ ဟိုအမှု ဒီအမှုတွေလည်း သင်
တယ်၊ မမြင်ဝံ့ဆေးသမား၊ မကြားဝံ့ရတာလည်း ဆေးသမား
အဲဒီတော့ ငါအကုန်သိ၊ အကုန်တတ်တယ်၊ ပြောစမ်း မြွေ
ကောင်လို လုံးထွေးနေတော့ နင်က အပေါ်ကလား သူက အပေါ်
ကလား''

ချောဝတီ နောက်နေသလားလို့ ယွန်း မျက်လုံးပြူးကြည့်
တော့ သူမက ခပ်တည်တည်။ ယွန်း ရှက်ရှက်နှင့် မမချောဝတီ
ကို အခန်းပြင်သို့ တွန်းထုတ်တော့ တွန်းထုတ်နေသည့်ကြားမှ
ယက်ကန်ယက်ကန်နှင့် မှတ်ချက်ချတော့၏။

''နင်က အပေါ်ကဆိုရင်တော့ ဟရားခံဟာ နင် ဖြ
သွားလိမ့်မယ်၊ ဟရားရုံးကျရင် ကျွန်ုပ်က အောက်ကပါ
ပြောနော်''

တတ်လည်းတတ်နိုင်တဲ့ မမချောဝတီပါပဲ။

✹ ✹ ✹



## အခန်း (၁၅)

ပြဿနာကတော့ မိုးမီးလောင်တာထက်ဆိုးသည်။ ဆီး
စစ်ကြည့်လိုက်လျှင် ယွန်းစံမှီမှာ ကိုယ်ဝန်ရှိနေပေပြီ။ သူမမှာ
မျက်ရည်နှင့် မျက်ခွက်။ ချောဝတီကတော့ ဒေါက်တာနေရဲမာန်
ဆီသွားတွေ့မည် တကဲကဲ။ ဒေါ်သူပုန်တွေသနေလိုက်တာ။

အဘွားတစ်ယောက်ပဲ အခြေအနေကို တွေးတွေးဆဆ
နှင့် ရှိသည်။

''ရမ်းမလုပ်နဲ့မြေးရဲ့၊ ဒီပြဿနာက ညင်ညင်သာသာ
ကိုင်တွယ်မှရမှာ၊ အကြမ်းလုပ်လို့မဖြစ်ဘူး''

''ဘာလို့မဖြစ်ရမှာလဲ ဘွားရဲ့၊ ချောတို့ ယွန်းနောက်မှာ
ရပ်တည်ပေးကြမယ်လေ၊ ယွန်းကို လုပ်ငန်းတစ်ခုတည်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ကြမယ်''

''ဘာပဲဖြစ်ဖြစ် အောင်မြင်ဖို့သာအဓိက မဟုတ်လား မြေးရဲ့၊ တစ်ဆင့်ချင်း စီစဉ်ကြတာပေါ့''

''ဟာ ... ဘွားကလည်း တစ်ဆင့်ချင်းစီစဉ်နေလို့ ယွန်း ဗိုက်က နေမလား၊ တော်ကြာထွက်လာမှာ''

''ထွက် ထွက်ပေါ့ သမီးရယ်၊ သူ့ကိစ္စ သူ မှတ်မိမှာပါ၊ ကိုယ့်ဘက်ကတော့ သူလက်ခံနိုင်တဲ့အနေအထားလေးဖြစ်အောင် မြှင့်တင်ပေးကြစို့''

''ဘွားကလည်း တော်ကြာ သူက မိန်းမတွေ ဘာတွေ ယူသွားရင်ရော၊ ဒီက ငုပ်တုတ်မေ့ကျန်ခဲ့ရမှာလေ''

''အဲဒီတော့လည်း သူ့လက်ထပ်မယ့်မိန်းကလေးကို ဘွားတို့ လုမ်းပြီးဆွေးနွေးရမှာပေါ့''

''ဟာ ... ဘွားစီမံကိန်းကြီး စိတ်မရှည်ပါဘူး၊ ချောက နောက်ထပ်အစီအစဉ်တွေရှိသေးတာနော်၊ ချောမသွားခင် ဒီ ပြဿနာကို ရှင်းပစ်လိုက်ချင်တာ၊ ချောကတော့ တုံးဆိုတိုက် ကျားဆိုကိုက်ပဲ''

''ဩော် မြေးရယ် ... ရေဘူးပေါက်ဘာထက် ရေပါလာ ရင်ပြီးရော မဟုတ်လား''

''တော်ပြီ တော်ပြီ ... ဘွားစကားတွေ နားကြားပြင်း





ဘပ်လာပြီ၊ သမီးကတော့ ဒီဆရာဝန်ကို မျက်နှာချင်းဆိုင်တွေ့ပြီး မေးပစ်လိုက်ချင်တာ''

''ဒါထက် ယွန်း ... ဒေါ်ခင်ထားလွင် လက်ထဲမှာရှိတဲ့ ဓာတ်ပုံတွေနဲ့ ဗီဒီယိုအခွေဆိုတာတွေရော သူ့လက်ထဲမှာကူးထား တာရှိလား၊ ဒေါ်ခင်ထားလွင်နဲ့ ဆက်သွယ်ရရင် ဘယ့်နှယ်လဲ''

''မမချောရယ် ... ယွန်းကတော့ ယောက်ျားတစ် ယောက်ကို ကျော့ကွင်းထောင်ပြီး ဖမ်းရတဲ့အလုပ်မျိုး မလုပ်ချင် ပါဘူး''

''ဟဲ့ ... နင်က မလုပ်ချင်ပေမယ့် ဒီကဗိုက်က နေမှာ မဟုတ်ဘူး၊ တဖြည်းဖြည်း ပူလာမှာ''

ချောဝတီစကားကြောင့် ယွန်း မျက်ရည်တွေကျလာပြီး ညင်သာတိုးညင်းသောအသံနှင့် တောင်းပန်လိုက်သည်။

''အဲဒီအတွက် မမနဲ့ဘွားတို့ ပြဿနာမတက်စေရပါဘူး ရှင်၊ ယွန်း ရွာကိုပြန်ပြီးနေမှာပါ၊ မေမေ့ကို အမှန်အတိုင်းပြောပြ ပြီး ယွန်း ရွာမှာပဲပြန်ပြီး ကလေးမွေးပါ့မယ်ရှင်''

သည်တော့မှ ချောနှင့်ဘွားတို့ ပျာပျာသလဲ ငြင်းချက် ထုတ်ကြသည်။

''အို ... ဘွားတို့က ဘွားတို့အတွက်ပြောနေကြတာ မဟုတ်ပါဘူး၊ သမီးရှိတာ အိမ်မှာအားကိုးရပါတယ်၊ ချောက



www.burmeseclassic.com

www.burmeseclassic.com



လည်း မကြာခင် မိဘတွေရှိတဲ့ ဂျပန်ကို လိုက်သွားမှာ၊ ဘာမှ မပူနဲ့၊ ဘွားရှိတယ်၊ သမီးကို ဘွားမွေးမှာ၊ လုပ်ငန်းတစ်ခုခုလည်း ထူထောင်ပေးမယ်၊ ကိုယ်ဝန်ကတော့ ယောကျာ်းနဲ့ကွဲနေတယ်လို့ ပဲ သတင်းလွှင့်ပေးမှာပေါ့၊ ဘွားနဲ့ပဲနေ''

ဘွားက ဆုံးဖြတ်ချက်ချပေးသလို ချောဝတီကလည်း သူပြင်ထားသည့်လက်နက်ကြီးများကို လျှော့ချလိုက်ပါသည်။

''ယွန်းရယ် ... မမချောက ညီမအတွက် မခံမရပ်နိုင်လို့ ပြောမိတာပါ၊ ညီမ မကြိုက်ရင် မပြောတော့ဘူးနော်၊ အိမ်မှာ ဒေါ်ဆောင်းကလည်း အိုကြီးအိုမ၊ ဘွားအတွက် ဘုရားပေးတဲ့ သမီးလေး၊ မြေးလေးဆိုပြီး ဖေဖေတို့ မေမေတို့ကအစ ဝမ်းသာ ပေးနေကြတာ၊ ယွန်း ဘယ်ကိုမှ ထွက်မသွားနဲ့နော်၊ ဘွားရဲ့ အုပ်ထိန်းမှုအောက်မှာပဲ အဆင်ပြေအောင်နေ''

သူမအပေါ် မိသားစုလို ကောင်းမွန်ကြသည့် ဘွားနှင့် မမချောဝတီအား ယွန်း လက်အုပ်ချီကန်တော့ရင်း ငိုရှိုက်မိတာ ဝမ်းသာကြည်နူးလို့ပါလေ။

✹ ✹ ✹



## အခန်း (၁၆)

ချောဝတီ။

ဒေါက်တာမချောချောလေး။ အသက် (၂၅) လောက် ယ့် လူက ရွှေရေးပန်းဆက်လာခဲ့ရသဖြင့် နုနုဖတ်ဖတ်။ ည်ကြားထဲ ပြည့်စုံကြွယ်ဝသူမို့ အရာရာ လှပနေကြသလား း။

နိုင်ငံခြားမထွက်ခင် သူငယ်ချင်းဝင်သည့်ဆေးခန်းမှာပဲ ည်း လိုက်ဝင်ထားသည်။ နောက် သူငယ်ချင်းတစ်ယောက် ဆပ်မံချိတ်ဆက်လိုက်တော့ ဒေါက်တာ နေရဲမာန် ထိုင်သည့် ခန်းမှာ သူမ အလုပ်ပြောင်းဝင်လို့ ရသွားသည်။

ဘဝဟာ မလေးနက်လို့ မဟုတ်ပေမယ့် ချောဝတီ

www.burmeseclassic.com



အတွက်တော့ ဘဝဟာ ပန်းခင်းလမ်းပါပဲ။ မိဘနှင့်အဘွားက သူမရဲ့လမ်းတစ်လျှောက် ပန်းမွှေ့ရာ ရွှေကော်ဇော်ဖြစ်စေခဲ့သည်။

သို့သော် သူမဟာ ပေါ့ပေါ့နေ ပေါ့ပေါ့စားလေး တစ်ယောက်တော့မဟုတ်ပါ။

ဉာဏ်ရည်မြင့်မားသူတွေမှ တက်ခွင့်ရသည့် ဆေး တက္ကသိုလ်မှာလည်း သူမဟာ ထူးချွန်ထက်မြက်သူဖြစ်အောင် ကြိုးစားခဲ့ပါသည်။

နောက် သူမမှာ ဖြူစင်မြင့်မြတ်သည့် နှလုံးသားရှိသည်။

ကိုယ်က ချမ်းသာပြည့်စုံနေပေမယ့် အခြေခံလူတန်းစားတွေ၊ လုပ်သားပြည်သူတွေ ဆင်းရဲတွင်းနက်နေတာ၊ အနာရောဂါထူပြောနေတာ၊ အကူအညီလိုအပ်နေတာတွေ သူမမြင်နေရပါသည်။

ဘယ်သူပဲဖြစ်ဖြစ် မျက်စိကို အတင်းမှိတ်ထားလျှင်သာ မမြင်ရှိမည်။ လူသားဆန်သည့် နှလုံးသားရှိသူမှန်သမျှ ပြည်သူတွေ ဆင်းရဲနေတာ၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေတာ မြင်မှာမလွဲ။

သည်တော့ ချောဝတီ ကိုယ့်နိုင်ငံသားတွေကို ကိုယ်တတ်စွမ်းသမျှ ကူညီချင်သည်။ မိဘတွေရှိရာ ဂျပန်သို့ လိုက်သွားမည်ဆိုတာ ပညာဆက်သင်ချင်လို့ပါ။





ဒီမှာ ဝန်ထမ်းအလုပ်ရအောင် ကြိုးစားပြီး နှစ်အကန့်အသတ်ရှိမှ နိုင်ငံခြားထွက်ရမည်ဆိုလျှင် အသက်တွေကြီးသွားပေမည်။ မိဘကလည်း တတ်နိုင်သူမို့ ကိုယ့်စရိတ်နှင့်ပဲ ပညာဆက်သင်လိုက်ဦးမည်။

ပြီးမှ ချစ်သူကိုကိုကိုပါ ပြန်ခေါ်ပြီး မြန်မာနိုင်ငံမှာ ပုဂ္ဂလိက ဆေးခန်းဖွင့်မည်။ သူ့ဆေးခန်းဟာ ငွေအသပြာကို ရှေ့တန်းတင်သည့် စီးပွား ရေးဆေးခန်းမဖြစ်စေရ။

အကူအညီလိုအပ်သူ၊ ဆင်းရဲဒုက္ခရောက်သူများကို စာနာမှုကူပေးသည့်စနစ်လည်း ရှိရမည်။

သူမရဲ့စိမ်းကိန်းထဲမှာ ဘွားကလည်း တစ်တပ်တအားပါသည်တဲ့။

အင်း ... သူမ နိုင်ငံခြားမထွက်ခင် ဒေါက်တာနေရဲ ခန့်ကို ခပ်စပ်စပ် တိုက်ခိုက်ပစ်ခဲ့ရမည်။ အနည်းဆုံး သူ့ကိစ္စသူ သိမ်မိနေဖို့၊ အသိအမှတ်ပြုနေဖို့ ဆောင်ရွက်ရမည်။

ကိုယ့်စီမံချက်နှင့်ကိုယ်၊ သည်နေ့ ချောဝတီ ဒေါက်တာ နေရဲမာန်ထိုင်သည့် ဆေးခန်းတစ်ခုမှာ အလုပ်စတင်ဝင်ရမည် ပေါ့။

ဆရာဝန်မို့ ယူနီဖောင်းမလိုပါ။ ဣန္ဒြေရသည့်ဝတ်စုံ ဝတ်နေဖို့သာလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောဝတီ ပန်းခရမ်းရောင်ပိုးသားအီအိဝက်စုံလေး ရွေးချယ်ပြီး ဝတ်ဆင်ခဲ့သည်။ သူမရဲ့ကိုယ်လုံးလှလှလေးနှင့် ဆိုတော့ မြင်သူတကာ ငေးသွားမှာမလွဲ။

ယွန်းက သူ့မမအတွက် လိုအပ်တာတွေ ကူညီရင်း ရင်သပ်ရှုမော။

"လှလိုက်တာ မမရယ်၊ မမရဲ့ချစ်သူက မမကို အရမ်း ချစ်မြတ်နိုးမှာပဲနော်"

ချောဝတီ မှန်ကြည့်ပြီး ရှေ့နောက်လှည့်နေရမှ ယွန်း ချစ်မျက်စောင်းလေး ထိုးလိုက်သည်။

"ငါလှတာ နင့်ခြေဖျားတောင်မမီဘူး၊ နင်က ကိုယ် အလှကိုယ် မမြင်ဘဲ တောသားမြို့ရောက် ၃ံစံနဲ့ ပါးစပ်အဟောင်း သား ငေးပြမနေစမ်းနဲ့"

"ဟာ မမရယ် ... မပြောကောင်း မနိူင်းကောင်းတာ ယွန်းကို ငရဲကြီးမယ့်စကားတွေ မပြောပါနဲ့ မမရယ်၊ မမလှတာ က အဆင့်အတန်းမြင့်ပြီး အထက်တန်းကျကျလှတာ၊ ဟိုငေ ဘာခေါ်မလဲ၊ မဟာ ... အဲ ... မဟာဆန်တဲ့အလှ"

"ငါ ဒီလောက်မလှပါဘူး ယွန်းရယ်၊ နင်ကမှ လှတာ ကြည့်နေ ... ငါ နင့်ကို သူ့ဆီမှာ ဗိုက်အပ်ပြမယ်"

"ဟာ ... မမကလည်း သူက အိုဂျီမှမဟုတ်တာ ...ပ်ဆရာဝန်ပဲ"

"မဟုတ် ဟုတ်ဟုတ် ငါ သူ့ဆီမှာကို ရအောင်အပ် ...ယ် သူနဲ့ဆိုင်တဲ့ရောဂါတစ်ခုခု ရှာဖွေပြီး ကုမယ်ဟာ"

"မလုပ်ပါနဲ့ မမဝတီရယ်၊ ယွန်း ရှိုကြီးခိုးပါရဲ့နော်၊ ...န်း ဆရာ့ကို ကြောက်လွန်းလို့ပါ"

"ဘာကြောက်စရာရှိလဲ၊ ကိုယ်က အပြစ်သားတစ် ...ာက်မှ မဟုတ်တာ၊ သူကသာ နင့်ကို ကြောက်ရမှာ၊ သူက ...စ်ရှိသူလေ"

"ဟင့်အင်း ... ယွန်းကြောက်တယ်၊ ယွန်း မလိုက်ရဲပါ ...း မမဝတီရယ်"

"ကဲ ... အခုလည်း ခေါ်မသွားသေးပါဘူး၊ လူက ...ည်း ဒီလောက်တောင် သတ္တိကောင်းရသလား၊ ဒါဆိုလည်း ...ာ်ဆွေ အိုဂျီတစ်ယောက်ဆီမှာ ဗိုက်အပ်မယ်ဟာ၊ အဖေ ...ည်မှာ ဒေါက်တာနေရဲမာန်ပေါ့"

"ဒုက္ခပါပဲ မမရယ်၊ ဆရာ့ကို ဘဝပျက်အောင် မနှောင့် ...ာ်ပါနဲ့ မမဝတီရယ်၊ ဆရာ သူ့အသိုင်းအဝိုင်းမှာ သိက္ခာကျ ... ဆရာ ဘယ်ရပ်တည်လို့ ရတော့မလဲ"

"သိက္ခာကျကျပေါ့ ယွန်းရဲ့၊ နင်ဟာလေ ကိုယ့်အတွက် ...ကြည့်ဘဲ သူ့အတွက်ပဲ ကြည့်ရသလား၊ နင် သူ့ကို







www.burmeseclassic.com

www.burmeseclassic.com



ချစ်များနေသလား မိယွန်းရယ်''

''ချစ်လို့မဟုတ်ပါဘူး မမဝတီရယ်၊ ဒါပေမဲ့ ဆရာ
ယွန်းရဲ့ကျေးဇူးရှင်ပါ၊ စိတ်ကောင်းလည်း ရှိရှာပါတယ်''

''တော် တော် ...နင့်ရိုးတိုင်း အ,တိုင်း သူ့ရိုး
မားရိုးကမ်းတဲ့စကားတွေ ပြောမနေနဲ့၊ ကဲ ...နောက်မှစဉ်း
မယ်၊ ငါသွားပြီ''

ချောဝတီ ကားနှင့် ဆေးခန်းသို့ ထွက်သွားတော့
ယွန်းနှင့် ဒေါ်ယုဟ်တို့ စကားဆက်ပြောကျန်ခဲ့ကြလေသည်

✲ ✲ ✲



## အခန်း (၁၇)

''ဟော ...ဆရာဆင်းလာပြီ''

''ဒါဒါ ...ဘယ်သူလဲ''

''ဒေါက်တာနေရဲမာန်လေ''

ချောဝတီတို့ ဆရာဝန်ပေါက်စတွေရဲ့အလုပ်က ဆရာ
ကြီးတွေ ခွဲစိပ်ကုသပြီးသည့်လူနာတွေကို ကြည့်ရှုစောင့်ရှောက်
ခြင်းနှင့် ဆရာဝန်ကြီးတွေကို ကူညီရခြင်းပါ။

ဆေးခန်းရှေ့သို့ ကားတစ်စီးထိုးရပ်လာပြီး ခပ်ချောချော
ညသန့်သန့်ဆရာဝန်တစ်ယောက် ထွက်လာလျှင် ကျန်လူ
ကာ လှုပ်လှုပ်ခတ်ခတ်နှင့် ထီးဆွဲခါပြေးကြိုကြသည်။

ဒေါက်တာနေရဲမာန်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယွန်း ကြွေမည်ဆိုလည်း ကြွေလောက်ပါရဲ့။ တစ်ကိုယ်… လုံး ရှင်းသန့်နေပြီး စတိုင်လ်ကအစ ခပ်မိမိ။

ချောဝတီဂါတော့ ခပ်တည်တည်ပဲ ထိုင်ကြည့်နေလိုက်… သည်။ သို့သော် ကိုယ့်ကို သူသိအောင် ငြိအောင်တော့ လုပ်ရ… မည်။

အချိန်ကလည်း သိပ်မရှိတော့တာမို့ ချစ်အောင်လုပ်… ထက် မုန်းအောင်လုပ်ဖို့ပဲ စဉ်းစားရသည်။ ဒါမှ ယွန်းနှင့်ကိစ္စ… သူ သတိရအောင် ပြောလို့ရမှာ။

အလုပ်ချိန်မှာ နှောင့်ယှက်လို့တော့ မကောင်း။ … အချိန်ကလည်း ရှားပါဘိ။ အထူးကုဆရာဝန်ကြီးများ… အသက်တောင် ရှူအားကြရဲ့လားမသိ။ ဆေးရုံ ဆေးခန်းတွေ… ချိတ်ဆက်ထားပြီး ပြေးလွှားနေကြရတာ။

သို့သော် အဲဒီနေ့က ဒေါက်တာနေရဲမာန် ခွဲစိပ်ခန်း… တော့ ချောဝတီ နောက်မှလိုက်ဝင်ရအောင် ကြိုးစားသည်… သို့ပေမယ့် သိတဲ့အတိုင်း ခွဲစိပ်ခန်းဝင်တယ်ဆိုတာ အအုပ်… အစည်းတွေနဲ့လေ။ တစ်ယောက်ကိုတစ်ယောက် မြင်ရ… မဟုတ်။

ဆိုးလိုက်တာ။ သူဟာ ချောဝတီဆိုတဲ့ ဒေါက်တာမ… ဟာ ဖြူသလား ညိုသလားတောင် သိလိုက်မှာမဟုတ်။ နော…





…ကြီးစည်သေးတာပေါ့လေ။

✵

ဒေါက်တာနေရဲမာန်။

ည (၁၀) နာရီလောက်မှ အိမ်ပြန်ရတော့ လူက ယောင် …ချာ။ တစ်အိမ်လုံးမှာ တစ်ယောက်ထဲ။ ဒေါ်သီပြန်ရောက်နေပေ …ယ့် အိမ်ကခြောက်သွေ့လွန်းလှသည်။

ဒေါ်သီပြင်ပေးသည့် ထမင်းပွဲကို စားရတာလည်း ခြောက်ကပ်ကပ်။ အလို သူ ဘာတွေဖြစ်နေပါလိမ့်။

ထမင်းစားပြီး အိပ်ခန်းထဲရောက်တော့ သူ တီဗွီဖွင့်လိုက် သည်။ သူဖွင့်လိုက်သည့်လိုင်းက အမေရိကန်ကား။ မိန်းကလေး တစ်ယောက် အမွေကျင့်ခံရသည့်အခန်း။ သူ မကြည့်ရဲ။ သူ့ရဲ …ဘာကြောင်စွာနှင့် တီဗွီလှမ်းပိတ်မိသည်။

"ဟား"

အိပ်ရာပေါ် ပစ်လှဲလိုက်တော့ မျက်စိထဲမှာ မြင်ယောင် …တာ ယွန်းစံမို့။

မျက်နှာမွဲ မျက်နှာငယ်မလေး။ ဒေါ်ခင်ထားလွင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်နှတ်သားရယ်လို့ သူက ကြည့်မရပေမယ့် သူမကတော့ သူ့ကိုဆို ပျာလို့။ အိုဗာတွေရယ်လို့ သူ မုန်းခဲ့သည့်အက်ရှင်တွေကို ယခုကျ ပြန်လည်မြင်ယောင်၊ ထင်ယောင်။

သူ အမှတ်တမဲ့ပင် သိမ်းထားမိသည့် ဒိုင်ယာရီစာအုပ်ကြားမှ ယွန်းစံမှီ၏စာကို ပြန်ဖတ်ကြည့်မိပြန်သည်။

အလွန်းလို့ ဒေါ်ခင်ထားလွင်ခင်းတဲ့ဇာတ်မှာ ကိုယ့်ကိုယ်ကိုယ် သားကောင်မှန်းတောင် မသိရတဲ့ဘဝ၊ မသိရတဲ့အဖြစ်တဲ့။

သူဖန်တီးတဲ့ယဖ်မီးမှာ ကျွန်မလည်း သားကောင်ပါပဲလို့ ရှင်းပြခဲ့ပါတယ်ရှင်တဲ့။

ငါ ဒေါ်ခင်ထားလွင်ကိုပဲ အပြစ်တွေပုံချပြီး ခေါင်းရှောင်နေလို့ သင့်တော်ရဲ့လား။ သင့်တော်ပါ့မလား။

ဒီမိန်းမကြီးကတော့ သူပျော်သလိုနေမှာပဲ။ သူထင်သလိုနေမှာပဲ။ လူ့စိတ်မရှိတဲ့ မိန်းမကြီး။ ယွန်းစံမှီကို အရေးတောင်လုပ်မှာမဟုတ်။

ကောင်မလေး ရွာပြန်သွားပြီလား။ နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်တွေ ဘာတွေပါသွားရင်ရော။ သူမ ဘယ်လိုဖြေရှင်းမှာလဲ။

သူ ဒေါ်ခင်ထားလွင် ပေးခဲ့သည့်ဇာတ်ပုံတွေကို သိမှတ်မဲ့စွာ ကြည့်နေမိပြန်သည်။ သူက ဆိုဖာပေါ်မှာ အိပ်နေပြီး





ကောင်မလေးက သူ့ဗိုက်ပေါ်မှောက်လို့။ နေရဲမာန် စိတ်ထဲ ဒေါသတွေ ထွက်လာပြန်၏။

ဒါ ငါ့အပြစ်မဟုတ်ဘူး။ သူတို့ခင်းတဲ့ဇာတ်၊ ခွေးဇာတ်။ အင် ဒါဆို ငါလည်း ခွေးဖြစ်ရပြီလား။

ဒီမိယွန်းဟာ ဘာဖြစ်လို့ သူများခိုင်းတိုင်း လျှောက်လုပ်နေသလဲ။ ငါနဲ့အိပ်လိုက်ဆိုတာနဲ့ အိပ်လိုက်တာပဲလား။ အို ဒါ သူတို့အပြစ်။ ငါက အိပ်ပျော်နေတော့ အိပ်မက်မက်ရင်း ကျူးလွန်မိတာ။ ငါ့မှာအပြစ်မရှိဘူး။

သူ ဒေါ်ခင်ထားလွင်ပေးခဲ့သည့်ခွေကို ဖွင့်ကြည့်မိပြန်သည်။ အဖြေတစ်ခုထုတ်ချင်လို့ ကြည့်မိတာပေမယ့် မျက်နှာတွေရှုလိုက်တာ။ သူကြည့်ရင်း သတိထားမိလာတာ ကောင်မလေးဟာလည်း အိပ်ပျော်နေသလား၊ သတိလစ်နေသလား၊ တစ်ခုခု။ သူက မျက်စိမဖွင့်သလို ကောင်မလေးကလည်း မျက်စိမပွင့်။

ဟင် ... ဒါဆို ဒေါ်ခင်ထားလွင်ဟာ သူ့ကိုတင်မကယွန်းစံမှီကိုပါ တစ်ခုခုလုပ်ထားသလား။ ဆေးခတ်ထားသလား။

''အို ... ရှုပ်ပါတယ်၊ ရှင်းနေတဲ့ကိစ္စတစ်ခုကို ငါ အာရုံစိုက်လို့ အစဆွဲထုတ်နေတော့မလဲ၊ သူ့အကြောင်းနဲ့သူပဲလေ၊ ငါ့ကိစ္စ မဟုတ်ပါဘူး''

ကိုယ့်တရားကိုယ်ဖြတ်ပြီး နေရဲမာန် အိပ်ရာဝင်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ အိပ်မက်ဇတွထပ်မက်ရပြန်သည်။

အခန်းဆက်ဝတ္ထုရှည်ပမာ။ ကိုရီးယားကားပမာ အိပ်မက်ထဲမှာ ယွန်းစံမိုနှင့်သူ။ သည်တစ်ခါတော့ ယွန်းစံမိုက လုလုပပတွေ ဝတ်ထားသလို သူကလည်း အပျံစား။ ရုပ်ရှင်ထဲကလို ပင်လယ်ကမ်းခြေမှာ နှစ်ယောက်သား လျှောက်ပြေးနေကြရာမှ။

မောပန်းစွာလဲကျသွားတော့ သူနှင့်ယွန်းစံမို အဆုံးစွန်သော ကမ္ဘာသို့ ထပ်မံရောက်ရှိသွားကြပြန်သည်။ အိပ်မက်က ပိပိပြင်ပြင်။

သူ လန့်နိုးလာတော့ အိပ်ရာထဲမှာ သူတစ်ယောက်တည်း။ အိပ်မက်ရဲ့ အကျိုးဆက်အဖြစ် သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင်။

တစ်ခါကျူးလွန်မိခဲ့ပြီမို့ အိပ်မက်ထဲမှာ အခါခါ ကျူးလွန်နေရတာ။ သူ့ဟာရားရဲ့လား။ ဒီအိပ်မက်ဟာ သူ့ကို ဒဏ်ခတ်သည့်အိပ်မက်တွေ့လား။

ဒေါ်ခင်ထားလွင်ကို စိတ်ကုန်လွန်းလို့ အဆက်အသွယ်မလုပ်သလို ယွန်းစံမိုကိုလည်း သူ မဆက်သွယ် မရှာဖွေချင်တော့ပါ။ သူ့အိပ်ပျော်အောင်ကြိုးစားရင်း ကိုယ့်ဘဝကို အကောင်းဆုံး ဖန်တီးဖို့ ဆုံးဖြတ်လိုက်ရပါသည်။

✹ ✹ ✹



## အခန်း (၁၈)

ချောဝတီတို့မြေးအဘွားရဲ့အလုပ်က ယွန်းကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် မြေတောင်မြှောက်ပေးကြဖို့ ဖြစ်သည်။ သည်တော့ ယွန်းနှင့်ကိုက်ညီမည့် စတိုးဆိုင်တစ်ခု ဖွင့်ပေးလိုက်ကြသည်။

ယွန်းရဲ့ဆိုင်ဟာ အမျိုးသမီး၊ အမျိုးသား ဖက်ရှင်ဆိုင်လို တော်တော်စုံစုံလင်လင် တင်ထားပေးသည်။ မမချောဝတီက–

''ဘာမှမပူနဲ့၊ မမ အဆက်အသွယ်တွေ ချိတ်ပေးထားမယ်၊ နောက် မမရောက်ရာအရပ်ကလည်း ယွန်းဆိုင်အတွက် ဖက်ရှင်ပစ္စည်းတွေ ပို့ပေးမယ်၊ ခုတော့ . . . တစ်ယောက်တည်း ရောင်းကြည့်ဦး၊ နောက်ကျ အရောင်းစာရေးတွေ့ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ခန့်ပေါ့''

''ရပါတယ် မမရယ်၊ ယွန်းတစ်ယောက်တည်း နိုင်နင်းပါတယ်၊ အိမ်ဆိုင်သဘောမျိုးဆိုတော့ ဈေးထဲမှာ ဖွင့်သလို နေရာကောင်းမှာ ဖွင့်သလို လူတွေ ကြိတ်ကြိတ်တိုးမနေဘူးလေ''

ယွန်းဆိုင်ဟာ မမချောဝတီတို့တိုက်ရဲ့ အောက်ထပ်မှာ ဖွင့်ပေးထားတာ ဖြစ်သည်။ တကယ့် မားကက်အသေးလေးပေါ့။ အဘွားကလည်း ကူပြီးကြည့်ပေးသလို ဒေါ်ဆောင်းကလည်း သူ့အလုပ်ပြီးသည်နှင့် လာထိုင်ပေးသည်။ မမချောဝတီကတော့ သဘောတကျ။

''ခုမှ ဘွားရော ဒေါ်ဆောင်းပါ အလုပ်ရတော့တယ်၊ အရောင်းစာရေးနှစ်ယောက်ပေါ့လေ၊ အင်း ယွန်းရေ ...နင့် အရောင်းစာရေးနှစ်ယောက်ကို မျက်နှာကြောလျှော့ခိုင်းဦးနော်၊ တော်ကြာ တစ်နေ့လုံးနေလို့မှ ဈေးဦးမပေါက်ဘဲ ရှိနေဦးမယ်''

''မမရယ် ... မမပြောသလောက်လည်း မဟုတ်ပါဘူး။ ဘွားနဲ့ ဒေါ်လေးဆောင်းမှာလည်း မိတ်ရှိတယ်လေ၊ သူတို့ရပ်ကွက်ထဲမှာ သူတို့မျက်နှာနဲ့ လာဝယ်တဲ့ပွဲတွေလည်း ရှိတာပေါ့''

''အေးပါ ... အေးပါ၊ ငါသွားရင် ငါ့ကိုလွမ်းမနေအားကြရင် ပြီးတာပဲ၊ သုံးယောက်လုံး အလုပ်တွေရှုပ်ပြီး ပျော်နေကြဖို့ပဲ လိုတယ်''





''အလုပ်ရှုပ်နေမှာတော့ သေချာတယ် မြေးရေ၊ ဘွားမှာ ဘုရားတောင် ဖြောင့်အောင်ရှိခိုးနိုင်ပါ့မလား''

ဒေါ်ယုဝတီပြန်ပြောလျှင် ယွန်း ဘွားကို နားချရသည်။

''ဘွားကလည်း ယွန်းတို့က မနက် (၈) နာရီလောက်မှ ပြီး ဆိုင်ဖွင့်မှာလေ၊ အဲဒီအတွင်း ဘွားက ဘုရားရှိခိုး။ ဒေါ်လေးဆောင်းနဲ့ ယွန်းက အိမ်အလုပ်တွေ ပြီးအောင်လုပ်ထားကြမယ်ပေါ့''

ချောဝတီက အားလုံးကို ချစ်မျက်စောင်းလေးထိုးလိုက်ပြီး –

''အောင်မယ်လေး ...တကယ့်ဈေးသည်ကြီးတွေနဲ့ တွေ့နေရပါလား၊ အဘွားတို့ဆိုင်ကဖြင့် တစ်နေ့လုံးနေလို့မှ ဈေးဦးတောင် ပေါက်ပါ့မလား။ (၃) ယောက်သား ခါတိုင်းလို အိမ်ထဲမှာ မထိုင်ကြဘဲ ဆိုင်ထဲရွှေ့အနားယူရမှာပါနော်၊ ချောတီဗွီပါ ဆိုင်ထဲထည့်ပေးထားပါသတဲ့၊ တီဗွီကြည့်ရင်းနဲ့ လူလာတော့လည်း ထရောင်းပေါ့''

အားလုံး ရယ်ရယ်မောမောနှင့် ဆိုင်သစ်ကို လိုအပ်တာတွေလုပ်ကြရင်း မနက်ဖြန် ဖွင့်ပွဲလေးလုပ်ဖို့ တိုင်ပင်ကြရသည်။

ဘာပဲဖြစ်ဖြစ် သူတို့ရပ်ကွက်မှာ စတိုးဆိုင် (၁) ဆိုင်ပဲ ရှိသေးတာမို့ အခြေအနေကမဆိုး။ ပြီး ယွန်းရဲ့ရုပ်ရည်နှင့်



www.burmeseclassic.com

ယွန်းရဲ့ ပေါင်းသင်းဆက်ဆံရေးကြောင့် ဆိုင်အခြေအနေ ကောင်းလောက်သည်။

✹

အလုပ်ရှိတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသည်ဆိုတာ အမှန်။

ယွန်းရဲ့ဆိုင်ဟာ တဖြည်းဖြည်းနှင့် လူသိများလာသည်။ အဆောင်တွေနှင့်လည်း ခပ်နီးနီးမို့ ဖောက်သည်ခပ်များများ။

ဘွားနှင့်ချောဝတီက ဘယ်လိုပင် စိမ့် စိမ့် ယွန်းခံယူချက်က ဒီလိုပါ။

"ဒီဆိုင်က ဘွားရဲ့ဆိုင်ပေါ့၊ ယွန်းက ဘွားရဲ့အရိပ်မှာ ခိုနေတာမို့ ဘွားရဲ့အလုပ်ကို လုပ်ပေးနေတာမျိုး"

"ဟဲ့ ... ဘွားက သမီးကို လူတစ်လုံး၊ သူတစ်လုံး ဖြစ်စေချင်လို့ ဒီဆိုင်ဖွင့်ပေးတာ၊ ဘွားဆိုင်မဟုတ်ဘူး၊ သမီးရဲ့ဆိုင်၊ ဘွားနဲ့မဆောင်းက သမီးကို ကူပေးကြတာ"

"ဟာ ... ဘွားကလည်း အဲလိုကြီးတော့ မကောင်းပါဘူး၊ သမီးငွေလည်း တစ်ကျပ်မှ မပါဘဲနဲ့ မယူချင်ပါဘူး။





ဘွားဆိုင်ဆိုမှ ယွန်းရောင်းမယ်"

"အလို မယ်မင်းကြီးမ ... ခုမှတော့ ကိုရိုးကားရားမလုပ်ပါနဲ့၊ သမီးအတွက် ဖွင့်ပေးနေပြီလေ၊ သမီးက ကိုယ့်ဆိုင်ကိုယ် ကြီးပွားတိုးတက်အောင် ကြိုးစားပေတော့"

နောက်ဆုံး ဘယ်လိုမှ ငြင်းမရသဖြင့် ယွန်း ဒီဆိုင်ကို ယူလိုက်ရပါသည်။

✹

"ရှေ့လကုန်မှာ မမဝတီ ဂျပန်သွားတော့မှာ၊ မသွားခင် လုပ်စရာရှိတာလေးတွေ လုပ်သွားချင်တယ်"

ချောဝတီ စကားစလာတာ ည (၈) နာရီခန့်။ ဧည့်ခန်းထဲမှာ မိသားစု စုံစုံညီညီရှိနေချိန်မှာပါ။ မိသားစုဆိုတာ ဘွား၊ ချောဝတီ၊ ယွန်းနှင့် ဒေါ်ဆောင်းပေါ့။ ဒေါ်ဆောင်းဟာ ငယ်ငယ်ထဲက ဒေါ်ယုဝတီထံရောက်ခဲ့သူမို့ ဆွေမျိုးရင်းချာလို ဖြစ်နေရလေပြီ။

ချောဝတီ ဘာပြောတော့မည်မှန်း ယွန်းသိနေတာမို့ တုန်လှုပ်သွား၏။ သူမ ဆရာ့ကို ဒုက္ခမပေးချင်။ သာယာနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဆရာ့ဘဝကို မဖျက်ဆီးချင်။ တစ်နေ့ တစ်နေ့ ငြင်းဆိုနေရတာလည်း အားနာလှပြီ။

ယွန်းမျက်နှာပျက်သွားတာမို့ ဒေါ်ယုဝတီကပင် သူ့မြေးကို ဖြောင်းဖြရ၏။

"ကဲပါ မြေးရယ် ... ကိုယ့်ကိစ္စတွေသာ ကိုယ်စဉ်းစားပါ၊ ယွန်းကိစ္စဆို ဘွားကြည့်လုပ်ပါ့မယ်"

"ဘွားတို့နှစ်ယောက်သာ ပေါင်းမိရင်တော့ ရန်သူကို အလံဖြူပြမှာ အသေအချာပဲ၊ တစ်ခါတည်းပါ၊ ဝတီ ယွန်းကို သူ့ဆီသွားပြီး ဗိုက်အပ်ရုံလေးပါ"

"ဟဲ့ ... သူက အိုကျိုမှမဟုတ်ဘဲ၊ သူ့ဆီ ဗိုက်အပ်လို့ ရမလား၊ ကြည့်လည်းလုပ်ဦး"

ချောဝတီမှာ အဖြေက အဆင်သင့်။

"ဒါဆိုလည်း ရင်သားမှာ အကျိတ်ရှိတယ်ဆိုပြီး သွားအပ်လိုက်မယ်၊ သူက ခွဲစိပ်ဆရာဝန်ပဲလေ"

"ဟာ ... မမဝတီကလည်း ပေါက်ကရတွေ လျှောက်လုပ်နေပြန်ပြီ၊ ရှက်စရာကြီး"

ယွန်း မျက်နှာလေးနီရဲလာအောင်ပင် ရှက်နေလျှင် ချောဝတီ ယွန်းကို မျက်စောင်းထိုးလိုက်၏။

"ဘာ ... ရှက်တယ်ဟုတ်လား။ မိန်းမ နင် သူ့နဲ့ငြိလာ





ယိုပဲ ကလေးတစ်ယောက်တောင် မွေးလာဦးမယ်၊ ဘာ ခုမှ ရှက်နေရမှာလဲ"

"မမကလည်း ငြိတယ်ဆိုပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ... ဟို သေသေချာချာ ကြိုက်ရ၊ မြင်ကြရတာမှမဟုတ်တာ၊ သူကလည်း အိပ်မက်မက်နေ၊ ယွန်းကလည်း"

"တော်စမ်း ... တော်စမ်း၊ နင် ဘာမှမသိဘူးဆိုတာ ဟုတ်ကိုမဟုတ်ဘူး၊ အစသာမသိရင် ရှိမယ်၊ နောက်တော့ နင် နိုးသွားတာပဲ မဟုတ်လား"

ကရုဏာဒေါသနှင့် ချောဝတီ အသံတွေကျယ်လာလျှင် ဘွား ဝင်ပြီးဖြန်ဖြေရတော့သည်။

"ကဲ ချောဝတီ ... တော်တော့၊ နင်တို့ကိစ္စကြီးက ဘွားအား သူ့အမေရိုက်နေပြီ၊ တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုး စိတ်ညစ် မဖြစ်စေနဲ့လေ"

"ဘွားက သူ့ဘက်ကလား၊ ဝတီ့ဘက်ကလား၊ ဘွား မျက်နှာမလိုက်နဲ့နော်၊ ကဲ ... အခု အစော်ကားခံရတဲ့သူဟာ ယွန်း မဟုတ်ဘဲ ဝတီဖြစ်ကြည့် ဘွား ဘယ်လိုဆုံးဖြတ်မှာလဲ"

"ဩော် ... ခက်လိုက်တာ ချောဝတီရယ်၊ မတူတဲ့ အခြေအနေနှစ်ခုကို လာပြီး ထပ်တူမပြုနဲ့လေ၊ ကဲ ကဲ ... ဒီပြဿ ယွန်းကလည်း နင့်မမကျေနပ်အောင် သူ့အလိုလိုက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ချောဝတီကလည်း လူနာပြုသလိုမျိုးပဲ ဝင်လိုက်၊ ရှင်နဲ့ဗိုက်ကြီး နေပါတယ် ဘာညာဆိုပြီး အတုံးလိုက် အတစ်လိုက် မဝင်နဲ့ ဟုတ်ပြီလား''

''ဘွားရယ် . . . ဝတီနားလည်ပါတယ်၊ ဝတီ ပါးပါးလေး ပဲ လုပ်မှာပါ၊ သူ့ရှေ့ အကောင်အထည်သွားပြရုံလေးပါ၊ မိယွန်း ခုတည်းက ကြိုပြောထားမယ်နော်၊ ရင်သားမှာ အကြိတ်ရှိတယ် ပြီး သူ့လူနာသွားလုပ်ရမှာ၊ နည်းနည်းတော့ အစမ်းသပ်ခံလိုက်''

ယွန်း ဘာမှ ပြန်မပြောနိုင်ခင် ဘွားကပင် ဝင်ပြီး တရားဖြတ်ပေးရ၏။ နို့မို့ (၂) ယောက်သား လုံးလည်လိုက် ကြဦးမှာလေ။

''ကဲ . . . ယွန်းကလည်း ဒီလောက်တော့ သရုပ်ဆောင် လိုက်၊ ရှက်မနေနဲ့၊ နေရဲမာန်ဆိုတာ သူများမှ မဟုတ်ဘဲအေ''

''ဟုတ်ပြီနော်၊ ကဲ . . . ဒီနေ့ပဲ ယွန်းကိုခေါ်သွားလို မယ်၊ သူ့ဆီမှာ လူနာအဖြစ် ပြရမယ်၊ ပါးပါးလေးပါ၊ မမရှေ့ ဦးဆောင်သွားသမျှ ယွန်းက လိုက်နာရုံပဲ''

''ဒီနေ့တော့ မလိုက်ပါရစေနဲ့ မမရယ်၊ ယွန်း အားရှေ ပါရစေဦးနော်''

''ဒေါင်မယ် . . . ငါက လုပ်ရောတွေ အများကြီးရှိ တာ၊ ဘာအားတွေမွေးနေရဦးမှာလဲ ယွန်းရဲ့''





''တစ်ရက် . . . တစ်ရက်တည်းပါ မမရယ်၊ မနက်ဖြန်မှ လိုက်ပါရစေနော်''

နောက်ဆုံး ချောဝတီပင် အလျှော့ပေးရသည်။ မနက် ဆိုလည်း မနက်ဖြန်ပေါ့လေ။

တွေ့ကြသေးတာပေါ့ ဒေါက်တာကြီးရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ချောဝတီ၏ ပြင်ဆင်ပေးထားမှုကြောင့် ယွန်းအသွ

ရင်သပ်ရှုမောဖွယ်။

နဂိုကချောပေမယ့် ဖြစ်သလိုနေရ၊ ဝတ်ရတာ။ ယ

သတို့သမီးတစ်ယောက်လို မဟုတ်ပေမယ့် ချောဝတီ လက်

လိုက်သည့်အခါ –

ဘွားနှင့်ဒေါ်ဆောင်းပင် တအံ့တသြ။

''ငါတို့မျက်စိရှေ့တွင် ပြောင်းလဲသွားလိုက်တာ

ကြောင့်လည်း လူမှာအကွပ်၊ တောင်းမှာအဝတ်''

''ဒေါ်လေးဆောင်းကလည်း ပြောင်းပြန်တွေပြော

ပြီ၊ လူမှာအဝတ် တောင်းမှာအကွပ်ပါ''





''အေး ... အေး လှလိုက်တာယွန်းရယ်၊ တကယ်ပါပဲ''

''ဒါတောင် ... ဒီမိန်းမ လက်မခံလို့ တော်ရုံတန်ရုံပဲ

ထားရတာ''

''တော်ပါပြီ မမဝတီရယ်၊ လူနာက လူနာနဲ့မတူဘဲ

သွားမယ့်မင်းသမီးဖြစ်နေလို့ ရမလား''

''ဒါကတော့ တို့က အစကတည်းက သူ့ဆီ လူယောင်

တာပဲလေ၊ သူ့ကိုဆို အမိဖမ်းချင်တဲ့မိန်းမတွေမှ အများ

လူနာယောင်ဆောင်လာတဲ့ လူကလာ၊ သူနဲ့လုပ်ငန်းအတူ

နေကြတဲ့ ဆရာဝန်မတွေ၊ သူနာပြုတွေထဲမှာလည်း ရှိတာ

''ဒုက္ခပါပဲ မမဝတီရယ်၊ ယွန်းတို့လည်း မိန်းမနောက်ပိုး

ဆင်သွားရင် ဒုက္ခနော်''

''အံမယ် အံမယ် မရွှေယွန်း၊ ကိုယ့်ကိုယ်ကိုယ်များ

င်လေးမှတ်ပြီး စိတ်ကူးတွေလွဲနေရသေးလား။ ရှင်က သူနဲ့

လို့ပဲ ကလေးမွေးရတော့မယ်နော်။ ကဲ လာ သွားကြစို့''

ချောဝတီက လက်ဝတ်လက်စားတွေ ဆင်ခြင်ပေမယ့်

က်မခံလို့ မဆင်ရပါ။ နားမှာ ကျောက်စိမ်းနားကပ်လေး

နှင့် ကျောက်စိမ်းလက်စွပ်လေးတစ်ကွင်းပဲ ဝတ်နေကျ

ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းဝတ်ထားတာကလည်း ကျောက်ဖိမ်းရောင်ဝတ်
ပျော့ပျော့လေးပါ။ ကိုယ်ဝန်က လနုသေးတာမို့ ဗိုက်က မထွ
သေး။ (၂) လကျော်လေးပဲရှိသေးတာလေ။

ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုတွေရှိနေသည်မို့
က လိုက်လာတုန်းကလို မဝံ့မရဲ ကြောက်ကြောက်ရွံ့ရွံ့ပုံစံ
မဟုတ်တော့ပါ။

မမချောဝတီနှင့်ဘွားဟာ သူမအတွက် ဒုတိယမွေး
ပေးကြသူတွေပါ။ ရေစက်ဆုံပေးသည့် လောကကြီးကို
ကျေးဇူးတင်သည် ပြောတော့ ဘွားက –

"ဟဲ့ သမီးယွန်းရဲ့ လူဆိုတာ ကိုယ့်ရဲ့စိတ်ကောင်း
ရိုးသားမှု၊ နှလုံးသားဖြူစင်မှုတွေက အကျိုးပေးသွားတာ၊
တို့ကလည်း ကြုံရာလူကို ဖမ်းပြီး တွယ်တာကြတာမဟုတ်
သမီးရဲ့ ဖော်မပြနိုင်တဲ့ကိုယ်ရည်ကိုယ်သွေးတွေနဲ့ ရေစက်ကြေ
စေတနာရှိသွားကြတာ၊ သမီးသာ ကလိမ်ကကျစ်လေး။ လော
အိုးလေးဆိုရင် ဘယ်ချစ်မလဲ၊ နောက်ဆုံးကျ လူတွေဟာ
စေတနာက ကိုယ့်ကို အကျိုးပေးသွားကြတာပဲလေ၊ ဘွာ
လည်း သမီးနဲ့မြေးရှိပေမယ့် အခြေအနေအရ အတူနေမ
ကြလို့ အထီးကျန်ရတော့မယ့်ဘဝကနေ သမီးလေးယွန်း
တာ ကျေးဇူးတင်နေရတာပဲ"





တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ရင်ထဲမှာ
ကြည်နူးနေမိကြသူတွေပါ။

"ကဲ ... မရွှေယွန်း သွားကြစို့၊ ဘွားရေ ဒီတစ်မနက်
လေးတော့ ဆိုင်ကို ထိန်းထားလိုက်ကြဦးနော်"

"စိတ်ချပါအေ၊ ငါတို့ အဘွားကြီး (၂) ယောက်ကိုမြင်
ဦး ဘယ်သူမှ လာဝယ်ကြမယ်မထင်ဘူး"

ရယ်ရယ်မောမောနှင့်ပင် ချောဝတီနှင့်ယွန်းတို့ ကားနှင့်
ထွက်လာကြတော့ ဘွားနှင့်ဒေါ်ဆောင်းမှာ လက်တပြပြ။

"ယွန်းရေ နင်လည်း ကားမောင်းသင်ထားရမယ်၊ အိမ်
မှာ အရေးရယ် အကြောင်းရယ်ဆို တစ်ယောက်တော့ ကား
မောင်းတတ်မှ၊ ငါက သွားတော့မှာ"

"မမဝတီကလည်း ယွန်းကြောက်ပါတယ်ဆို"

"ကြောက်လို့မရဘူး၊ အိမ်မှာ လူကြီးတွေချည်းပဲ၊ လို
အပ်ရင် ကားနဲ့သွားရမယ်လေ"

"ဒရိုင်ဘာငှားထားရင်ရော"

"ဇယားတွေရှုပ်ပါတယ်အေ၊ ကားမောင်းသင်တာ
ခက်ပါဘူး၊ မမ,မသွားခင် သင်ပေးခဲ့မယ်၊ လိုင်စင်လည်း
လျှောက်ပေးခဲ့မယ်၊ ညဘက် လူရှင်း၊ ကားရှင်းတဲ့အချိန် သင်ရင်
ရပါတယ်၊ ဒီလိုပဲ ဖြည်းဖြည်းမောင်းရတာပေါ့၊ ယာဉ်စည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းစည်းကမ်းတွေလည်း မမပြောပြမယ်''

''အင်းလေ ... သင်ရတော့မှာပေါ့''

''သင်ကိုသင်ရမှာ၊ နေဦး ဒေါက်တာ့ရှေ့ကျရင်လည်း မျက်စိမျက်နှာတွေ ပျက်မနေနဲ့၊ တို့တွေကို တမင်လာကြောင်တယ်ဆိုပြီး အော်ထုတ်နေဦးမယ်''

''ဟင် ... အဲလိုလုပ်လို့ရသလား။ ယွန်းကြောက်လာပြီ မမရယ်''

''သြော် ... သတိပေးခါမှ ပိုဆိုးနေပြန်ပြီ၊ ငါက ရုပ်မပျက် နဲ့လို့ သတိပေးနေတာ မိယွန်းရဲ့၊ တော်ပြီ ... တော်ပြီ ရုပ်မပျက်အောင်နေ၊ ဒါပဲ''

နှစ်ယောက်အတူ ဆေးခန်းရှေ့ရောက်လျှင် ချောဝတီမှာ ဒီဆေးရုံမှ ဆရာဝန်မမို့ အားလုံးနှင့် သိကျွမ်းနေလျက်။ ချောဝတီ ကိုယ်လုပ်စရာရှိတာသာ လုပ်ရှည်။

''ချောရဲ့ညီမလေးပါ၊ ဒေါက်တာနေရဲမာန်နဲ့ပြမလို့၊ Breast မှာ အကျိတ်တွေ့လို့လေ''

''ဟာ ... ဒေါက်တာတော့ပွတာပဲ၊ ဒီလောက်ချောချောလေးကို စမ်းသပ်ရမှာ၊ ညီမက အစ်မထက်တောင် ပိုချောနေသေးတယ်နော်''

''ပြောပြော ချောက ကိုယ့်ညီမကို ပိုလှတယ်ပြောရင်





ပြီး သဘောကျတယ်''

ဆေးစာအုပ်လုပ်ပြီး ဒေါက်တာနေရဲမာန်ကို ယွန်း ထိုင်ဆောင့်နေရတော့ ခြေတွေလက်တွေ အေးစက်နေပေပြီ။

ချောဝတီကတော့ ဒီဆေးခန်းမှ ဆရာဝန်မလေးမို့ သူလုပ်စရာရှိတာတွေ လုပ်နေပေပြီ။

''ဘာမှမကြောက်နဲ့ ယွန်း၊ မမဝတီ ပြန်လာမှ၊ လောဆာဆယ် မနေ့ကခွဲစိပ်ထားတဲ့လူနာတွေကို အဖွဲ့နဲ့လိုက်ကြည့်လိုက်ဦးမယ်''

ပြောပြီး ပျောက်သွားလိုက်တာ ပေါ်မလာသေးပါ။ ယွန်းသာ နာရီတကြည့်ကြည့်၊ လူကကြောက်လွန်းလို့ ဒူးတုန်တော့တာတ်။

သူနာပြုဆရာမလေးများမှာလည်း အလုပ်တွေ ရှုပ်နေလိုက်တာ။ ဆရာဝန်တစ်ယောက်ရောက်လာလျှင် သူနှင့်သက်ဆိုင်သည့် လူနာတွေကိုခေါ်ပေးလိုက်ကြ။ ဆရာဝန်ကို ကူပေးလိုက်ကြ။

ယွန်း မျက်စိကိုစုံမှိတ်ပြီး တရားစာတွေ ရွတ်ဆိုနေခိုက်။

''ဟော ... ဒေါက်တာနေရဲမာန်လာပြီ''

သူနာပြုဆရာမလေးတစ်ယောက်ရဲ့အသံ ကြားလိုက်ရသည်။ လူနာအချို့ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသဖြင့် ထိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ယွန်း အလန့်တကြား ထရပ်မိတော့မတတ်။

''ဆရာ''

ရင်ထဲမှာ အသံအကျယ်ကြီး မြည်ဟီးသွားပြီး လူက တစ်ကိုယ်လုံး တုန်ယင်လာမိတာ ဘာကြောင့်မသိ။

ရှင်းသန့်ချောမောသည့်မျက်နှာနှင့် စမတ်ကျလွန်းသည့် ကိုယ်ဟန်ကြောင့် အားလုံးပင် သူ့ကို ငေးကြည့်နေကြမိတာ။

သူနှင့်ပြမည့်လူနာများကို တစ်ယောက်ပြီးတစ်ယောက် ခေါ်ပေးနေစဉ် ယွန်း မျက်စိတွေပြာဝေလာပေပြီ။ ရင်ထဲမှာလည်း တလှပ်လှပ်။

ဘုရားရေ မမချောဝတီခေါ်လာတုန်းက ဘာရောဂါမှ မရှိဘဲနဲ့ သူ့ကို သက်သက် ရန်မယ်ရှာရအောင် လာခဲ့ကြတာပါ။

ခုတော့ ယွန်း တကယ်ပင် မျက်စိတွေပြာလာ၊ ခေါင်းတွေမူးလာပြီး ခြေဖျားလက်ဖျားတွေ အေးစက်လာခဲ့တာ ဘာကြောင့်မှန်းမသိပါ။

ဒုက္ခပါပဲ၊ ငါ ငါ သတိလစ်တော့မှာလား။ စိတ်လှုပ်ရှားလွန်းလို့ လူကသေတော့မယ်။

''မမ မမချောဝတီရေ ယွန်းကိုကယ်ပါဦး၊ ယွန်းဆီလာပါဦး''

ရင်ထဲမှာ အော်မြည်တမ်းတနေဆဲ —





''မယွန်းစံမှိ ... မယွန်းစံမှိ၊ ဆရာဝန်ကြီးနဲ့ ဝင်တွေ့လို့ရပါပြီ''

သူနာပြုဆရာမလေး၏ ခေါ်သံကြောင့် ယွန်းစံမှိ ရင်ထဲမှာ ဒိန်းခနဲ အလုံးကြီး တက်ဆို့သွားပြီး လူက ဧွ့ခနဲ သတိလစ်လဲကျသွားခဲ့ရပါတော့လေသည်။

✹

''ယွန်းစံမှိ''

သည်နာမည်နှင့် စာအုပ်ကိုကြည့်ပြီး နေရဲမာန် မျက်မှောင်ကုတ်သွားမိစဉ် အပြင်ဘက်မှာ ရုတ်ရုတ်သဲသဲနှင့် လူနာကို ချီပွေ့ခေါ်လာမှုကြောင့် နေရဲမာန် ဆတ်ခနဲ ထရပ်မိလိုက်သည်။

''သူ''

ယွန်းစံမှိပါပဲလား။ ဘာဖြစ်တာလဲ၊ ဘာရောဂါလဲ။

ခုတင်ပေါ်တင်ပေးလိုက်ကြပြီး ပြန်ထွက်သွားကြတော့ စမ်းသပ်ခန်းလေးထဲမှာ သူနာပြုမလေးတစ်ယောက်ပဲ အပိုကျန်ခဲ့သည်။

''လူနာရှင်ရော ဘယ်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖျော့အေးစက်နေသည့်ယွန်းကို စမ်းသပ်စစ်ဆေးပြီး သူ အနည်းငယ် ပျာယာခတ်နေမိလျှင် –

''ဒေါက်တာချောဝတီခေါ်လာတာပဲ ဆရာ၊ အခု သူက တော့ လူနာတွေ လျှောက်ကြည့်ပေးနေတယ်၊ ဒါ သူ့ညီမတဲ့''

''ချောဝတီ ဘယ်သူလဲ''

ချောဝတီ အလုပ်ဝင်တာ မကြာသေး၊ သူနှင့်မဆုံသေး တာမို့ ချောဝတီဆိုတာ သူမသိ။ လိုအပ်သည့်ဆေးကိုတောင်းပြီး သူ ဆက်တိုက်ကုသမှုတွေ လုပ်ပေးနေရင်း သူနာပြုမလေး၏ စကားကို နားထောင်နေခြင်းပါ။

''ဟို ဒေါက်တာမချောချောလေးပါ ဆရာ၊ သူ့ကားနဲ့သူ လာတာ''

''ဒါဆို သူက ဒီဆေးခန်းမှာ အပျော်လာလုပ်နေတာ ပေါ့''

''ဝါသနာအရလား၊ အတွေ့အကြုံရအောင်လားတော့ မသိဘူး ဆရာ၊ သူက ရှေ့လထဲမှာ ဂျပန်သွားမှာ၊ ဟိုမှာ အလုပ်ဝင်မယ်၊ ပညာဆက်သင်မယ်ပြောတယ်''

''သူ့ဘာသာ ဘာလုပ်လုပ်၊ လူနာကို တစ်ယောက်တည်း ပစ်ထားတာတော့ မကောင်းပါဘူး''

''တော်ကြာ ပြန်လှည့်လာမှာပါ၊ ဆရာ မရောက်





လောက်သေးဘူးထင်လို့ နေမှာပေါ့၊ သူ့ညီမကို အိုကျိုနဲ့လည်း ပြဦးမှာတဲ့''

''ဘာ''

သူ ဆောင့်ခနဲအော်မိတော့ သူနာပြုဆရာမလေး လန့်သွားသည်။ နေရဲမာန် ယွန်းစံမိုကို သေသေချာချာ ကြောက်လန့်တကြား ကြည့်နေမိတာ။

ယွန်းစံမို ဘယ်ရောက်နေတာလဲ။ ဒေါ်ခင်ထားလွင်နှင့် မနေတော့တာတော့ သေချာသည်။ အသွေးအမွေးပြောင်းသွားပြီး ချောလှလာလိုက်တာကလည်း အပြင်မှာတွေ့လျှင်ပင် မှတ်မိနိုင်စရာမရှိ။

ဆေးခန်းမှာ ယွန်းစံမိုဆိုသည့်နာမည်နှင့် ရောက်လာလို့သာ မှတ်မိရတာ။

တသွေးတမွေးနှင့် အလှကြီးလှပြီး ဝင်းပလာလိုက်တာ။ ဝတ်စားဆင်ယင်ပုံကအစ၊ သူ့ အိမ်ထောင်ကျနေတာတော့ မဖြစ်နိုင်။ ချောဝတီဆိုတဲ့ ဒေါက်တာမနဲ့ ဘယ်လိုပတ်သက်နေတာလဲ။

ယွန်းစံမိုက နောက်ဆုံးလူနာမို့ တော်တော့သည်။ သူ ယွန်း သတိရအောင် လုပ်ပေးနေဆဲ ချောဝတီ ပျာယီးပျာယာနှင့် စမ်းသပ်ခန်းထဲသို့ ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးဆရာ ...ချော round လှည့်တဲ့အဖွဲ့နဲ့ ပါသွားလို့ပါ"

သူ လှည့်ကြည့်လိုက်သည်။ ခေတ်မီသည့်အလှနှင့် ဒေါက်တာမချောချောလေ။

"လူနာကို ဂရုစိုက်မှပေါ့၊ အိုဂျီနဲ့လည်း ပြဦးမှာဆို၊ လူနာက ရောဂါထူလှချည်လား"

"ဂရုစိုက်ပါတယ် ဆရာ၊ ယွန်းက သိပ်စိတ်ကောင်းရှိတာ၊ သူ့ရင်ထဲမှာ ရန်သူမရှိဘူး။ မိတ်ဆွေတွေ ကျေးဇူးရှင်တွေပဲ ရှိတယ်၊ ကျေးဇူးပြုပြီး breast စမ်းသပ်ကြည့်ပေးပါဆရာ၊ သူက အရမ်းရှက်နေတာ၊ အခုလို သတိလစ်နေတာပဲ ခပ်ကောင်းကောင်း"

"မင်းလည်း ဆရာဝန်ပဲ၊ ဒီလောက်ကတော့ ကိုယ့်ဘာသာကုပေးလိုက်ပါလား"

"ဟာ ဆရာ ... ချောတို့က ဒီလိုလုပ်ပိုင်ခွင့်မှ မရှိသေးတာ၊ ဆရာ့ကိုပဲ အပ်ပါတယ်၊ သူ့မှာ ကိုယ်ဝန်ကလည်းရှိခါစ breast မှာလည်း အကျိတ်ကရှိနေ၊ သူ အရမ်းစိတ်ညစ်နေတာ ဆရာ"

"မင်း ...စမ်းသပ်ကြည့်ပေးပြီးပြီလား"

"ဟာ ...အကိုင် အစမ်းကို မခံတာဆရာ၊ အခုလည်း





အိုဂျီနဲ့ပြမှာဆိုပြီး အတင်းခေါ်လာရင်း ဆရာ့လူနာလုပ်ရမယ်လည်းဆိုရော ရှော့ခ်ဖြစ်သွားတာသာကြည့်၊ ကဲပါ ...ဆရာကြည့်ပေးလိုက်ပါ၊ ချော ...အခန်းပြင်က စောင့်နေပါ့မယ်၊ Nurse လည်း ရှိတာပဲ"

ချောဝတီ လှစ်ခနဲ အပြင်ပြန်ရောက်သွားစဉ် nurse က ယွန်းစံမှီအကျီကို ဖွင့်ပေးလိုက်သည်။ သူ စမ်းသပ် ကြည့်ရှုပေးရန်။

ဖွေးနု ဝင်းနှစ်နေသည့် တောင်ပူစာလေးများကိုကြည့်ပြီး သူ့ရင်တွေ လှိုင်းထန်လာရတာ။ သူမဟာ သူနှင့် တစ်ညတာ အတူအိပ်ဖူးသူမို့လား။

Nurse ကိုလည်း မျက်နှာပူပါသည်။ Nurse ကလည်း အပျိုလေး။ ခါတိုင်း သူ့ရင်သားမွေ့စိပ်လူနာတွေဟာ အသက်ကြီးကြီး အမျိုးသမီးကြီးတွေ များပါသည်။

သူ တုန်ယင်သောရင်ကို ထိန်းပြီး လက်နှင့် စမ်းသပ်ကြည့်ပြင်ပြီးမှ စာအုပ်ကို ပြန်ကြည့်ရသည်။ ဘယ်လား ညာလား။

"နှစ်ဖက်စလုံး"

"ဩော် ...ဒုက္ခပါပဲ၊ ငါ့နယ်"

Nurse ကလည်း သူ ကတုန်ကရင်ဖြစ်နေပုံကိုကြည့်ပြီး ပြုံးတော့မယောင်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ ... ငါ ဆရာဝန်ပဲ"

ကိုယ့်စိတ်ကိုယ် အားတင်းပြီး နေရဲမာန် ယွန်းရဲ့ တော
ပူစာလေးများကို စမ်းသပ်ကြည့်ရသည်။

အဲ အကျိတ်လည်း မတွေ့ပါလား။ နေဦး သေသေ
ချာ စမ်းသပ်ဦးမှ။ သူ ထပ်မံပြီး ဖွဖွစမ်းသပ်ကြည့်နေစဉ် ရင်
မှာလည်း ဗုံတီးနေသည့်နှယ်။ သည်စဉ် –

"အို ... ဆရာ"

ယွန်း သတိကောင်းစွာရလာပြီး ဆတ်ခနဲ ကြုံးထလို
တော့ သူမ ဖရိုဖရဲနှင့် ပြန်လဲကျသွားလျှင် –

"ယွန်းစံမို"

နေရဲမာန် ဆီးပွေ့ထားမိရင်း ကိုယ့်အဖြစ်ကိုယ် ဘ
ရောက်နေမှန်းပင်မသိ။

ယွန်းစံမိုမှာ ရင်ဘတ်ဟောင်းလောင်းမို့ အရှက်တွေ
ပြီး ဟိုဖုံး ဒီဖိ။ သူ့ရှေ့မှာ ဘယ်လိုပြုပြင်ရမှာလဲ။ ဘရာစီယာ
အပေါ်မှာ လိပ်တက်နေပြီး ဆွဲသားအကျီလေးကလည်း
နောက်မှာ။

ယွန်း ဟစ်လို့သာ ငိုလိုက်ချင်ပါသည်။ Nurse
မာန်မဲသည့်အသံနှင့်။

"နေဦးလေ ... စမ်းသပ်လို့မပြီးသေးဘူး၊ ရှက်





ဘာလို့ လာပြနေသေးတဲ၊ အပျိုလည်းမဟုတ်ဘဲနဲ့၊ ဘာလို့
အရမ်းရှက်နေရတာလဲ"

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေသည့် ယွန်းစံမို၊
ဆရာမကို ကြောက်လန့်တကြားလေး ကြည့်နေပုံမှာ သနားစရာ။
သူ ဘာဆက်လုပ်ရမှန်းပင် မသိ။ အခန်းထဲမှာလည်း ကြာလှပြီ။
နောက်ထပ် လူနာမရှိတော့လို့သာ တော်တော့သည်။

"ယွန်းစံမို လက်စနဲ့ အစမ်းသပ်ခံလိုက်ပါဦး"

သူ ဟန်မပျက် ဆက်ပြောလိုက်တော့ ယွန်း မျက်ရည်
တွေနှင့် သူ့ကို ကြည့်ရင်း –

"အား ... အားနာပါတယ် ဆရာ၊ ယွန်း တောင်းပန်ပါ
တယ်"

သူ ဘာမှမပြောတော့ဘဲ ယွန်းစံမိုကို ညင်သာစွာ လှဲ
လိုက်ပြီး စမ်းသပ်မှု ထပ်လုပ်ရသည်။ ယွန်းက မျက်စိမှိတ်
လျက်။

"ဘယ်ဖက်မှာ အကျိတ်တွေ့တယ်"

"ရှင်"

သူတို့နှစ်ယောက် နှစ်ပေါက်တစ်ပေါက်လုပ်ပြီး လာပြ
တကယ်ပင် အကျိတ်ရှိနေသလား။ ဒုက္ခပါပဲ၊ မြွေပူရာ
မှောက်။ နူရာဝဲစွဲ၊ လဲရာ သူခိုးထောင်း။



www.burmeseclassic.com

www.burmeseclassic.com



''မိဘမျိုးရိုးထဲမှာ breast ကင်ဆာဖြစ်ဖူးသူ ရှိလား''

''မရှိ . . . မရှိပါဘူး ဆရာ''

''ရင်သားတော်မှန်ရိုက်ဖို့တော့ မလိုသေးဘူး။ ဆေး... သောက်ကြည့်မယ်၊ သာမန်ဆိုရင် အကျိတ် ပျောက်သွားမှာ ပါ''

''ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာ''

ဘယ်မှာနေလဲ၊ ဘာတွေလုပ်နေသလဲ၊ ကိုယ်ဝန် ဘယ်... နှစ်လရှိသွားပြီလဲတွေ မေးချင်ပေမယ့် အများရှေ့မှာ သူနှင့်ကို... ၏ ပတ်သက်ဆက်သွယ်မှုကို သိသွားမှာ လိပ်ပြာမလုံသ... နေရဲမာန် မမေးတော့ပါ။

သူ စမ်း သပ်စစ်ဆေးလို့ပြီးသွားပြီမို့ Nurse က သူမ... ကူညီဝတ်ပေးစေ၍ သူ စမ်းသပ်ခန်းမှ ထွက်ခဲ့ပါသည်။

အပြင်ဘက် ဆေးကောင်တာမှာ စကားပြောနေသ... ချောဝတီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး နေရဲမာန် ကား... ထွက်လာခဲ့ပါသည်။

ချောဝတီရဲ့ ရည်ရွယ်ချက်က ဘာလဲ။

သူ့အကြောင်းတွေ ယွန်းစံမှီပြောပြလိုက်ပြီလား။ ချော... ဝတီကနေတစ်ဆင့် အားလုံးသိသွားကြပြီလား။

နေရဲမာန် ဓေါင်းတွေကိုက်လာရတာတော့အမှန်...





ဒီဖြစ်ရပ်မှာ တာဝန်အရှိဆုံးဟာ ဒေါ်ခင်ထားလွင်လား။ ...လား။ ချောဝတီလား။ သူ မှန်ကန်အောင် စဉ်းစားအဖြေထုတ် ...ဦးမည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မချောဝတီ ဂျပန်သို့သွားတော့မည်မို့ နှုတ်ဆက်ပွဲ
လုပ်ပေးသည်။ နီးစပ်ရာအသိုင်းအဝိုင်းလေးနှင့်။ ညချမ်း
ည (၇) နာရီမှ (၉) နာရီထိပေါ့။

သူမက အိမ်မှာမလုပ်ဘဲ ဆိုင်မှာလုပ်ပေးသည်မို့
မာန် မချင့်မရဲဖြစ်မိသည်။

ယွန်းစံမိုဟာ သူ့ကို တစ်ခါလာပြပြီး နောက်ထပ်
မလာတော့ပါ။ သူ့ breast အကြိတ် ဘယ်လိုနေလဲ။ ကို
ကရော အပ်ပြီးပြီလား။ ဘယ်သူနဲ့အပ်တာလဲဆိုတာတွေ
ဘယ်လိုလုပ်ပြီး မေးရမှာတဲ့လဲ။

အိုးမလုံလို့ အုံပွင့်တယ်ပဲပြောပြော သူ ဘယ်သူ





စမ်းရဲပါ။ ပုံစံကြည့်ရတာ ချောဝတီပါးစပ်ဖွာထားပုံမရ။

သို့သော် တစ်လကြာသည်အထိ ယွန်းစံမိုကို မတွေ့ရ။
သတင်းတွေ မကြားရသည့်အခါ သူ့မှာ နေမထိ ထိုင်မသာ။
ပဲဖြစ်ဖြစ် ဒီကိုယ်ဝန်ဟာ သူနှင့်အသက်ဆိုင်ဆုံးမဟုတ်လား။

အဲ ကိုယ်ဝန်က တကယ်ရောရှိရဲ့လား။ သူ့ကို တမင်
ကြပြီး ပြောကြတာလား။

ယခုဆို သူ့မှာ လုပ်ဖော်ကိုင်ဖက်ထဲက ဆရာဝန်မတစ်
ာက်နှင့်လည်း အထူးပင် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ရှိနေ
ပြီ ရွှန်းအိဖြာတဲ့။

လူဆိုတာ မျိုးဆက်တွေ၊ ဘာတွေ ချန်ထားရမည်။
ားတာဝန်ကျေပွန်ရမည်ဆိုလျှင်ဖြင့် သူ သဘာဝတူသူကို
ယ်ရမည် ထင်သည်။

ယွန်းစံမိုလို မလောက်လေး မလောက်စားကိုလက်ထပ်
ပွဲလယ်တင့်ပါ့မလား။ သည်တော့ မသိချင်ယောင်ဆောင်
ာပဲ ကောင်းလိမ့်မည်။

ညစ်ခံပွဲမှာ ချောဝတီအတွက် လက်ဆောင်ပေးပြီး သူ
တစ်ခုမှာ ထိုင်ရသည်။ သူ့မိတ်ဆွေဆရာဝန်များနှင့်ပေါ့။
တာဆက်နိုင်ရယ်၊ ဒေါက်တာ သွန်းသုခရယ်။

ဆက်နိုင်က အိမ်ထောင်ရှင်။ သူ့အမျိုးသမီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၀န်။ ဒေါက်တာနဲ့ဒါလီ။

သွန်းသုခကတော့ လူပျို။ လူပျိုကြီးပေါ့။ အဲ သူ့ ရွယ်တူ ဒါဆို ကိုယ်လည်းလူပျိုပေါ့။ ဟင် ဟုတ်လို့လား။ မလုံမလဲ ဖြစ်မိသည်။

(၃) ယောက်သား စကားတွေပြောရင်း ယမကာ များလည်း မှိုဝဲရင်း။ ယောကျ်ားဝိုင်းမို့ ယောကျ်ားစကား ပြောကြသည်။

"ချောဝတီဟာ တော်တော်ချောတာနော်၊ ရုပ် အနောက်ဆန်ပြီး ဝတ်ပုံ,စားပုံကလည်း အရမ်းစမတ်ကျတယ်"

"လုပ်မနေနဲ့ သွန်းသုခရေ့ သူ့မှာ နံပါတ်ကြီးနဲ့ နံပါတ်ကြီးက စက်ဘုက နာမည်ကြီးဆေးရုံကြီးတစ်ခုမှာ"

"တောက် ...ဘယ်အချိန်ကများ ဦးထားကြ မသိဘူး၊ လူပျိုကြီး သီချင်းထဲကလို ငါက ချိန်လိုက် လင်နော လိုက်၊ ငါကပိုးလိုက် သုတ်သွားလိုက်ဆိုတာလို ဖြစ်နေ ဒါပေမဲ့ဗျာ လက်မှမထပ်ရသေးဘဲ ကြိုးစားခွင့်ရှိမှာပါ"

"စိတ်လျှော့ ကိုသုခရေ စိတ်လျှော့၊ ဟိုက ဂျပန်ထွ တော့မလို့ နှုတ်ဆက်ပါတီတောင် ပေးနေပြီ၊ ဩော် ...ဒါထ ဟိုတစ်ခါ ဆေးခန်းခေါ်လာတဲ့ သူညီမလေးလည်း ချောတာ ကိုသု မြင်လိုက်ရသေးလား"





"ပြောသံပဲကြားလိုက်ရတယ်၊ တော်တော်ချောဆိုပဲ၊ ဒါပေမဲ့ ...တော်ပါပြီဗျာ၊ ဒီလူ့လက်ထဲမှာ ဖွတ်ဖွတ်ကျေပြီး သားကြီးပါ"

"ဗျာ"

နေရဲမာန် ခေါင်းနပန်းကြီးသွားရသည်။ စောစောက သုခနှင့် ဆက်နိုင်တို့ ပြောနေသမျှ ကြားနေဝါဒလုပ်ခါ ငေးငေါင် နေမိပေမယ့် ယခုတော့ ဟတ်ထိသွားရပေပြီ။

ချောဝတီ၊ ငါ့အကြောင်းတွေ ဖွင့်ချလိုက်ပြီလား၊ တောက်။

သူကဖြင့် ဒေါက်တာရွှန်းအိန္ဒြာနှင့် ဘာလိုလိုအဆင့်ပင် ရောက်နေပြီ မဟုတ်ပါလား။

ဆက်နိုင်က ဘီယာအရှိန်နှင့် သူ့ကို လက်ညှိုးကောက် ကောက်ထိုးပြီး ဟားသည်။

"ဒီလူ့ ဘာဖြစ်လို့ သွေးလန့်နေတာလဲ၊ ကျုပ်တို့ပြော တာက အဲဒီ ဆေးခန်းပြတဲ့နေ့က ခင်ဗျား breast စမ်းသပ်လိုက် တာကို ပြောတာပါဗျ၊ ကောင်မလေးရဲ့ရင်သားနှစ်ဖက်ကို ခင်ဗျား စမ်းလိုက်၊ နှောက်လိုက်ရတဲ့ အဖြစ်သနစ်ကို ညည်းတာပါတဲ့ဗျာ၊ ဘယ့်နှယ်လဲ ...ကိုယ့်လူ ရင်တော်တော်ခုန်သွား တုန်သွား သလဲဆို"



www.burmeseclassic.com

www.burmeseclassic.com



သွန်းသုခကလည်း ကြိတ်မနိုင် ခဲမရအသံနှင့်။ တမင်ပြောနေတာ။

''တောက် ... အဲလိုခွင်တွေရှိမှန်းသိရင် စောစောကတည်းက ခွဲစိပ်ဆရာဝန် လုပ်ပါတယ်ဗျာ၊ ခုတော့ ကျူပ်က နှလုံးလိုင်း လိုက်မိနေတယ်''

''ဟုတ်တယ် ... ဟုတ်တယ်၊ တကယ်ဆို ခင်ဗျားက အိုကျီလုပ်ရမှာ၊ ဝါသနာနဲ့လည်း အံကိုက်ပေါ့''

''ဖွီ ... တော်ဗျာ၊ အိုကျီလုပ်ရတာ မဟာန်ပါဘူး၊ အအိုတွေကို အိုကျီရတာပါ၊ ဘယ်အပျိုချောချောက လာပြမတုန်းဗျ ဗိုက်တွေ ကြည့်ရတာကြီးများ''

''ကဲ ကဲ ... တော်ကြ တော်ကြ၊ သူများကြားရင် ဒီဆရာဝန်တွေကို ဘယ်သူမှ မသုံးဘဲနေကြဦးမယ်၊ ပေါက်ကရ ပြောတာတွေ တော်ကြဗျာ''

သူတို့ (၃) ဦး ပါးစပ်ပိတ်ပြီး ဘီယာသောက်ကြ၊ အမြည်းစားကြသည်။ ချောဝတီညှော်ခံရင်း သူတို့ဝိုင်းသို့ ရောက်လာလေ၏။

''ဟော ဆရာတို့ ... ဘာလိုသေးလဲ၊ ဆရာဆက် မမကို ဘာလို့ခေါ်မလာဘာသလဲ၊ ကေနှ ဝင်ငွေလျော့သွားမှာစိုးလို့ ထင်တယ် ဟုတ်လား၊ ဘာဖြစ်လို့ ငွေကို ဒီလောက်ငမ်းငမ်းဆက် ရှာနေကြတာလဲ၊ သားသမီးလည်းယူတာ ရှိတာမဟုတ်ဘဲနဲ့ သေရင် သူများစားမှာကြီး''

''ဟာ ဒီကောင်မလေး ... သားသမီးက မယူတာ မဟုတ်ဘူးဟေ့၊ မရတာ ... မရတာ''

''ဟင် ... မရတာ ဟုတ်လား၊ ဒါဆိုလည်း အဖြေရှာကြလေ၊ ကြိုးစားကြလေ ... ဘာတွေလုပ်နေကြတာလဲ''

''လုပ်တော့ လုပ်နေကြတာပဲဟေ့၊ အရာကိုမထင်တာ''

''ဟာ ... ဆရာကလဲ''

ဆက်နိုင်အပြောကြောင့် ချောဝတီ ယောင်လည်လည်ဖြင့် အခြားဝိုင်းများသို့ လစ်သွားလျှင် သွန်းသုခ ဆက်နိုင်ကို ထိုးမှုပြီးအုပ်တော့သည်။

''ဘာတွေပြောလိုက်မှန်းကိုမသိဘူး ... ဒီလူကြီး''

''ဟ ... ငါက မှန်တာကိုပြောတာလေ၊ အိမ်ထောင်သက်သာ (၅) နှစ်ကျော်လာတယ်၊ ကလေးကမရဘူး၊ အလုပ်တွေကလည်း ဘာများသလဲမမေးနဲ့''

''လုပ်ချိန်ကို မရှိဘူးပေါ့ ဟုတ်လား''

''ချွေးကောင်လေး၊ ဒါမျိုးဆို တယ်ဝါသနာကြီး၊ ဒီမှာ အုငယ် ... မင်းတို့ မိန်းမယူရင် ဆရာဝန်မကိုရှောင်''

''ဘာဖြစ်လို့လဲ၊ သူတော့ ဆရာဝန်မ ယူထားပြီး''







www.burmeseclassic.com

www.burmeseclassic.com



''ငါယူပြီးလို့ ပြောတာပေါ့၊ သူကလည်း ည (၁၀)နာရီ (၁၁) နာရီမှ ဆေးခန်းတွေက ပြန်ရောက်၊ ကိုယ်ကစောတောင် တစ်ယောက်တည်း အိပ်ရာထဲမှာ ငေါင်စင်းစင်း၊ သူပြန်လာတော့ လည်း တစ်နေ့လုံး ပင်ပန်းနေတာပဲလေဆိုပြီး''

''ညှာလိုက်တယ်ပေါ့လေ၊ ဒါကြောင့် ကလေးမရတာ လား၊ ဟေ့လူကြီး ...ယုံအောင်လည်းပြော။ ယုတ္တိဗေဒနဲ့ ကင်းလွတ်နေတယ်''

''ဘာပဲဖြစ်ဖြစ်ကွာ၊ အိမ်ပြန်ရောက်တာနဲ့ အဆင်သင့် စောင့်ကြိုပြီး ပြုစုယုယနေမယ့် အိမ်ထောင်မှုနိုင်နင်းမယ့် မိန်း ကလေးကိုသာရှာပါကွာ၊ ငွေတွေ ဘာလုပ်ဖို့လဲ၊ ကိုယ်တစ် ယောက်တည်းရှာလည်း ရနေတာပဲ၊ သူရှာကိုယ်ရှာနဲ့ ငွေတွေ သာများလာတယ် အိမ်ထောင်ရေးသုခ၊ နွေးထွေးမှု၊ မိသားစုဘဝ အဲဒါတွေကျ အပြည့်မရဘူးလေ''

ဒေါက်တာဆက်နိုင် လက်တွေ့ကျကျ ပြောနေတော့ ယခုမှ မိန်းမယူဖို့စဉ်းစားနေကြသည့် လူပျိုကြီးနှစ်ယောက် စိတ် ဝင်စားနေကြသည်။

''ကိုဆက် မနွဲ့ဒါလီကိုကြိုက်လို့ယူတာ မဟုတ်ဘူးလား ဘာခုမှ နောင်တတွေ ရပြနေတာလဲ၊ နောက်မီးလင်းချင်လို့ လား''





''မဟုတ်ပါဘူး ...ကြိုက်လို့ယူထားတာပါ၊ အခုလည်း ကြိုက်ပါတယ်၊ ဒါပေမဲ့ အပြစ်ကိုပြောတာလေ၊ မိန်းမယူရင် အပြင်လူယူလည်း ကောင်းတာပဲလို့ အကြံပေးနေတာပါ၊ ကိုယ့် ကို အချိန်ပြည့်ယုယ စောင့်ကြိုနိုင်တာကို ပြောတာ၊ ကုန်ကုန် ပြောရရင် အတူအိပ်တာကအစ အားနာမနေရတော့ဘူးပေါ့၊ နွဲ့ကိုကျတော့ သူ့ခမျာ မောပန်းလာရှာတာ၊ ငါ ဘယ်အငှာပြု ရက်မလဲကွာ၊ ညှာရတာပေါ့''

''ယုံမယ် အားကြီးကြီး၊ ခင်ဗျားသောင်းကျန်းလို့ ဖြစ် မယ်၊ မမနွဲ့ခမျာ တစ်နေ့တခြား ပိန်ချုံးလာတာပဲ''

''ဟေ့လူတွေ ...သူ့ဘာသာ နဂိုပိန်နေဘ်၊ ကိုယ့် ကြောင့် မဟုတ်ဘူး''

တစ်ယောက်နှင့်တစ်ယောက် တွန်းလား၊ နောက်လား နှင့် သူတို့ဝိုင်းက စိုပြည်နေဆဲ။ ချောဝတီ လှည့်လာပြန်သဖြင့် အရှိန်သတ်လိုက်ကြရသည်။

ချောဝတီက သူတို့ဝိုင်းမှ လွတ်နေသောခုံမှာ ဝင်ထိုင် လိုက်ရင်း ညင်သာသောအပြုံးလေးနှင့်။

''ဆရာတို့ကို တာဝန်ပေးခဲ့ရဦးမယ်၊ ချော ဂျပန်သွားရင် ချောရဲ့အဘွားနဲ့ညီမကို စောင့်ရှောက်လိုက်ကြပါနော်၊ သူတို့ (၂) ယောက်ရဲ့ ကျန်းမာရေး၊ လူမှုရေးပေါ့နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရပါတယ်၊ သူတို့ (၂) ယောက်တည်း ကျန်ခဲ့မှာလား"

"ဒေါ်လေးဆောင်းလည်း ရှိပါတယ်၊ မိန်းမသားတွေချည်းပဲဆိုတော့လေ၊ လိုအပ်ရင် ကူညီပေးဖို့ပါ၊ အဘွားက ကျန်းတော့ ကျန်းမာပါတယ်၊ ဒါပေမဲ့ (၇၀) ပြည့်ပြီဆိုတော့၊ ညီမလေးကလည်း ကိုယ်ဝန်နဲ့မို့ပါ"

"ဟင် ... သူ့အမျိုးသားကရော၊ ဟိုတစ်ခါ ဆေးခန်းခေါ်လာတဲ့ကောင်မလေးလား"

"ဟုတ်တယ်၊ ညီမလေးက ရုပ်အရမ်းချောပေမယ့် ကုသိုလ်ကံဆိုးတယ်၊ စိတ်ကလေးကလည်း အရမ်းဖြူစင်တယ်၊ သူ့ကိစ္စက ဘယ်လိုခေါ်မလဲ Rape (မုဒိန်းမှု) လေ"

"ဗျာ"

"ဟုတ်တယ်၊ ဘယ်သူလဲဆိုတာ လုံးဝမေးလို့မရဘူး။ သူလူက ဆရာဝန်တစ်ယောက်လို့တော့ ပြောပါတယ်၊ သူ့ကျေးရွာရှင်တဲ့၊ မတော်တဆ ဖြစ်သွားရတာမို့ သူ့ကျေးရွာရှင်မှာ အပြစ်မရှိပါဘူးတဲ့"

"ဟာ ... ဘာဖြစ်မလဲ၊ မတော်တဆဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီလူမှာ တာဝန်ရှိသွားတာပေါ့၊ ချောတို့က အတင်းမမေးဘူးလား"





"မေးလို့မရဘူး။ အိမ်ကထွက်သွားမယ်လုပ်လို့ မမေးတော့ဘူးလေ၊ ဒီတော့လည်း မွေးသာမွေး ကလေးကိစ္စ ချောတာဝန်ယူတယ်လို့ပဲပြောလိုက်တယ်"

သူတို့ ဆွေးနွေးနေကြသည်များကို နားထောင်ရင်း နေရဲမာန် မျက်နှာတွေပျက်နေမိသည်။ ကိုယ့်ကိုစောင်းချိတ်ပြောနေကြတာလားဆိုပြီး အကဲခတ်ကြည့်တော့လည်း ရိုးရိုးသားသားပုံစံ။

"အေးလေ၊ ကဲပါ ... ချော ဘာမှနောက်ဆံမတင်းနဲ့၊ ကိုယ်တို့ စောင့်ရှောက်လိုက်ပါ့မယ်၊ သူခက ဒါမျိုးဆို အားကိုးရတယ်၊ ချောညီမက ချောချောလေးဆိုတော့ ဟိုတစ်နေ့တည်းက သူမြင်ပြီး ရူးသွားတာ၊ အဖေနာမည်တပ်စရာမရှိလည်း သူ့တပ်လိုက်၊ ရတယ်"

"ဒါပေါ့ ... အားနည်းသူကို ကူညီရမှာ ယောကျ်ားကောင်းတို့ရဲ့ တာဝန်လေ"

ချောဝတီ သူတို့ (၃) ယောက်ကို လိပ်စာကတ်တွေ ဝေပေးခဲ့တာ ဘာသဘောလဲ။

ထိုနေ့က (၉) နာရီကျော်မှ သူတို့ပြန်လာဖြစ်ကြသည်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ချောဝတီ နိုင်ငံခြားထွက်သွားတာ တစ်လကြာသည့်အထိ ယွန်းစံမိုတို့ဘက်မှ ပေါ်မလာကြသည့်အခါ နေရဲမာန်တို့ (၃) ယောက် သတိထားမိလာကြ၏။ အထူးသဖြင့် နေရဲမာန်။

ကိုယ်ကမရှင်းမရှင်းမို့ သူခိုးခွေးကိုက် မအော်ဝံ့ဖြစ်နေရပေမယ့် သတင်းတော့ နားစွင့်မိလျက်သား။ ဆက်နိုင်ကအရင်။

''တို့ကိုအပ်ပစ်ခဲ့တာ ဘယ်သူမှ ပေါ်မလာကြပါလား''

''နေကောင်းလို့နေမှာပေါ့ကွာ၊ နေမကောင်းရင်တော့ ရောက်လာရမှာပဲလေ''

''တစ်ယောက်တစ်လှည့်စီတော့ သွားကြည့်သင့်တယ်ထင်တာပဲ''





''ဖုန်းလေး၊ ဘာလေး ဆက်ကြည့်ရင်ရော''

''အဘွားနဲ့တိုးရင် ကိစ္စမရှိဘူး။ ဟိုမချောနဲ့တိုးနေရင်ရော''

''ဘယ်သူနဲ့တိုးတိုး ဟိုက သေသေချာချာ အပ်ပစ်ခဲ့တဲ့ကိစ္စ၊ ဖုန်းဆက်ချင်လည်းဆက်၊ မဆက်လည်း တစ်ယောက်တစ်ပတ်စီ သွားကြည့်ကြရအောင်''

ဆက်နိုင် အဆိုတင်သွင်းတော့ သွန်းသုခက ထောက်ခံသည်။

''ဟုတ်တယ်၊ ကျွန်တော် အရင်ဆုံးသွားကြည့်မယ်၊ ကိုဆက်နဲ့မဖြစ်ဘူးထင်တယ်ဗျ။ တော်ကြာ . . . မနွဲ့က သဝန်တိုနေမယ်''

''မင်း အရင်သွားရမှာမဟုတ်ဘူးကွ၊ နေရဲမာန်အရင်သွားသင့်တာ၊ ချောညီမက သူ့လက်စလေး၊ သူနဲ့ ပိုပြီး သက်ဆိုင်တာ''

''ခင်ဗျားတို့ကလည်းဗျာ၊ စကားပြောရင် ကြည့်ပြောကြပါ။ ကျွန်တော်လည်း ရှုန်းအိန္ဒြာနဲ့ ချိတ်လုချိတ်ခင် ဖြစ်နေပြီ''

''ရိုးရိုးပြောတာပဲလေ၊ အဲဒီကောင်မလေးက ခင်ဗျားလူနာဖြစ်ဖူးတယ်၊ ဒါကြောင့် ခင်ဗျား အရင်ဝင်သင့်တယ်''

(၃) ယောက်သား တစ်ယောက်တစ်လှည့် ဘော်လီဘော



www.burmeseclassic.com

www.burmeseclassic.com



ပုတ်နေကြစဉ် သူတို့ဝိုင်းသို့ ရွှန်းအိန္ဒြာရောက်လာခဲ့သည်။

ဆေးရုံအုပ်ကြီးရဲ့သမီးမွေးနေ့မှာ ဆုံနေကြတာလေ။

"ဘာတွေ ဆွေးနွေးနေကြတာလဲ၊ ကိုနေမျက်နှာလည်း မကောင်းပါလား"

နေရဲမာန်အနားမှာ ဝင်ထိုင်ရင်း ရွှန်းရွှန်းစားစားကြည့် နေတော့ ဆက်နိုင်ပြုံးစိစိ။

"ဩော် ... ချောဝတီ နိုင်ငံခြားမထွက်ခင် သူ့အိမ်ကို ကျွန်တော်တို့အပ်သွားတာ၊ တစ်ခါမှ သွားမကြည့်ဖြစ်သေးလို့ တွန်းအားပေးနေရတာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ရွှန်းကိုလည်း မှာခဲ့တယ် သူညီမက ချောချောလေ။ Rape ကြောင့် ကိုယ်ဝန်ရှိနေတာ သနားစရာ၊ ရွှန်းလည်း တစ်ခေါက်မှ မရောက်သေးဘူး။ ဒီ[illegible] လုပ်ပါလား။ ရွှန်းတို့ (၄) ယောက်လုံး ဒီကအပြန်မှာ ဝင်လိုက်ကြ မယ်လေ။ လမ်းလည်းသင့်သားပဲ။ ပြီးမှ ကိုယ်သွားလိုရာသွားကြ တာပေါ့"

"ကောင်းတယ် ... ကောင်းတယ်၊ ခုမှ ည (၈) နာရီ ရှိသေးတယ်၊ ဒီကစောပြီးပြန်လိုက်ကြတာပေါ့၊ လမ်းကျ[illegible] အဘွားဖို့ သစ်သီးလေး,မုန့်လေး ဝင်ဝယ်သွားကြမယ်"

"အိုကေ ... ကဲ ဒါဆိုလည်း ဆရာကြီးကို သွားပြီး





နှုတ်ဆက်ကြရအောင်"

(၄) ယောက်သား ပွဲရှင်ကို အကျိုးအကြောင်းပြောပြီး နှုတ်ဆက်ထွက်ခွာလာကြသည်။ အားလုံးထဲမှာ အသံအတိတ်ဆုံး က နေရဲမာန်။ မျက်စိမျက်နှာတွေမပျက်အောင် မနည်းကြွြေ ဆည်နေရသည်။

ယွန်းစံမိုရဲ့ဗိုက် တော်တော်ထွက်ရောပေါ့။ သူ ဘယ်သူ့မှ လျှောက်မပြောဘူးဆိုတာ တကယ်လား။ ရင်တထိတ်ထိတ်နှင့်မို့ ခါတိုင်းလို ရွှန်းအိန္ဒြာကို စကားတွေ ဝေဝေဆာဆာ မပြောမိ သည့်အဖြစ်။

✵

သူတို့ (၄) ယောက် ဒေါ်ယုဝတီတို့အိမ်ရောက်တော့ ည (၉) နာရီခန့်ရှိပေပြီ။ အောက်ထပ်မှာ စတိုးဆိုင်ကြီးကိုတွေ့ တော့ သူတို့ အံ့သြနေကြ၏။

"ဆိုင်မပိတ်သေးဘူးလား။ မိန်းမသားတွေချည်းနေကြ တာ၊ ညဘက်ဖွင့်ဖို့ မကောင်းဘူးလေ"

နေရဲမာန်၊ ယွန်းစံမိုကို ခပ်တင်းတင်းပြောလိုက်ပုံက



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်သက်ဆိုင်သည့်နှယ်။ ပြောပြီးမှ ရှေ့နောင်တရရှာသလို။

''သိမ်းပါပြီ၊ ည (၈) နာရီအထိပဲ ဖွင့်ပါတယ်၊ ညဘက်လည်း လာဝယ်ကြလို့ပါ''

''အိမ်မှာက မိန်းမသားတွေချည်းပဲ၊ အရေးကိစ္စပေါ်ရင် အားကိုးရှိတာ မဟုတ်ဘူး''

''ဟုတ်ကဲ့ပါ၊ နောက် ညဘက်မထွက်တော့ပါဘူး''

ဒေါ်ယုဝတီကတော့ သူတို့ (၄) ယောက်ကို ဝမ်းပန်းတသာနှင့် ကြိုဆိုညှော်ခံသည်။

''သားတို့ သမီးတို့ ရောက်လာတာ အဘွား အားရှိလိုက်တာကွယ်၊ အဘွား ခုတလော မူးရိပ် မူးရိပ်နဲ့၊ ယွန်းလေး အားငယ်မှာစိုးလို့ ပြောတောင်မပြောမိဘူးကွယ်၊ သူ့ခမျာလည်း ကိုယ်ဝန်က (၃) လရှိပြီလေ''

''အို . . . ခက်လိုက်တာ အဘွားရယ်၊ ဒီမှာ ကျွန်တော်တို့ ဖုန်းနံပါတ်တွေ ယူထားပါ၊ တစ်ယောက်ယောက်ဆီ လှမ်းဆက်ရောပေါ့ဗျာ၊ ချောဝတီက ကျွန်တော်တို့ကို သေသေချာချာ အပ်ထားပစ်ခဲ့တာ၊ ခုဆို အဘွားရော ယွန်းရော အရေးကြီးတဲ့ လူနာတွေ ဖြစ်နေပြီနော်''

သွန်းသုခက လက်သွက်ခြေသွက်နှင့် အဘွားကို သွေးပေါင်ချိန်တိုင်း၊ နာ ကျပ်နှင့်စမ်းသပ်နေသလို ရွှန်းအိန္ဒြာကလည်း





ပိပိ ယွန်းစံမိုကို အခန်းတစ်ခုထဲခေါ်သွားပြီး စမ်းသပ်ဆေးပေးနေလေ၏။

နေရဲမာန်နှင့်ဆက်နိုင်ကတော့ အဘွားအနားမှာ ဝိုင်းညှိပေးရုံ။ သူတို့ (၄) ယောက်ဝယ်လာသည့် သစ်သီးတွေက စားပွဲပေါ်မှာ ဆိုင်ဖွင့်ထားသည့်နှယ်။

မကြာမီ ဒေါ်လေးဆောင်း သူတို့အတွက် ကော်ဖီပူပူနှင့် ယူလာပေးသည်။

''အားနာလိုက်တာ ကလေးတို့ရယ်၊ အဘွားတို့မှာ ပါတယ်၊ နောက် . . . ဘာမှဝယ်မလာပါနဲ့ကွယ်''

''ဪ . . . အဘွားတို့မှာ မိန်းမသားတွေချည်းပဲလေ၊ ည်း ဘယ်မှာ သွားနိုင်ကြမလဲ၊ ကားရှိပေမယ့် မောင်းမယ့် ည်းမရှိဘူး မဟုတ်လား''

''ယွန်းလေးတော့ သူ့မမက သင်ခဲ့တာပဲ၊ ညဘက် မောင်းကြည့်နေတာ အတော်ဟုတ်နေပြီလား မသိပါဘူး''

''ဟာ အဘွား . . . သူကလည်း ကိုယ်ဝန်နဲ့နော်၊ ကား ယ်ဆိုတာ မတတ်သေးခင် စိတ်လှုပ်ရှားရတယ်လေ၊ မလုပ်နဲ့ဦး၊ လိုတာရှိရင် ကျွန်တော်တို့ကိုပဲလှမ်းပြော မယ်၊ ဆိုင်အတွက်ကိုရော ဘယ်လိုပစ္စည်းမှာသလဲ''

''အဲဒါကတော့ သူ့အစ်မ စီစဉ်ချိတ်ဆက်ပေးခဲ့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကြီး (၄) ဆိုင်ကနေ မှာတယ်၊ ဖုန်းဆက်လိုက်ရုံပါပဲ"

"ဩော် ... ရရင်ပြီးတာပါပဲလေ"

အဘွားကိုလည်း ဆေးပေး၊ ရှောင်ရန်၊ ဆောင်ရ အစားအစာများကို စာနှင့်ရေးပေးပြီး သူတို့ (၃) ယောက် ကော် သောက် မုန့်စားကြသည်။ အတန်ကြာမှ ရွှန်းအိန္ဒြာတို့မှစ်ယော ထွက်လာကြ၏။

"သူတို့ကတော့ ဆေးခန်းလာမှာမဟုတ်ဘူး၊ ကျွန်မတ လာလာကြည့်မှာပါ၊ တစ်ပတ်တစ်ခါလောက်ဖြစ်ဖြစ် အချိန်ယူ လာကြည့်ပေးရအောင်နော်"

"ကောင်းတယ်၊ တို့ (၄) ယောက် တစ်လှည့်စီဆ တစ်လမှ တစ်ခါစီပဲကျမှာပါ၊ ဘယ့်နှယ်လဲ"

"ရပါတယ်"

"ခွဲစိပ်ဆရာဝန်ကြီးကရော၊ သူက ပိုပြီးတော့ အလုပ်ရှုပ်နေမလား"

ရွှန်းက မျက်နက်လေးထောင့်ကပ်ပြီး မူသလို ပြော လျှင် နေရဲမာန် ဘာပြန်ပြောရမှန်းမသိ။ လူက ထူပူနေသ သူ့စိတ်ထဲမှာ ယွန်းစံမှီရဲ့အကျိတ်ကို သွားသတိရနေသ ကိုယ်ဝန်ကိစ္စကိုလည်း မမေ့။

ယွန်းစံမှီအကြောင်း ခေါင်းထဲရောက်သွားလျှင်





စိတ်ထဲမှာ ကတုန်ကယင်။ လိပ်ပြာမလုံ။

"ရ ... ရပါတယ်၊ အချိန်တော့ မမှန်ဘူးပေါ့၊ အားမယ့် အချိန်ပြေးလာလို့ရပါတယ်"

"နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် အဘွားတို့က အိမ်မှာ အမြဲရှိ နေတာပဲလေ၊ အားလည်း နာပါတယ်၊ တစ်ပတ်တစ်ခါ လာ ကြည့်ပေးနေရမှာ အားနာတယ်ကွယ်၊ ကိစ္စရှိမှ ဖုန်းဆက်မယ် လေ၊ သားတို့ဖုန်းနံပါတ်တွေလည်း ရထားပြီပဲ"

"ရပါတယ်၊ တစ်ပတ်တစ်ခါ စနေနေ့တိုင်း လာကြည့် ပေးမယ်၊ နေ့ (သို့မဟုတ်) ညပေါ့"

"ဒါဆိုလည်း သာဓုပါကွယ် ... သာဓုပါ၊ အဘွားရဲ့ သားကောင်း သမီးမွန်လေးတွေ ကြီးပွားတိုးတက်ကြပါစေကွယ်၊ အိမ်ထောင်ဖက် လိမ်လိမ်မာမာလေးတွေနဲ့လည်း တွေ့ပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ အဘွား"

သွန်းသုခနဲ့ ရွှန်းအိန္ဒြာရဲ့အသံက အကျယ်ဆုံး။ နေရဲ မာန်ကတော့ မလုံသည့်အိုးမို့ မျက်နှာက အပျက်ပျက်။

သူတို့ (၄) ယောက် ည (၁၀) နာရီလောက်ကျမှ အဘွားအိမ်က ပြန်ဖြစ်ကြသည်။

အဘွားက ယွန်းရဲ့လက်ရာ ထမင်းပွဲနှင့် ညစာအတင်း ကျွေးလိုက်သေး၏။ သွန်းက အားလုံးထဲမှာ အကဲဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"သားအလှည့်ကျရင် စနေညကိုလာမယ်၊ ထမင်းစား မယ်နော် ဘွား"

"အေးပါကွယ် . . . အေးပါ၊ ကျန်တဲ့ကလေးတွေလည်း ဘွားက ဖိတ်ခေါ်ပါတယ်၊ စနေညတိုင်း ထမင်းပွဲနဲ့ စောင့်ကြို ပါ့မယ်"

"ဗိုက်ကြီးသည့်လည်း ပင်ပန်းနေပါဦးမယ်"

ဒီစကားက နေရဲမာန်ရဲ့စကား။ အားလုံးက အံ့အား တသင့်ကြည့်လို့။

နေရဲမာန် ကိုယ့်ကိုယ်ကို ကျိန်ဆဲမိပြန်သလို ငါနဲ့ ဘာ ဆိုင်လို့လဲ။ အဲလေ ဆိုင်တော့ဆိုင်တောပေါ့။ ဒါပေမဲ့ လူသိခံ မဖြစ်ဘူးလေ။

ဒီလိုနှင့် ကပေါက်တိ ကပေါက်ချာနှင့်ပင် နေရဲမာ အိုးနင်း ခွက်နင်း ဖြစ်ခဲ့ရသည့်ည။

✲ ✲ ✲



## အခန်း (၂၂)

ယွန်းစံမို။

သူမရဲ့အလုပ်က အောင်မြင်လာသည့်မို့ လူက ဘာမှ တွေးအားတော့ဘဲ အလုပ်တွေသာ ခေါင်းထဲရှိနေရတော့သည်။

သူမရဲ့ရုပ်ကလည်း အရင်ကလို အားငယ်နွမ်းဖျော့မနေ တော့ဘဲ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့်မို့ အလှတွေပိုပြီး င်းလင်းလက်နေရတာ ယွန်း ကိုယ့်ကိုယ်ကိုမသိ။

ဝတ်စားဆင်ယင်ပုံကလည်း အရင်လိုမဟုတ်တော့။ ဆင့်မိမိ ခေတ်မီမီ။ ဘောင်းဘီတွေ၊ စကတ်တွေတော့မဟုတ်။ ည်လေးနှင့် ရယ်ဒီမိတ်အင်္ကျီလှလှလေးတွေ။ နောက် ဝမ်း က်လှလှလေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက ဘာကိုမှ မမက်မောပေမယ့် မမချောဝတ်လုပ်ပေးခဲ့တာတွေ။

မနက် (၅) နာရီလောက်ထဲကထကာ ထမင်း ဟင်းချက်ပြုတ်ပြီး (၇) နာရီထိုးတာနှင့် ဆိုင်ဖွင့်သည်။ ယခုဆို ဘွားရော ဒေါ်လေးဆောင်းပါ မပျင်းရတော့။ ယွန်းရဲ့ဆိုင်မှာ ထိုင်ပေးနေကြသည်။

တီဗွီကြည့်ရင်း၊ ဆိုင်စောင့်ရင်း၊ ဘုရားရှိခိုး၊ ပုတီးစိပ်ကတော့ မိုးလင်းတာနှင့် လုပ်ပြီးပေပြီ။

လူကြီး (၂) ယောက်ကိုလည်း ပြုစု၊ ဆိုင်လည်းရောင်းအိမ်မှုကိစ္စတွေလည်းလုပ်။ ယွန်း တစ်ချက်မှမငြီးငြင်ပါ။ တောမှာဆို မိုးလင်းမိုးချုပ်၊ နေပူစပ်ခါးထဲမှာ အလုပ်လုပ်ရတာ။ ဒီထက်သုံးလေးဆမက ပင်ပန်းပါသည်။

စားတော့လည်း ရေသည်ပြဇာတ်ထဲကလို "ကောက်လျင် ကြီးဆန် နီတာလန်နှင့် ငါးသန်သေးနုပ်၊ ရေလုံပြုတ်ကိုတစ်နပ် ကယ်ဝဝ စားလိုက်ရလျှင် အာဂပါးစပ် လူဖြစ်ကျိုးနပ်" ဆိုတာမျိုး။

ကောက်ကြမ်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့်ပါ။ တောဓာတ်ကြီးလေးပါးနှင့်မသပြီး အဖိုးတန်သည့်၊ လတ်ဆတ်သည့်ရေ၊ မြေ၊ လေတို့ကို ရှူရှိုက်ရလို့သာ တောသားတွေ ကျန်း





သန်စွမ်းနေရတာ။

အစာအာဟာရကျတော့ရော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့် ငါးပိကိုသာ မဲတင်းစားကြရတာ။

ဝန်ကြီးတစ်ဦးက လယ်သမားတွေ၊ ထမင်းတစ်နပ်လျှော့စားကြပါဆိုတော့ ယွန်း အံ့ဩရပါသည်။

လယ်သမားတွေက စားတဲ့ထမင်းကို သူတို့က ဘာထင်နေသလဲ။

သူတို့လူတန်းစားတွေလို ဟင်းခွက်တစ်ရာနှင့် စားနေကြရတယ်များ မှတ်ထင်နေသလားမသိ။

ကောက်ကြမ်းထမင်းနှင့် ငါးပိဖုတ်စားရသည့် အဆင့်အနိမ့်ဆုံး၊ တန်ဖိုးအနည်းဆုံး အဆင်းရဲဆုံး ထမင်းပါ။

ယွန်းစံမှီမှာ မှန်ကန်သောအတွေးရှိသူမို့ ကိုယ့်တောမှာနွားလို၊ ကျွဲလို အလုပ်လုပ်ခဲ့ရတာကို ဘယ်တော့မှမမေ့။

သည်မြို့မှာ အရိပ်အောက်မှာ အလုပ်လုပ်ရသည်ဆိုတာသူမအတွက် ပါးပါးလေး။

ယွန်းစံမှီ အမေနှင့်လည်း အဆက်အသွယ်ရှိပါသည်။ သူမ ကိုယ့်အကြောင်းတွေ ပြောပြပြီး အဘွားထံမှာ ခွင့်တောင်းကြည့်သည်။

"အဘွား . . . ယွန်းအမေ ဒီရန်ကုန်ကို အလည်လာချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ လာခွင့်ပြုမလားဟင်''

''အောင်မယ်လေးသမီးရယ် ... လာပါ၊ လာလို့ရပါတယ်၊ အဘွားက ဒီလောက် ဥစ္စာခြောက်တဲ့ ဥစ္စာရူးမကြီးမဟုတ်ပါဘူးကွယ်၊ ခေါ်လိုက်ပါ၊ နို့ ... သူ့ယောက်ျားဆိုတာရော အဆင်ပြေရဲ့လား''

''မသိပါဘူး ဘွားရယ်၊ အမေလာမှပဲ မေးကြည့်ရဦးမယ်၊ သူ့ယောက်ျားကြီးက အရမ်းနိုင်စားတာ၊ ဒါဆို အမေ အလည်လာဖို့ ခေါ်လိုက်မယ်နော်''

''အေး ... ခေါ်လိုက် သမီး''

ဒေါ်ယုဝတီမှာ စကားကို လွှန်အောင်မပြောပေမယ့် ယွန်းရဲ့အမေဆိုတာ စိတ်ကောင်းရှိမယ်၊ ရိုးသားဖြောင့်မတ်မယ်ဆိုရင် ခေါ်ထားလိုက်ဖို့အသင့်။ သူ့အိမ်မှာ ဘောလုံးတစ်သင်းစာရှိစေဦးတော့ သူကျွေးထားနိုင်သည်။

ပြီးတော့သူ့တောင်သားတွေဟာ ရိုးသားသည်၊ သစ္စာရှိသည်၊ အစားအသောက်စားတော့လည်း သူတို့လို ဟင်းဂျီးများနေတာမဟုတ်။

ယွန်းဆိုလည်း ဟင်းတွေအများကြီးနှင့်စားတာမဟုတ်။ ဟင်းတစ်မယ်လောက်နှင့်စားတာ။

''ဘွားရယ် တောမှာဆို ထမင်းနဲ့ငါးပိ၊ ဟင်းရွက်ပြုတ်





ဒါပဲစားရတာ၊ ဒီမှာ ဟင်းတွေအများကြီးနဲ့ မစားတတ်ပါဘူး၊ တစ်မျိုးနှစ်မျိုးဆို တော်ပါပြီ၊ ဘွားဖို့သာ အရေးကြီးတာ၊ ဘွားစားချင်တာ ပြော၊ ယွန်း ချက်ပေးမယ်၊ ယွန်းနဲ့ဒေါ်လေးဆောင်းက ချဉ်ပေါင်ဟင်းနဲ့ ငါးပိထောင်းရရင် အိုကေပြီ''

''အောင်မယ်လေးအေ လူလေးမှ (၃) ယောက်ရှိတာ၊ ခွဲခြားခွဲခြား မလုပ်စမ်းပါနဲ့၊ ထမင်းဝိုင်းမှာ ငါးတစ်ယောက်တည်းအခွင့်ထူးခံဖြစ်နေရတာ မျိုမကျပါဘူး၊ အတူတူစားပါ၊ ကျုပ်ကျွေးနိုင်ပါတယ်''

''ဘွားကျွေးနိုင်လည်း ယွန်းတို့ မစားတတ်ဘူး၊ ဟင်းလည်း တစ်မျိုးလောက်တော့ ယူစားသားပဲ ဘွားရဲ့၊ ဒီနေ့ကြက်သားယူစားတယ်လေ''

ဒီလို လိမ္မာသိတတ်သည့် ယွန်းပါ။ သူ့အမေဆိုတာတော့ ဘယ်လိုနေမည်မသိ။

ဒေါ်ယုဝတီက ဘယ်လိုပင် ဆိုင်ကိုပေးသည်ပြောပြော ယွန်းဟာ နေ့စဉ် ဝင်ငွေ ထွက်ငွေ၊ ရောင်းရငွေတို့ကို စနစ်တကျ မြန်အပ်မြဲ။

''ဘွားရယ် ဘွားတို့ဆီမှာ ယွန်း လိုလေသေးမရှိ နေရစားရပြီပဲ၊ ဘာဖြစ်လို့ စီးပွားရှာနေရဦးမှာလဲ၊ စီးပွားခွဲနေရဦးမှာလဲ၊ ဘွားပဲဦးစီးပါ၊ ယွန်းက အားလုံးလုပ်ပေးမယ်၊ ဘွားပဲ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငွေသိမ်းပါ''

''ဘွားက သမီးအတွက် လုပ်ငန်းထူထောင်ပေးတာ၊ သမီးရဲ့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ကြီးပွားတိုးတက်စေချင်တာ''

''အင်းပါ ... အခုလည်း သမီးကိုယ့်လုပ်ငန်းလို လုပ်နေတာပါ၊ ငွေပဲ အဘွားကိုင်''

ပြောမရလို့ ငွေကိုင်နေရပေမယ့် ဒေါ်ယုဝတီ သတ်သတ် သိမ်းထားပေးပါသည်။

''ဒီနေ့ စနေနေ့နော်သမီး၊ ညစာ ဖွယ်ဖွယ်ရာရာလေး ချက်ထား။ သမီးဗိုက်ကလေးလည်း ပူလာပြီနော်''

''(၃) လကျော်ပြီကိုး ဘွားရဲ့၊ ယွန်း ဘွားတို့ဆီရောက် တာလည်း (၃) လကျော်ပြီနော်''

''အေးကွယ် ... ဒီနေ့ မောင်နေရဲမာန်များ လာမလား မသိဘူး။ ဆိုင်ကိုစောစောသိမ်းမှ''

''ဆိုင်ကို (၆) နာရီပိတ်ပြီး ဘာဂျာတံခါးကပဲ သူတို့လို တာ ရောင်းပေးနေတာပါ ဘွားရဲ့၊ အန္တရာယ် မရှိပါဘူး''

''အေးပါ ... ဒါပေမဲ့ မောင်နေရဲမာန် ငြိုငြင်အောင် မလုပ်ပါနဲ့အေ၊ သူလည်း သူ့ကိစ္စ သူသိပါတယ်''

''ဘွားရယ် စိတ်လျှော့လိုက်ပါတော့နော်၊ ယွန်း ဆရာ့ကို စိတ်မညစ်စေချင်ပါဘူး''





''ဒါပေမဲ့ တွေ့ပါ မြင်ပါများရင် သူ သံယောဇဉ်တွယ် လာမှာပါ၊ ကလေးမွေးရင်လည်း သူနဲ့ပဲ ခွဲမွေး၊ သွေးက စကား ပြောလာမှာပါအေ''

ယွန်း ဘွားရဲ့မျှော်လင့်ချက်တွေကို မဖျက်ဆီးတော့ဘဲ ဒီနေ့ စနေနေ့မို့ ဘယ်သူလာမှာလဲဟုသာတွေးရင်း ချက်ပြုတ်ဖို့ ပြင်ဆင်နေလိုက်သည်။

(၃) လဗိုက်ပေမယ့် သူမဗိုက်က သိပ်မထွက်သေးပါ။ ဂါဝန်ကြီးနှင့် မနေချင်တာမို့ မမချောဝယ်ပို့သည့် ဗိုက်ဖုံးဂါဝန် တွေကို မဝတ်သေးဘဲ ရိုးရိုး ရယ်ဒီမိတ်ပွပွလေးတွေနှင့်ပင် သူမ သိပ်လှနေပါသည်။

✿

ရောက်လာသူမှာ ဒေါက်တာသွန်းသုခ။

ည (၈) နာရီလောက်မှာ ကားနှင့်ရောက်လာခဲ့သည်။ ဘွားနှင့်ယွန်းတို့ သူ့ကိုဆီးကြိုရပါသည်။

''လာသား ... အဘွားမျှော်နေတာ၊ ထမင်းအရင်စား လိုက်ဦးနော်၊ ပြီးမှ အဘွားတို့ကိုကြည့်ပေါ့''

''ဆေးအရင်ကုမယ် ဘွား။ ပြီးမှ ထမင်းစားမယ်၊ ဒီနေ့



www.burmeseclassic.com

https://www.burmeseclassic.com



ဘာချက်လဲယွန်း''

''ပုစွန်ထုပ်ကြော်နဲ့ ငါးဖယ်ငါးဆုပ်ဆီပြန်၊ နောက် အမဲနှပ်၊ မြင်းခွာရွက်သုပ်၊ ကန်စွန်းရွက်ကြော်''

''ကောင်းတယ်၊ အကုန်ယွန်းလက်ရာချည်းပဲလား''

''ဟုတ်ကဲ့ပါ၊ အိမ်မှာ ယွန်းပဲရှိတာလေ''

''ယွန်းက တကယ် ဟင်းချက်ကောင်းတယ်၊ ယွန်းကို ရတဲ့သူကတော့ တကယ်ကံကောင်းမှာ''

''ရှင်''

ဒေါက်တာ နောက်နေတာလား။ သူမဟာ သူတို့အမြင်မှာ Rape ကြောင့် ကိုယ်ဝန်နဲ့ မိန်းကလေး။

ယွန်းမျက်နှာလှလှလေး ပျက်ကျသွားတော့ ဒေါက်တာသွန်း။ သူ့အမှားကို သတိရသွား၏။

''ဆောရီး ယွန်း။ ကဲ ဘွားကို အရင်ကြည့်ပေးမယ်နော်''

သူတို့အိမ်မှာ စမ်းသပ်ခန်းကို ခုတင်နှင့် ဘာနှင့် အခန်းတစ်ခန်းဖွဲ့ထားသည်မို့ ထိုအခန်းမှာပဲ ဒေါက်တာက စမ်းသပ်ကုသပေးသည်။ ဘွားအလှည့်ပြီးတော့ ယွန်းအလှည့်။ သည်စဉ်ဒေါ်လေးဆောင်း ဧည့်ခန်းထဲမှ လှမ်းခေါ်သဖြင့် ဘွား အပြင်သို့ ခဏထွက်သွားသည်။ ယွန်းကို ခုတင်ပေါ် လှဲစေပြီး ဒေါက်တာ





သွန်း စမ်းသပ်ပေးရင်း –

''ယွန်း ယွန်းကို rape လုပ်တဲ့လူ ပြောပြပါလား''

''ရှင်''

ယွန်း ကြောက်လန့်တကြား ဖြစ်သွားတော့ သူက–

''ကိုယ် မခံမရပ်နိုင် ဖြစ်လွန်းလို့ပါ၊ ယွန်းလို ချောချောလှလှလေးကိုများ သူက မယူဘူးတဲ့လား''

ယွန်း ဘာမှပြန်မပြောတော့ဘဲ မျက်စိမှိတ်ထားသည့် ကြားမှ မျက်ရည်တွေစီးကျလာပေပြီ။ သိပ်လှသည့်မျက်နှာလေး မျက်တောင်ခက်ခက်လေးတွေကြားမှ ကျသည့်မျက်ရည်။

''အိုယွန်းရယ် ... မငိုပါနဲ့၊ ယွန်းမကြိုက်ရင် ကိုယ် ...တော့ပါဘူးနော်''

သူမရဲ့ ပါးပြင်နုနုထက်မှ မျက်ရည်ဥလေးများကို ...က်တာသွန်း ညင်သာစွာ သုတ်ပေးလျှင် ယွန်း ခေါင်းခါပြီး ...ယ်လိုက်ပါသည်။

''ဒေါက်တာ့စေတနာတွေနဲ့ မတန်ပါဘူးရှင်၊ ကျွန်မကို ...ထားလိုက်ပါ''

''မဟုတ်တာဘဲကွယ်၊ ဘယ်လိုတွေ တွေးလိုက်တာလဲ ...ယ်''

သူစမ်းသပ်မှု ပြီးဆုံးသွားပြီမို့ ယွန်း ခုတင်ပေါ်မှထလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူက ဆရာဝန်ပီပီ သွက်လက်စွာဖြင့် ပွေ့ထူပေးခဲ့သည်။ ယွန်း ခုတင်ပေါ်မှ ညင်သာစွာဆင်းရင်း မီးဖိုဘက်သို့ သွားမည် ပြင်တော့ ဒေါက်တာသွန်း သူမကိုလိုအပ်သည့်ဆေးများ ပေး လိုက်သည်။

ယွန်း ထမင်းစားခန်းသို့သွားပြီး ထမင်းပွဲပြင်နေစဉ် ဒေါက်တာသွန်းနှင့်ဘွားတို့ဝင်လာခဲ့ကြသည်။ နောက် ဒေါက်တာ ကို ထမင်းကျွေးကြသည်။ သူ့ပုံစံကြည့်ရတာ ယွန်းကိုတကြည့် ကြည့်။ စိတ်မကောင်းဖြစ်နေပုံလည်းရသည်။

ထမင်းစားပြီး သူ ပြန်တော့ ဘွားက ယွန်းကို ဆေးအိတ် ဆွဲကာ ကားနားထိ လိုက်ပို့စေ၏။ ကားပေါ်မတက်ခင် ဒေါက်တာ က ဆေးအိတ်ဆွဲယူရင်း –

''ယွန်း ဆေးခန်းတစ်ခုခုမှာ အိုကျိုနဲ့ တရားဝင်ပြထား သင့်တယ်''

''မမရွှန်းအိန္ဒြာ ရှိသားပဲ''

''သူက အိမ်လာကြည့်တာ၊ ဆေးခန်းလည်း သွားသင့် တယ်''

''ယွန်းမအားပါဘူး ဒေါက်တာရယ်၊ ဒီလာခြင်း ကောင်းတဲ့ကလေးကို တယုတယတွေလည်း လုပ်မနေအား ဘူး''





''ယွန်း အဖေနာမည်ပေးဖို့ခက်နေတယ် မဟုတ်လား၊ ဆေးခန်း ဆေးရုံတွေမှာ ဗိုက်အပ်ရင် ဖအေနာမည်ပေးရတယ်''

''ရပါတယ်၊ တစ်ယောက်ယောက်နာမည် တပ်လိုက်မှာ ပေါ့၊ ယွန်းဘဝက မထူးတော့ပါဘူး၊ ဒါပေမဲ့ တချို့မိခင်တွေလို အိမ်မှာမွေးလည်း ရတာပဲလေ၊ ဘယ်သူမှ မသိလိုက်တော့ဘူး ပေါ့''

''မရဘူး . . . ယွန်းက ငယ်သေးတယ်၊ ခွဲစိပ်ရမယ်ထင် တယ်''

''ယွန်း (၁၉) နှစ်ထဲဝင်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ ဒေါက်တာ ယွန်းအတွက် မစဉ်းစားပါနဲ့''

ယွန်း လှည့်ထွက်ခဲ့တော့ သူ့အသံ တီးတိုးက ကပ်ပါလာ၏။

''အဖေနာမည်မှာ ကိုယ့်နာမည်တပ်လည်းရပါတယ် ယွန်းရယ်၊ ပြဿနာမရှိပါဘူး'' တဲ့။

ဘာသဘောလဲ၊ ဘာအဓိပ္ပာယ်လဲ။

ဒါဟာ ဖြားယောင်းမှုတစ်ခုလား။

ယွန်းကတော့ မြားမှန်ဖူးသူမို့ လေးနှင့်မြားကို မြင်ရုံနှင့် ကြောက်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ယွန်းရဲ့အမေ ဒေါ်ယွန်းမေ၊ အသက်က လေးဆယ် ကျော်ပေမယ့် ဇာဂမှာ လူပင်ပန်း၊ စိတ်ပင်ပန်းခဲ့ရလို့ ရုပ်က အိုစာနေသည်။

သူ့သမီး ယွန်းစံမိုကိုတွေ့လိုက်တာနှင့် ဖက်ငိုပြီး သူ့ အဖြစ်သနစ်တွေကိုပြောပြသည်။

''သမီးရယ် . . . အမေမှားပါတယ်၊ တို့သားအမိ အရ တူ လုပ်ကိုင်စားသောက်နေခဲ့တာကမှ စိတ်ချမ်းသာရသေးတယ် သူနဲ့ ပေါင်းရတာ စိတ်မချမ်းသာပါဘူး၊ သမီးနဲ့ ခွဲနေရတာ အဆိုးဆုံးပဲ''

''အမေ့ကို နှိပ်စက်လို့လား၊ ဒါဆိုရင် . . . ဒီလူကြီး





ပေါင်းနဲ့ပေါ့၊ လူကြီးစုံရာနဲ့ကွာ''

''အမေ့ကိုတော့ မနှိပ်စက်ပါဘူး၊ သမီးနဲ့ ခွဲနေရတာ ဆစ်ခုပါပဲ''

''အမေ့ကို မနှိပ်စက်ရင် တော်သေးတာပေါ့၊ ဟော ကိုမှာ အဘွားဆင်းလာပြီ''

ဒေါ်ယွန်းမေ ရောက်လာချိန်ဟာ နံနက် (၆) နာရီခွဲခန့် သာ ရှိသေးတာမို့ ဒေါ်ယုဝတီယခုမှ သူ့အခန်းက ဆင်းလာခဲ့ပေ ပြီ၊ ယွန်း အဘွားကို ပြေးကြိုလိုက်ပါသည်။

''ရောက်နေတာ ကြာပြီလား၊ အဘွားကို လာနှိုးရော ပေါ့အေ''

''ခုပဲရောက်တာပါ ဘွား''

''အေး အေး . . . သားအမိတွေ စကားပြောကြဦး၊ ဘွား ဘုရားရှိခိုးလိုက်ဦးမယ်''

ယွန်း အမေ့ကိုခေါ်ကာ သူမလုပ်စရာရှိတာတွေလုပ်ရင်း ပြောတာတွေ နားထောင်သည်၊ မီးဖိုထဲမှာ ဒေါ်ယွန်းမေ ကြည့်နေရသည်။

''အိမ်ကြီးကလည်း ကောင်းလိုက်တာ၊ မီးဖိုကလည်း သန့်ရှင်းလိုက်တာ၊ သမီးနေရတာ ပျော်သလား၊ ဒေါ်ခင်ထားလွင် နဲ့ အဆက်အသွယ်ရှိသေးလား''



www.burmeseclassic.com

www.burmeseclassic.com



ယွန်း အမေ့ကို အကြောင်းစုံပြောပြလိုက်ပါသည်။ ခါတိုင်းက ဖုန်းထဲမှာမို့ သေသေချာချာ မပြောခဲ့။ မိခင်ဆိုတော့ စိတ်ပူရှာသည်။ အကြောင်းစုံသိရသည်နှင့် စိုးရိမ်ကြီး။

"ဟင် . . . သမီးမှာကိုယ်ဝန်ရှိနေပြီ ဟုတ်လား၊ ဘုရား ဘုရား . . . ဒါဆိုလည်း ရွာကိုပြန်လိုက်ခဲ့လေ၊ ဟိုမှာ တစ်ယောက်ယောက်ကို အကျိုးအကြောင်းပြောပြီး လက်ထပ်ပေးမယ်"

သည်စဉ် ဘွားဝင်လာပြီး -

"အဲဒီကိစ္စအတွက် မပူနဲ့သမီး၊ ဘွားတို့ စီစဉ်ထားပါတယ်၊ အဲဒီဆရာဝန်လေးနဲ့ပဲ လက်ထပ်ဖြစ်အောင် ဘွားတို့ ကြိုးစားပေးမှာ"

"သြော် . . . ဒါဆိုလည်း တော်ပါသေးရဲ့ရှင်၊ ကျွန်မ စိတ်ပူလို့ပါ၊ မြန်မာမှုနယ်ပယ်မှာ ယောက်ျားမရှိဘဲ ကလေးမွေး ရတာ အရမ်းရှက်စရာကောင်းလို့ပါ၊ သမီး အရှက်တကွဲ အကျိုးနည်း မဖြစ်ရအောင် ကျွန်မ လုပ်ပေးမလို့ပါ"

"ဟုတ်တာပေါ့၊ ဒါပေမဲ့ ခုကိစ္စက သူ လော်မာလို့ ဖြစ်ရတာမဟုတ်ဘူးလေ၊ ယွန်းက အကျိုးအကြောင်းတွေ အကုန်ပြောပြပါတယ်၊ ဘွားတို့လည်း ကိုယ့်မေတ္တာ၊ စေတနာနဲ့ သူ့ကို လူရာဝင်အောင် မြှင့်တင်ပေးပြီး ငြိခဲ့တဲ့ဆရာဝန်လေးနဲ့





လက်ထပ်ဖြစ်အောင် သံယောဇဉ်တွယ်လာအောင် ကြိုးစားပေး နေပါတယ်"

"ကြားရတာ သာဓုခေါ်ပါတယ် ဘွားရယ်၊ ဘွားတို့ ကယ်တင်ပေးထားတာလည်း အများကြီးကျေးဇူးကြီးလှပါတယ်၊ တောမှာဆို ကျွန်မသမီးလေး အရမ်းပင်ပန်းတာ၊ ခုလို အဆင့် မြင့်မြင့်နေရဖို့ဆိုတာ အိပ်မက်တောင် မမက်ဖူးဘူး"

"ကဲ ကဲ . . . ဒီနေ့ ဆိုင်ပိတ်ပြီး သမီးအမေကို ဘွားတို့ ဘုရားစုံလျှောက်ပို့ရအောင်"

"ဒီနေ့တော့ ကားစီးလာခဲ့ရတာ ပင်ပန်းလို့ပါ၊ နောက် နေ့မှသွားပါရစေ အဘွား"

"ကဲ . . . ဒါဆိုလည်း သမီးအခန်းထဲမှာ နားပါစေ၊ အေးအေးချမ်းချမ်းနေနော်"

ဒေါ်ယွန်းမေမှာ သဘောကောင်းလှသည့် သူဌေးမကြီး နှင့် ကံကောင်းသည့်ကိုယ့်သမီးလေးကိုကြည့်ပြီး ဝမ်းသာဝမ်း နည်း ဖြစ်နေရသည်။

သူမအဖြစ်ကတော့ တည်မိတဲ့ဘုရား။ ယူမိသည့် ယောက်ျားနှင့်ပဲ သေကပန်သက်တဆုံး ပေါင်းရပေတော့မည်။

ဦးထွန်းနောင်ဟာ လူ့ဂွစာကြီးဆိုပေမယ့် သူမကိုတော့ ချစ်ပါသည်။ အလုပ်လည်း ကိုင်းထဲ၊ လယ်ထဲတွေ မဆင်းနိုင်းပါ။

www.burmeseclassic.com



သမီးကိုသာ ထောင့်စေ့အောင် ခိုင်းစားချင်နေတာ။ သူမကတော့ ကိုယ့်ဘဝနှင့်ကိုယ်။ သမီးအခြေအနေကို လာကြည့်ပြီး စိတ်အေး သွားရပြီမို့ ကိုယ့်ဘဝနှင့်ကိုယ်ပဲ ရှေ့ဆက်ရတော့မည်။

✹

ညကျတော့ သားအမိတွေ အိပ်ရာထဲမှာ စကားပြောနေ ကြခိုက် ဖုန်းမြည်လာခဲ့သည်။ ယွန်း ကြည့်လိုက်တော့ ဒေါက်တာ သွန်းသုခ။

''ဒေါက်တာ''

''နေကောင်းရဲ့လား။ ကိုယ် အိပ်ရာထဲမှာ သတိရလို့ ဆက်လိုက်တာ''

ဒေါက်တာသွန်းဟာ အသားညိုပြီး အရပ်ရှည်သည့် အညာသားလေးပါ။ ကျောက်ဆည်သား။ ရုပ်က ရွက်ကြမ်းရေ ကျို။ ဆရာ့လို မချောပေမယ့် ဘွဲ့လွန်ဆရာဝန်တစ်ယောက်ဟာ ပျို့တိုင်းကြိုက်သည့် နှင်းဆီနိုင်။

ယခု နှင်းဆီနိုင်ကြီး ဘာဖြစ်နေတာလဲ။ ဆက်ရေး တောင်ပံကျိုးမလေးမို့ ဝါးစားချင်တာလား။





''နေကောင်းပါတယ် ဒေါက်တာ၊ အမေရောက်နေလို့ စကားပြောနေတာပါ''

''ဪ ... ကိုယ်တော့ တိုက်ခန်းထဲမှာ တစ်ယောက် တည်းပဲ၊ တစ်နေ့လုံး အလုပ်တွေလုပ်ပြီး အထီးကျန်နေရတဲ့ဘဝ ဟာ ဆိုးတာပဲနော်''

''ဒေါက်တာ အမြန်ဆုံးလက်ထပ်လိုက်ပေါ့၊ အထီးကျန် ဘဝက လွတ်သွားမှာ အသေအချာပဲ''

''ခုခေတ်မိန်းကလေးတွေက မလွယ်ပါဘူး။ အိမ်ထောင် [illegible] မနိုင်နင်းတာတွေ များတယ်၊ တော်ကြာ ထိုင်နေအကောင်း [illegible] ထသွားမှ ကျိုးမှန်းသိနေရပါဦးမယ်''

''ဒေါက်တာ့မိဘတွေကို ရှာခိုင်းရင်ရမှာပါ''

''သဘောပြောတာပါ၊ ကိုယ်က ကိုယ့်ဘာသာနှစ်သက် [illegible]မှာ၊ သားအမိတွေ ဘာအစီအစဉ်တွေရှိလဲ''

''မနက်ဖြန် အမေနဲ့အတူ ဘွားရော၊ ဒေါ်လေးဆောင်း [illegible] ဘုရားစုံဖူးမှာ''

''အို ... ကိုယ်လိုက်ချင်လိုက်တာ''

''မဖြစ်နိုင်တာ၊ ဒေါ်က်တာလည်း မအားဘဲနဲ့''

''တစ်နေ့လောက်တော့ တောလို့ရပါတယ်၊ ကိုယ်မရှိ [illegible]း တခြားဆရာဝန့်တွေ ရှိနေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာတို့က အချိန်တိုင်း ငွေရနေတာပဲလေ၊ တ
နေ့စာ ငွေဆုံးရှုံးသွားမှာပေါ့"

"ဒါဆို ဆရာဝန်တွေ ငွေနောက်ပဲ နေ့တိုင်းလိုက်နေ
မှာလားဗျာ၊ ဆရာဝန်ဆိုတာ စက်ရုပ်ကြီးတွေလား၊ မသိဘူးဗျာ
မနက်ဖြန် ကိုယ့်ကားနဲ့ (၇) နာရီလောက် အရောက်လာခဲ့မယ်
ဒါပဲ"

တစ်ဖက်မှ ဖုန်းချသွားတော့ ယွန်း တအံ့တသြ
ဘွားကိုပြေးပြောရသည်။

"ဘွားရေ ဒေါက်တာသွန်း ဖုန်းဆက်တယ်၊ ယွန်း
မနက်ဖြန်ဘုရားဖူးကြမှာ ဆိုတာနဲ့ သူလိုက်ပို့မယ်ဆိုပြီး ဖုန်း
သွားတယ်"

"ဒုက္ခပဲ ... ခုတ်ရာတခြား ရှရာတလွဲတွေတော့
ကုန်ပြီ၊ လှုပ်စေချင်တာက ဟိုမြင်း၊ လှုပ်လာတာက ဒီမြ
နေရဲမာန် အထင်မှားစရာတွေ ဖြစ်ကုန်မယ်"

"မိသားစုလိုက်ပဲ ဘွားရယ်၊ သူ စိတ်ဆိုးမှာလည်း
စိုးရသေးတယ် မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ လာမယ့်ဘေး ပြေး
ကြတာပေါ့ သမီးရယ်၊ မီးစင်ကြည့်ကကြတာပေါ့"





မနက် (၅) နာရီသာက အားလုံးထပြီး ပျော်ပွဲစားသဘော
မျိုး အစားအသောက်တွေပါ ထည့်ကြသည်။ အမေ မရောက်ဖူး
သေးသည့် ဘုရားတွေ၊ နေရာတွေ လျှောက်သွားကြမှာ။

ရွှေတိဂုံ၊ မဟာဝိဇယ၊ ကျောက်တော်ကြီး၊ ကမ္ဘာအေး
လိုဏ်ဂူ၊ နောက် တိုင်းရင်းသားကျေးရွာ။ သူမတို့ အစီအစဉ်က
ဘွားရဲ့ ရင်းနှီးသည့်လူတစ်ယောက်ကိုခေါ်ပြီး ကားမောင်းခိုင်းမှာ။

ယခုကျ မနက် (၇)နာရီမထိုးခင် တကယ့်ကို ဒေါက်တာ
လေး ပေါက်ချလာပေပြီ။

"ကဲ လာ လာ ... ဘရိတ်ဖတ်(စ်) စားသွားဦး"

"ကျွန်တော်ပါလိုက်မှာဘွား၊ စားသွားဦးဆိုတော့ ပြန်
နိုင်းမယ့်ပုံပဲ"

"မပြန်နိုင်းပါဘူးတော်၊ ဒါပေမဲ့ လက်ဖျားငွေသီးနေတဲ့
ဆရာဝန်ကို ကားဒရိုင်ဘာလုပ်ခိုင်းရမှာ အမြင်မတော် ဆင်တော်
နဲ့ ခလောက်"

"ဒရိုင်ဘာမလုပ်ရလည်း စပယ်ယာလုပ်မှာဘွား၊ နယ်
မြေကတော့ တအားမကျွမ်းဘူး"

"ဟုတ်ပြီ ... ဒါဆိုရင် ဘွားစီစဉ်ထားတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်တူးကိုခေါ်လိုက်မယ်၊ သားက''

''ကျွန်တော်က စပယ်ယာပေါ့''

ရယ်ရယ်မောမောနှင့်ပင် စားသောက်ကြပြီး မောင်တူး ရောက်လာတော့ ဘုရားဖူးခရီးစဉ် စလိုက်ကြသည်။

ဒေါက်တာသွန်း ကားပေါ်မှာ နေရဲမာန်နှင့် ဆက်နိုင်ထံ ဖုန်းဆက်သည်။

''ကျွန်တော် ဘွားတို့နဲ့ဘုရားဖူးသွားနေတယ်ဗျ၊ အလုပ် တွေ ငြီးငွေ့လွန်းလို့ ခဏစွန့်ခဲ့ပြီ''

''ဟာ . . . ခင်ဗျား တယ်ပြီး ခြေသွက်နေပါလား၊ Rape ဆိုတာလည်း သတိရဦးနော်''

''သတိမရတော့ဘူး ကိုဆက်နိုင်ရေ၊ လောလောဆည် စိတ်ချမ်းသာနေတယ်ဗျာ . . . ဒါပဲ''

ဆက်နိုင်ဆီပြီးတော့ နေရဲမာန်ဆီ။

''ကိုနေ . . . ကျွန်တော် အခု ဘွားတို့နဲ့ ဘုရားဖူးသွား နေတာဗျ၊ စိတ်ချမ်းသာလိုက်တာဗျာ''

''ဟင် . . . ခင်ဗျား ဒီနေ့ ဂျူတီမဆင်းဘူးပေါ့''

''ဟုတ်တယ် . . . ဒီနေ့ ခွင့်တင်ခဲ့တယ်၊ ဆေးခန်းတွေ မသွားဘူး၊ နေ့တိုင်း ဆုံလည်နွားလို လှုပ်ရှားနေရတာ မွန်းကျပ် လို့၊ ဒါပဲနော်''





သက်သက် မိတ်ဆွေတွေကို လျှောက်ကလိနေတာ လား၊ နှုတ်ဆက်နေတာလား။ ယွန်း တစေ့တစောင်းကြည့်ရင်း အနေကျုံ့နေမိသည်။

ဘွားက ရှေ့မှာထိုင်ပြီး အမေနှင့်ဒေါ်လေးဆောင်းက တစ်တွဲ၊ သူမနှင့် ဒေါက်တာသွန်းက တစ်တွဲ ထိုင်နေကြရသည်။

ဒေါက်တာသွန်းက သူ့အတွေ့အကြုံတွေ ပြောပြနေ တော့ ယွန်း အပြုံးမျက်နှာလေးနှင့် နားထောင်နေရပါသည်။

ဒေါက်တာသွန်း ကြည်လင်လှပနေသည့် ယွန်းကို အနီး ကပ်ကြည့်ရင်း ရင်တွေခုန်လာနေသလားမသိ။ ကြင်ကြင်နာနာ ဘေးမလို့။

''ကိုယ့်မိဘတွေက ကျောက်ဆည်မှာ ကုန်သည်တွေ၊ သားက ကိုယ်တစ်ယောက်တည်းရယ်''

''ဩော်''

''မိဘတွေက ချွေးမကောင်းကောင်းရဖို့ မျှော်လင့်ကြ သယ်၊ ကိုယ်က တစ်ဦးတည်းသောသားဆိုတော့လေ''

''ဟုတ်တာပေါ့''

ဒေါက်တာက စကားတွေအများကြီးပြောနေပြီး သူမက တော့ မရှိုင်းယုံ။ မိတ်ကပ်ရောင်ဝတ်စုံအိအိလေးနှင့် ဝင်းနုနေ သည့် ယွန်းကို သူ့မှာ ငုံ့တကြည့်ကြည့်။ ဆက်နိုင် သတိပေးနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် Rape ဆိုတာလည်း မေ့နေပြီ။

သူ့စိတ်ထဲမှာ ဒါဟာ အနိုင်ကျင့်ခံရခြင်းမို့ ခွင့်လွှတ်နိုင်သည်။

ဘုရားတွေ လျှောက်ဖူးတော့လည်း သူမှာ ကိုယ့်ဒုနိုးကို ဖေးမနေသလို ဖေးဖေးမမ၊ ယွန်း ရှက်ပါသည်။ သူ့အယုအယကိုလည်း မခံယူချင်။

"ယွန်းက ကျန်းမာပါတယ် ဒေါက်တာရယ်၊ ဘွားကိုသာ တွဲပေးလိုက်ပါ"

"ဘွားက သူတို့လူကြီး (၃) ယောက်နဲ့ အဆင်ပြေနေသားပဲ၊ ကိုယ့်ကို ဒေါက်တာလို့မခေါ်ပါနဲ့ယွန်းရယ်၊ ကိုကိုလို့ခေါ်"

"ဟာ ... ဒေါက်တာ"

ယွန်း အလန့်တကြားမော့ကြည့်တော့ သူက ယွန်းလက်ကိုဆွဲကာ ဘွားတို့နောက်သို့ အမီလိုက်ရင်း –

"ဟုတ်တယ်လေ၊ ကိုယ်က ယွန်းထက် (၁၀) နှစ်လောက်ကြီးမှာ"

"ဒေါက်ဘာရယ် ...ကြီးတိုင်း ခေါ်စရာလား"

"ကိုယ့်ကိုတော့ ခေါ်ရမှာ"

"ဒေါက်တာ အမြင်တွေလွဲနေပြီထင်တယ်၊ တကယ်ဆို ယွန်းလို မိန်းကလေးမျိုးနဲ့ အသိတောင် မဖွဲ့သင့်ပါဘူး





ရင်းရင်းနှီးနှီးလည်း မနေအပ်ဘူး"

"ဘာဖြစ်လို့လဲ ယွန်းရယ်၊ ကိုယ်ကျေနပ်တာပဲ"

"ဒေါက်တာရယ် ... ကိုယ့်ဘာသာပြန်တွေးပေါ့၊ ကျွန်မကို စိတ်ဒုက္ခတွေ မပေးပါနဲ့ရှင်"

"ဒါဆို ယွန်းက ခုဖြစ်နေရတဲ့ဘဝကို ကျေနပ်နေတယ်ပေါ့၊ မြန်မာမှုနယ်ပယ်မှာ ဖအေမရှိဘဲ ကလေးမွေးရတယ်ဆိုတာ"

"တော်ပါတော့ရှင်၊ ဒေါက်တာက ယွန်းကို အရှက်မရှိဘူး၊ သိက္ခာမရှိဘူးလို့ ပြောနေတာလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ကိုယ်က အဲဒီအဖြစ်ကို ကာကွယ်ပေးချင်နေတာ"

"ဒေါက်တာရယ်"

ယွန်း ဘာမှ မပြောတော့ဘဲ ခပ်သုတ်သုတ်သွားနေစဉ် ဒေါက်တာသွန်းမှာလည်း လူနာဟောင်းတစ်ယောက်နှင့်တွေ့ပြီး လွှဲမရှောင်သာ စကားလက်ဆုံကျနေရပေရာ ယွန်းတစ်ယောက်တည်း ဘုရားကို အေးဆေးစွာ အာရုံပြုနိုင်ခဲ့ပေသည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မနက်ကို အမေပြန်မှာမို့ ယွန်းနှင့်ဘွားတို့ လက်ဆောင်များ စီစဉ်ပေးနေစဉ် ရောက်လာသူမှာ ဒေါက်တာနေရဲမာန်။

တစ်ခါမှ မလာဖူးတာ သူကိုယ်သူ လိပ်ပြာမလုံလို့ဖြစ်မည်။ ညနေက ဆေးခန်းမှအပြန် သွန်းသုခ သူတို့နှစ်ယောက်ကို ဆိုင်တစ်ဆိုင်မှာခေါ်ပြီး တွေ့ရင်း ရင်ဖွင့်ခဲ့လို့သာ။

''အစ်ကိုတို့ကို ကျွန်တော် ရင်ဖွင့်ချင်လို့ ဝန်ခံစရာရှိလို့''

ဘီယာတစ်ဘူးစီနှင့် အမြည်းများစားရင်း ပေါက်ကွဲချင်နေသည့် သွန်းသုခကို သူတို့ အကဲခတ်ရသည်။

''ကျွန်တော် ယွန်းကို သနားတယ်ဗျာ၊ ချစ်တယ်ဗျာ၊ အဲဒါ ... အစ်ကိုတို့ဆီ အကြံတောင်းတာမဟုတ်ဘူးနော်၊





ဖွင့်ပြောတာ၊ အသိပေးတာ''

ဆက်နိုင်က မချိတင်ကဲအသံကြီးနှင့် –

''မင်းကွာ ... မှန်နေလိုက်တာ၊ ယွန်းဟာ Rape မှုန်းလည်း သိသားနဲ့၊ ဗိုက်ကလည်း (၃) လကျော်နေပြီ၊ ပြီး ... သူဟာ ချောဝတီရဲ့ မွေးစားညီမပါ၊ အမွေရမှာမဟုတ်ဘူး''

နေရဲမာန်ကတော့ ဘာမှ အကြံမပေးနိုင်။ သွန်းကိုသာ အပမှီနေသူလို ငေးကြည့်နေမိသည့်အဖြစ်။

''ဘာလဲ အစ်ကိုက မိန်းမတစ်ယောက်ကို ဈေးတွက်နဲ့တွက်ပြီး ယူတာလားဗျ၊ မနွဲ့ကိုယူတုန်းက အဖက်ဖက်က တွက်ပြီး ယူခဲ့တာလား၊ တွက်သလိုရော ဖြစ်လာသလား''

တကယ်တော့ မနွဲ့ဟာ ရုပ်ကလည်း ရွက်ကြမ်းရေကျို ဆရာဝန်မမို့ အလုပ်မအားတာနှင့်ရောပြီး အိမ်မှုကိစ္စလည်း ဘာမှ မစီစဉ်တတ်၊ အိမ်ထောင်သာယာရေးဆိုတာ ဝေးလို့ ကလေးပင် ရေ။

''ဒီလိုတော့မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်းအတွက် နစ်နာလွန်းသလားလို့ပါ''

''ရတယ်အစ်ကို၊ ယွန်းဟာ လှတယ်၊ လိမ္မာတယ်၊ မိန်းမပီသတယ်၊ စိတ်နှလုံးဖြူစင်တယ်။ သူ့မှာ အထုပ်ပါ(ပါ), ပါပါ လက်ထပ်ပြီးရင် ကျွန်တော့်ကို ဖြုံစုယုယပြီး အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



သာယာအောင်လုပ်ပေးနိုင်မှာနဲ့တင် တန်ပါပြီ၊ ကျွန်တော်လိုချင်တာ ဒါပဲ၊ ကျွန်တော် ငွေရှာနိုင်သားပဲ၊ မိဘကလည်း တိုက်ခန်းဝယ်ပေးထားတယ်၊ ကားဝယ်ပေးထားတယ်၊ တော်ပါပြီ၊ ကျွန်တော် မြန်မာပြည်ရဲ့အချမ်းသာဆုံး Top Ten ဝင်အောင်လည်း စိတ်မကူးပါဘူး၊ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝကို ပိုင်ဆိုင်ရရင် တော်ပါပြီ''

ဆက်နိုင်ရော နေရဲမာန်ပါ ဘာမှအကြံပေးစကားတွေ မဆိုနိုင်ကြ။ ဒီကောင် တော်တော် အခြေအနေဆိုးနေပြီလား။

''အစ်ကိုတို့ စဉ်းစားကြည့်၊ အစ်ကိုတို့လည်း မြင်သားပဲ၊ ယွန်း ဘယ်လောက်လှလိုက်သလဲဗျာ၊ ဘယ်လောက်အပြစ်ကင်းစင်လိုက်သလဲ''

''နေစမ်းပါဦး ...သူကရော မင်းကို လက်ထပ်မှာသား''

''မပြောရသေးဘူး၊ အစ်ကိုတို့ကို အရင်ပြောတာ''

''မင်းကွာ၊ ကဲ သူကရော မင်းကို လက်ခံမယ်လို့ ထင်သလား''

ဆက်နိုင်မေးတော့ သွန်းသုခ တွေခနဲဖြစ်ရ၏။

''သူကတော့ လွယ်လွယ်နဲ့လက်ခံမယ့်ပုံ မရှိဘူး၊ ဒါပေမဲ့ သူ့ဗိုက်က ထွက်,ထွက်လာမှာ၊ အကျိုးသင့် အကြောင်းသင့်





ပြောပြရင် လက်ခံမှာပါ၊ တစ်ခုပဲ ကျွန်တော်က တောင်းဆိုမှာ''

''ဘာလဲ''

''သူ့ကို Rape တာ ဘယ်သူလဲလို့သာဖွင့်ပြော၊ ကျွန်တော် သူ့ကို လက်ကိုထပ်မှာ''

သွန်းသုခစကားကြောင့် နေရဲမာန် တုန်လှုပ်သွားရသည်။ ယွန်းစံမှီ ဖွင့်ပြောလိုက်ရင် သူ့ဘဝ၊ သူ့သိက္ခာတွေ သွားရော။ အခုတောင် သွန်းသုခ သူ့ကို တမင်ရိနေတာလားလို့ မလုံမလဲ။

ညနေကအဖြစ်တွေကြောင့် စိတ်ထွေထွေနှင့် ဘီယာဝင်သောက်ပြီး သူ ဒီအိမ်ရောက်လာတော့ ည (၁၀) နာရီ။ ဘွားက ဗျာပျာသလဲဆီးကြိုရင်း ယွန်းအမေနှင့် မိတ်ဆက်ပေးသည်။ သူ လေးစားစွာ ပြုံးပြဦးညွတ်ပြီး စကားအနည်းငယ် အဆင်ပြေအောင် ပြောရသည်။ ပြီးမှ –

''ဘွား ...ယွန်းစံမှီကို ပြောစရာတွေရှိလို့ ခြံထဲ ခဏ ခေါ်သွားပါရစေ''

''သြော် ...ပြောစရာတွေရှိလို့လား၊ ခေါ်သွားလေ''

သူ ရှေ့မှဆင်းခဲ့တော့ ယွန်း မျက်နှာပူပူနှင့်ပင် နောက်မှ လိုက်ခဲ့ရသည်။ သူနှင့်ယွန်းအကြောင်း ဘွားရော အမေပါ အားလုံးသိနေကြပြီး သူ့ရဲ့ ဂုဏ်သိက္ခာအရ မသိချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေကြသည့်အဖြစ်။

ခြံထဲရှိစတီးဒန်းဟာ အပေါ်မှာအမိုးခုံးလေးနှင့်။ ဆောင်း ညပေမယ့် နှင်းတို့က မဆိုစလောက်လေး။

''ထိုင်''

သူက ယွန်းကို လက်ညှိုးထိုးပြပြီး သူကတော့ ဒန်းဘေးမှာ ရပ်နေသည်။

''ရပါတယ် . . . ကျွန်မ မထိုင်ပါဘူး၊ ဆရာပြောစရာရှိတာ ပြောပါ''

နှစ်ယောက်လုံး အတန်ကြာသည်အထိ ရပ်နေကြရာမှ သူကပင် စတင်ပြီး စိတ်တိုသည့်အသံနှင့်။

''မင်း ငါနဲ့အကြောင်း လူတွေနှင့်လျှောက်ပြောထားသလား၊ အထူးသဖြင့် ငါ့အသိုင်းအဝိုင်းကလူတွေကို''

''ရှင်''

သူ ဒါကိုပြောချင်တာလား။ ဟုတ်တာပေါ့။ လူသိသွားရင် သိက္ခာတွေ တစ်ပြားမှ ရစရာမရှိတော့မည့်အဖြစ်။

''ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူးဆရာ ယုံပါ''

''ပြောစရာရော ဘာလိုသလဲ၊ ဒါ ငါလော်မာလို့ဖြစ်တာမှမဟုတ်ဘဲ။ မင်းနဲ့ ဒေါ်ခင်ထားလွင်ရဲ့ ညွှတ်ကွင်းမှာ ငါမိနေရတာပဲ''





''ဟုတ်ပါတယ်၊ ဆရာ့ကို ကျွန်မ ဘာမှအပြစ်မပြောပါဘူး၊ တစ်ခုတော့လက်ခံပေးပါ ဆရာ၊ အဲဒီတုန်းက ဆရာ့ကို သူ့ဆေးခတ်တော့ ကျွန်မ သဘောမတူပါဘူး၊ ကျွန်မကန့်ကွက်ပြောဆိုလို့ ရိုက်လိုက်တော့ စားပွဲစွန်းနဲ့ ဆောင့်မိပြီး ကျွန်မလည်း သတိလစ်သွားခဲ့ပါသေးတယ်''

''ဒါဆို . . . မင်းကလည်း သတိလစ်နေ၊ ငါကလည်း ဆေးမိနေတဲ့ကြားက ဒီကိစ္စ ဘယ်လိုဖြစ်ခဲ့ရတာလဲ၊ ငါတို့နှစ်ယောက် ညားရော ညားခဲ့ကြရဲ့လား၊ ဒီကိုယ်ဝန်ကရော ငါနဲ့ရတာမှ ဟုတ်ရဲ့လား''

သူ့စကားတွေက ကိုယ်လွှတ်ရုန်းပြီး သူမဂါဂုဏ်သိက္ခာကို ထိပါး၊ နှင်းချေနေသဖြင့် ယွန်း မြွေဟောက်မလေးလို ရှူးခနဲ ခေါင်းပျဉ်းထောင်သွားရသည်။

''နေစမ်းပါဦး . . . ဆရာ့ကို ကျွန်မ အတင်းတာဝန်ယူခိုင်းနေလို့လား၊ စွပ်စွဲနေလို့လား၊ ဘာဖြစ်လို့ ဒီလောက်သွေးလန့်နေရတာလဲ ဆရာ၊ ဆရာနဲ့မဆိုင်ဘူးထင်ရင် ကျောခိုင်းနေလိုက်ရုံပေါ့''

နေရဲမာန် ဘာပြန်ပြောရမှန်းမသိ။ တကယ်ကျ သူဟာ သူ့စိတ်ကင်းမဲ့သူတော့ မဟုတ်။ မတူမတန်သဘောထားပြီး မယူချင်တာ။ ပြီး ဒေါ်ခင်ထားလွင်ရဲ့ ခွင်ထဲကိုမဝင်ချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... မင်းပါးစပ်က ငါ့ကို စွပ်စွဲပြီးပြောချလိုက်ရင် ငါ့အသိုင်းအဝိုင်းမှာ ငါ့သိက္ခာတွေ ရေစုန်မျောကုန်ရောပေါ့"

ယွန်း သူ့ကို သေသေချာချာကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်တော့ နေရဲမာန် မခံနိုင်။

"ဘာလဲ နင့်ပုံစံက"

"စိတ်ချပါ ဆရာ၊ ယွန်း သေတဲ့အထိ ယွန်းပါးစပ်က ဖွင့်ဟမပြောပါဘူး၊ ဆရာ စိတ်မပူပါနဲ့"

"ဒါပေမဲ့ ... သွန်းသုခကြည့်ရတာ အဲဒီကိစ္စကို အတင်းအကျပ် ဖိအားပေးချင်ပုံပဲ၊ အဲဒီကိစ္စသိရရင် မင်းကို လက်ထပ်မယ့်အထိ ပြောနေတယ်"

ယွန်း နာကျင်ပြုံးနှင့် ခေါင်းကို ဖြည်းညင်းစွာ ခါ

"ကျွန်မ ဘယ်သူ့ကိုမှ လက်မထပ်ပါဘူးဆရာ၊ ... မကောင်း အကြောင်းမလှလို့ ဒေါ်ခင်ထားလွင်ရဲ့ အသုံးချခံဖြစ်ခဲ့ရတဲ့ဘဝမှာ ဘယ်သူ့ကိုမှ မလိမ့်တပတ်နဲ့ လက်မထပ်ဘူး"

"မင်းက ငါ့ကိုပါ အပြစ်တင်ချင်တဲ့လေသံနဲ့"

"မတင်ပါဘူး ဆရာ၊ ဆရာ့မှာ အပြစ်မရှိပါဘူး။ ကျွန်မမှာပဲ အပြစ်ရှိပါတယ်"

"မင်းက ငါ့ကို ငေါ့နေတာလား"

"မငေါ့ပါဘူးရှင်၊ ဆရာ စိုးရိမ်နေတာ ဒါပဲမဟုတ်လား





စိတ်ချပါ ဆရာ၊ ကျွန်မ ဘယ်တော့မှ ဖွင့်မပြောပါဘူး။ ဒေါ်ခင်ထားလွင်ဘက်က ပွင့်သွားရင်တော့ ကျွန်မ မတတ်နိုင်ပါဘူး၊ ဆရာ သူ့ကို လှမ်းပိတ်ထားပေါ့"

"တော် တော် ... သူနဲ့တော့ ဘယ်တော့မှ မဆက်သွယ်ဘူး၊ ဒီမိန်းမစားမျိုးက မန်းလေပြီလေ၊ ပြောလေ ကဲလေ ဆိုတဲ့ အစား"

"သူလည်း ပြောမှာမဟုတ်လောက်ပါဘူး။ စိတ်ချနေပါ ဆရာ၊ ဒါပဲမဟုတ်လား။ ကျွန်မတို့ ဆွေးနွေးတာ ကြာနေပြီ၊ တော်ကြာ ... ဆရာ့ဂုဏ်သိက္ခာကို ထိပါးနေလိမ့်မယ်"

ပြောပြီး ယွန်း အရိပ်မှထွက်ခွာသွားတော့ နေရဲမာန် အလကားနေရင်း ဒေါသတွေ ထွက်ရသည်။ တောက် ကောက်ကျင်းကမစေး ဆန်ကြမ်းကစေ။

သူ ဒေါနှင့်မောနှင့် လျှောက်သွားလိုက်တော့ တစ်ခုခုကို ခလုတ်တိုက်မိပြီး လူက ဟပ်ထိုးလဲတော့ ဆွဲမိဆွဲရာ ယွန်းကို လှမ်းဆွဲမိလိုက်၏။

"အို ... ဆရာ"

လရောင်ဝိုးတဝါးကင်းလွတ်နေသည့် အမှောင်ရိပ်ကျောက်ခင်းပြင်မှာ နှစ်ယောက်သား ထွေးခနဲ အိခနဲ။

ယွန်းရဲ့ကိုယ်လုံး မွှေးမွှေးအိအိ နွေးနွေးနုနုပေါ်မှာ သူက



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက သူ့ကို တွန်းဖယ်မပစ်နိုင်သလို သူကလည်း တအ
မင်သက်မိလျှင် သူ့ရင်ထဲ ဘာတွေ ဘယ်လိုဖြစ်ကုန်သည်မသ
ရင်ခုန်သံတွေက ဆူညံပေါက်ကွဲမတတ်။

''ဖယ်ပါ ဆရာ၊ ကျွန်မပိုက်ထဲမှာ ကလေးနဲ့''

ယွန်းရဲ့အသံခပ်ဆတ်ဆတ်ကြောင့် သူ -

''ဆောရီး''

ယွန်းကိုပါ ဆွဲထူပြီးထလိုက်ရသည်။ နေပါဦး သူမအ
က ဒေါသသံလား၊ စိတ်တိုနေသလား။ ဟင်း သူကပဲ ငါ
လူမျိုးကို။

''ဘာလဲ မတော်တဆဖြစ်ရတာကို တမင်လုပ်တယ်မှ
ထင်လေသလား''

ယွန်း ဘာမှမပြောတော့ဘဲ ရှေ့မှ ခပ်သုတ်သု
လျှောက်သွားလျှင် နေရဲမာန် ဒေါသတွေ ဆူပွက်လာရသည်
တကယ်ဆို သူနဲ့ကိုယ်ဟာ ငြိပြီးသား။ ညားပြီးသား။ သူ့ကိုယ်
အပျိုလေးကျလို့။

''တောက်''

သူ ဒေါသထွက်ထွက်နှင့် ခရေရိပ်သို့ ရောက်သွာ
ဖြစ်သည့် ယွန်းကို ဆတ်ခနဲ ဆောင့်ဆွဲယူလိုက်တော့ ကော
မလေး သူ့ရင်ခွင်ထဲသို့ ထွေးခနဲ ပါလာ၏။





''မင်းကွာ''

သူ ကြိတ်မနိုင် ခဲမရအသံနှင့် သူမကို နမ်းစုပ်ပစ်လိုက်
ရာ -

ယွန်း သူ့လက်ထဲမှာ ပျော့ခွေကျသွားသဖြင့် သူ လန့်
သွားရသည်။

''ယွန်း ... ယွန်း''

ဟုတ်သားပဲ၊ သူ့ခမျာ ကိုယ်ဝန်ရှိ၏။ ငါ နှိပ်စက်တာ
များသွားတယ်။

သူပဲ ယွန်းကိုပွေ့ချီ၍ အိမ်ထဲသို့ သွင်းခဲ့ရသည်။ သူပဲ
လူကြီးတွေကို တောင်းပန်၍ ကားနှင့်ပြန်ခဲ့ရပါသည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ဒီမနက် အမေပြန်မည်မို့ ဘွားက ကတိတွေပေးနေသည်။

''စိတ်ချ သမီး၊ ယွန်းကို ဘွားတို့ မွေးစားထားလိုက်ပြီ၊ ဒီလုပ်ငန်းက သူ့ကို ထူထောင်ပေးထားတာ၊ ဘွားကိုပြုစုပြီး ဘွားနဲ့ အဖော်ရနေတာကိုပဲ ချောတို့သားအမိတွေကလည်း စိတ်ချမ်းသာနေကြတာ၊ သူတို့က ဂျပန်မှာ နေရဦးမယ်၊ ဘွားရဲ့ သမီးနဲ့သမက်က ဟိုမှာ (၁၀) နှစ်လောက် အလုပ်လုပ်ရဦးမယ်၊ ပြီးမှ မြန်မာပြည်ပြန်လာကြမှာ၊ အဲဒီကျရင်လည်း မပူပါနဲ့၊ ယွန်းအတွက် အိမ်တစ်လုံးခွဲပေးမှာ၊ သမီးလည်း လာနေချင်နေပေါ့''





''အဲဒီအထိ မမျှော်မှန်းပါဘူး ဘွားရယ်၊ ခုလို သူတော်ကောင်းတွေနဲ့ တွေ့ကြုံခိုလှုံခွင့်ရနေတာပဲ ကျေးဇူးတင်လှပါပြီ။ သမီးကလည်း ဘွားတို့ကို ပြုစုရင်း ကိုယ့်ဘဝအတွက်လည်း ကြိုးစား''

''ဟုတ်ကဲ့ပါ အမေ၊ သမီးအတွက် စိတ်ချပါ''

''ဒါထက် ညက သမီးတို့ အဆင်ပြေကြရဲ့လား''

ဘွားက မအောင့်နိုင်ဘဲ မေးချသဖြင့် ယွန်း အဖြေရကျပ်သွားသည်။ သူက သူ့အကြောင်း ဖွင့်ပြောပြလိုက်မှာစိုးလို့ လာပိတ်တာမဟုတ်လား။ ပြီး သူမကို ဒေါသဖြစ်ဖြစ်နှင့် နမ်းစုပ်သွားတာ။ ဒါကို လူကြီးတွေအား ဘယ်ဖွင့်ပြောလို့ ဖြစ်မလဲ။

ကိုယ့်ကို စော်ကားမော်ကားလုပ်တာ မခံမရပ်နိုင်ဖြစ်ရပေမယ့် ဆရာက သူမရဲ့ငယ်နိုင်။ သူမက ကဝေမလေးဆို ဆရာက မှော်ဆရာကြီးပေါ့။

သူမရဲ့ဒေါသတွေဟာ ဆရာနဲ့တွေ့စဉ် ဘယ်ရောက်လို့ ဘယ်လွင့်သွားရတယ်မသိဘူး။

''ပြေပါတယ် ဘွားရယ်၊ ဟိုလေ ဒေါက်တာသွန်းက သမီးကို လက်ထပ်မယ်လို့ သူတို့နဲ့တိုင်ပင်တယ်ဆိုတာ ပြောတာ ...''

''ဩော် ... ဒီသူငယ်နှယ် ကိုယ့်ကိစ္စ ကိုယ်တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူတာတော့မဟုတ်ဘူး၊ လွယ်တဲ့ကိစ္စ ခက်အောင်လုပ်နေတာပဲ"

"ဘွားရယ် ... သူက ဂရိတ်ကြီး၊ သမီးက ကလေး ကချေသာသာဆိုတော့ သူ ဘယ်ယူချင်မလဲ"

"စောင့်ကြည့်ရသေးတာပေါ့လေ"

အမေ့ကို စိတ်ချမ်းသာအောင် ဖြောင်းဖြပြောဆိုပြီး ယွန်း ကားဂိတ်သို့ တက္ကစီနှင့် လိုက်ပို့ခဲ့သည်။

အမေ့ကားက ညနေ (၆) နာရီထွက်သွားသည်မို့ သူမ ပြန်လာသည်အထိ မိုးမချုပ်သေး။ သို့သော် အပြန် မီးပွိုင့်တစ်ခုမှာ ကားတွေ ပိတ်မိနေဆဲ။ သူမရဲ့ တက္ကစီနားရောက်လာတာ ဒေါက်တာနေရဲမာန်။

သူ့အသွင်က သူမကိုမြင်တိုင်း အလိုမကျသည့်ရုပ်နှင့် မှုန်ကုပ်ကုပ်။ သူပိုင်သည့် ကျေးကျွန်တစ်ယောက်နှယ်။ ပိုင်စိုးပိုင်နင်း။ အင်းလေ၊ ယွန်းက သူ့အိမ်မှာ အိမ်အကူလုပ်ခဲ့ရတာပဲ

"ဘယ်က ပြန်လာတာလဲ၊ နောက်ကျနေပြီ"

"ကျွန်မ အမေ့ကို ကားဂိတ်လိုက်ပို့တာပါ"

"မိန်းကလေးတစ်ယောက်တည်း လျှောက်သွားနေ ဘာလား"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"ဘာ ... ခုထိ ရနေတာလဲ။ လာ တက်၊ တက္ကစီ





ရှင်းပေးလိုက်၊ ငါလိုက်ပို့မယ်"

"နေပါစေ ဆရာ"

"မနာခံတတ်တာ ငါ့ အမုန်းဆုံးပဲ"

သူ့အော်ပုံက ကြိတ်မနိုင် ခဲမရမို့ ယွန်း တက္ကစီခ ရှင်းလိုက်ပြီး သူ့ကားပေါ်တက်လိုက်ရသည်။ ကားတန်းက မကြာမီ ပွင့်သွားပြီး ထွက်လို့ရသွား၏။

သူမ ဆရာ့ကို ဘာစကားတစ်ခွန်းမှ မပြောပါ။ ပြောချင်စိတ်လည်းမရှိ။ သူဟာ ကိုယ့်ကိုဆို လူလို့ပင် သဘောထားတာ မဟုတ်။ လူရာလည်းသွင်းတာမဟုတ်။ ဒီကြားထဲ သူ့ကို ဒေါ်ခင်ထားလွင်နှင့်အတူ ပူးပေါင်းလုပ်ကြံတယ်လို့တောင် စွပ်စွဲခဲ့သေးတာ။

ဒီတော့ ယွန်း မျက်နှာကို ဘေးဘက်လှည့်ထားတာ သူ့ဘက်သို့ တစ်ဖက်မှမလှည့်။

ကားတွေကလည်း သွားလိုက် လာလိုက်။ ယွန်းဟာ ဘယ်မှ ဟုတ်တိပတ်တိမရောက်ဖူးသူမို့ ဘယ်ရောက်နေမှန်းလည်း မသိပါ။

"ဒီမှာခဏဆင်းမယ်"

သူပြောမှ မျက်လုံးဖွင့်ပြီးကြည့်လိုက်တော့ တိုက်ခန်းတွဲတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



''ဆရာ့လူနာအိမ်လား၊ ဆရာဆင်းလေ၊ ကျွန်မ ကား ပေါ်ကပဲစောင့်မယ်''

''မရဘူး ဆင်း''

သူက အလကားနေရင်း ဒေါကြီးမောကြီးဖြစ်နေဒေတာ့ ယွန်း စိတ်ညစ်ညူးစွာနှင့်ပင် ဆင်းလေသည်။ (၈) နာရီကျော်နေပြီ။ တတိယလွှာမှာ။

''ညဥ့်နက်တော့မယ်ဆရာ၊ ဆရာ မအားလည်း ကျွန်မ တက္ကစီနဲ့ပဲ ပြန်ပါ့မယ်''

''မိန်းကလေးတစ်ယောက်တည်း တက္ကစီသမားက မုဒိမ်းကျင့်သွားမှာ မကြောက်ဘူးလား''

''ရှင်''

သူ အော်လိုက်ပုံက ဒေါသတကြီးမို့ ယွန်း လန့်သွားနေ ဆဲ သူက တိုက်ခန်းတံခါးဖွင့်ကာ ယွန်းကိုပါ ဆောင့်ဆွဲခေါ်သွားပုံ က ရဲနှင့်တရားခံပမာ။

ယွန်း အံ့အားသင့်ရပါသည်။ ငါ ဘာမှားလို့လဲ။

''ဆရာ''

ရန်ကုန်မြို့ထဲမှာ မိန်းမငယ်လေးတွေ ဒီလိုပဲ တက္ကစီနဲ့ သွားလာနေကြတာပဲ မဟုတ်လား။

''မိန်းမငယ်လေးတွေဟာ တစ်ယောက်တည်း တက္ကစီ





မစီးရဘူးဆိုတာ နားမလည်ဘူးလား''

''ဟို ကျွန်မ''

''ဒီလောက်တောင် အသိဉာဏ်နည်းတဲ့မိန်းမ၊ ကိုယ်ဝန် (၃) လရနေတာတောင် အသိတရားမရှိတဲ့ မိန်းမ''

သူပြောပုံက ပက်ပက်စက်စက်နှင့် ပြစ်ပြစ်နှစ်နှစ် ဖြစ် နေလျှင် ယွန်း မခံမရပ်နိုင်ဖြစ်သည်။ သူဟာ ငယ်နိုင်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်။

သူမ မျက်ရည်တွေနှင့် မားခနဲထရပ်မိလိုက်သည်။

''ဆရာ သိပ်ပြီးတရားလွန်နေပြီ၊ ကျွန်မ ခုထိ ရှင့်ရဲ့ ကျေးကျွန်တစ်ယောက်လို သဘောထားနေတုန်းပဲလား၊ ရှင် ကျွန်မကို ဘာမှ အနိုင်ကျင့်နေစရာလည်းမလိုဘူး၊ အော်နေစရာ လည်း မလိုဘူး''

''ဟင်း ဟင်း ... ဒီပုံစံမျိုးနဲ့တော့ မင်း ငါ့ကို မျှားလို့ မရဘူး''

''ဘာ''

မယဉ်ကျေးတာတွေ၊ ရိုင်းတာတွေ ဘေးဖယ်ထား။ ယွန်း အရမ်းကို စိတ်ဆိုးလာပါပြီ။

''ကျွန်မဘာသာ တက္ကစီနဲ့ ပြန်နေတဲ့လမ်းကြောင်းကို တမင် ကပျက်ကပျက်လုပ်ပြီးခေါ်လာ၊ နောက်ပြီးမှ နိုင်လိုမင်း



www.burmeseclassic.com

www.burmeseclassic.com



ထက်တွေပြော၊ ဆရာ ကျွန်မကို အဲဒီလောက်ထိ မုန်းနေရအောင် ကျွန်မ ဆရာ့ကို ဘာတွေ စိတ်အနှောင့်အယှက် ပေးနေလို့လဲ၊ ဘာတွေ တာဝန်ယူခိုင်းနေလို့လဲ''

''ဟ ... ဒီလောက် နုနုငယ်ငယ်ကောင်မလေးတစ်ယောက် အချိန်မတော်ကြီး တစ်ယောက်တည်း တက္ကစီနဲ့ ပြန်တာ ငါက ကြည့်နေရမှာလား''

''ကြည့်နေပေါ့၊ ဆရာနဲ့ကျွန်မ ဘာဆိုင်တာမှတ်လို့လဲ''

''ဆိုင်ဆိုင် မဆိုင်ဆိုင်၊ ပြီး တက္ကစီသမားရုပ်က ပြိတ်တိနဲ့၊ မင်းကို မုဒိမ်းကျင့်ချင်ကျင့်၊ မကျင့်ရင် ရောင်းစားမယ့်ရုပ်နဲ့''

''ဟင် ... ရှင် ရှင် မိုက်ရိုင်းလှချည်လား၊ လူတိုင်းကို ရှင့်လိုပဲ မှတ်နေသလား၊ ရှင်သာ သူတော်ကောင်းယောင်ဆောင်နေတဲ့ ကြောင်သူတော် ကြွက်သူခိုး''

ဒေါသဖြစ်လွန်းလို့ အော်လိုက်ပြီးမှ ယွန်း ကိုယ့်ပါးစပ်ကိုယ်ပိတ်ခါ သူ့ကို ကြောက်လန့်တကြား ကြည့်လိုက်မိသည်။

သူမ ယောကျ်ားတစ်ယောက်ရဲ့မာနကို နှိုးဆွလိုက်မိပြီ။ မခံချင်စိတ်ကို ရိုက်ပုတ်ဖွင့်ထုတ်လိုက်မိပြီ။

သူမကို ဘီလူး သရဲလိုအကြည့်ရိုင်းနှင့် စူးစူးရဲရဲကြည့်နေသည့် ဆရာ့ကိုမြင်ပြီး ယွန်း တံခါးပေါက်ဆီပြေးဖို့ပြင်တော့ သူက သူမကို ကြမ်းတမ်းစွာပင် လှမ်းဆွဲလိုက်သည်မှာ ကုပ်ချိုး





သတ်တော့မည့် ဘီလူးကြီးတစ်ကောင်နှယ်။

''မင်းက ငါ့ကို အဲလိုပဲထင်တယ် ဟုတ်လား၊ အဲလိုပဲ မြင်နေသလား''

သူ့အသံက လူစိတ်ပျောက်နေသည့်အသံ။ အံသွားစေ့ထားသည့်အသံ။

ယွန်း သူ့ကို လက်အုပ်ချီပြီး တုန်တုန်ယင်ယင်နှင့် တောင်းပန်ပေမယ့် သူ့အသွင်က လူစိတ်ပျောက်နေပုံ။

ယွန်းကို အခန်းတစ်ခုထဲသို့ တရွတ်တိုက်ပြီး အတင်းဆွဲခေါ်သွားပုံကြောင့် ယွန်း လိပ်ပြာလွင့်တော့မတတ်။ မျက်ရည်တွေနှင့် သူမ တတွတ်တွတ်တောင်းပန်နေလည်း သူ့ပုံစံက မကြားသည့်နှယ်။

''ဆရာ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ မှားပါတယ်၊ ကျွန်မကို မသတ်ပါနဲ့နော်၊ မသတ်ပါနဲ့ရှင်၊ ဗိုက်ထဲက ကလေးကိုလည်း သနားပါနော်''

သူမ ဘာတွေပဲပြောပြော သူ့ပုံစံက မကြားသည့်နှယ်။

သူမကို ခုတင်ပေါ်တွန်းလှဲပြီး သူ့ကိုယ်လုံးကြီး စီးမိုးလာတော့မှ သတ်ဖို့မဟုတ်ဘဲ အနိုင်အထက်ကျင့်ဖို့ဆိုတာ။

''ဆရာ ... ဆရာ''

သူ့မှန်တိုင်းက ဘာလဲ။ ပထမတစ်ခါတုန်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်း ညာမှန်းမသိဘဲ ကြွေလွင့်ခဲ့ရသည့်အဖြစ်။

ယခုတစ်ခါကျတော့ရော အမှန်းကြောင့်လား၊ ဒေါသကြောင့်လား။ သတ်တော့ ဖြတ်တော့ စားတော့ ဝါးတော့မယ့် ရုပ်ကြီးနှင့်။

ယွန်းမှာ အော်ခွင့်လည်းမရ၊ ရုန်းလို့လည်းမရ။ မှန်တိုင်းတစ်ခုလို ကြမ်းရိုင်းထက်သန်နေသည့် သူ့လက်ထဲမှာ ပွင့်ဖတ်ပွင့်ချပ်တွေတင်မက ဝတ်မှုန်တွေပါ တစ်စစီ ညက်ညက်ကြေခဲ့ရသည့်ဘဝ။

ညက်ညက်ကြေခဲ့ရသည့်ည။

✹

သူ့မုန်တိုင်းတွေစဲသွားတော့ ညသန်းခေါင်ယံတိုင်ခဲ့ပြီ။

ကြောက်လန့်မှု၊ ခါးသီးမှုကြောင့် တစ်ကိုယ်လုံး တုန်ယင်နေမိသည့် ယွန်း။ ကိုယ့်ရဲ့ စုတ်ပြဲနေသည့် အဝတ်တွေကို တတ်နိုင်သမျှ ဖုံးဖိရင်း နေရဲမာန်ကို မီးထွက်မတတ် မျက်လုံးများနှင့် ကြည့်မိပေပြီ။

သူကတော့ စိတ်ရှိ လက်ရှိ သူ့ဆန္ဒအတိုင်း မုန်တိုင်း





ဆင်လိုက်ရလို့ပေပဲလား။ ဒါမှမဟုတ် စိတ်ဆင်ရိုင်းတွေ ပြေသွားလို့ပေပဲလားမသိ။

အပေါ်ပိုင်းဗလာကျင်းသော ကိုယ်နှင့် စီးကရက်ဖွာရင်း သူမကို စူးစူးစိုက်စိုက်ကြည့်နေခဲ့သည်။ သူ့အကြည့်က ဗလာ။ ဝမ်းနည်းမှု၊ ဝမ်းသာမှု၊ နောင်တရမှု ဘာဆို ဘာမှမရှိ။

"ရှင် ကျွန်မဘဝကို ဖျက်ဆီးတာ (၂) ခါရှိပြီ၊ ရှင့်ကြောင့် ပျက်စီးသွားခဲ့ရတဲ့ ကျွန်မဘဝ ပထမပိုင်းကို ဘွားနဲ့မေချောဝတီက တယုတယ အဖတ်ဆည်ပေးထားခဲ့တယ်၊ အခု အခြေကျနေတဲ့ ကျွန်မဘဝ ဒုတိယပိုင်းကို ဘယ်အညှိုးနဲ့ ထပ်ဖျက်ဆီးရတာလဲ"

"ပြောစမ်းပါ ပြောစမ်းပါ ... အတ္တသမားကြီးရဲ့၊ ကျွန်မရှင့်ကို ဘာတွေပြစ်မှား ကျူးလွန်ခဲ့လို့လဲ၊ ကျွန်မရဲ့စကားတွေကို နာတယ်ဆိုရင်လည်း ဒီလောက်ထိ ရှင် မဖျက်ဆီးသင့်ပါဘူး၊ ရှင် ကျွန်မကို စကားတွေပြောပါဦး၊ ရှင်းချက်တွေပေးပါဦး၊ ရှင် ကျွန်မကို ဒီလောက်တောင်မုန်းနေတယ်ဆိုရင်လည်း သတ်လိုက်၊ သတ်လိုက်ပါတော့"

သည်းထန်စွာငိုကြွေးနေသည့် ယွန်းရဲ့အသံက သည်းခြင် ပြတ်လုလုအသံ။

သူမကို လော်လီသူ၊ လှည့်ဖြားတတ်သူရယ်လို့ ဘွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



မမချောဝတီ အထင်မှားသွားမှာစိုးသည်။

နေချင်ရာနေ၊ သွားချင်ရာသွားသည့် လော်လီသူ လော်မာသူဟု အထင်မခံနိုင်။

ယခု မအေကိုကားဂိတ်လိုက်ပို့ပေးရင်း တစ်ညလုံး ပြန်မလာသည့်အဖြစ်ကို ဘွားတို့ ဘယ်လိုယူဆသွားမှာလဲ။

ကိုယ့်ဘဝကပျက်ပြီးသားမို့ ထူးပြီးမပျက်တော့ပေမယ့် ဒီလို ဖျက်ဆီး ယုတ်မာတာကိုလည်း ယွန်းမခံနိုင်။

သူမ မိန်းမပျက်မဟုတ်။ ပထမတစ်ခါက ဒွေးရောယှက်တင် မတော်တဆမို့ ခွင့်လွှတ်နိုင်ပေမယ့် ယခုတစ်ခါ သက်သက်စော်ကားတာ။ ခရီးသွားဟန်လွှဲ စော်ကားယုတ်မာတာကို သူမ ခွင့်မလွှတ်နိုင်။

ယွန်း ငိုပြီး ရန်တွေ့နေရာမှ သူ့အနားသို့သွားပြီး သူ့ရင်ဘတ်ကို ထုရိုက်ရင်းမှ နောက်ဆုံး ကိုယ့်ကိုယ်ကို ပြန်ပြီးထုရိုက်မိပါတော့သည်။

''ရှင့်ကို မုန်းတယ်၊ အရမ်း မုန်းတယ်၊ စာနာတရားမရှိတဲ့လူကြီး။ တဏှာရမ္မက်ကျူးတဲ့လူကြီး၊ ကိုယ့်တာဝန် ကိုယ်မယူချင်တဲ့လူကြီး။ ရှင်က တက္ကစီသမားစော်ကားမှာစိုးလို့ မဟုတ်ဘူး သူခိုးလက် သူဝှက်လုဆိုတာလို ရှင်စော်ကားဖို့ ကျွန်မကို ခေါ်လာတာ''





''ကျွန်မဘဝက နှစ်ခါပြန်ဖျက်ဆီးတဲ့ ရှင့်ကိုမုန်းတယ်၊ အရမ်းမုန်းတယ်၊ ဒီလို လူတစ်ယောက် အကြိမ်ကြိမ်အခါခါ စော်ကားတာကိုခံနေရတဲ့ ကိုယ့်ဘဝကိုလည်း အရမ်းရွံတယ်၊ ရှင် ကျွန်မကို သတ်ခဲ့ပါတော့ သတ်ပစ်လိုက်ပါတော့''

ငိုရင်းမှ သူမ ကြမ်းပြင်ပေါ်မှာ ပျော့ခွေကျသွားရတာ ဒေါသတွေ သောကတွေအပြင် အားပြတ်သွားတာလားလည်း မသိပါ။

သူကတော့ အရုပ်မျက်နှာကြီးနှင့် သိမှတ်မဲ့စွာ ကြည့်နေရာမှ သူမကိုထားခဲ့၊ တိုက်ခန်းကိုသော့ခတ်ခဲ့ပြီး ကားနှင့် ပြန်ထည်ထွက်ခွာသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ဘစ်နေ့လုံး တိုက်ခန်းကိုသော့ခတ်ပြီးထားခဲ့သည်မို့ သူ ထွက်လို့မရ။ ပြတင်းပေါက်ဖွင့်ပြီးဆင်းဖို့ကျတော့လည်း ပြတ က ခြင်လုံသံဇကာတွေနဲ့၊ မှန်ထူတွေနဲ့။ ပြီး (၃) လွှာကနေလည ခုန်မဆင်းရဲပါ။

ပြီး ဘာပဲဖြစ်ဖြစ် သူ ဒုက္ခရောက်မှာလည်း စိုးသည သူမကိုထားခဲ့သည့်တိုက်ခန်းက လုံလုံခြုံခြုံတော့ ရှိပါသည်

ဘွားဆီဖုန်းဆက်ချင်ပေမယ့် တိုက်ခန်းထဲမှာလည်း ဖု မရှိ။ သူမကိုလည်း ဖုန်းမထားခဲ့ပါ။ သူသိမ်းသွားပါသည်

ယွန်း ဆရာ့ကိုနားမလည်နိုင်။ ဘာဖြစ်လို့ သူမ ဖမ်းချုပ်ထားတာလဲ။ သတ်မလို့လား။ တိတ်တဆိတ်ပေါင်းသ





မလို့လား။ လူကလည်းသောင်းကျန်းလိုက်တာ။ ဒေါသနှင့်မခံ ချင်စိတ်တွေကြောင့်လားမသိ။

တကယ်မုန်းဖို့ကောင်းတဲ့လူ။

ဒီခေတ်ကြီးထဲမှာ မိန်းကလေးတစ်ယောက်ကို ကျောက် ခေတ်လို ရိုက်နှက်ဖမ်းချုပ်ပြီးပေါင်းသင်းလို့ ရမတဲ့လား။

ယွန်း သတင်းစာထဲမှာပါခဲ့ဖူးသည့်သတင်းတစ်ပုဒ်ကို သွားတွေးမိတော့ ကြက်သီးထသွားသည်။ အမေရိကန်မှာ လူ တစ်ယောက်က မိန်းမငယ်လေး (၃) ယောက်ကို ဖမ်းဆီးချုပ် နှောင်ပြီး ပေါင်းသင်းနေတာ (၁၀) နှစ်ကျော်မှ လူသိသတဲ့။

ဘုရားရေ ဆရာ့စိတ်ဟာ ပုံမှန်မှ ဟုတ်ရဲ့လား။ ငါက လည်း သူမခံနိုင်မယ့်စကားကို သွားပြီးပြောမိတယ်။

ဘွားတော့ ငါ့ကို ဘယ်လိုထင်နေမလဲ။ မမချောဝတီဆီ သတင်းပို့ပြီးရောပေါ့။ ဘုရားရေ ဘွား ရဲစခန်းတိုင်ရင် ပြီးပါ လေရော။ ရဲ ရှာလို့ တွေ့သွားရင် ငါ ဘယ်လိုပြောမလဲ။ ဆရာ့ကို ဖမ်းကြမှာလား။ ဆရာ့ကို ထောင်ချကြမှာလား။

အို ဒီလောက်ဆိုးတဲ့လူ။ ဒီလောက် ဗိုလ်ကျတဲ့လူ ဖမ်း ခံလေ ထောင်ချပါစေ။

အခန်းထဲမှာ ရှင်းရင်း လင်းရင်း သူမရှာဖွေကြည့်တော့ ဆန် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို မီးဖိုနံရံကပ်ဗီရိုလေးထဲ



www.burmeseclassic.com

မှာ တွေ့ရသည်။ ကေန္တ ဒါ သူ့တိုက်ခန်းလားမသိ။

‘‘ဩော်’’

ဒေါ်ခင်ထားလွင်နှင့်နေကြာတုန်းက တစ်ခါတစ်ခါ ဆရာ အိမ်ပြန်မလာတာ ဒီတိုက်ခန်းမှာ လာနေတာ ဖြစ်ရမည်။

ရေခဲသေတ္တာဖွင့်ကြည့်တော့ အသား၊ ငါးနှင့် ဟင်းသီး ဟင်းရွက်အချို့ တွေ့ရသည်။ လျှပ်စစ်မီးဖိုလည်း တွေ့၊ ထမင်း ပေါင်းအိုးလည်း တွေ့သဖြင့် ယွန်း ထမင်း၊ ဟင်းချက်လိုက် သည်။ ကိုယ့်တစ်ယောက်စာပေါ့။

အင်း သူရောလာဦးမှာလား မသိဘူး။ အို လာချင်လာ မလာချင်နေ။ သို့သော် ထမင်းဟင်းက ပိုပိုလျှံလျှံ ဖြစ်နေသည်။

ရေချိုးခန်းလည်းတွေ့၊ သူ့အဝတ်အစားတွေလည်း တွေ့ သဖြင့် ယွန်း စိတ်ပျက်ပေမယ့် ရေချိုး၊ အဝတ်လဲရသည်။ ကိုယ့်အဝတ်တွေက မကောင်းတော့။

သူ့ရှပ်အင်္ကျီလက်တိုတစ်ထည်နှင့် ဘောင်းဘီဒူးကျ ထ ထည် ယူဝတ်ထားရပေမယ့် မလုံမလဲ။ ဒုက္ခမှဒုက္ခအစစ်။ သူ သူ့အဝတ်တွေ ယူဝတ်တာ ကြိုက်ချင်မှကြိုက်မှာ။

ဘာမှ လိမ်းစရာမတွေ့သဖြင့် ဘာမှမလိမ်းဘဲ မျက်နှာ ပြောင်နှင့်ပင် ယွန်းနေရသည်။ နေ့လယ်စာစားပြီးတော့ ထ ယောက်တည်း စိတ်ပျက်တာရော စိတ်ပင်ပန်းတာပါ ရော





ယွန်း အိပ်ပျော်သွားမိခဲ့ပါသည်။

‘‘အင်’’

သူမ နိုးတော့ သူမကိုဖက်အိပ်နေသူဟာ ဒေါက်တာ နေရဲမာန်။ ဘယ်အချိန်ကပြန်လာပြီး ဘယ်အချိန် လူကိုဖက်အိပ် နေတာလဲ။

သူမ အအိပ်ကြီးလို့ ကြွယ်သီးတွေပြုတ်နေသလား၊ သူ့ ကြောင့်လား။ ယွန်း ကမန်းကတမ်း အိပ်ရာမှ ကျုံးထတော့ သူက ဆွဲဖက်ထားခဲ့သည်။

‘‘ဒီမှာ ရှင် ကျွန်မကို ပြန်လွှတ်ပေး။ ဒါတောင် ဘွားတို့ က ကျွန်မကို အထင်လွဲပြီး ပြန်လက်ခံချင်မှခံမှာ၊ ပေါက်လွှတ် စားမိန်းမဆိုပြီး ကန်ထုတ်ချင်ထုတ်လိုက်မှာ’’

‘‘မပူပါနဲ့ . . . ဒီမှာပဲနေပေါ့’’

‘‘ရှင် လူကို ဘယ်လိုအစားမှတ်နေလဲ၊ ကျွန်မကို ဖမ်း ချုပ်နှောင်ထားပြီး ရှင် မွှေချင်တိုင်းမွှေနေရအောင် ကျွန်မက နိုးမဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး၊ ရှင် ကျွန်မကိုပြန်ပို့ပေး’’



www.burmeseclassic.com

www.burmeseclassic.com



''စကားများလိုက်တာကွာ နားငြီးလိုက်တာ''

ပြောပြီး သူမကို အရုပ်တစ်ရုပ်လို ဆောင့်ကာစားနေရင်းမှ သူ့စိတ်တွေ ကြမ်းရိုင်းလာပြီး အချစ်မုန်တိုင်းတွေ တိုက်ခတ်နေခဲ့ပြန်သည်။

ယွန်း သူ့ကို ဘယ်လိုနားလည်ရမှန်းမသိ။ လူကို အရေး လုပ်တာလည်း မဟုတ်။ ကောင်း အမေရိကန်က လူဆိုးကြီးလို ငါ့ကိုဝှက်ထားပြီး တိတ်တဆိတ် ပေါင်းသင်းမလို့ထင်သည်။

သူ့တိုက်ခန်းက လူနေကျဲပါးသည့် တိုက်ခန်းမို့ လုံခြုံမှု ရနေသလား။

သူမနှင့် တစ်နာရီလောက် အတူနေပြီးတော့ ရေချိုး အဝတ်လဲကာ သူပြန်လည်ထွက်ခွာသွားပြန်သည်။ တံခါးကို အပြင်မှ သော့ခတ်သွားပြီး စားပွဲပေါ်မှာ ခေါက်ဆွဲကြော်နှင့် အစိမ်းကြော်ထုပ်များ၊ ဝက်သားလုံးကြော်များကို တွေ့ရသည်။

ယွန်း သက်ပြင်းချရင်း ကိုယ့်အဖြစ်ကိုယ် ဘယ်ဘာ ရောက်နေမှန်းမသိရ။

မြင်းစီးပြီး အထီးမှန်း အမမှန်းမသိ ဆိုတာ ဒါမျိုးပဲ။

သူဟာ ကိုယ့်ကို ခိုးလာတာမျိုးလည်းမဟုတ်၊ တိတ်တ ဆိတ် ခေါ်လာပြီး ပေါင်းသင်းနေတာ။

ဒီဇာတ်လမ်းရဲ့အဆုံးမှာ ဘယ်လိုတွေ ဖြစ်လာမှာလဲ။





သူမကရော ဒီကလွတ်အောင် ဘယ်လို ရုန်းထွက်ရမှာလဲ။ သူ့ကို အယုံသွင်းပြီး ထွက်ပြေးရမှာလား။

''အင်း''

ငါ့ဘဝ ဘယ်လိုတစ်ဆစ်ချိုးသွားပြန်ပြီလဲ။ သူ့ရဲ့ ညွှတ်ကွင်းကနေ ငါ ဘယ်တော့လွတ်မှာလဲ။ ဘွားတော့ ငါ့ကို စိတ်ဆိုးနေပြီ။ ငါ ဘွားတို့ဆီပြန်သွားလို့ ရပါ့မလား။ အမေ့ဆီ ပြန်ဖို့ကျ တော့လည်း ဒီကိုယ်ဝန်ကြီးနဲ့ ငါ ဘယ်လိုမျက်နှာပြရမှာလဲ။

သူဟာ ငါ့ဘဝကို အကြိမ်ကြိမ်ဖျက်ဆီးတယ်။ ငါ သူ့ကို ခုန်းတယ် မုန်းတယ်။

တိုက်ခန်းထဲမှာ တီဗွီရှိပေမယ့် ယွန်း ကြည့်ချင်စိတ်မရှိ။ အချိန်တွေကိုသာ တရွေ့ရွေ့ ငေးမှော်ရင်း မိုးချုပ်သွားရပြန်သည်။

ည (၁၀) နာရီကျော်မှ သူ့တံခါးဖွင့်ပြီး ဝင်လာခဲ့သည်။

သူ့ပုံစံက ခြေပစ် လက်ပစ်။

''မောလိုက်တာကွာ၊ ဒီနေ့ လူနာ (၁၀)ယောက်လောက် တန်းစီပြီး ခွဲပေးခဲ့ရတယ်၊ လက်တွေလည်း အရမ်းညောင်းတာ ဘဲ''

သူက ညည်းညူနေတော့ ယွန်း အံ့သြရသည်။ ကိုယ် ဟာ သူဖမ်းထားတဲ့ သုံ့ပန်း။ ရာဇဝတ်သား။ ရာဇဝတ်သား တစ်ယောက်က ကိုယ့်ကိုသတ်မယ့် အာဏာပါးကွက်သားကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်ကြင်နာရမှာလား။

ယွန်း သူ့ကို ပြုံးကြည့်နေတော့ သူက ယွန်းကို ထပ်ခေါ်သည်။

"လာစမ်းပါ၊ ကိုယ့်ကို နည်းနည်းလောက် နှိပ်ပေးစမ်းပါ။ စေတနာကလည်း နည်းလိုက်တာ"

သူမက မနေတတ်သူမို့ နှုတ်ခမ်းတင်းတင်းစေ့ပြီး သူ့အနားသို့ ရောက်လာရသည်။

"ကျွန်မက ရှင့်ရဲ့သုံ့ပန်း၊ ရာဇဝတ်သား၊ ရှင်က အာဏာပါးကွက်သား၊ လက်မရွံ့ လူသတ်သမား၊ ဘာလို့ နှိပ်ပေးရမှာလဲ"

"ကဲ ... လာစမ်းပါကွာ၊ စကားကလည်း များလိုက်တာ"

သူက ယွန်းကို သူ့ပေါင်ပေါ်သို့ ဆွဲတင်လိုက်ပြီးမှ လက်နှစ်ဖက်ကို ထိုးပေးလျှင် အမြဲနာခံလာခဲ့သူပီပီ ယွန်း နှိပ်ပေးနေမိသည်။

လက်မောင်း၊ လက်ဖျံ၊ လက်ချောင်းများ တစ်ကိုယ်လုံး ချွေးရွှဲနေတာပဲ။ လူနာ (၁၀) ယောက်လောက် ခွဲခဲ့ရတယ်ဆိုတာ ဟုတ်မှာ။

အို သူ့ဘာသာ (၁၀) ယောက်မကလို့ အယောက်





(၁၀၀) ပဲခွဲခွဲ။ ငါနဲ့ ဘာဆိုင်လို့လဲ။ ငါ့ကို ခွေးတစ်ကောင်လို ပိတ်လှောင်ထားတဲ့လူကြီး၊ မုန်းတယ်။

လက်ကတော့ နှိပ်ပေးနေလျက်ပါပဲ။ ပုခုံးတွေ တင်းတောင့်နေတာမို့ ပုခုံးတွေပါ နှိပ်ပေးနေမိရသည်။

သူက ယွန်းကို ပေါင်ပေါ်ချီတင်ထားသည်မို့ မျက်နှာချင်းဆိုင်ပြီး နှိပ်နေရသလို၊ သူက အရမ်းပင်ပန်းနေသည်မို့ မျက်စိကိုမှိတ်ထားသည့်အခါ ယွန်း သူ့ကို ငုံ့ကြည့်မိသည်။

ဟင်း လူဆိုးရုပ်လည်း မထွက်ဘဲနဲ့၊ သူတော်ကောင်းရုပ်နဲ့ လူဆိုးလုပ်နေတယ်။ အို ရုပ်က အရေးမကြီးပါဘူး။

သူမ ပုခုံးတွေနှိပ်ပေးနေစဉ် သူ့ခေါင်းက ယွန်း၏ရင်ခွင်ထဲသို့ တိုးဝင်လာခဲ့သည်။ သူမ အနေရကျပ်သဖြင့် သူ့ပေါင်ပေါ်မှ လျှောဆင်းတော့ သူက လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဖက်ထားခဲ့သည်။

ခက်တော့တာပဲ။ ဘယ်လိုလူကြီးလဲ။

အလကား မာယာတွေနဲ့ ငါ့ကိုမျှားနေတာ။ ငါ ခုနေ လွတ်ပြီးပြေးရရင် ရဲကိုတိုင်ပစ်မှာပဲ။ မိန်းကလေးတစ်ယောက်ကို ချုပ်နှောင်ပိတ်ဆို့ ဖမ်းဆီးထားပြီး တိတ်တဆိတ် ပေါင်းသင်းမှု။

ခဏကြာလျှင် သူ ဆတ်ခနဲ ထလိုက်ပြီး သူမကို ဘေးသို့ ရွှေ့ပေးလိုက်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရေချိုးမယ်၊ သင့်တော်တဲ့အဝတ်တစ်စုံ ထုတ်ပေးထား၊ ပြီးရင် ထမင်းပွဲပြင်ထားပေး"

အောင်မာ၊ ဒီလူကြီးတော့ တော်တော်စီးပိုးတင်စီးလာပြီ။ လူကိုလည်း မတရားဖမ်း၊ မတရားပေါင်းနေသေးတယ်။ သူ့ကိုလည်း လုပ်ကိုင်ပေးရဦးမတဲ့။

သို့သော် မကျေမနပ်နှင့်ပင် သူ့အတွက် အဝတ်ထုတ်ပေး၊ ထမင်းပွဲပြင်ပေးရပါသည်။ ခဏကြာလျှင် သူ ရေချိုးရာမှ ထွက်လာပြီး ခေါင်းပါတစ်ခါတည်း လျှော်လာသဖြင့် ယွန်း ခေါင်းကို ရေသုတ်ပေးရပြန်ပါသည်။ ပြီးမှ အဝတ်လဲ။

ယွန်းမျက်နှာကတော့ စူပုတ်ပုတ်။

"ဘွားဆီ ဖုန်းဆက်သင့်တယ်"

"မဆက်နဲ့"

"ရှင် ကျွန်မကိုဖမ်းထားတာ ရာဇဝတ်မှုနော်၊ ခုလောက် ဆို ဘွား လူပျောက်တိုင်ပြီးရှာနေလောက်ပြီ၊ ရှင် ဒုက္ခရောက်သွားလိမ့်မယ်"

"ရောက်ပါစေ"

သူ ဖွတ်ပြောနေလျှင် ယွန်း တအံ့တဩနှင့်။

"ရှင် စိတ်တော့ကောင်းပါတယ်နော်"

"မင်းက ဘာထင်လို့လဲ"





"အလုပ်တွေများလွန်းလို့ ကြောင်များသွားသလားလို့ပါ"

"ထင်ချင်သလိုထင်၊ ကဲ ... ထမင်းစားမယ်"

သူ့ကို ထမင်းကျွေးပြီးတော့ အချိန်က (၁၁) နာရီခွဲနေပေပြီ။ သူက အိပ်ခန်းထဲသို့ မဝင်သေးဘဲ ဧည့်ခန်းထဲမှာ တီဗွီခေတ္တကြည့်နေလျှင် ယွန်း အကြံထုတ်ရသည်။

သူ အိပ်ပျော်တာနဲ့ ငါထွက်ပြေးမယ်။ သို့သော် ညလယ်ခေါင်ကြီး ကိုယ် ဘယ်ရောက်နေမှန်းမသိ၊ တက္ကစီတွေမရှိဘဲနဲ့ အိမ်ကို ဘယ်လိုပြန်မှာလဲ။

ကျားကြောက်လို့ ရှင်ကြီးကိုး။

ဆီပူထဲက ပူလို့ မီးပုံထဲ ခုန်ချဆိုသလို ပိုပြီး အဖြစ်ဆိုးသွားမှာပေါ့။

အို သူနဲ့တော့ အတူမအိပ်နိုင်ပါဘူး၊ ငါပုန်းနေမယ်။

အိပ်ခန်းကိုတော့ သူ့အတွက်ထားလိုက်ပြီး မီးဖိုဘေးက စတိုခန်းလေးထဲသို့ သူ အပြေးဝင်လိုက်သည်။ ဆောင်းတွင်းကြီး ခြုံမ်းပေမယ့် မရှိ ရှိတဲ့အဝတ်တွေခြုံပြီး အိပ်ဖို့ ပြင်နေတုန်း တံခါးသော့ကို ဖွင့်ကာ သူဝင်လာခဲ့သည်။

"ဟင် ... တံခါးပိတ်ထားတာတောင်"

"ဒီကတံခါးတွေက ပိတ်လို့မရဘူး၊ ကဲ ထ သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တရားလွန်နေပြီလို့ မထင်ဘူးလား"

"ဘာလို့ လွန်ရမှာလဲ၊ မင်းသာ လွန်တာ၊ ငါ့ကိုများ ရှင်တွေ ကျွန်မတွေနဲ့"

"ရှင့်ကိုရှင်လည်း ဟန်နီးမွန်းထွက်လာတဲ့ ဖနီးမောင်နဲ့ မှတ်နေသလား၊ ကျွန်မက ရှင်ဖမ်းထားတဲ့ သုံ့ပန်း။ ရှင်က ကျွန်မအတွက် အာဏာပါးကွက်သား"

"ကဲ ... ထပါ သုံ့ပန်းလေးရယ်၊ စကားကလည်း များလိုက်တာ၊ ကိုယ်က တစ်နေ့လုံး ပင်ပန်းနေခဲ့တာ"

"ပင်ပန်းရင် သွားအိပ်ပေါ့၊ ရှင့်ကို ဘယ်သူက နှောင့်ယှက်နေလို့လဲ"

"မင်းနဲ့မှ အိပ်ပျော်မှာပေါ့၊ ကဲပါ ... လာပါ"

အခန်းတံခါးကို အတင်းဆွဲထားသည့် ယွန်းအား အရုပ်ဟစ်ရုပ်လို ပွေ့ချီသွားတော့ ကြောင်လက်ထဲကကြွက်လို သူမခမျာ ယက်ကန်ကန်။

ဒီညလည်း မုန်တိုင်းမိရဦးမှာပါပဲ။

* * *



## အခန်း (၂၇)

"ဘွား ... ကျွန်တော် နေရဲမာန်ပါ"

"ဟင် ... ငါ့မြေးယွန်း ပျောက်နေလို့ ငါ့မှာ ရှာလိုက်ရတာ၊ ရဲစခန်းတောင်တိုင်တော့မလို့၊ ပျောက်တာ (၂) ရက်တောင်ရှိပြီ"

"တောင်းပန်ပါတယ် ဘွား၊ ယွန်းစံမှိုကို ကျွန်တော် အတင်းဆွဲထားလိုက်တာပါ"

"ဘာ ... မင်းက ဘာသဘောနဲ့ ခုလို မဖွယ်မရာ လေးမစားလုပ်ရတာလဲ၊ သူ့အကြောင်းလည်း မင်း သိသားနဲ့"

နေရဲမာန် တစ်နေရာမှနေပြီး ဘွားထံ ဖုန်းဆက်နေခြင်း အစောကြီးထဲက ဖုန်းဆက်ချင်ပေမယ့် သူ အားမွေးနေရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ စကတည်းက ယွန်းကို သူ နှစ်သက်မြတ်နိုးနေပြီ ဖြစ်ပေမယ့် ဒေါ်ခင်ထားလွင် အရှိန်နှင့် အမြင်မကြည်လင်။

နောက်မှ ယွန်းနှင့် ဒေါ်ခင်ထားလွင်ဟာ သတ်သတ်စီ ဆိုတာ ပိုပြီးသေချာလာရ၏။

အထီးကျန်နေသည့် သူ့ဘဝမှာ ယွန်းဟာ အဖော်ကောင်း ဟုတ်မဟုတ်လည်း သူ သေသေချာချာ စမ်းသပ်ချင်သည်။

နောက် သူက ဂုဏ်ပကာသနတွေနှင့် လျှမ်းလျှမ်းတောက်နေသည့် အထူးကုဆရာဝန်ကြီး။ ယွန်းက ဘာမှမဟုတ်သည့် အညတြမိန်းကလေးတစ်ယောက်။

ဒီအလွှာနှစ်ခုကိုလည်း သူ့ဦးနှောက်က ဘယ်လိုမှ လက်မခံ၊ ညှိလို့မရခဲ့။

သို့သော် ယွန်းမှာ သူ့ကိုယ်ဝန်ရှိနေခဲ့တာရယ်၊ နောက်ဆက်နိုင်ကလည်း ဂုဏ်ရည်တူ လုပ်ငန်းတူချင်း လက်ထပ်မည့် ဒုက္ခကို တပြောတည်း ပြောတာရယ်။

သွန်းသုခကလည်း ဗိုက်ကြီးနှင့်တောင်မှ ယွန်းကို လက်ထပ်မည် တကဲကဲ။

သည်တော့ ကာယကံရှင်ဖြစ်သည့်သူက ပေသီးတွက်တွက်နေလို့ ဖြစ်တော့မှာတဲ့လား။ ဒါတောင် သူ တွေဝေနေတာ





အကြာကြီး။

နောက် ယွန်းရဲ့အလှအပတွေကို သူ့ထံ အကျိတ်လာမေးရင်း တစ်ခါမြင်လိုက်ရပြန်သည်။ ဒါဟာ ချောဝတီရဲ့ ယိမ်မှာ ငါးနပ်မှုတွေလား။ ဘာပဲဖြစ်ဖြစ် သူ ဒီတာဝန်ကို ထမ်းဆောင်ဖို့ ခေါင်းထဲမှာ လွန်ဆွဲနေရပေပြီ။

တစ်ဖက်က ခေါင်းရှောင်လိုခြင်း၊ အခြားတစ်ဖက်က ကိုယ့်တာဝန် ကိုယ်ယူလိုက်လိုခြင်း။

ဦးနှောက်က ငြင်းချင်သေးပေမယ့် နှလုံးသားကတော့ တော်တော့်ကိုပျော့ပျောင်းလာရပြီ။

တစ်ခါ ဘွားတို့အိမ်မှာသွားတွေ့တုန်းက ကောင်မလေး၏ အမူအရာနှင့် အပြောအဆို၊ စိတ်ဓာတ်တို့ကို သူ နှစ်သက်သည်။ သူ ဘယ်လောက်ပဲ ရန်လိုနေနေ သူမက အေးဆေးစွာ ရှင်းပြ၏။

သို့သော် ကောင်မလေး သူ့ကိုစိတ်နာနေသည်လို့ သူ သင်တော့ ရင်ထဲမှာ ထိတ်ခနဲ။ စိုးရိမ်သည့်အမူအရာကို မဖော်မိအောင် ကြိုးစားရင်း သူ ယွန်းကို ဘီလူးထွက်၊ ဘီလူးကြိမ်းပဲ ကြိမ်းမိသည်။

အကောင်းဆုံးကတော့ ယွန်းဟာ သူ့ဘဝ ရေသေအိုင်ကြီးကို ပွက်ပွက်ဆူအောင် နှိုးထနိုင်စွမ်းရှိတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်သာဆိုလျှင် သူ့ရဲ့ အထီးကျန်ဘဝတွေ ကုန်ဆုံးပြီး သားတစ်ရာ၊ မြေးတစ်ဖြာနှင့် စိုပြည်လိုက်မည့်ဖြစ်ခြင်း။

သို့ပေမယ့် သူက ကိုယ့်အမှားကိုယ်တောင်းပန်၊ ကိုယ့်အချစ်ကိုဖော်ပြပြီး အောက်ကျို့ချင်တာမဟုတ်။

သည်တော့ ကိုယ့်အချစ်ကို ဖုံးဖိပြီး ယွန်းကို ဟိန်းလား ဟောက်လား၊ ရန်လုပ်လားနှင့်ပင် သူ မလိမ့်တပတ် သိမ်းပိုက်ဖို့ စိတ်ကူးမိရ၏။

ဘွားအိမ်မှာသွားတွေ့တုန်းကလည်း ကောင်မလေးကို စိတ်ဆိုး၊ ဒေါသဖြစ်လို့ပုံစံနှင့် သူ အကြမ်းပတမ်း နမ်းပစ်လိုက်သည်။

နောက် ယွန်း သူ့အမေကို ကားဂိတ်လိုက်ပို့ပြီးအပြန် ကိုယ်နှင့်တွေ့တာဟာ မတော်တဆပါ။

အချိန်မဲ့ အခါမဲ့အချိန်မှာ တက္ကစီသမားရုပ်က ပြီတီတီ သူမကတော့ ဘာမှမသိ။ လူတိုင်းကို သူ့လိုမှတ်ပြီး ငြိမ်းချမ်းစွာ မျက်စိမှိတ်လာနေပုံ။

သူ တောင်းခနဲ ဒေါသဖြစ်ရသည်။ သူမလို မအူမလည် မိန်းမငယ်လေးတစ်ယောက်ဟာ တစ်ယောက်တည်း ခရီးမသွားသင့်။ တစ်ယောက်တည်း တက္ကစီမစီးသင့်။ ဒါတွေ သူမ မသိဘူးလား။





မမျှော်လင့်ဘဲ ဟိန်းဟောက်ပြီး သူမကို နေရဲမာန် ခေါ်လာခဲ့သည်။ ခေါ်လာတုန်းက ပြန်ပို့ဖို့ဖြစ်ပေမယ့် သူ့ခေါင်းထဲမှာ အမြဲ ပဋိပက္ခဖြစ်နေရသည့် ပြဿနာကြီးကိုလည်း နိဂုံးချုပ်ချင်လှပေပြီ။

ဒီကောင်မလေးမျိုးဟာ ခေါင်းမာတာမို့ သူ အသာတကြည်နှင့်တော့ ခိုးလို့မရလောက်။ သူကလည်း တကယ့်ဆရာဝန်ကြီးပါ။

သို့သော် မဖွယ်မရာ အခြေအနေတွေကရှိသေးတာမို့ ဒီဇာတ်လမ်းကို မြန်မြန်အဆုံးသတ်ပေးဖို့သာ အဓိက။

သည်တော့ သူ ကောင်မလေးကို ဟိန်းလား၊ ဟောက်လားနှင့်ပင် အကြမ်းဖက်ခဲ့၊ ခိုးထားလိုက်ရသည့်အဖြစ်။

ရင်ထဲကအချစ်တွေကို ဖုံးဖိပြီး အပြင်ဘက်က ဆူးတွေနှင့် ပြည့်နေသည့် ဒူးရင်းသီးကြီးအဖြစ်နှင့် သူ ယွန်းရဲ့အချစ်တွေကို မလိမ့်တပတ်နှင့် အရယူလိုက်ပေပြီ။

(၂) ရက်ကြာမှ ဘွားထံ ဖုန်းဆက်ရတာကတော့ အခြေအနေတွေကို သိလိုခြင်းနှင့် ယခုမှ အားမွေးလို့ရလို့ပါ။

နေရဲမာန် ဘွားကို အနူးအညွတ် တောင်းပန်နေမိပါသည်။ တတွတ်တွတ်နှင့် နူးနူးညံ့ညံ့ တောင်းပန်မိပါသည်။ ဒါဟာ သူ ယွန်းကို ချစ်လို့ပါ။ တန်ဖိုးထားလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘွား ...သူ့အကြောင်းတွေ ကျွန်တော်သိပါတယ်၊ ဘွား မသိသေးတဲ့အကြောင်းတွေလည်း ကျွန်တော် ရှင်းပြပါရစေ၊ တကယ်တော့ သူနဲ့ငြိခဲ့ဖူးတဲ့သူဟာ ကျွန်တော်ပါ"

"ဟော ...မင်းလား၊ မထင်မှတ်စရာကွယ်"

ဘွား မသိချင်ယောင်ဆောင်နေရတာ သူ့ဂုဏ်ပျက်မှာ စိုးလို့ပါ။

"ကျွန်တော် မိတွေးနဲ့ ပူးပေါင်းလုပ်ကြံတယ် ထင်မိလို့ပါ ဘွား၊ နောက်မှ အဖြူအမည်း သဲကွဲသွားပြီး ဒီကိစ္စတွေ ဖွင့်ဟဝန်ခံဖို့လည်းကျပ်၊ ယွန်းကလည်း ကျွန်တော့်ကိုစိတ်နာနေ၊ ကျွန်တော်ကလည်း သူ့ကို ဘယ်လိုပုံစံနဲ့ ချဉ်းကပ်ရမှန်းမသိ ဖြစ်နေရတာပါ"

"ခုကျတော့ ဘယ်လို"

"ခုတော့ ကျွန်တော် သူ့ကို မလိုမ့်တပတ်နဲ့ ခိုးထားလိုက်ပါပြီ၊ ဒီနေ့ ကျွန်တော် စီစဉ်လိုက်ပါ့မယ်၊ မနက်ဖြန် မနက် (၈) နာရီကျရင် ကျွန်တော့်တိုက်ခန်းမှာ လက်မှတ်ထိုးပွဲလေး ကျင်းပပါ့မယ် ဘွား၊ ဘွားကို တလေးတစား ဖိတ်ပါတယ် ခင်ဗျာ"

"အလို သူငယ် ...မင်းက ထုံးဟမ်းစဉ်လာတွေကို ချေဖျက်တော့မလို့လား"





"ခင်ဗျာ"

"ဘွားရဲ့မြေးကို မလိုမ့်တပတ်နဲ့ ခိုးသွားပြီးရင် မိဘ ဘွားဆီ ပြန်အပ်ရမယ်လေ၊ ယွန်းလေးဟာ မိမဲ့ ဖမဲ့ ကလေ ကချေ မဟုတ်ဘူး၊ သူ့ဌေးမကြီး ဒေါ်ယုဝတီရဲ့မွေးစားသမီး၊ ဒေါက်တာချောဝတီရဲ့ မွေးစားညီမ၊ နန်းတော်ဝင် စတိုးဆိုင် ပိုင်ရှင်"

"ဟာ ...ဘွားကလည်းဗျာ၊ အပ်တာကနေပါဦး၊ မနက်ဖြန် ကျွန်တော် သူ့ကို Suprise (အံ့သြမှု) လုပ်ချင်လို့ပါ၊ မနက်ဖြန် လက်မှတ်ထိုးချင်လို့ပါ၊ ပြီးရင် ထုံးတမ်းစဉ်လာတွေ အားလုံးကို လုပ်ပေးပါ့မယ်နော်"

"အေး ...ဒါဆိုလည်း ငါ ခွင့်လွှတ်လိုက်မယ်၊ ငါ့မြေးကိုသာ ကြင်ကြင်နာနာပေါင်း"

"စိတ်ချပါ ဘွားရယ်၊ ကျွန်တော် ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုး ပေါင်းမှာပဲဗျာ"

သူ ဖုန်းပိတ်လိုက်ပြီး ဆေးခန်းထဲမှ ထွက်လာခဲ့ရင်း ယွန်းအတွက် အဝတ်အစားတချို့ဝယ်ဖို့ စတိုးဆိုင်တစ်ခုထဲသို့ ဝင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

သူ ည (၉) နာရီလောက်နှင့် အိမ်ပြန်လာခဲ့တာ ယွန်းကို တစ်နေ့လုံး သတိရနေလို့ပါ။

သူ့ကိုယ်သူများ သုံ့ပန်းတဲ့။ ကိုယ့်ကိုလည်း အာဏာ ပါးကွက်သားတဲ့။ ဘယ်လိုအတွေးတွေလဲ ချာတိတ်ရယ်။ အေး လေ ငါကလည်း ဘီလူးထွက်ပဲထွက်နေတာကိုး။

အင်း ကိုယ်တင်ထားသည့်အရှိန်ကို ဘယ်လို ပြန်ချရမှန်း ပင်မသိ။

သူ့လက်ထဲမှာတော့ ယွန်းအတွက် အဝတ်အစားအိတ် တွေ၊ အလှပြင်ပစ္စည်းတွေနှင့် စားသောက်ဖွယ်ရာတွေ။

သိပ်ချစ်စရာကောင်းတာပဲ ယွန်းရယ်။ ချောင်ပိတ်မိ





နေတဲ့ ခွေးလေးလို အရဲစွန့်ပြီး မာန်ဖီနေတာ သိပ်ချစ်ဖို့ကောင်း တာပဲ။

သူ တိုက်ရှေ့မှာ ကားရပ်ပြီး အပေါ်ထပ်သို့ တက်လာခဲ့ သည်။ အထုပ်တွေဆွဲပြီးပေါ့။

ခွေးဆိုးမလေးကို ဒီနေ့တော့ မသိမသာ ချော့ရ၊ လျှော့ရ တော့မှာပဲ။

သူ တိုက်ခန်းသော့ဖွင့်လိုက်တော့ ယွန်းကို ညှော်ခန်း ဆိုဖာတစ်ခုမှာ အိပ်ပျော်နေတာတွေ့လိုက်ရသဖြင့် သူ ပြုံးမိ လိုက်သည်။

ခွေးမလေး အင်းလေ၊ တစ်ယောက်တည်း တစ်နေ့လုံး နေရတာဆိုတော့ ပျင်းမှာပေါ့။ သူ့အိမ်မှာ ဒေါ်သီရှိနေပေမယ့် အိမ်ကို နိုးသွားလျှင် အားလုံး အမြန်ဆုံးသိကုန်မှာစိုးလို့ တစ် နေရာမှာ ထားရတာပါ။ သူ့တိုက်ခန်းတစ်ခုမှာထားရတာ။

သူ တံခါးကို အတွင်းမှ ဂျက်ထိုးပိတ်လိုက်ပြီး ရေချိုးဖို့ အဝတ်လဲနေစဉ် တံခါးချက်ဖြုတ်သံကြားလိုက်ရသဖြင့် သူ လန့် သွားပြီး အခန်းအပြင်သို့ အမြန်ဆုံးပြေးထွက်လိုက်သည်။

"ယွန်း"

ကောင်မလေး တံခါးဖွင့်ပြီး ထွက်ပြေးသွားချေပြီတည်း။ နေရဲမာန် မျက်စိတွေ ပြာသွားပြီး ဘောင်းဘီတိုနှင့်ပင် အတင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးဆင်းလိုက်ရသည်။

''ယွန်း''

ယွန်းစံမိ ရှေ့ကခပ်သုတ်သုတ်ပြေးဆင်းပေမယ့် နောက်မှ နေရဲမာန်လိုက်လာပုံက လှေကားထစ်တွေကို ခုန်ကျော်နေသလားပင်မသိ။ သူမ သူ့လက်မှလွတ်အောင် အမြန်ဆုံးပြေးဆင်းနေလိုက်တာ သေပြေး ရှင်ပြေး။

သည်စဉ် လှေကားထစ်တွေပေါ်မှ တဒုန်းဒုန်းပစ်ကျသံကြောင့် သူမ လန့်သွားပြီး လှည့်ကြည့်လိုက်လျှင် –

''ဆရာ''

လှေကားထစ်တွေပေါ်မှ မရှုမလှပြုတ်ကျလာသည့် နေရဲမာန်။ ယွန်း အလန့်တကြား ဆီးဖမ်းထားလိုက်ပေမယ့် သူ့ကိုယ်မှာ သွေးတွေနဲ့။

လှေကားက နည်းနည်းမြောင်နေသဖြင့် ခြေချော်ကျသလား။

''ဆရာ ဆရာ . . . ဒုက္ခပဲ၊ သေပြီလားမသိဘူး၊ ဆရာ ယွန်းကြောက်တယ် ဆရာ''

ယွန်း ငိုသံပါကြီးနှင့် အော်ခေါ်ရင်း သူ့ကို လှုပ်ခတ်နိုးတော့ သူ ရှုံ့ရှုံ့မဲ့မဲ့နှင့်၊ သတိမလစ်သေး။

''မပြေးပါနဲ့ယွန်းရယ်၊ ကိုယ် မင်းကို ချစ်ပါတယ်''





''ဟာ . . . အရေးထဲ ဆရာရယ်၊ ကဲ . . . ဆရာဝန်တစ်ယောက်ယောက်ဆီ ဖုန်းဆက်လေ''

''ရတယ် . . . ယွန်းသာ ထွက်မပြေးနဲ့၊ ကိုယ့်ကို ယွန်းပဲ လုပ်ပေး''

''ယွန်းမှ ဘာမှမလုပ်တတ်တာ၊ ကဲ . . . ထ ဆေးခန်းတစ်ခုခု သွားရအောင်''

''ကိုယ်မှ ကားမမောင်းနိုင်ဘဲ . . . အား ကျွတ် ကျွတ် ကျွတ်''

လှေကားအောက်မှ သူ့ကို တွဲထူပြီး တိုက်ခန်းထဲပြန်ဝင်ရသည်။ နောက် သူပြောသည့် ဆရာဝန်တစ်ယောက်ကို လှမ်းပင့်ပေးရသည်။

''ဒုက္ခပါပဲ . . . ဘယ်တွေထိသွားလဲဆရာရယ်၊ လက်များ ကျိုးသွားလားမသိဘူးနော်''

''တိတ်တိတ်နေကွာ၊ ကိုယ့်အနားကသာ ဘယ်မှ ထွက်မပြေးနဲ့''

''ကျွန်မက သုံ့ပန်းပဲ၊ သုံ့ပန်းဆိုတာ အခွင့်သာတာနဲ့ ထွက်ပြေးရမှာပဲလေ''

''ကလေးတစ်ဒါဇင်လောက်ရမှ ထွက်ပြေးပါလား''

''အောင်မယ် ဆရာနော်''



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ၊ အား ကျွတ် ကျွတ်၊ နာရတဲ့ကြားထဲ လူကို ရန်လုပ်နေတယ်"

ယွန်း ပါးစပ်ပိတ်ပြီး သူ့ကို သွေးတွေဖြည်းညင်းစွာ သုတ်ပေးမိသည်။ ယွန်းမှာလည်း မျက်စိမျက်နှာတွေပျက်လို့ သည်စဉ် တံခါးခေါက်သံကြားရသဖြင့် တံခါးသွားဖွင့်ပေးရသည်။

"ဒေါက်တာ မြန်မြန်လာပါရှင်၊ သူ လှေကားပေါ်က ပြုတ်ကျလို့"

ဒီဆရာဝန်ကို ယွန်းမသိပါ။ ဟိုကတော့ သူ့ကိုသိပုံရပါ သည်။

"ဆရာဝန်ကြီးကလည်း ဘယ်လိုဖြစ်တာလဲဗျာ၊ ကျွန် လိုက်တမ်းပြေးတမ်းကစားနေကြတာထင်တယ်၊ ဒါမှမဟုတ် သူခိုး ပုလိပ် ကစားနေကြတာလား"

"မြန်မြန်ကြည့်ပေးပါ ဒေါက်တာ၊ အရိုးတွေ ဘာတွေ များ ကျိုးသွားလားမသိဘူး"

"မကျိုးပါဘူးဗျာ၊ ကျိုးရင် သူ အရမ်းနာနေမှာပေါ့"

"အခုလည်း နာနေတာပဲရှင့်"

ဆရာဝန်က နေရဲမာန်ကို စမ်းသပ်စစ်ဆေးပေးရင်း ယွန်းနှင့် အခြေအတင်စကားတွေ ပြောနေရတာပါ။

"လှေကားပေါ်က ပြုတ်ကျလို့ ပွန်းပဲ့ကွဲပြဲတာပဲ ရှိပ





တယ်ဗျာ၊ သိပ်လည်း စိတ်မပူပါနဲ့"

ဆရာဝန်က ဆေးကြောသုတ်သင်၊ ဆေးထည့်၊ ကွဲသွားသည့် ဒူးကိုချုပ်တော့ နေရဲမာန် ယွန်းလက်ကို ဆုပ်ကိုင်ဖျစ်ညှစ် ကာ အံကြိတ်နေရသည်။

နောက် ဆရာဝန်က လိုအပ်သည့်ဆေးများကို ပေးခဲ့၊ ထိုးခဲ့ပြီး ပြန်သွားသည်။

စောစောထဲက ဘောင်းဘီတိုနှင့် ယွန်းကိုလိုက်ဖမ်းနေရ တာမို့ သူ အဝတ်မဝတ်ရသေး။ ယွန်း သူ့ကို အင်္ကျီဝတ်ပေး ပုဆိုးဝတ်ပေးရသည်။

သူက ယွန်းလုပ်ပေးသမျှ ငြိမ်သက်စွာခံယူရင်း ယွန်းကို ငေးကြည့်နေ၏။ ယွန်း ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ သူ့မှာ ရန်လိုသည့် အမူအရာ၊ စိတ်တိုသည့်၊ ဒေါသဖြစ်သည့် အမူအရာ တွေ မရှိတော့ပါ။

"ဆရာ ဆေးတွေထိုးထားရတယ်၊ ဗိုက်ထဲမှာ အစာမရှိ ရင် မူးနေဦးမယ်၊ ထမင်းစားလို့ရတယ် မဟုတ်လား"

ပလာစတာတွေနှင့် ပွနေသည့်ရုပ်အား ကရုဏာသက် စွာ ကြည့်ရင်း ယွန်းမေးတော့ –

"မစားချင်တော့ပါဘူး၊ နေပါဦး ...မင်းကရော ဘာကိစ္စ ထွက်ပြေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဆရာ ... ကျွန်မကို မတရားဖမ်းထားတာပဲ၊ အခွင့်သာရင် ထွက်ပြေးရမှာပေါ့"

"ဟင် ... အခုရော ထွက်ပြေးဦးမှာလား၊ ငါ ဒူးနာနေတယ်၊ လမ်းတောင်လျှောက်နိုင်မှာမဟုတ်ဘူး။ တစ်ကိုယ်လုံးလည်း နာနေတယ်၊ ငါ လိုက်ဖမ်းနိုင်မှာမဟုတ်ဘူး"

"လောလောဆည်တော့ မပြေးသေးဘူး၊ မနက်ကျမှပြေးမယ်၊ ဆရာ့မှာ အဖော်မရှိလို့ ဒဏ်ရာတွေနဲ့ဆိုတော့ နာ့စ်တစ်ယောက်လောက် အနားမှာရှိနေမှဖြစ်မှာပေါ့"

ယွန်းပြောနေပုံလေးက ချစ်စရာ၊ ရယ်စရာ။ သူ ချစ်စနိုးဖြစ်မိပေမယ့် ရုပ်တည်ကြီးနှင့်။

"ဘာဖြစ်လို့ ဒီလောက်ပြေးချင်နေရတာလဲ၊ မင်းနဲ့ကိုယ်နဲ့ ညားပြီးကြပြီလေ၊ လင်မယားလို့ ခုထိ မသတ်မှတ်နိုင်သေးဘူးလား။ ပြီးတော့ ညကြီးအချိန်မတော် မိန်းကလေးတစ်ယောက်တည်း ထွက်ပြေးရင် အန္တရာယ်တွေ့မှာ မစိုးရိမ်ဘူးလား"

"ဒီကလွတ်ရင်ပြီးရော၊ ဆရာ ကျွန်မကို ဖမ်းထားတာ အနိုင်အထက်ကျင့်နေတာပဲ၊ ခိုးလာတာမှမဟုတ်ဘဲ၊ ကျွန်မတို့ ချစ်သူတွေလည်း မဟုတ်ကြဘဲနဲ့"

"ကဲ ... မယ်မင်းကြီးမကို ရှင်းပြဖို့ အားမရှိသေးဘူး ထမင်းကျွေးချင်လည်းကျွေး။ ဒီယူခဲ့၊ မင်းရော စားပြီးပြီလား"





"မစားရသေးဘူး"

"ကိုယ့်ကိုစောင့်နေတယ်ပေါ့"

"မဟုတ်ပါဘူး၊ တစ်နေ့လုံး ထွက်ပြေးဖို့ plan ချနေရလို့ မစားရသေးတာ"

"တော်တော် ရိုက်ပစ်ဖို့ကောင်းတဲ့ကောင်မလေး"

ယွန်း သူ့ကို မကြည့်ပါ။ ဘာစကားတွေ ပြောနေတာလဲ။ လူကို အတင်းဆွဲထားပြီး အမေရိကန်ကလူဆိုးကြီးလို မိန်းကလေးတွေ ဖမ်းထားနည်းမျိုး ဖမ်းထားတာ။

သို့သော် ယွန်း သူ့အတွက် ထမင်း၊ ဟင်းများကို စတီးဇန်းလေးနှင့် ယူလာပြီး သူ့အခန်းထဲသို့ သယ်လာမိပါသည်။

"လက်နဲ့ခွံ့ကွာ"

"ဆရာ့လက်တွေ ကောင်းသားပဲ"

"လှေကားပေါ်က ပြုတ်ကျထားလို့ တစ်ကိုယ်လုံး ကိုင်မိုက်ခံထားရသလို နာနေတာကွ၊ ဒီလောက်မှ စေတနာမရှိရင်လည်း မကျွေးနဲ့တော့"

"ကဲပါ ... ခွံ့ပေးပါ့မယ်"

တကယ်ခွံ့တော့လည်း ကလေးလေးတစ်ယောက်ကို ခွံ့သည့်နည်းမျိုး စိတ်ရှည်စွာ စေတနာပါပါနှင့် ခွံ့ပေးနေသည်ပါပဲ။

ထမင်းစားပြီးတော့ သူ့ကို ဆေးတိုက်သည်။ နာရီကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ (၁၁) နာရီကျော်နေပြီ။

"ဆရာ အိပ်တော့ ညဥ့်နက်နေပြီ"

"မင်းက ဘယ်သွားအိပ်မလို့လဲ၊ ဘာလဲ ညကြီးမင်းကြီး ထွက်ပြေးဦးမှာလား"

"ပြေးသင့်ရင် ပြေးရမှာပဲ"

"ဒါဆို ငါ ဘယ်တော့မှ မအိပ်တော့ဘူး၊ နေဦး ငါ့ကို တံခါးထိ တွဲခေါ်သွားပေး၊ တံခါးကို လက်ထုတ်ပြီး သော့ခတ်မယ်"

"ကဲပါ ... ကျွန်မ ခုည မပြေးဘူး၊ နောက်မှ ဆရာ နေကောင်းမှပြေးမယ်"

"ကတိနော် ကတိ"

"ဘာကိုလဲ"

"ကိုယ်နေကောင်းမှ ပြေးမယ်ဆိုတာလေ"

"အင်းပါ ... ကဲ အိပ်တော့"

"မင်းကို ဖမ်းထားတာ (၂) ရက်ရှိပြီနော်၊ (၂) ရက်လုံး ကိုယ်နဲ့အိပ်ရတဲ့ကြားထဲက အခု ဘယ်ကိုပြေးချင် သွားချင်နေ တာလဲ၊ ကိုယ်နဲ့ပဲအိပ်"

"သရာ ... လေ့ကားပေါ်ကပြုတ်ကျလို့ တစ်ကိုယ်လုံး နာနေတယ်လေ"





"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ဆရာ့မှာ မံမိကြီးလို ပလာစတာတွေနဲ့ ပွနေတာ"

"အဲဒါ ... ငါ့ကိစ္စပါ"

"ကျွန်မက အအိပ်ကြမ်းတယ်၊ အအိပ်ကြီးတယ်"

"ဒါကြောင့် ဗိုက်ထဲက ကလေး အဖေခေါ်စရာမရှိ ဖြစ်ရတာ"

တကယ်တော့ သူ ကောင်မလေးနှင့်ရန်ဖြစ်ရတာ ပျော် လို့ပါ။ သို့သော် သူမအသွင်က မီးဝင်းဝင်းတောက်သွားတော့ သူမှားသွားပြီဆိုတာ သိလိုက်ရသည်။

"ရှင် ကျွန်မကို မစော်ကားနဲ့၊ ရှင့်လို အတ္တကြီးတဲ့ လူကုံတန်ကြီးကို ကျွန်မ အရမ်းမုန်းတယ်၊ စိတ်နာတယ်၊ ရှင့် မှာ တစ်ကိုယ်လုံး အတ္တတွေနဲ့ မီးလိုတောက်နေတယ်"

"ဟောဗျာ ... ဘယ်လိုကြီးဖြစ်ရပြန်တာလဲ"

"ကျွန်မလို အနုညာတ မိန်းမတစ်ယောက်ကို ခြေဆေး အိုးထဲက ရေလောက် သဘောထားပြီး ရှင် ကျူးလွန်ခဲ့တယ်၊ နောက် ကျွန်မကို တိရစ္ဆာန်တစ်ကောင်လိုဖမ်းပြီး ရှင့်ဆန္ဒအတွက် ရှင့်ရမ္မက်အတွက် အသုံးချတယ်၊ လူသိမှာစိုးလို့ အိမ်ခေါ်မသွား ဘဲ တိုက်ခန်းထဲမှာ ဖြစ်သလိုထားတယ်၊ တစ်နေ့လုံး သော့ခတ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှောင်ထားပြီး ညကျမှ လာပေါင်းတယ်၊ ရှင့်မှာ နှမချင်း မအေချင်း စာနာစိတ် လုံးဝမရှိဘူး။ ရှင့်မှာ လူသားချင်း စာနာတဲ့ စိတ် မရှိဘူး''

''ဟော့ ဟော့ . . . မင်းစကားတွေ တရားလွန်လာပြီ၊ မင်း စွပ်စွဲတာတွေ များနေပြီ၊ ကိုယ်ထင်တာတွေ စွပ်ပြောမနေနဲ့၊ ငါ့မှာ နှလုံးသားရှိတယ်၊ လူစိတ်ရှိတယ်၊ လူနာတွေကို ကယ်တင် နေတဲ့ ဆရာဝန်ကွ''

''ရှင့်ဘာသာ လူနာတွေအပေါ် ကောင်းချင်ကောင်း မယ် ကျွန်မအပေါ် မကောင်းဘူး။ ရှင့်စေတနာတွေက ပေါက္ခရ ဝဿမိုးလိုပဲ ကျွန်မအပေါ် မသက်ရောက်ဘူး''

''တော်စမ်း ယွန်း။ ငါ စိတ်ကိုဆွမပေးနဲ့၊ လာ မင်း အိပ်တော့''

သူက သူ့ဘေးနားမှနေရာကို လက်ညှိုးညွှန်ပြရင်း ဟောက်တော့ ယွန်း ချာခနဲလှည့်ကာ ညှော်ခန်းထဲသို့ပဲ ပြန်လာခဲ့ သည်။ ကော်ဇောခင်းပြီးသားမို့ ဆိုဖာပေါ်မှာတင်ထားသည့် ခေါင်းအုံးကိုယူအုံးကာ မျက်နှာသုတ်စောင်တစ်ထည်ခြုံပြီး ယွန်း သိုးနေအောင် အိပ်ပစ်လိုက်ပါသည်။

ကဲ ရှင် ဘာတတ်နိုင်သေးလဲ။

❋ ❋ ❋



## အခန်း (၂၉)

''ယွန်းရေ ယွန်း''

မိုးလင်းတာနှင့် သူမကို အော်ခေါ်နေပုံက အမြင်ကတ် ရော။ ယွန်း မီးဖိုထဲမှာ Breakfast ပြင်ဆင်နေတာပါ။

''လာပြီ . . . လာပြီ''

သူက လူမမာပဲလေ။ နည်းနည်းတော့ စိတ်ရှည်ပေးရမှာ ပေါ့။ ကိုယ်ဟာ သူ့ရဲ့ အကျဉ်းသားဖြစ်ဖြစ် ယွန်းအခန်းထဲ ဝင်သွားတော့ သူက အိပ်ရာပေါ်မှာ ထထိုင်နေပေပြီ။

''ကိုယ့်ကို မျက်နှာသစ်ပေး၊ အဝတ်လဲပေး''

''ဒီနေ့ ဆေးရုံ၊ ဆေးခန်းတွေ သွားမလို့လား''

''မသွားပါဘူး၊ ကိုယ် တစ်နေ့မသွားတာနဲ့ ကမ္ဘာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပျက်မသွားဘူး။ ဒီနေ့ အရေးကြီးဆုံးနေ့။ ကိုယ့်မိန်းမနဲ့ နှုတ်မလို့''

''ဟင် . . . ဘယ်မှာလဲ၊ ရှင့်မိန်းမ။ ဘယ်တော့လာမှာလဲ''

''မင်း စိတ်တော့ကောင်းပါတယ်နော်''

ယွန်း သူ့ကို ဘာမှပြန်မပြောတော့ဘဲ မျက်နှာသစ်ဖို့ အဝတ်လဲဖို့သာလုပ်ပေးနေသည်။ သူချစ်သူ ဒေါက်တာရွှန်းအိန္ဒြာကိုခေါ်ထားတာ နေမှာပေါ့။ သူမကတော့ ကြားထဲက ဓားစာခံ။

အင်းလေ၊ သူချစ်သူလာရင် ငါပြေးလို့ရပြီပေါ့။ သူက လူမမာမို့ ငါ တစ်ယောက်တည်း မထားခဲ့ရက်တာပါ။ သူ့ကိုချစ်လို့ မဟုတ်ပါဘူး။

သူနှင့်ပတ်သက်လာရင် ယွန်းရင်ထဲမှာ နာကျင်ရတာချည်း။ ကိုယ့်ကို လူရာမသွင်းချင်တာ။ ကိုယ့်အပေါ် လူမဆန်တာ။ အားလုံး။

အိုလေ သူဟာ ယွန်းအပေါ် နိုင်ထက်စီးနင်းလုပ်လွန်းပါတယ်။

''မင်းလည်း အဝတ်လဲထားဦး''

''ကျွန်မမှာ အဝတ်မှမပါတာ''

သူမပုံစံက သူ့ရှက်တစ်ထည်နှင့် ကွာတားဘောင်းဘီတစ်ထည်နှင့်။ ကိုရိုကားယားလည်း လှနေသည့် ကောင်မလေး





''ကိုယ်ဝယ်လာတဲ့အိတ်တွေထဲမှာ မင်းအတွက် အဝတ်တွေနဲ့ အလှပြင်ပစ္စည်းတွေ''

''ဘာလုပ်ဖို့လဲ၊ ကျွန်မက ရှင့်ချစ်သူလာရင် ရှင့်ကိုထွဲခဲ့ပြီး ပြန်မှာ''

''မင်းဟာလေ . . . ကျော့ချတာတောင် ဓားပြမှန်းမသိဘဲ မိန်းမ''

သူ နိုပ်လိုနိုပ်စက်တွေပြောနေပေမယ့် ယွန်း သူ့ကို အမှုမယူတော့ပါ။ ဝဋ်ကြွေးရှိလို့ ပေးဆပ်နေရတာပဲလေ။

သူ့ကို အဝတ်လဲပေးပြီးတော့ သူဆန္ဒအရ ညှိခန်းထဲသို့ တွဲခေါ်လာရသည်။ နောက် ညှိခန်းထဲမှာပင် Breakfast အတွက် ယူလာပေးရသည်။

ယွန်း မျက်လုံးများက တိုက်ခန်းတံခါးသို့ တမျှော်မျှော်။ ရဲမာန်ကလည်း တိုက်ခန်းတံခါးသို့ မျှော်နေတာပါပဲ။ သူ့တင်း အဝတ်လဲခိုင်းလို့ တစ်စုံယူဝတ်ထားရသည်။

အစိမ်းရောင်ဝတ်စုံအိအိလှလှလေးက သူမနှင့်ကွက်တိ။

''ဟော''

တံခါးခေါက်သံကြားလိုက်ရသဖြင့် ယွန်းသွားဖွင့်ပေးလိုက်တော့ သူမထင်သည့်အတိုင်း ရွှန်းအိန္ဒြာ။

''ဘယ်သူမှ မရောက်ကြသေးဘူးလား၊ ဟင် . . . ကိုနေ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲ၊ နပမ်းသတ်ကြတာလား''

''မဟုတ်ပါဘူး၊ ခွေးလိုက်ဖမ်းရင်း လှေကားပေါ်က ပြုတ်ကျတာ''

''ဖြစ်ရမယ် ရှင်ကတော့''

''ယွန်းစံမို့၊ ရှန်းအတွက် ကော်ဖီနဲ့မုန့်''

''ဟုတ်ကဲ့''

ယွန်း မီးဖိုခန်းထဲဝင်လာရင်း မျက်ရည်တွေကျလာမိတာ ဘာကြောင့်မသိ။

ငါ့ကိုကျတော့ နှိပ်စက်လိုက်တာ။ အေးလေ သူချစ်တာ မမရှန်းအိန္ဒြာပဲ။ ဂုဏ်ရည်တူချင်း၊ အလို ငါနဲ့အတူတွေ့တော့ ဒေါက်တာရှန်း ဘယ်လိုထင်မလဲ။

အေးလေ . . . ငါ့ကို အိမ်အကူလို့ သူပြောထားမှာပေါ့။ သူမ မျက်ရည်တွေသုတ်ရင်း ဘယ်လိုထွက်ပြေးရပါ့မလဲဟု စဉ်းစားနေစဉ် ညှော်ခန်းထဲမှ နေရဲမာန် သူ့အခန်းထဲသို့ ခေါ်တွင် သွားလျှင် ယွန်း ကော်ဖီနှင့်မုန့်ပန်းကန်ယူလာပြီး ဟန်မပျက် ချပေးလိုက်သည်။

''ဒေါက်တာ ခဏနော် . . . ယွန်း အောက်မှာ ဈေးဝယ်စရာရှိလို့''

''အေး အေး . . . မြန်မြန်ပြန်ခဲ့နော်၊ တော်ကြာ . . .





ညှော်သည်တွေ လာတော့မှာ''

ညှော်သည်တွေလာတာ သူမနဲ့ ဘာဆိုင်သလဲ။ ယွန်း ခေါင်းညိတ်ပြီး ဟန်မပျက် အသာလေးအောက်သို့ အပြေးဆင်း လိုက်သည်။

လွတ်ပြီ ကျွတ်ပြီ။ လူဆိုးကြီးလက်က ငါလွတ်ပြီ။ သို့သော် သူမမှာ မျက်ရည်တွေအဆက်မပြတ်ကျနေရတာက တော့ ဘာကြောင့်မသိ။ ရင်ထဲမှာ စူးအောင့်နာကျင်နေရတာ လည်း အဆမတန်။

ငါ့ကို ဒီဘဝထိရောက်အောင် ဆွဲနှစ်ပြီး သူ့ချစ်သူနဲ့ပဲ လက်ထပ်မှာ။ ငါက အဖြည့်ခံ။

အောက်ထပ်ရောက်တော့ သူမ လမ်းမဘက်ထွက်လိုက် သည်။ ကိုယ့်မှာ ငွေတစ်ပြားမှမပါပေမယ့် နားက နားကပ်ချွတ် ပေးလည်းရတယ်။ ကားငှားစီးရမယ်။

ဘွားတို့အိမ်ကို လှမ်းပြီး ဖုန်းဆက်ကြည့်ရမလား။ ဘွား စိတ်ဆိုးနေရင်တော့ အမေ့ဆီပဲပြန်တော့မယ်။ ကိုယ်ဝန်က မသိ သာလှပေးတာမို့ ကိစ္စတော့မရှိသေး။ ဒေါ်ခင်ထားလွင်ရော ဘယ် ရောက်နေလဲ။

လမ်းထဲမှာလျှောက်သွားရင်း ယွန်း မျက်ရည်တွေကျနေ နိုက် ကားတစ်စီး သူမအနားမှာကပ်ရပ်လိုက်သဖြင့် ယွန်း



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားရသည်။ ကားတံခါး ဖွင့်ဆင်းလာသူမှာ –

''ဒေါက်တာ''

ဒေါက်တာ သွန်းသုခ။

''ယွန်းပျောက်နေလို့ ဘွားရော ကိုယ်တို့ပါ ဒေါ်

တောက်ခနေတာပဲ၊ ကဲ လာလေ ...ဒါ ဘယ်လိုသွားမလို့လဲ''

''ဒေါက်တာကရော ဘယ်ကိုလဲ''

''ကိုနေ့တိုက်ခန်းကိုလေ၊ ဒီမနက် သူ လက်ထပ်မှာ''

ဒေါက်တာသွန်းသုခစကားကြောင့် ယွန်း ရှိုက်ကြီးတင

ငိုချလိုက်ပြီး –

''ဟုတ်တယ် ... သူတို့ရှိတယ်၊ ဒေါက်တာ သွားလို

ပါ၊ ယွန်း အိမ်ပြန်မလို့''

''ဟာ ... ဘယ်ဖြစ်မလဲ၊ ယွန်းရှိနေမှဖြစ်မှာပေါ့။ လာ

စမ်းပါ''

''ဟင့်အင်း ... ကျွန်မ မလိုက်ဘူး၊ ဒေါက်တာပဲသွား''

သွန်းသုခ ဒုက္ခရောက်နေတုန်း ဒေါက်တာ ဆက်နိုင်

ဘွားတို့ပါ ရောက်ရှိလာကြသဖြင့် အားလုံးပင် ယွန်းကို ဆွဲ

လာခဲ့ကြသည်။

ယွန်းတစ်ယောက် မျက်ရည်လည်ရွဲဖြစ်နေသလို

မာန်မှာလည်း အနာတွေ ဗရပွနှင့် ကြားထဲက အောက်





တိုက်ရှေ့သို့ ဆင်းလာခဲ့ပေပြီ။ သူ့ကိုတွဲထား၊ ဆွဲထားရသူက

တော့ ရွှန်းအိန္ဒြာ။

''ဘယ်လိုတွေဖြစ်ကြတာတုံး၊ သတို့သားကလည်း

ဘယ်လောက်တောင် ပွဲကြမ်းထားတယ်မသိဘူး၊ ဒူးမှာချုပ်

တောင်ထားရတဲ့အထိ၊ သတို့သမီးကလည်း မျက်ရည်တွေနဲ့

ထွက်ပြေးနေလို့ လိုက်ဖမ်းရတဲ့အဆင့်''

''ဟော့လူ ... ထင်ရာတွေ စွတ်ပြောမနေနဲ့၊ ဒူးပြဲတာက

လေကားပေါ်က လိမ့်ကျတာ၊ သူထွက်ပြေးလို့လေ၊ အား ကျွတ်

ကျွတ် ...ဒူးက သွေးတွေပြန်ထွက်လာပြီ''

''ကောင်းတယ်၊ ကိုယ့်အိမ်မပြန်ဘဲ (၃) လွှာမှာ စတန့်

ထွင်ပြီးလာနေတာကိုး၊ ကဲ ဘယ်လိုလဲ ... အပေါ်ပြန်တက်

လေ၊ ခင်ဗျားအိမ်ကိုသွားမလား''

''ခင်ဗျားတို့ကို အားနာတယ်ဗျာ၊ တရားသူကြီးကတော့

သွားမပင့်ရသေးပါဘူး''

''ကဲ ...ဒါဆိုလည်း အားနာမနေနဲ့၊ သွားကြစို့။

သွန်းသုခက တရားသူကြီးနဲ့ ရှေ့နေ သွားခေါ်၊ ကိုနေ့ကားကို

ဘယ်သူမောင်းမလဲ''

''ကိုယ့်ဘာသာမောင်းပါ့မယ်၊ ယွန်း လာ တိုက်ခန်းထဲ

က ပစ္စည်းတွေထားလိုက်၊ ရွှန်း သော့ပြန်ပိတ်လိုက်ဦး''



www.burmeseclassic.com

www.burmeseclassic.com



သူကပင် စီစဉ်ပြီး နိုင်းစေနေလျှင် ယွန်း မျက်စိလည် ရသည်။

"သူက ဘယ်သူနဲ့လက်ထပ်မှာလဲ"

"အောင်မယ်လေး ဒုံးဝေးလိုက်တာ၊ နားဝေးလိုက်တာ မရွှေယွန်းရယ်၊ နင်နဲ့ပေါ့၊ ဒီဘဝရောက်နေတာတောင် မေးနေ ရသေးလား"

ဆက်နိုင် ကိုယ့်နဖူးကိုယ်ရိုက်တော့ အားလုံး ပြုံးစိစိ။

"ကဲ ...သွားကြစို့"

ကား (၄) စီး တန်းစီပြီး နေရဲမာန်၏တိုက်သို့ မောင်း ကြသည်မှာ ပျော်စရာ။

ယွန်းကတော့ ယခုထိ အူကြောင်ကြောင်။ နားမလည် နိုင်သေး။ သို့ပေမယ့် ဘာစကားမှ မပြောတော့ပါ။ သူမဘေး ဒူးကိုဆန့်ပြီး ကားမနည်းမောင်းနေရသည့် နေရဲမာန်ကလည်း ဘာမှ မပြော။ ခဏ ခဏထွက်ပြေးလို့ စိတ်ဆိုးနေသလားမသိ။

သူ ဖုန်းလှမ်းဆက်ထားတာမို့ ဒေါ်သီက အားလုံးစီစဉ် ပြီးသား။ မကြာမီ တရားသူကြီးနှင့် ရှေ့နေတွေပါ ရောက်ရှိလာ သဖြင့် နေရဲမာန်နှင့်ယွန်းတို့ လက်ထပ်ဖြစ်ကြသည်။

တရားသူကြီးတွေ ပြန်သွားတော့ အိမ်ထဲမှာ သူတို့ လူရင်းတွေချည်း။ သွန်းသုခက တဟားဟားနှင့်။





"ချောဝတီဆီ သတင်းပို့ပြီးပြီ၊ ကျွန်တော့်ကို သရုပ် ဆောင်ခ လိုချင်တာပြောတဲ့"

"မင်းက ဘာတွေ သရုပ်ဆောင်ရလို့လဲ"

"ယွန်းကိုချစ်နေတဲ့ပုံစံ လုပ်ပြရတာလေ၊ ကိုနေ့နှလုံး သားကို နှိုးဆွရတာဗျ ... အဟီး"

ဆက်နိုင်ကလည်း ဩဘာပေးသည်။

"ကောင်းတယ်၊ ခုတော့ ကိုနေ လူပေါ်ကြီးဖြစ်လို့"

"မဖြစ်ပါဘူး၊ သွန်းသုခ ကြိုက်ကြိုက် မကြိုက်ကြိုက် ကိုယ့်ပစ္စည်း ကိုယ်ယူရမှာပေါ့၊ တာဝန်သိလုပ်သားပြည့်သူလေ"

ညှိခန်းထဲမှာ ရယ်စရာ မောစရာတွေ ပြောကြရင်းမှ အားလုံးပင် တာဝန်တွေကို သတိရပြီး နှုတ်ဆက်ပြန်သွားကြရ သည်။ မပြန်မီ ဘွားက –

"သားရေ ... ယွန်းက ဘွားမြေးနော်၊ မင်းပဲ ဘွားအိမ် လိုက်နေရမယ်၊ သူမှာ လုပ်ငန်းလည်းရှိတယ်လေ"

"ယောက္ခမအိမ်တက်တော့ သမက် မျက်နှာငယ်ရမှာ ပေါ့ ဘွားရဲ့"

"မငယ်ရပါဘူး မောင်ရယ်၊ ဘွားရဲ့ကျန်းမာရေးအရ အိမ်မှာ ဆရာဝန်တစ်ယောက် ရှိကိုရှိရမှာမို့ပါ"

"ဘွားစိတ်ချမ်းသာအောင် လိုက်လျောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကို ငှားစားလိုက်၊ ဒေါ်သီပါ ဟိုအိမ်ခေါ်လာခဲ့လိုက်ပေါ့"

"ယွန်းအမေပါ ခေါ်ထားလိုက်မယ်၊ သူ့ယောက်ျားဆုံးတယ်လို့ လုပ်ပြောလို့ . . . ဘွား ခေါ်ထားလိုက်ပြီ"

"အို ကျေးဇူးတင်လိုက်တာ ဘွားရယ်"

ယွန်း ဘွားရဲ့ရင်ခွင်ထဲမှာ ခေါင်းတိုးဝင်ရင်း မျက်ရည်တွေ ကျနေတော့ နေရဲမာန် စိတ်မကောင်းဖြစ်ရသည်။

"ဘွား တစ်ပတ်လောက်တော့ ဒီမှာနေဦးမယ်နော်၊ ဒီကောင်မလေး ထောင့်မကျိုးလို့ ပုံစံချပေးဦးမလို့၊ ဘာတဲ့ မယားနေစ ကြောင်သေမှ"

နေရဲမာန် တော်တော်အသားယူနေလျှင် ဘွား ပြုံးပြီး ခေါင်းညိတ်ပေးရသည်။ ဒီလောက်တော့ လိုက်လျောရမှာပေါ့လေ။ ကိုယ့်ဘဝက မြေးသမက်အလိမ္မာလေး အိမ်ပါရတော့မှာမို့

✹ ✹ ✹

## အခန်း (၃၀)

ဒေါ်သီပြင်ဆင်ပေးထားသည့် မင်္ဂလာအိပ်ရာကြီးကရှယ်။ နေရဲမာန်ရဲ့ လူပျိုခန်း၊ လူပျိုခုတင်ပေါ်မှာ အရေးပေါ်ပြင်ဆင်လိုက်သည့်အိပ်ရာ။

ယွန်း မျက်စိလည်နေရသည်။ ဘာပဲဖြစ်ဖြစ် သူမဟာ ဆရာ့ရဲ့ တရားဝင်ဇနီးဖြစ်သွားရပေပြီ။ ဘယ်လိုကြီးလဲ။ ဆရာဟာ သူမကို အားနာလို့ ယူလိုက်ရတာလား။ လူသိသွားလို့ ယူလိုက်ရတာလား။ မချစ်ဘဲနဲ့ ယူလိုက်ရတာဆိုလျှင်။

ဒီအိမ်ဟာ ကိုယ်နေခဲ့သည့်အိမ်မို့ ယွန်း လုပ်စရာရှိတာ လုပ်ရ၏။

ဒေါ်သီနှင့်စကားတွေပြောလို့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညစာစားပြီးကြတော့ ညည့်ခန်းထဲမှာ ခေတ္တထိုင်ကြသည်။ ဆရာနှင့်သူမ မနက်မှ ယခုည (၇) နာရီလောက်ထိ စကားမပြောဖြစ်သေး။ ရှင်းရှင်းပြောရလျှင် မျက်နှာချင်းကို မဆိုင်ဖြစ်။ ယွန်းက ရှောင်နေတာလေ။

ခဏကြာလျှင် သူက ယွန်းကို ပိုင်စိုးပိုင်နင်းနှင့် –

"ယွန်းစံမီ ... ကိုယ့်ကို အိပ်ခန်းထဲလိုက်ပို့စမ်း"

"အစောကြီးရှိသေးတယ်"

"စောစော ကိုယ်အိပ်ချင်ပြီ"

ကိုယ်ဟာ သူ့ရဲ့ငယ်နိုင်မှ နှုတ်ခမ်းလေးစူရင်း တွဲပို့ရသည်ပါပဲ။

သူ အခန်းဝရောက်တော့ မင်္ဂလာအိပ်ရာကြီးကိုမြင်ပြီး ယွန်း တွန့်သွားလျှင် နေရဲမာန် မသိယောင်ဆောင်ရသည်။ သူမက အပေါက်ဝတွင်ပင် သူ့ကိုလွှတ်ချခဲ့ပြီ။

"ယွန်း ... ကိုယ်မလျှောက်နိုင်ဘူးနော်၊ အိပ်ရာပေါ်ထိ တွဲပို့"

သူမ တွန့်ဆုတ်ဆုတ်နှင့် အိပ်ရာထိ သတိအနေအထားနှင့် ပို့ပေမယ့် နေရဲမာန် ပိုပြီးလျင်ပါသည်။

ယွန်းလက်ကို ဖျပ်ခနဲဖမ်းဆွဲပြီး ခုတင်ပေါ်မှာ အတူထိုင်လိုက်ကြတာပေါ့။





"ယွန်း ... မနက်ကပဲ လက်ထပ်ပြီးပြီနော်၊ ကဲကဲဆတ်ဆတ် မနေနဲ့။ မိန်းကလေးတွေများ အဓိပ္ပာယ်ကို မရှိဘူး၊ လက်လည်း ထပ်ပြီးသား၊ ညားလည်းညားပြီးသားကိုများ ထွက်ပြေးချင်နေရသေးတယ်"

"ပြေးမှာပေါ့၊ ဆရာ ယွန်းကို အားနာလို့ လက်ထပ်ရတာမဟုတ်လား၊ လူတွေသိကုန်လို့ ထောင်ကျမှာစိုးလို့ မယူချင်ဘဲ ယူလိုက်ရတာမဟုတ်လား"

ပြောရင်းမှ ယွန်းငိုချလိုက်လျှင် နေရဲမာန် သူကလေး၏ ခံစားချက်ကို သိရှိနားလည်သွားရသည်။ သူ ရှင်းပြရပေတော့မည်။

နေရဲမာန် ယွန်းကို ဆွဲပွေ့လိုက်ပြီး ပေါင်ပေါ်မှာ ချီတင်ထားလိုက်သည်။

ပြီးမှ နူးညံ့ညွတ်နူးသည့်အသံနှင့် –

"ယွန်းရယ် ... ယောက်ျားတစ်ယောက်အဖို့ အားနာလို့ အိမ်ထောင်ပြုတယ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး"

"ဒါဆို ... ဆရာ ယွန်းကို ဘာဖြစ်လို့ ဖမ်းချုပ်ထားသလဲ"

"ဩော် ... ကိုယ်က အရမ်းကိုတင်းမာခဲ့တော့ ယွန်းကို ဘယ်လိုချဉ်းကပ်ရမှန်းမသိတော့ဘူးလေ၊ အဲဒီတော့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ကျွမ်းတဲ့ အကြမ်းနည်းနဲ့ပဲ မလိမ့်တပတ် သိမ်းပိုက်လိုက်ရတာ''

''မချစ်ဘဲနဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ယူရတာလဲ''

''သြော် ... ခက်လိုက်ပါဘိ ယွန်းရယ်၊ ဟိုစာသက်ရဲ့ သီချင်းလို 'ရင်ဘတ်ကြီးက တောင်းဆိုလို့' ပါခင်ဗျာ၊ ခင်ဗျားလေးကို ရင်ထဲ၊ အသည်းထဲ ဟိုနေရာ ဒီနေရာထဲကပါ လိုချင်လို့ပါတဲ့ ခင်ဗျ''

ပြောရချေပြီတည်း။ ဒေါက်တာကြီးခမျာ ယွန်းနှင့်အဆင်ပြေရေး၊ ချစ်သူလေး အမျက်တော်ပြေရေးအတွက် ရှေ့မျက်နှာနောက်ထားပြီး ပြောရပါတော့လျှင် မချောကလည်း တရှိန်ရှိန်ရှက်လာသည့်အချစ်မျက်နှာလေးနှင့် စူပုတ်ပုတ်။

''မယုံပါဘူး၊ လူကိုများ ဟိန်းလား ဟောက်လားနဲ့ အရမ်းနိုင်စားတာပဲ''

''သြော် ... ဒါကတော့ယွန်းရယ်၊ ကိုယ့်ရဲ့ဝါသနာဗီဇကိုက အချစ်ကို အနုနည်းနဲ့ သရုပ်မဖော်တတ်ဘူးလေ၊ အကြမ်းနည်းနဲ့ပဲ သရုပ်ဖော်တတ်တာ၊ တချို့ကလည်း ကြမ်းမှကြိုက်တာလေ၊ ဟို ... အရိုးကွဲမှ အသည်းစွဲတယ်ဆိုတာမျိုး''

''တော်ပါ ... ဆရာ့ကိုမုန်းပါတယ်''





ယွန်း ပြောပေမယ့် နေရဲမာန် ပေါင်ပေါ်ချိတင်ထားသည့် ကောင်မလေးကို အိပ်ရာပေါ်သို့ ရွှေ့ပြီး ကလေးသိပ်နည်း သိပ်သည့်အခါ လေ့ကားပေါ်မှကျထားသည့် အနာတွေကြောင့် တကျွတ်ကျွတ်နှင့် စုပ်ထိုးနေရသည်။

''ဟင် ... ဆရာ အရမ်းနာနေသလားဟင်''

ယွန်းကိုချွဲချင်တာကြောင့် နေရဲမာန် ပိုပိုသာသာလေး

''အင်းပေါ့ ... သုံ့ပန်းလေးကို အာဏာပါးကွက်သားကြီးက လိုက်ဖမ်းရတာပဲ၊ နာတာပေါ့''

''ဒါဆို ... ဆရာဘာသာ နားနားနေနေ တစ်ယောက်တည်း အိပ်နေ၊ ယွန်း ကိုယ့်အခန်းမှာ သွားအိပ်မယ်''

ယွန်း ထမည်ပြင်လျှင် သူ ကြိုးပွေ့ထားပြီး –

''နာပါစေ၊ အနာခံမှ အသာစံရမှာ၊ ရတယ် ... ရတယ်၊ မနေ့က တစ်ညလေးခွဲရတာတောင် ရင်ထဲမှာ အနာကျက်သေးဘူး''

''ပိုလိုက်တာ ကိုပိုကြီး''

''မပိုပါဘူးဗျာ၊ ကဲ ... ညဉ့်နက်လှပြီ အိပ်စို့''

''ဟင် ... ခုမှ (၈) နာရီထိုးရုံရှိသေးတယ်၊ ဘယ်ယွန်းက ဒီအချိန် အိပ်လို့လဲ''

''ဟာကွာ ... သိပ်စကားများတဲ့ကောင်မလေးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားက အိပ်ဆိုအိပ်ပေါ့၊ ထောင့်ကိုမကျိုးဘူး၊ ယွန်းထောင့်မကျိုးသေးရင်တော့ ကိုယ် ဘွားဆီ လိုက်ပို့မှာ မဟုတ်ဘူးနော်၊ နာခံတတ်အောင် ကြိုးစား . . . ဒါပဲ''

သူက ခပ်တည်တည်နှင့်ဟိန်းဟောက်ပြီး အိပ်ခန်းမီးကို ပိတ်လိုက်ကာ ညမီးသီးပြာပြာလေးကိုပဲ ဖွင့်လိုက်လျှင်

သူမတို့၏ အိပ်ခန်းဟာ အိပ်မက်လို ဖြစ်သွားသဖြင့် နှစ်ယောက်သား ပထမဦးဆုံးညလေးကို မတိုင်ပင်ဘဲနှင့် သတိရမိသွားကြလေသည်။

**ကြယ်စင်မှူးဝေ**



www.burmeseclassic.com